www.burmeseclassic.com

# လရောင်ကျူးရှင်

## နမ်းချင်တယ် သနပ်ခါးပန်းလေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# နမ်းချင်တယ်
# သနပ်ခါးပန်းလေး

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၂၀၄၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၂၄၀၁၁၁၀
အကြိမ် – ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀/–
ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅-၈၃
လရောင်ကျူးရင့်
နမ်းချင်တယ် သနပ်ခါးပန်းလေး/ လရောင်ကျူးရင့်၊ – ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၀။
၂၉၂– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) နမ်းချင်တယ် သနပ်ခါးပန်းလေး




## အခန်း [၁]

မျိုချလိုက်တိုင်း လည်ချောင်းထဲမှာ ပူရှိန်းရှိန်း·· ရှတတ··၊ စားရေတွေကိုအကောက်ဝါးတော့လည်း ချဥ်စုပ်စုပ်··၊ မာခေါက်ခေါက်တွေ··ဘာလဲ··။

သူ့လက်ထဲက ဖန်ခွက်ကိုချလိုက်ပြီး မော့လိုက်တာ နံရံမှာ အရက်ကြော်ငြာကပ်ထားသည့် ပိုစတာထဲက မင်းသမီး··။

သူ့မျက်လုံးတွေ သူမထံမှာ စူးနစ်သွားခဲ့၏။

"ဒီကောင်··· ဒီကောင် မူးနေပြီကွ··၊ ခေါင်းတောင် အနိုင်နိုင်ထူနေတာ"

"မင်းတို့ကိစ္စ နိုင်မှလုပ်နော်··၊ ဒီကောင်က စိတ်ကြီးတယ်"

"ငါလုပ်တာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ဖြစ်ပြီဆိုရင်တော့ ရှော့ခ်အကြီးကြီးပဲ"

ဘေးကစကားသံတွေ နားထဲကိုဝင်နေပေမယ့် ဘာအကြောင်းတွေဆိုတာ စိတ်က မှတ်မိသွားလိုက်··၊ ပြန်ပျောက်သွားလိုက်··။

သူ ဘာဖြစ်နေတာလဲ··၊ မျက်လုံးတွေကိုမှိတ်ပြီး ခေါင်းကို တအားခါထုတ်ပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်လုပ် အမြင်အာရုံတွေကလည်း ဝေဝါးခြင်းကို တွန်းအားပေးနေကြ၏။ လေတက်လိုက်တိုင်း အကောင်းစား နိုင်ငံခြားအရက်နံ့က ရှုံ့ရှာဖွယ် နှိပ်စက်၏။

သူ့ကိုယ်သူ မကျေနပ်ပါ..၊ မသောက်မစားဖူးတဲ့ အရှိန်းလည်း မဟုတ်၊ များသွားတဲ့အခါ ယိုင်နဲ့နဲ့ပုံပေါက်အောင် မထိန်းနိုင်တာလည်း ဖြစ်ခဲ့ဖူးသည်။

ခုကျတော့ သူ့ခြေထောက်တွေ လှုပ်တောင် မလှုပ်ချင်..။ ရင်ထဲမှာ တရှိန်းရှိန်း ထကြွလာတာက မီးအပူပေးထားသည့်ရေနွေးအိုးလို..။

ဘယ်နှစ်ခါပြန်မှေးမှေး မျက်လုံးတွေကလည်း အရက်ပိုစတာဆီကိုပဲ ရောက်လေသည်။ အရက်ခွက်ကို မော့၍ မဟာတဟာကျိစ္စယ်နေသည့်နှုတ်ခမ်းအစုံ..၊ ပြီးတော့ မလုံတလုံ အဝတ်တို့အောက်က ဖြားယောင်းနေသည့် ကိုယ်ခန္ဓာအလှ..။

သူ့သွေးတွေ ပွက်ပွက်ဆူလာသလိုပင်..၊ ထိန်းချုပ်ခက်ခဲသည့်ဆန္ဒတစ်ရပ်သည် လူကို မီးပွားတစ်စလို ချက်ချင်းကြီး လောင်မြိုက်လာ၏။

ဒါ... ရိုးသားရဲ့လား၊ လုပ်ကြံမှုလား..။

သူ့ကိုယ်သူ ပြန်လည် ဆန်းစစ်နေဆဲ..။

"စီစီရီ ဘယ်ပျောက်နေသလဲ"

"မသိဘူး..၊ သူလဲ ရိုပ်မိနေပြီ ထင်တယ်"

စီစီရီ..။

ခေါင်းထဲမှာ မီးတောက်တစ်ခု ဟုန်းခနဲ လင်းထိန်သွား၏။ သူမနှင့် သူတို့...

"တောက်.."

သူ့မျက်နှာရှေ့က တံခါးကြီး ခပ်ဟဟ ပွင့်လာသည်။ မျက်နှာလေးတစ်ခြမ်းသည် နားဆွဲပိုင်းလေး လှုပ်ခတ်လျက် စီစီရီပဲ ဖြစ်လေသည်။





ဒေါသက ဖောင်းခနဲဖြစ်ကာ ထရပ်လိုက်မိ၏။ သို့သော် စားပွဲပေါ်မှာ ခပ်ငိုက်ငိုက်စိုက်ကျသွားပြီး...

"ဟာ.. ဘာဖြစ်တာလဲ"

"ရှာန်..၊ မင်း ပြန်မလို့လား"

"သွားစမ်းကွာ"

လာတွဲသည့်လူကို တွန်းထုတ်ပစ်လိုက်သည့်အခါ သူ့မှာ အင်အားဆွရှိနေသေးမှန်း ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်သည်။

"ရှာန် ဆယ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ် လိုသေးတယ်လေ..၊ ဘာဖြစ်တာလဲ"

စီစီရီက သူ ထရပ်လိုက်တာမြင်မှ အပြင်ကို ခပ်သွက်သွက်လေး ထွက်လာ၏။

သူမသည် ရောက်စကလိုမဟုတ်ဘဲ ချည်ကျဲကျဲနှင့် ကြိုးတွေ တိုးလိုးတွဲလောင်းရှပ်နေသည့် လက်ပြတ်လည်ဟိုက်ကို ဝတ်ထား၏။

ပါးမို့တွေ..၊ နှုတ်ခမ်းသားတွေမှာ အရောင်တွေ ပိုရင့်ထားသည်။

"မင်း..."

"ဘာဖြစ်လို့လဲ ရှာန်"

"ဘာ..ဖြစ်..လို့..လဲ.. ဟုတ်..လား..."

အာလေးလျှာလေးနှင့် သူ နောက်ထပ် ကိုယ်ကို မတ်မတ်ပြင်ရပ်သည်။

"အရမ်းမူးနေပြီ ဖြစ်မှာပေါ့၊ မင်း နာချင်လို့လား၊ စီစီရီ သူ့ကိုခေါ်သွားလိုက်လေ.."

မိတ်ဆွေ ချမ်းမြေ့အောင်၏စကားသံက နားယဲမှာ ခါးသွား၏။

သူ့အကြည့်က ချမ်းမြေ့အောင်ဆီ ရောက်သွားခဲ့သည်။

ဒီမှာ လူခြောက်ယောက်ရှိနေပြီး စီစီရီ မှလွဲလျှင် အားလုံး ယောက်ျားလေးတွေချည်း ဖြစ်၏။ ပြီးတော့ ဖော်တွဲခဲ့တာ မကြာသေးသည့်

www.burmeseclassic.com



အကျိုးတူ လုပ်ငန်းရှင်တွေ··။

ငယ်ပေါင်းကြီးဖော်လို မရင်းနှီးကြပေမယ့် လက်တွဲဖော် မိတ်ဆွေ တွေပဲ··၊ ဒီလိုလုပ်သင့်သလား··။

စိတ်ကူးခဲ့ကြတဲ့ နှစ်သစ်ကိုကူးမယ့် ဒီညမျိုးရဲ့ ပျော်ရွှင်ခြင်းတွေထဲမှာ ဤသို့သော အညစ်အနွမ်းမျိုး ပါခဲ့လို့လား··။

အားလုံး ဝိုင်းဝန်းကြံစည်ကြပါတယ်ဆိုရင် သူက ဘာလဲ··။

"ချာန် လာလေ··၊ အထဲမှာ နှာရည်ရှိခဲ့တာပဲဟာ၊ စီ လိုက်ပို့ပေးမယ်"

"ဖယ်စမ်း"

"အား···"

စီစီရီ ကိုယ်လေး ချာန်နှင့်ရည်ထွက်သွားကာ စားပွဲစွန်းမှာ မှောက်လျက်လေး ကျ၏။

"ချာန်··· မင်းကွာ··၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ဟွန်း"

ချာန် က ခပ်နဲ့နဲ့ရှေ့တိုးကာ ချမ်းမြေ့အောင် ရဲ့အင်္ကျီရင်ဘတ်စကို သေချာဆုပ်ကိုင်လိုက်သည်။ မျက်နှာချင်းနီးအောင် တိုးကပ်ပြီးမှ···

"ကြိုးမြေ့လွှတ်လိုက်တိုင်း ကဆုန်စိုင်းပြေးရအောင် ငါက နွားသိုးကြီးပြုတ်ကောင် မဟုတ်ဘူး"

"ဟာ·· မဟုတ်ဘူး··၊ ချမ်းမြေ့ ကို လွှတ်လိုက်ပါကွာ"

ရှိန်း က သူ ဆုပ်ဆွဲထားသည့်လက်ကို ကမန်းကတန်းလာဖြေရင်း တောင်းပန်သည်။

"မင်းနဲ့ စီစီရီ လဲ အဆင်ပြေနေပြီ ထင်လို့၊ ငါတို့က မင်း ပျော်ရအောင်လို့ပါ၊ တကယ်ပါကွာ··၊ စီစီရီ လဲ မသိဘူး၊ ငါတို့ကလဲ မကောင်းကြံတာ မဟုတ်ပါဘူး"

"အေးကွာ··၊ ဒီလိုကိစ္စ ဒီလောက်ဖြစ်စရာ မလိုပါဘူး"





တစ်ယောက်တစ်ပေါက် ဝင်ပြောကြ၏။ စီစီရီ ကတော့ ရှက်ကြီးတငင်ငိုကာ အထဲကိုပြေးဝင်သွားပြီ ဖြစ်သည်။

"မင်းတို့ ငါ့ရှေ့က ဖယ်···"

"လေးမိနစ်ပဲ လိုတော့တယ် ချာန်··၊ နှစ်ကူးတော့မှာ ဒီလောက်လေးနဲ့ကွာ"

"ဒီလောက်လေး ··· ··· လုပ်ကြံမှ··၊ ဒီလိုနည်းနဲ့ ငါ့ကို မမြှူဆွယ်နဲ့ ရှိန်း··၊ ချာန့်··· ···ကောင်က လိုချင်ရင် ရအောင်ယူတတ်သလို ငါ မပေးနိုင်တာကို ··· ···ယေပြရင်တောင် ငုံ့ညွှတ်ပေးကမ်းဖို့ စိတ်ကူးမှာ မဟုတ်ဘူး"

ချမ်းမြေ့အောင် က အင်္ကျီကို ပြုပြင်အောင်ပြင်ရင်း မျက်နှာကြီးတင်းနေ၏။ ဟိုဘက်နှစ်ကို ကူးတော့မည်··။

Happy New Year အတွက် သူတို့ ပျော်ပွဲရွှင်ပွဲလုပ်ထားကြတာ ဖြစ်ကာ လူတွေအများကြီး မပါစေချင်ဘူးဆိုတာက ချာန့်သဘောအတိုင်းပင်··။

စီစီရီ နှင့်သူက အတွဲဆုံး၊ လုပ်ဖော်ကိုင်ဖက်တွေချင်း သဘောကျနေကြတာရှိပေမယ့် စီစီရီ ကလည်း သူ့ကိုပဲ အထူးအရေးပေးပြီး တွဲခဲ့တာဆိုတော့···။

"ငါတို့ တစ်မျိုးတစ်မည်ထင်ခဲ့တာကို ဝန်ခံပါတယ်ကွာ"

"တော်ပြီ··၊ ဖယ်··· ငါ ပြန်မယ်"

"မင်း ဆိုင်ကယ်နဲ့မဖြစ်ပါဘူး၊ ဒီလောက် ယိုင်နေတာကိုကွာ"

"ဖယ်လေး··"

ဘယ်လိုကိုင်ကိုင် ပုတ်ထုတ်ပစ်လျက် ချာန် က ယိုင်နဲ့နဲ့နောက်ပြန်လှည့်လျှောက်၏။ အားလုံးကို အံကြိတ်၍ စူးစူးဝါးဝါး ကြည့်သည်။

"ငါ··ငါ··· လူရှုပ်တစ်ယောက် ဖြစ်ရင်ဖြစ်မယ်၊ ဒါမျိုး ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



မပါဘူး”

နောက်ဆုံးပြောပြီး သူ ကျောခိုင်းပစ်ခဲ့၏။ အပြင်မှာ အဆင်သင့် မီးဖိုပြီးသားမီးပုံတစ်ခုရယ်..၊ တန်းစီထားသည့် ကုလားထိုင်တွေရယ်..။

ပြီးတော့ သစ်ပင်အတုတွေနှင့် ကိုင်းဖျားလေးတွေမှာ စားသောက်စရာတွေ ချိတ်ထားတာ ကဗျာဆန်နေ၏။ အားလုံးကို သူ ကျော်ဖြတ်ခဲ့တဲ့အထိ ရှိန်း က ဖွဲမလျှော့..။

“ငါတို့ ဒီလောက်ထိ စီစဉ်ထားတာကို သူ တကယ် မသိပါဘူး၊ မင်းနဲ့ ငါတို့က...”

သူ တစ်ခွန်းမှပြန်မပြောဘဲ ဆိုင်ကယ်ပေါ် ခွထိုင်ပြီးကာမှ..၊

“ဒီည ဒီအချိန်ကျမှ ငါ့ကို ဒုက္ခပေးခဲ့တဲ့အတွက် ကျေးဇူးတင်တယ်..၊ အေး... နာရီကြည့်ထားလိုက် ရှိန်း၊ ဆယ့်နှစ်နာရီကျော်သွားတာနဲ့ ငါ့ဘဝထဲမှာ မင်းတို့ မရှိတော့ဘူး”

“ဟာ.. ရှာန်..”

ဆိုင်ကယ်က ဝေါခနဲ ထွက်၏။ သူ ဒီဆိုင်ကယ်လေးနဲ့ ရန်ကုန်ကို ဘယ်လိုဝင်ရမလဲ စဉ်းစားတော့ ရီဝေမှုးမောခြင်းကပဲ ကြီးစိုးနေ၏။

ထို့ပြင် ထိန်းချုပ်ရခက်နေသည့် စိတ်အတိုင်း ဆိုင်ကယ်က မငြိမ်မသက်ပြေးလွှားနေသည်မို့ လူက လေထဲမှာလွင့်နေသလို ရှိ၏။

ထိုအခါ ဖြစ်လာသည့်ဒေါသက ကျန်ခဲ့တဲ့လူစုဆီ နောက်ပြန်ပြေးလေသည်။

ရှာန် ဆိုသည့်လူတစ်ယောက်ဟာ ‘လူမိုက်လေး’ဆိုသော နာမည်တစ်လုံးနှင့် ရှင်သန်လာခဲ့တာ ဖြစ်သည်။

မိဘက လူချမ်းသာဖြစ်တိုင်း..၊ ဖူးဖူးမှုတ် အလိုလိုက်ခံထားရတိုင်း..၊ တစ်ဦးတည်းသောသား ဖြစ်နေတိုင်း..။

အဲဒီလိုသားသမီးက ဆိုးသတဲ့လား..။





“ဒီကောင် လက်ကြောမတင်းပါဘူး”

“မိဘက ချမ်းသာတိုင်း ထိုင်ဖြုန်းနေမယ့်ပုံ..”

“ရုပ်လေး သနားကမားနဲ့ ကျားကျားလျားလျားက မရှိ”

စသဖြင့် မလိုတဲ့လူတွေကျတော့ မကြားတကြား နားထဲရောက်အောင် ပြောသည်။ ထိုစဉ်ကာလတွေတုန်းက သူ ဆယ်တန်းတောင် မရောက်သေးပါ..။

လူငယ်ပေါက်စဖြစ်လာကတည်းက အဝတ်အစားဆို ဆန်းကောင်းမှ..။ မိန်းကလေးမဟုတ်ပေမယ့် သူ့စိတ်က အဲဒီလို ကြွင်းသည့်စိတ်တွေလည်း ရှိခဲ့၏။

သူများဝတ်ပြီးသား ဒီဇိုင်းပုံဆို ကိုယ်မှာ ဘယ်တော့မှ မဆင်ခဲ့တဲ့သူ..၊ ဒီလိုအရည်အချင်းများအရ သူက အလကားကောင်..။

မေမေနှင့်မေမေ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်တဲ့ညက သူ အိမ်မှာ သူငယ်ချင်းတွေအုပ်စုဖွဲ့ပြီး ဆိုလို့တီးလို့ကောင်းတုန်း..။

ဆေးရုံကိုလိုက်သွားတဲ့ပုံစံကိုက ဘောင်းဘီမှာ..၊ အင်္ကျီရင်ဘတ်တစ်ခြမ်းမှာ ချိန်းကွင်းတွေ ဒီဇိုင်းမျိုးစုံနှင့် ရှပ်ယှက်ခတ်ကာ နက်ချွေးသော ကိုယ်ကျပ်ဝတ်စုံမှာ ထင်းနေ၏။

ထို့ပြင် လက်ကောက်ဝတ်ကနေ လက်ခုံထိ အနက်ရောင် သားရေလက်ပတ်ကိုလည်း ချွတ်ထားခဲ့ဖို့ မေ့သွား၏။

ဖေဖေ့ကို အသက်မမီလိုက်ပါ..၊ ဒါပေမယ့် မေမေ့ကိုလည်း စကားပြောခွင့် မသာခဲ့ပေ။ ထိုညခဏလေးမှာ မေမေ့မျက်ဝန်းက မျက်ရည်တွေ ပြည့်ပြည့်လျှံလျှံ၊ လှုပ်လီလှုပ်လဲ့နှင့် စိတ်ပျက်သောအကြည့်တစ်ချက်ဟာ မေမေ ဘာစကားမှ ပြောဆိုဆုံးမသွားစရာ မလိုဘဲ သူ့ဘဝကို ပြောင်းပြန်လှန်ပစ်ခဲ့လေသည်။

ဆိုင်ကယ်ကို အရှိန်နှင့်ပြေးခိုင်းထားရင်း သူ့စိတ်တွေ အတိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားလိုက်..၊ စီစီရီ ဆိုသော မိန်းမကိုမြင်လိုက်..။

လှလို့သဘောကျတာ အပြစ်လား..၊ အဲဒီအပြစ်က သာယာပျော်ပါးခြင်းသို့ ကူးစက်တတ်သည်လား..။

ထိုဆီ အတွေးရောက်တော့ ဒေါသက ထောင်းခနဲ ဖြစ်၏။

ဒီအိမ်ကို သူ နှစ်ကြိမ်ခန့် ရောက်ဖူးသည်၊ ထိုနေရာမှာ အရက်ခဲ့တဲ့ဘဲကြော်ပိုစတာ အစက မရှိပေ။ ပြီးတော့ စီစီရီ..၊

သူမ၏ စိတ်မာတ်စရိုက် ဤသို့ရှိနေမည်ကို သူ မသိခဲ့ရိုးအမှန်..၊ မင်းနဲ့ ငန်းကြီးတစ်ခုကို ပူးတွဲလုပ်ကိုင်နိုင်နေပြီဖြစ်သည့် မိန်းကလေးတစ်ယောက်ဟာ ရလိုမှုတစ်ခုအတွက်နှင့် ဤသို့...

"ဒုန်း..."

"အ.."

အဝေးပြေးလမ်းမကြီးမှာ မှောင်နှင့်မည်းမည်းထဲ ဆိုင်ကယ် ဘယ်လိုပြေးနေသလဲတော့ မသိ။ ဒုန်းခနဲ မြောက်တက်သွားမှ စိတ်က လမ်းပေါ် ပြန်ရောက်၏။

တစ်ကိုယ်လုံးမှာ တဖျင်းဖျင်း ခံရခက်နေသမျှ ဒီမိန်းမကို ဒေါသဖြစ်မိသည်။ ဖန်ခွက်သံတွေ..၊ ရယ်မောသံတွေကြောင့် သူတို့ကို စိတ်တို၏။ ဒါတွေနှင့် ဝေးကွာလာပြီမှန်သော်လည်း သူ့မှာ ခံစားနေတုန်း..၊ ထိုစဉ်...

နောက်ထပ် ဆိုင်ကယ်က ရှောခနဲ ခေါင်းလည်သွား၏။

"ဟာ..."

သူ ဘယ်လိုမှ မထိန်းလိုက်နိုင်မီ ဆိုင်ကယ်နဲ့အတူ ပါသွားခြင်း၊ လွင့်စဉ်ထွက်သွားခြင်းသည် ဆက်တိုက်ဖြစ်လျက်..၊ မပြီးမဆုံးနိုင် ဒလိမ့်ကောက်ကွေး လျှောကျခြင်းသည်...

"အား..."





"အား..."

သူ့ကိုယ်ပေါ်ကို နွေးအိသော ကိုယ်လုံးလေး ပြိုကျလာသည်။ မိန်းကလေးတစ်ယောက်ဆိုတာကို သိလိုက်ကာ သူမက ကိုယ့်ဆီပြေးလာတာလား..၊ ကိုယ်က တိုက်ချပစ်လိုက်မိသည်လား..။

ဘာမှမသိကြွဲမီ သူမကို ဖက်လျက်သားနှင့် နှစ်ပတ်လောက် ဆက်လိမ့်၏။ ထို့နောက်...

"ဟင့်အင်း... လွှတ်... ဖယ်ပေး.."

"မင်း... မင်း ဘယ်သူလဲ..၊ ဘယ်လိုရောက်လာတာလဲ"

သူ မေးနေရင်း ရင်ခွင်အောက်ကမျက်နှာလေးကို မှုန်ပျပျအလင်းရောင်အောက်မှာ ဖြူးပြင့်ကြည့်သည်။ စီစီရီ မဟုတ်ဘူး..။

သူမမျက်နှာလေးအောက်မှာ ပုံကျခွေဝိုက်နေသည့် ဆံပင်ရှည်တွေ..၊ ပြီးတော့ သနပ်ခါးပန်းနံ့လေး တစ်ချက်..။

သူ့ရင်တွေ အစကနေ ပြန်ခုန်၏။

"လှလိုက်တာ"

သူမလေးသည် လူးလွန့်ရင်း ရုန်းဖယ်သလိုလို၊ ငြင်းဆန်သလိုလို ဒါမှမဟုတ်.. သူမ တစ်စုံတစ်ခုသောဝေဒနာ ခံစားနေရသည်လား..။

ဖျတ်ခနဲ အတွေးဝင်လိုက်ပေမယ့် ပြန်ပျောက်သွားသည်။ ထို့နောက် နူးနူးညံ့ညံ့ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားသည့် သူမတစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ထားမိ၏။

သနပ်ခါးပန်းနံ့တို့ ထုံလွှမ်းသော ထိုညမှာ ဖြူနုသောမျက်နှာလှလှလေးကို သူ ဖိကပ်နမ်းရင်း...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

"စိုးနိုင်.."

"ဗျာ.."

"ငါ ညက ပြန်ရောက်လာပြီး တန်းသတိလစ်သွားတာလား"

"ဟုတ်တယ်..၊ အစ်ကိုလေး ပြန်ရောက်တော့ လေးနာရီကျော် ကျော်လောက် ရှိပြီ၊ ကိုချမ်းမြေ့တို့ အစ်ကိုလေးဆိုင်ကယ်ကြီးကို ကားပေါ်မှာ တင်လာကြတာ"

ချမ်းမြေ့ ဆိုသည့်နာမည် ကြားတာနှင့် သူ့မျက်နှာ မဲ့ခနဲ ဖြစ်၏။ သူတို့ထွက်လာတဲ့အထိ ဆိုင်ကယ်လဲလျက်သား ရှိနေသေးလို့ လူကို လိုက်ရှာကြတာ ဖြစ်မည်။

စိုးနိုင် က သူ အင်္ကျီလဲဖို့ ဗီရိုထဲမှာ အင်္ကျီရွေးနေရင်း...

"ဒဏ်ရာ ဘယ်လိုနေသေးသလဲ အစ်ကိုလေး..၊ သုံးချက်တောင် ချုပ်လိုက်ရတာ၊ သိပ်မစိုးရိမ်ရပေမယ့် သွေးထွက်တာများလွန်းလို့ သတိလစ်သွားတာတဲ့..၊ ဆရာဝန်လဲ သူတို့ပဲ ပင့်လာကြတာ၊ မစီစီရီဆိုရင်..."

"ဟုတ်ကောင်း..၊ မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"





စိုးနိုင် ပါးစပ်ပိတ်ထားပေမယ့် မျက်နှာမှာ အံ့သြဟန်က အထင်းသား..၊ အိမ်မှာ ဒင်နာလုပ်တိုင်း ဒီအုပ်စုပဲ အိမ်ပေါ်ရောက်ရောက်လာတတ်သည်။

ပြီးတော့ မစီစီရီ ဆိုတာ..။

"စိုးနိုင်"

"ဗျာ..၊ အစ်ကိုလေး.."

"မေးမြန်းစပ်စုချင်နေတဲ့ မင်းမျက်နှာကြီးကို ပြင်.."

"ဟုတ်ကဲ့"

"ချမ်းမြေ့ အပါအဝင် အဲဒီထဲကလူ ဘယ်သူလာလာ..၊ ဖုန်းဆက်ဆက်.. အိမ်ထဲလဲ ခေါ်မသွင်းနဲ့၊ ငါ့ကိုလဲ ခေါ်မပေးနဲ့၊ ကြားတယ်နော်"

"ဟုတ်ကဲ့ အစ်ကိုလေး"

"အဲဒါပြီးရင် ဂိုဒေါင်ထဲမှာ ဖင်ကောက်တစ်စီး ရှိသေးတယ်၊ ဆီဖြည့်ပြီး မင်း ပဲခူးကိုပြန်သွား.."

"ဗျာ!..."

"ပြန်မမေးနဲ့..၊ ပြောတာကို သေချာလုပ်ခဲ့"

စိုးနိုင် အင်္ကျီတမ်းမှုကို ခုတင်ဘေးမှာ ချလိုက်ရင်း ခေါင်းတညိတ်ညိတ်နှင့် နာခံရှာ၏။

"ပဲခူးကထွက်လာပြီး ခုနစ်မိုင်လောက်ပဲ..၊ ဟုတ်တယ်.. အဲဒီလောက်မှာ သနပ်ခါးပင်ရှိတဲ့အိမ်ကို စုံစမ်း.."

"ဟုတ်.."

"ဘယ်နှစ်အိမ်ပဲ ရှိနေနေ၊ အဲဒီမှာ လူဦးရေ ဘယ်လောက်ရှိသလဲ ကျား၊မဦးရေ၊ အသက်အရွယ် မင်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရအောင် စုံစမ်းကွာ..၊ မိန်းကလေးတစ်ယောက်ကို ငါ သိချင်တယ်"

"ဟာ.. ဒါဆို အဲဒီမိန်းကလေးရဲ့နာမည်ကို ပြောပြလိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေး၊ ပိုလွှယ်သွားတာပေါ့''

''မသိဘူး''

''ခင်ဗျာ…''

''ငါ ဘာမှမသိဘူး၊ ဆံပင်ရှည်တယ်၊ ဘယ်လောက်ထိ ရှည်မလဲ တော့ မသိဘူး၊ အသားဖြူတယ်၊ ငါ့အတွက် အရမ်းအရေးကြီးတယ်နော်…၊ ပိပိရိရိ သေချာစုံစမ်း…''

''ဟုတ်ကဲ့ အစ်ကိုလေး…၊ ဒီလောက်ဆို သိပြီ၊ ကျွန်တော် သွားရင် တစ်နေကုန်မယ်ထင်တယ်၊ အစ်ကိုလေး ဖြစ်ပါ့မလား''

''ဖြစ်တယ်''

စိုးနိုင် ထွက်သွားတော့ သူ ခုတင်ပေါ်ကဆင်းလိုက်သည်။

ပေါင်ထိပ်က မျက်တက်တက်ဖြစ်နေတာ ညာဘက်လက်ဖျံက နာနေသည်။

ကျန်တာအားလုံး နာနာကျင်ကျင် သိပ်မရှိပေ…။ သူ ပြတင်းပေါက်နားမှာ သွားရပ်ကာ စိမ်းမိုးမြင်နေရသည့် ရေကူးကန်ကြီးကို ငေးကြည့်နေမိ၏။

စိမ်းလဲ့လဲ့ ကန်ရေပြင်ဟာ မှောင်မိုက်သောမြင်ကွင်းတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီး ထင်ဟပ်လာခဲ့သည့်အရိပ်တွေက ဖြူဖျော့ဖျော့အရိပ် သဏ္ဍာန်လေးတစ်ခု…။

ပြီးတော့ သူ့ကိုယ်ပေါ်မှာ ငြိတွယ်၍လိမ့်ပါလာခဲ့သည်။

နောက်ထပ် ပြီးတော့ သူ မမေ့ပါ၊ အရက်သောက်တိုင်း အသိစိတ် ပျောက်လောက်အောင် သူ ဘယ်တော့မှ မသောက်ပေ…။ ညကမှ မျိုချနေရင်း မူးလာသည်၊ မူးနေရင်း သွေးဆူလာ၏။ ဖောက်လွှဲဖောက် ပြန်ဖြစ်လာနေသည့် ကိုယ့်ရဲ့စိတ်ဟာ ဖန်တီးဉာဏ်ဆင်သူတို့ရှေ့မှာ မှောက်လျက်လဲမှာကို သူ အဖြစ်မခံနိုင်…။





သူ့ရဲ့အကျင့်ကိုက ကောက်ကွေ့ဉာဏ်များခြင်းကို မုန်းသည်။ သူများမကောင်းကြံတာကို ခံရတာ ကိုယ်ညံ့လို့…၊ သူများရဲ့ကြံစည်မှုကို ဘယ်တော့မှ မခံရအောင် ဆင်ခြင် သတိချပ်နေခဲ့သမျှ…

''တောက်..''

ကြီးကျယ်သောအမှားတစ်ခုကို သူ ကျူးလွန်ခဲ့မိပါပြီ…၊ ဒါ ဟို မိန်းမယုတ်ကြောင့်…။ ကြံစည်တာကိုတော့မခံနိုင်ဘဲ လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့၏။ ဒါပေမယ့် သူ မျက်လုံးတွေမှိတ်ကာ ပြတင်းပေါက် ဘောင်မှာ မှီချလိုက်မိသည်။

သူ့ရဲ့ ကိုယ်ကျင့်တရားတို့ဟာ နွေးအိမွှေးပျံ့သော သူမရဲ့ကိုယ်လေးကို ပွေ့ပိုက်လိုက်မိသည့်ခဏ…

မင်း ငါ့ကို ခွင့်မလွှတ်ပါနဲ့…၊ မင်းကို ငါ တွေ့အောင် မရှာဖွေနိုင်သမျှ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃]

"သား နေဦး..၊ မပြေးရဘူးလေ"

"အင့်.."

"ဟာ..."

"ခွပ်.."

ကျောပေးရပ်နေသူ၏ ခြေထောက်ကြားထဲကို ငိုက်ခနဲ စိုက်ကျသွားတော့ ကလေးက ခြေထောက်ကို အားရှိပါးရှိ ဖက်ထားလိုက်၏။

ထိုအချိန်မှာ ထိုသူ ဒယိမ်းဒယိုင်ဖြစ်သွားလျက် ခွပ်ခနဲ လွတ်ကျသွားသည်က ဟန်းဖုန်းတစ်လုံး..။

"ဟာကွာ..၊ တောက်..."

"အို... ဒုက္ခပါပဲ"

"ဟိတ်..၊ ဖယ်စမ်း"

သူမ တောင်းပန်မလို့ပါ၊ သို့သော် ကလေးရဲ့လက်တွေကို ခြေထောက်တွေ လွှဲယမ်းခြင်းဖြင့် မညှာတော ဖြုတ်ပစ်လိုက်သည့်မြင်ကွင်းက မျက်လုံးတွေတောင် ပြာသွားခဲ့၏။

"သား..."





သုံးနှစ်သားအရွယ် သားလေးက ခြေထောက်ကြားထဲမှာ မှောက်လျက်လေး..။

"သားလေး"

ကလေးကို ဆွဲထူလိုက်ပြီး မီးဝင်းဝင်းတောက်သွားသည့် သူမမျက်လုံးတွေက ထိုသူ့ဆီ မော့ကြည့်လိုက်ပြီဖြစ်ကာ...

"ရှင် ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် ညှာတာစိတ် ကင်းမဲ့ရသလား"

"ဘာကွ.."

အသားဖြူဖြူ နှာတံပေါ်ပေါ် မျက်နှာ..။ အပြာရောင်သမ်းသည့် ဒီဇိုင်းနုနုသောနှုတ်ခမ်းများနှင့် တကာယ်ကို ပြောပေါက်ဆိုပေါက်ဆိုးလွန်းသည့်လူမှန်း ဖွင့်ဟပြောပြနေဖို့ မလို..။

သူသည် အနက်ရောင်စပို့ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်အနက်ကိုဝတ်ထားလျက် ပြုတ်ကျကွဲသွားသည့် ဟန်းဖုန်းကို ငုံ့ကောက်နေရင်း ရှုတ်ခနဲလှည့်ကြည့်သည်။

"ဘာ အညှာတာ ကင်းမဲ့တာလဲ..၊ ငါက ဘာကို ညှာတာရမှာလဲ..၊ ဒီမှာ ဟန်းဆက်ကွဲသွားပြီ၊ ဒီဟန်းဆက် ဘယ်လောက်တန်လဲဆိုတာ မင်း သိလား"

"သိသိ,မသိသိ..၊ အဲဒါက ပစ္စည်း..."

"ပစ္စည်းက ငါ့ပစ္စည်း..၊ ဒီကလေးက မင်းရဲ့ကလေး ... ပြောရင် ရှိုင်းတာတွေဘာတွေ ထပ်ထွက်လာဦးမယ်၊ ... ... ... ... ... ... ... ... သည်လား၊ ကလေးနေရာမှာ မင်းသားဆို ကိုင်ပေါက်မိမလားပဲ.."

ပြောချင်တိုင်းပြောပြီး ခြေလှမ်းကျဲများနှင့် ထွက်သွား၏။ ... ... အမှတ်ရပ်ရှင်ရုံ၏ ခြေရင်းမှာမို့ လူတွေက ညပ်သပ်နေသည်၊ ရုပ်ရှင်ပွဲချိန်မို့ ပိုဆိုး၏။



www.burmeseclassic.com

www.burmeseclassic.com



"သား... သားလေး ဘယ်နာသွားလဲဟင်.."

"နာဘူး..၊ မေမေ.. ဟိုဦးဦး စီးတဲ့ကားကြီးက အမြင့်ကြီးပဲနော်"

ဒူးမှာ သွေးစို့အောင်ပွန်းသွားတာတောင်မှ သားက ထိုသူ ကားပေါ် တက်သွားတာကို တမေ့တမော လိုက်ကြည့်နေသေးသည်။

"သားရယ်..၊ ကြည့်မနေနဲ့၊ ဒီမှာ ခဏထိုင်စမ်း၊ မေမေ ကြပ်ပူ ထိုးပေးမယ်"

"မေမေကလဲ သားသား မနာပါဘူးဆို.."

"ပွန်းပဲ့သွားတဲ့ဟာ.. ငြိမ်ငြိမ်နေပါ သားရယ်.."

သမံတလင်းအမြင့်ပိုင်းမှာ ကလေးကို ထိုင်ခိုင်းပြီး လက်ကိုင်ပဝါ လေးနှင့်ပဲ ကြပ်ပူထိုးပေးနေမိသည်။

'ဟန်းဖုန်းတစ်လုံး ဘယ်လောက်တန်လဲ သိလား' တဲ့..။ သွားသေ လိုက်ပါလား..၊ ဒေါသက ကြပ်ပူထိုးပေးရင်း မပြီးနိုင်မစီးနိုင်ဖြစ်နေ မိ၏။

လကာရံ ဆိုတဲ့ မိန်းကလေးဟာ ဘယ်တုန်းက ဘယ်လောက် ပျော့ညံ့ခဲ့ဖူးပါစေ..၊ သားလေးကို ပွေ့ပိုက် ပိုင်ဆိုင်လိုက်ရချိန်မှာ လုံခြုံ သည့်ရင်ခွင်တစ်ခုကိုဖန်ဆင်းသည့် မိခင်တစ်ယောက် ဖြစ်ခဲ့၏။

သားလေးဘဝအတွက် အဖေလည်း သူမ..၊ အမေလည်း သူမပဲ ဖြစ်သည်။ သားနှင့်ပတ်သက်လျှင် သူမ ဘာကိုရင်ဆိုင်ရဖို့မှ မကြောက်..။

"မေမေ.."

"ဟင်.."

"ဟန်းဖုန်းတစ်လုံး ဘယ်လောက်တန်လဲဟင်..၊ သားသားကို မေမေ ဝယ်ပေးတာ ငါးထောင်ပဲ ပေးရတာဆို..."

"သားက ကလေးဆိုတော့ ကလေးတွေကိုင်တဲ့ ဟန်းဖုန်းလေ သားရယ်..၊ သူက လူကြီးဆိုတော့ ပိုက်ဆံအများကြီး ပိုပေးရမှာပေါ့"





"ဟင်.. ဒါဆို သားသားကြောင့် ပိုက်ဆံအများကြီးပေးရတဲ့ ဟန်းဖုန်း ပျက်စီးသွားတာပေါ့ ဟုတ်လား မေမေ..၊ မေမေ လျော်ပေး ရမှာပေါ့နော်"

သားက သိချင်တာရှိပြီဆို မဖြေမချင်း မေးပါတော့မည်။ ကလေး ကို အမေးအမြန်းထူလှချည်ရဲ့ဆိုပြီး ဘယ်တုန်းကမှ မအော်မငေါက်ခဲ့ ရသည်မို့ လမ်းမှာ ကားမောင်းနေရင်း ရှင်းပြသွားရတာ အိမ်ရောက်တဲ့ အထိ..။

မှတ်ဉာဏ်အလွန်ကောင်း၍ အကောင်းစား၊ အမြင့်စားကိုမှကြိုက် သောသားလေးသည် သူ့အတွက်မဟုတ်ဘဲ မအေကို အကြံဉာဏ်ကောင်း လေးတစ်ခု ပေးရှာသေးသည်။

"အဲဒီဦးဦး ကိုင်တဲ့ဖုန်းမျိုး မေမေ ကိုင်ပါလားဟင်" တဲ့..။ ရယ်စရာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄]

"မနေ့က ပရိုမိုးရှင်းအတွက် ခွဲတမ်းတွေထုတ်တာ မင်း ပါမသွားဘူးဆို.."

"ရှင်..၊ ဟုတ်.. ဟုတ်ကဲ့ဆရာ၊ ကျွန်မ..."

"ဒါတာဝန်က လူစားထိုးလို့မရဘူးဆိုတာ မင်း နားမလည်ဘူးလား ..ကဘရဲ"

"ကျွန်မ..."

"အစည်းအဝေးတွေလဲ မင်း မတက်ဘူး၊ ဒါလဲ ငါတို့ မသိသလို နေလိုက်တယ်၊ မင်းက ကလေးတစ်ဖက်နဲ့ဆိုတော့ ကုမ္ပဏီစည်းကမ်းမှာမပါဘဲ ငါတို့က နားလည်မှုနဲ့ ဖောလုပ်ထားလိုက်တာ.."

"ကျေးဇူးတင်ပါတယ် ဆရာ..၊ အခု ကျွန်မသားလေး ဖျားနေပြီပါ၊ နောက်ကို..."

"မဖြစ်နိုင်တော့ဘူး"

"ရှင်..."

မန်နေဂျာ ဦးမင်ဒင် ၏မျက်နှာက ကာရံ အပေါ်မှာ အလွန်အမင်း ..ပ်ကုန်ခန်းနေသလိုပါ..။





"ကျုပ်ကို လူကြီးတွေက ကြိမ်းမောင်းနေပြီ၊ အကောင်းဆုံး အကြံပေးချင်တာကတော့ မင်း ကလေး လက်မလွှတ်သေးသရွေ့ အိမ်မှာလုပ်နိုင်မယ့် အလုပ်တစ်ခုခုပဲ လုပ်ပါ လကာရုံ၊ ဒီလိုအလုပ်တွေမှာ မင်းလို ကလေးအမေတစ်ယောက်ကို ဘယ်သူမှ အလိုရှိမှာမဟုတ်ဘူး"

စီရင်ချက်က ဤသို့သော အနားသတ်မျဉ်းတစ်ကြောင်းနှင့် နုတ်ထွက်ခခြင်းကို ဖြစ်စေခဲ့၏။ ရှိုက္ခမ့်ဗုလေးနှင့် ဝယ်ထားခဲ့သည့် မန့်ကျည်းရောင် ဂျစ်ကားလေးကိုမောင်းရင်း အပြန်လမ်းမှာ စိတ်က လွင့်ချင်ရာလွင့်နေခဲ့၏။

ကုမ္ပဏီကြီးတစ်နေရာမှာ အလုပ်တစ်နေရာရဖို့အတွက် သူမ ကျားကုတ်ကျားခဲ ကြိုးစားခဲ့တာဟာ သားလေးရဲ့ဘဝ တိုးတက်မြင့်မားဖို့ပါ..။

လက်ရှိ ရာထူး၊ အဆင့်ကနေ ဒီထက်မြင့်မားအောင် ကြိုးစားဖို့လည်း ရည်ရွယ်ထားခဲ့သည်။ ဒါပေမယ့် သားလေးက ငယ်လွန်းတော့ သူမမှာ ရှေ့တိုးသွားတိုင်း နောက်ပြန်ဆွဲနေခဲ့သည်။

ဒါတောင် သားကို ကိုယ်တိုင် သွားမပို့နိုင်ဘဲ အပြန်ကျမှ ဝင်ကြိုရသည်။ အပြန်နောက်ကျသည့်အခါ ကလေးကို ဘယ်သူလာခေါ်လို့မှ မထည့်ဖို့ ဆရာမတွေနှင့် သေချာအပ်ထားရ၏။ ရုံးဆင်းပြီဆိုမှဖြစ်တဲ့ အစည်းအဝေးတွေဆို သူမ မတက်နိုင်တာ များပါသည်။

ပရိုမိုးရှင်းအတွက် တာဝန်တွေခွဲပြီး သွားကြလာကြပြီဆိုလည်း လူစားလွှတ်ပေးလိုက်ရတာပဲ များ၏။ အားလုံးက အမျိုးတွေပေမယ့် သူမကိုတော့ စာနာပေးကြသည်။ ထို့ကြောင့် အစစအရာရာ ကူညီနေကြလို့ အခက်အခဲရှိပေမယ့် သိပ်အရာမထင်ခဲ့ပေ..။ ခုတော့ ပြီးသွားပါပြီ..။

"ဒုန်း..."

"ဖြော..."

"ဟာ..."

ကားက ဒုန်းခနဲဆောင့်လိုက်မှ ကာရံ သတိဝင်သည်။ ရုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှေ့မှာ ဗွက်ထအောင်ဖုန်းထားသည့် ရေဗွက်ကို သူမ သတိမထားမိလေခြင်း‥။

ဒီလမ်းကြားလေးထဲမှာ ဈေးဝင်ဝယ်ရမှာမို့ ကားကို ရပ်နေကျနေရာရောက်အောင် မောင်းသွားလိုက်ပြီး ကမန်းကတန်းဆင်းဖို့ ပိုက်ဆံအိတ်ကို လှမ်းယူနေတုန်း…

"ဟိတ်‥၊ မင်း ဆင်းခဲ့စမ်း"

"ဟင်…"

ကြည့်စမ်း‥၊ ဒီလူပဲ‥။

မြင်လိုက်ရတိုင်း အနက်ရောင်တွေနဲ့‥၊ သူ့ဗိုက်ကနေ ခြေထောက်တွေထိ ရွှံ့ပျစ်ပျစ်တွေက မနည်းမနော‥။

"ဘာကြည့်နေတာလဲ၊ ဆင်းလေ…"

တံခါးကိုပုတ်၍ မဆင်းရင် ဆွဲချတော့မယ့်အတိုင်း‥၊ ကာရံ ဆင်းလိုက်တော့ နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်ပြီး သူလည်း မှတ်မိသွား၏။

"မင်းကို…"

"ခုမှ သိလား‥၊ ကျွန်မက ဒီလို ရန်တွေ့တတ်တဲ့အသံ ကြားလိုက်ကတည်းက ထင်ပြီးသား"

ကြည့်စမ်း‥။

"ဒီအသံမျိုးက ရှားပါးသံလေ‥၊ လူတိုင်း မပြောတတ်ဘူး"

"တောက်‥"

ဒေါသတွေ ပွတ်သိပ်ထွက်နေပြီး မိန်းကလေးလိုလည်း သူ စကားမကြွယ်‥။

"ဒီမှာ ဘာဖြစ်သွားတာလဲ‥၊ မင်း မြင်လား"

"အခု မြင်ပြီလေ‥၊ ခုနက မမြင်လို့ မတော်တဆဖြစ်တာ၊ ကားဘီးက မျက်စိမှမပါတာ၊ ရှင် ဒီထိ လိုက်ရန်တွေ့တာ အံ့ရော‥"





"ဟာ‥၊ ကားမောင်းတဲ့ မင်းမှာ မျက်စိမပါဘူးလား‥၊ ဟိုဘက်မှာ ကားလမ်းအကျယ်ကြီး‥၊ ပလက်ဖောင်းအစပ်က ရေဗွက်ကို တမင် လာနင်းသလိုပဲ‥၊ မတော်တဆဆိုပြီး ပလက်ဖောင်းကို အောင်းပစ်လိုက်ပါလား"

"ရှင်ပဲ အောင်း‥၊ ကားလမ်းပေါ်မှာ ရေဗွက်ရှိရင် ဒီလိုဖြစ်နိုင်တာ မသိဘူးလား၊ ဗွက်နဲ့ ဝေးဝေးနေပေါ့"

"ငါ လာရပ်နေတာ မဟုတ်ဘူး၊ ဟိုဘက်က ကူးလာတာ၊ ကျွတ်‥ နောက်ပြန်လှည့်ရတော့မယ်၊ မင်းကွာ‥ တောက်…"

စုပ်သပ်လိုက်‥၊ တက်ခေါက်လိုက်နှင့် စုံအောင် ကြိမ်းမောင်းနေသည်။ လက်သီးကြီးဆုပ်လိုက်တော့ ကာရံ နည်းနည်းတော့ လန့်သွား၏။

တကယ်ဆို ကိုယ်က တမင်လုပ်လိုက်တာနှင့် တူနေတာဖြစ်၏။ ငေးလာ‥၊ တွေးလာတာလည်း သူမပဲ ဖြစ်သည်။

သူနေရာမှာ တခြားလူသာဆို ရှိခိုးမတတ် တောင်းပန်မိမှာပင်‥။ သူ့ကျတော့ စ,ပြောမိတဲ့စကားကိုက မချေမငံမို့…

"ဒီမှာ‥၊ မင်းနဲ့ နောက်ထပ် ဒီလိုဆုံမိဦးမယ်ဆိုရင် ငါ့လက်သီးကို ဘရိတ်မထားတော့ဘူး"

လက်သီးဆုပ်ကို မြင်အောင်ပြပြီး ချာခနဲ လှည့်ထွက်သွား၏။ လမ်းဟိုဘက်မှာ သူ့ရဲ့ကားနက်ကြီးက ကြွားရွားထည်ဝါစွာ တောက်ပြောင်နေ၏။ တစ်ခါကနှစ်ခါ ဖြစ်လာတော့ သူမလည်း စိုးရိမ်စိတ်လေး ဖြစ်ခဲ့မိသည်။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ခါစလုံးမှာ ကိုယ့်ကြောင့် သူချည်းပဲ ဒုက္ခရောက်ရောက်သွားတာ ဖြစ်၏။

ဒီတစ်လလုံးပဲ ပြဿဒါး ဖြစ်နေသည်လား မသိ‥။

နောက်လမှာ ကံကောင်းပါစေ‥။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅ ]

သူ ကားနားရောက်လာတော့ ကားရဲ့ဘေးမှာ ကြိုတင်ရောက်ရှိနေသူ တစ်ယောက်..၊ သူက ချမ်းမြွေအောင်၊ ပြီးတော့...

ရပ်ထားသည့်ကားထဲကနေ ရှိန်း ထွက်လာ၏။ သူ့ရှေ့မှာ နှစ်ယောက်ဖြစ်သွားသည်။

"ချာန်..၊ ငါတို့ ဒီလောက်ဆို ပြေသင့်ပြီထင်တယ်"

"အေးလေကွာ..၊ လေးနှစ်တောင် ကျော်ခဲ့ပြီပဲ၊ အခု စီစီရီ လဲ နိုင်ငံခြားက သူ့ဒယ်ဒီရဲ့ကုမ္ပဏီမှာပဲ ထိုင်တော့မယ်ဆိုပြီး ထွက်သွားတာ နှစ်လလောက် ရှိပြီ၊ သူက မင်းနဲ့ အဆင်မပြေဖြစ်ပြီးသွားကတည်းက နိုင်ငံခြားနဲ့ ဒီကို သွားလိုက်ပြန်လိုက်ပဲ"

"အေးကွာ..၊ ငါတို့ကိုလဲ ခွင့်လွှတ်ပါ၊ မင်းကို အဲဒီလို ကြံကြတာက ငါတို့ပါ၊ မိန်းမသားတစ်ယောက်ကို မင်း တုံ့ပြန်လိုက်တာ ရက်စက်လွန်းတယ်ထင်လို့..၊ မင်း နေခဲ့တဲ့အတိုင်း ငါတို့လဲ နေလိုက်မိတယ်၊ ကြားထဲမှာ အဆက်အသွယ်တွေ ပြတ်တောက်သွားခဲ့တာ နှစ်တွေမနည်းဘူး"

ချာန် က ကားသော့ကိုင်ထားသည့်လက်ကို ဘောင်းဘီအိတ်ထဲ ထည့်ပစ်လိုက်ပြီး မျက်နှာလွှဲကာ...





"ငါကတော့ ခုချိန်ထိ ငါ ဘယ်တုန်းကမှ မမှားခဲ့ဘူးလို့ ယုံကြည်တယ်"

"ဟုတ်ပါတယ်..၊ ငါတို့ပဲ မှားတာပါ၊ မင်းနဲ့ စီစီရီ..."

"သူ့အကြောင်း ထည့်မပြောနဲ့ ရှိန်း..၊ သူ ဒါကို သိနေတယ်၊ အဲဒါ ငါသိတဲ့အတွက် ရွံတယ်၊ သူနဲ့ငါ တွဲနေခဲ့တဲ့ကာလတစ်လျှောက်မှာ ငါ့ဘက်က အဲဒီလိုအခွင့်အရေး လိုချင်တဲ့စကားမျိုး မပြောခဲ့ဖူးဘူး၊ အမူအရာတွေလဲ မရှိခဲ့ဘူး"

"သူက ထင်နေခဲ့တာ ရှိရင်ရော..."

ချာန် မျက်မှောင်ကြုတ်သွား၏။

"မင်းလိုကောင်ကို ဘယ်မိန်းကလေးက မျက်စိလည်လုတ်မတိုက်မိဘဲ နေမလဲ ချာန်..၊ မင်းဘာသာမင်းနေလဲ သူတို့ဘက်က စိတ်ကူးယဉ်ခွင့်တော့ ရှိတယ်၊ မင်း နည်းနည်းတော့ နူးညံ့ဖို့ ကောင်းနေပြီကွ"

ချာန် က မဲ့သည်။

"မင်းတို့ပြောသလို ငါ့ကို ပြောခဲ့ကြဖူးတယ်၊ ဒါပေမယ့် ဒီစကားမျိုးတော့ မဟုတ်ဘူးကွ..၊ ကဲ့ရဲ့တာ..၊ အဲဒါကြောင့် ချီးမွမ်းတာရော၊ ကဲ့ရဲ့တာရော ငါ ဘာမှမကြားချင်ဘူး၊ သာယာမိမှာလဲ မဟုတ်ဘူး၊ မင်းတို့ရေးခဲ့တဲ့ အရုပ်..၊ ဘယ်လက်နဲ့ ဘယ်သူရေးတာဖြစ်ဖြစ် ဒီပုံစံထွက်လာတာကို ငါ မလိုချင်ဘူး၊ နောက်ထပ် ဒါမျိုးတွေ ငါတို့ကြားမှာ မဖြစ်ချင်ဘူးကွာ"

"အေးပါ.."

"ငါတို့က မင်း အဖြေထွက်လွယ်ကူအောင် ပြောပြတာ၊ သူ့ရဲ့ ကာရိုက်တာက မင်းပြောသလောက်ကြီးတော့ မဆိုးရွားသေးဘူးဆိုတာ.."

သူ ဆိုးတာ,မဆိုးတာထက် ကိုယ်ဆိုးလိုက်လို့ မိန်းကလေးတစ်ယောက်ကတော့ ဘဝပျက်ရှာပါပြီ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက သူသောက်ခဲ့တဲ့အရက်ထဲက မသန့်စင်မှုကြောင့် ဒီနေရာမှာ ဒေါသတကြီး ပေါက်ကွဲရှောင်ထွက်လာခဲ့ပြီး ဟိုနေရာမှာတော့···

"ထွက်···"

သူ နှပ်သပ်ရင်း ဆတ်ခနဲ ခေါင်းခါသည်။

ချမ်းမြေ့ တို့ကတော့ ခုချိန်ထိ ဒါကို သူ မကျေမနပ်ဖြစ်နေတုန်းလို့ ထင်သွားလိမ့်မည်။

မိတ်ဆွေချင်းမို့ အခင်မင်မပျက်ရှိနေရင်တောင် ကောင်ညှင်းက မစေးရဘဲ ဆံကြိမ်းက စေးလှချေလားလို့ စိတ်ထဲမှာ တွက်နေနိုင်၏။

သူဟာ မိကောင်းဖခင်သားသမီးတစ်ယောက်··၊ ထို့ကြောင့် ထိုညက အဖြစ်ကို ဒီနေ့ထိ မဖျောက်ဖျက်နိုင်ဘဲ ရှိခဲ့၏။ လမ်းကြုံတိုင်း ထိုနေရာကို ငဲ့ကြည့်မိသည်။

အချိန်ရတိုင်း ရှာဖွေမိ၏။ ဒါပေမယ့် လူကိုလည်း မမိုတ်မိ··၊ နာမည်လည်း မသိ၊ စိတ်ထင်တဲ့နေရာတိုင်း ရှာခိုင်းလွန်းလို့ စိုးနိုင် လည်း စိတ်ညစ်နေပြီဖြစ်သည်။

သူ ဘဝပျက်ခဲ့တာ အဲဒီလောက်ထိ··။

ဒီအတွက် အပြစ်ရှိတဲ့လူတွေကို ဒေါသမဖြစ်ရဘူးလား··။

"ငါတို့ အဲဒါတွေ မပြောတော့ဘူးကွာ··၊ ဘယ်နှယ်လဲ"

"လာပါကွာ··၊ အလုပ်အကြောင်း ဆွေးနွေးရအောင်၊ ငါတို့ နိုင်ငံခြားနဲ့ အကျိုးတူ ပူးပေါင်းထားတဲ့အလုပ်တွေ··၊ မင်းက ပြန်လှည့်မကြည့်ပေမယ့် ငါတို့က မင်း ရှိနေသလိုပဲ အကောင့်လိုက် တွဲထားတာပေါ့"

ချမ်းမြေ့အောင် က သူ့ကားပေါ် ဝင်လာသလို ရှိန်းက ကားနောက်က ပါလာ၏။

"မင်းတို့ ငါ့ကို ကားပေါ်တင်ခဲ့တုန်းက ငါ့ဘေးမှာ တစ်ယောက်ယောက် ရှိနေလား"





ကားမောင်းရင်းမေးလိုက်တော့ ချမ်းမြေ့အောင် က အံ့ဩသည့် မျက်နှာနှင့် လှည့်လာ၏။

"ဘာဖြစ်လို့လဲ··၊ မနက်လင်းပိုင်းကြီး မှောင်မှောင်မည်းမည်းပဲ ရှိသေးတာ၊ မင်းနားမှာ ဘယ်သူရှိမှာလဲ၊ ငါတို့တောင် မင်းကိုစိတ်ပူပြီး ထွက်လာကတည်းက လမ်းဘေးတွေကိုပဲ မျက်စိရောက်နေလို့၊ ဆိုင်ကယ်ကလဲ လမ်းဘေးချိုင့်ထဲမှာ၊ မင်းကလဲ ဟိုးအဝေးကြီး လိမ့်ဆင်းကျနေတာ"

"အဲဒီပတ်ဝန်းကျင်မှာရော ဘာတွေ့လဲ"

"မတွေ့မိပါဘူး··၊ မင်း ဘာဖြစ်ခဲ့လို့လဲ"

သူ မျက်ခုံးအစုံ တွန့်ကုတ်ထားလျက်နှင့် ခေါင်းခါမိသည်။

ဒီကောင်တွေကို မခေါ်မပြောဘဲ ပြတ်တောက်စွာနေနိုင်ပေမယ့် ဒါလေးတစ်ခုကိုတော့ မေးကြည့်ချင်တဲ့စိတ်တွေ လပေါင်း··၊ ရက်ပေါင်းများစွာ ရင်ထဲမှာ ကိန်းအောင်းနေခဲ့သည်။

မေးကြည့်ရင် တစ်ခုခုထူးခြားတာ သိရမလား··လို့၊ ခုတော့ ဝေးပြန် ပြီတစ်ခါ··။

စိတ်ဓာတ်ကျဆင်းသွားခြင်းက ပြေးနေသည့်ကားတောင် အရှိန်လျော့ကျသွားခဲ့၏။ ချမ်းမြေ့ ရိပ်မိသလိုတော့ ဖြစ်သွားသည်။

ဒီကောင် ပြဿနာတစ်ခုခု ရှိခဲ့သည်လား··။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၆]

"တီ.."

ဘေးကပ်ပေးနေသားနှင့် ဟွန်းကပ်တီးလိုက်တော့ ကာရံ လန့်သွားသည်။ အလုပ်ရှာဖွေရေးကိစ္စနှင့် တစ်နေကုန် သွားလာပင်ပန်းနေသမျှ ညနေဘက်ကိုယွန်းလာပြန်တော့ သားကို ပြန်ကြိုဖို့က အရေးတကြီး ဖြစ်လာ၏။

အရေးကြီးသည့်ခြေလှမ်းတွေက နောက်ထပ် တီခနဲ ထပ်မြည်တော့ နေရာမှာ ခြေစုံရပ်သွားကာ ကားကို မကျေမလည် ပြန်ကြည့်မိ၏။

"ကာရံ..."

"ဟင်!.."

ကားပေါ်ကမျက်နှာကို မြင်လိုက်သည်နှင့် ကာရံ မျက်နှာလေး ကွက်ခနဲပျက်သွားသည်။ စောစောကနှင့်မတူသော မလိုလားခြင်းတွေ ပြည့်နှက်သည့်မျက်နှာက ပြေးပေါက်ရာခြင်းကို ဖြစ်ခဲ့လျက်..။

"ကာရံ နေပါဦး.."

"ဘာကိစ္စလဲ ဦးအောင်မြင်ခြင်း..၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့"

"ဟာ.. လူကြားမကောင်းအောင် ကာရံရယ်.."





အပြာရောင်ပြောင်နေသည့် စပို့ရှပ်အကောင်းစားနှင့် နက်ပြာရောင် ဘောင်းဘီက အောင်မြင်ခြင်း၏ ခပ်လတ်လတ်မျက်နှာကို ပို၍ ဝင်းနေသွားအောင် ဖန်ဆင်းထားသလိုရှိကာ လူပုံက ရှိရင်းအသက်ထက် ပိုမို နုပျိုနေခဲ့၏။

တကယ်ဆို ဒီလူ့အသက် အနည်းဆုံး လေးဆယ်တော့ ကျော်နေနိုင်၏။

"ကာရံ ဘယ်မှာနေတာလဲဟင်..၊ ခဏနေပါဦးကွာ၊ မင်း ဒီနား မှာ နေတာလား"

"ဒီမှာ..."

ကာရံ နောက်တစ်ကြိမ် ခြေလှမ်းရပ်မိပြန်၏။ ဒီလူ့ကို အပြတ်ပြောမှ ဖြစ်မည်။

"ကျွန်မ ဘယ်မှာနေတာ..၊ ဘယ်လိုနေတာ ရှင် သိစရာ မလိုဘူး၊ ကျွန်မ အရင်တုန်းက လကာရံ လဲ မဟုတ်ဘူးနော်..၊ ရှေ့က ဖယ်ပါ"

"မဟုတ်သေးပါဘူး ကာရံရယ်..၊ ကိုယ့်ကို ဒီလောက်ထိ ပြောစရာ မလိုပါဘူး၊ ဘာအညစ်အနွမ်းမှမပါတဲ့ စကားတွေပဲ ပြောမှာ၊ ဒီနားမှာပဲ တစ်ခုခု ဝင်စားရင်း..."

"ဦးအောင်မြင်ခြင်း..."

အောင်မြင်ခြင်း မျက်နှာ တွန့်မဲ့သွားသည်။ ဒီမိန်းကလေးကို အပျိုစင်နုနုငယ်ငယ်တုန်းကလည်း လိုချင်တပ်မက်ခဲ့ရသည်။

မပျိုတော့ပါဘူးဆိုတာ သိတော့လည်း သူ လက်မလွှတ်နိုင်..။ ခုလို ပြန်တွေ့တော့လည်း..။

"ဒေါသတွေ ရှေ့မထားပါနဲ့ ကာရံ..၊ ကိုယ်တို့က တကယ့် မိတ်ဟောင်းဆွေဟောင်းစစ်တွေပါ၊ ဒါဆိုလဲ ဘယ်မှမခေါ်ပါဘူး၊ ကိုယ် မေးတာလေးကိုပဲ ဖြေပေးပါ၊ အခု ဘယ်မှာနေလဲ..၊ ကလေးကရော.."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မဖြေနိုင်ဘူး၊ ကျွန်မဘဝ ဘာဖြစ်နေနေ ရှင့်ထက်ပိုစစ်တဲ့ မွေးချင်းချာတွေကိုတောင် မရှိဘူးလို့သတ်မှတ်ခဲ့တာ ကြာပြီ"

ပြောပြီးသည်နှင့် သူ ဖယ်ဖယ်,မဖယ်ဖယ် ကာရံ ခြေလှမ်းရွှေ့လိုက်သည်။ အောင်မြင်ခြင်း က အချိုးတူခြေလှမ်းနှင့် လိုက်ပိတ်၍…

"ကောင်းပြီ…၊ မင်းနဲ့ပတ်သက်ရင် ဒဿဂီရိကို ဆရာခေါ်ထားခဲ့တာ ကိုယ်ပဲ ကာရံ…၊ မင်းကိုမတွေ့ခဲ့တဲ့ကာလတွေမှာတောင် ကိုယ်မင်းကို မေ့ခဲ့တာမဟုတ်ဘူး၊ ခု ပြန်တွေ့ရပြီဆိုတော့…"

"ဒီမှာ…"

"ပြော…"

"ရှင် သူများသားမယားကို ကျူးလွန်စော်ကားဖို့ ဝန်မလေးလောက်အောင် တဏှာရူးနေပြီလား…၊ ရှင့်ဂုဏ်၊ ရှင့်သိက္ခာနဲ့…"

"မင်းလဲ မင်းရဲ့ဂုဏ်သိက္ခာကို တစ်ချက်လောက်ငဲ့ပြီး မှသားစကားမဆိုပါနဲ့လား ကာရံ"

"ဘာ…"

"အဟွန်း…၊ မင်း ရက်ပေါင်း၊ လပေါင်းများစွာ ကလေးတစ်ယောက်နဲ့ ရုန်းကန်လာခဲ့ရတာ ကိုယ်က မကြည့်ရက်လို့…"

"တောက်…"

ဒီတစ်ခါ ဒေါသက လေလို ဟူးခနဲ တိုးတိုက်သွား၏။ ကာရံစိတ်တိုတိုနှင့် သူ့ပခုံးတစ်ဖက် လန့်ထွက်သွားတဲ့အထိ ပစ်တိုက် တိုးထွက်ခဲ့သည်။

ထိုမျက်နှာကို မြင်လိုက်ရသည့်အချိန်ဟာ မီးပုံဘေးမှာ ကြိုးတုပ်ခံထားရသူကဲ့သို့ရှိကာ ကွယ်သွားသည့်အချိန်မှာတော့ ဒဏ်ရာဟောင်းကို မီးထက်ထက်နှင့် ထိုးဆွနှိပ်စက်ခံနေရသလို…။

အကင်းမသေသည့်ဒဏ်ရာက သူများနာတာထက် ပိုနာသည်။





…အလိုမှ ခံစားထားရပေမယ့်လည်း ခံစားချက်တွေက မဟောင်းနိုင်…။

အောင်မြင်ခြင်း ဆိုသည့်လူဟာ လူယုတ်မာတစ်ယောက်လို့ မဆို…ပေမယ့် သူမအတွက်ကတော့ သူ့လောက်ယုတ်မာသည့်လူ မရှိဟု…သည်။

သူမဟာ ဆယ့်ငါးနှစ်သမီးအတည်းက မိဘမဲ့ဘဝကို ရောက်ခဲ့ရ…ယ့် အခြေမဲ့အနေမဲ့တော့ မဟုတ်ပါ…။

ခြံတစ်ခြံရယ်…၊ တစ်ထပ်တိုက်နှစ်လုံးတွဲရယ် ကျန်ရစ်ခဲ့သည်။ …တော့ ဆေးလိပ်ခုံလုပ်ငန်းတွေကလည်း တွင်ကျယ်လှသည်မဟုတ်…လည်း မိသားစုတစ်စုအတွက် တင့်တယ်နိုင်မည့်သည့် အခြေအနေ…ခုကို ဖန်ဆင်းနိုင်ပါသည်။

ဒါပေမယ့် ဆိုးတာက သူမ ဘာမှ မသိနားမလည်ခဲ့ခြင်းပင်။ …ဟာ ဇနီးသည်ကို မခိုင်းရက်၊ မဆူရက်ခဲ့သော ဖေဖေ့ရဲ့ဂရုစိုက်လွန်…နေ စ,ခဲ့သည်ဟု မေမေကတော့ ခဏခဏ ရေရွတ်နေခဲ့ရှာသည်။

"လာကြည့်လှည့်ပါဦး အစ်ကိုကြီးရယ်…၊ ခုတော့ ကျွန်မတို့…အမိတွေ ဘာမှမသိ…၊ ဘာမှမလုပ်တတ်နဲ့…"ဆိုသည့် ရှိုက်သံ…ကင်းသော တမ်းတခြင်းတွေ…။

ဖေဖေ ဆုံးသွားတော့ ကာရံ က အလယ်တန်းကျောင်းသူလေးပဲ…သေးသည်။ ဆေးလိပ်ခုံလုပ်ငန်းက ဖေဖေ့ဘက်က မိဘလက်ငုတ်လက်…း၍ မေမေနှင့်ညားပြီးတော့လည်း ဖေဖေက ဒီအလုပ်ကိုပဲ လုပ်သည်။

မေမေကတော့ ညီအစ်မသုံးယောက်ထဲမှာ အငယ်ဆုံးဖြစ်ခဲ့သူမို့…လက်ထက်မှာကတည်းက ဆိုးနွဲ့ရင်း ကြီးပြင်းခဲ့တာဖြစ်၏။

ဖေဖေက မေမေ့ထက် အသက်ဆယ်နှစ်လောက် ပိုကြီးတာလည်း…သည်။ မေမေက ချစ်မှန်းသိလို့လည်း ဆိုးနွဲ့ပါစေဆိုပြီး သူ့လက်ထဲ

www.burmeseclassic.com



တ်ချစ်ခဲ့သည်တဲ့··။

"ဒီနေ့ထက် ဆယ်နှစ်လောက်ပိုကြီးပေမယ့် သမီးရဲ့ဖေဖေက ချောချောမောမော ရှည်မျှော်တယ်၊ တည်ကြည်တယ်၊ သူ့ရဲ့ ပြောဟန်ဆိုဟန်တွေကြောင့် လူက ပိုချောသွားသလိုပဲ၊ အဲဒါကြောင့် မေမေက ချစ်တယ်၊ မေမေချစ်မှန်းသိလို့လဲ သူက မေမေ့ကို ကလေးလိုပဲ မိဘလက်ထဲမှာထက် ပိုသာအောင်ဆိုတဲ့ နူးညံ့တဲ့စိတ်ဓာတ်တွေနဲ့ သူထားခဲ့တာ··၊ အဲဒါကြောင့် ခုတော့ မေမေ ဘာမှမသိဘူး၊ ဆေးလိပ်ခုံက ဆေးလိပ်လိပ်တဲ့ဖက်တွေ ဘယ်ကရမှန်းတောင် မေမေ မသိဘူး၊ မေမေ့ရင်ခွင်ထဲမှာထားတဲ့ သမီးလေးကရော ဘာသိတော့မှာလဲ သမီးရယ်··၊

အဲဒီလို အိမ်ထောင့်ဝတ္တရား၊ လင့်ဝတ္တရားကျေပွန်တဲ့ယောကျ်ားတွေ ဘာဖြစ်လို့ စောစောစီးစီး သေကုန်ကြတာလဲ၊ ငါတို့မိန်းမတွေကရော ကံတရားကိုမမြင်ဘဲ ဘာဖြစ်လို့ ယုယတာကိုသာယာပြီး အားလုံးကို မေ့ထားခဲ့တာလဲ··"

မေမေ ငိုပြီဆို ဒီစကားတွေနှင့်ပဲ ဖြစ်သည်။ ထိုအချိန်မှာ မေမေ့အထက်က အစ်မကြီး သော်တာမင်း ဆိုတာ ရောက်လာခဲ့၏။

အကြီးဆုံးအစ်မကတော့ မြစ်ကြီးနားက ကျောင်းဆရာတစ်ယောက်နှင့် အိမ်ထောင်ကျသွားတာမို့ မိဘဆီတောင် ပြန်မလာနိုင်ဟု သိခဲ့ရ၏။ သော်တာမင်း ကတော့ အိမ်ထောင်ပျက်ပြီးသည့် ကလေးနှစ်ယောက်အမေ တစ်ခုလပ် ဖြစ်သည်။

သူမက စာရိတ္တမကောင်းသဖြင့် မိဘဆွေမျိုးတွေက ခပ်ကင်းကင်းနေကြ၏။ ညီမဖြစ်သည့် စန္ဒာမင်း ကျတော့ သူ့အောက်ညီမလည်းဖြစ်ကာ စန္ဒာမင်း စိတ်ပျော့တာကိုလည်း သိထားသဖြင့် အိမ်ကိုရောက်လာတာကိုက ပိုင်စိုးပိုင်နင်း··။

"အငယ်ဆုံးတွေ ဒီနေရာမှာ ထိချက်ပြင်းတာပဲအေ့··၊ အလိုလိုက်





ထားရတာကို ရေစုန်မျောပြီး သာယာခဲ့တာတွေလေ··၊ တကယ်တော့အေ အဲဒါတွေဖြစ်လာတာ ငရဲကြီးတာလို့ပဲ ငါတော့ ထင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ စဉ်းစားကြည့်လေ၊ မိဘလက်ထက်မှာလဲ အငယ်ဆုံးဆိုပြီး ဆိုးနွဲ့စိတ်ကောက်၊ ညီအစ်ကိုမောင်နှမတွေအပေါ် ပြောမှားဆိုမှားတွေဖြစ်၊ ငါတို့လိုအစ်မတွေကျတော့ ညီမအငယ်ဆုံးလေးဆိုပြီး အပျိုဖြစ်တဲ့အထိ ထဘီလိုက်ကောက်ပေးရတုန်း၊ ခေါင်းလျှော် အဝတ်လဲ အားလုံးလိုက်လုပ်ပေးကြတာ၊ လုပ်ပေးတဲ့သူကလဲ ချစ်လို့··၊ ခံတဲ့သူကလဲ အငယ်ဆုံးမို့ ရေသာခိုစိတ်လေးနဲ့ပေါ့၊ ဒါပေမယ့် အပြစ်က မနေဘူး၊ အခု ညည်းအမေ ဒုက္ခဖြစ်တာ ကြည့်စမ်း··၊ တော်တော်လေး စံစားလိုက်ရတာ ဘယ်လောက်များ ကြာလိုက်လို့လဲ"

ပြောနေလိုက်တာ အငယ်ဆုံးဖြစ်တဲ့သူတွေ အတုယူလောက်စရာပါ၊ ဒါပေမယ့် ကာရံက တစ်ဦးတည်းသောသမီးမို့ မေမေ ငိုနေတာကိုပဲ သနားမိသည်။

ဒေါ်လေး ဒီစကားတွေပြောလေ မေမေက မျက်ရည်စမ်းစမ်းနှင့်ဖြစ်ရလေ··။ ဖေဖေဆုံးပြီးတဲ့နောက်ပိုင်းမှာ အဖြစ်အပျက်တွေကမြန်လွန်းဆန်လွန်းသည်။

ကာရံ ဆယ်တန်းမဖြေရသေးခင် မေမေလည်း ဆုံးသွားကာဒေါ်လေးနှင့် သားနှစ်ယောက်က အိမ်မှာ ကြီးစိုးမင်းမူခဲ့၏။

သိသလိုလို တတ်သလိုလိုနှင့် ဆေးလိပ်ခုံလုပ်ငန်းကို သားအမိတွေကကိုင် ခေါင်းကကိုင်လုပ်ကြရင်း လုပ်ငန်းတစ်ခုလုံး အစအနပျောက်သွားသည်။ နောက်ထပ် အိမ်တွင်းရေးတွေ ဘယ်လိုရှိခဲ့သည်ကိုတော့ ကာရံ သိခွင့်မရခဲ့ပါ··။

"ညည်းကို အပူတွေ မကူးစက်စေချင်လို့ပါ ကာရံ ရယ်··၊ ဘာဖြစ်ဖြစ် လိုက်မေးမနေပါနဲ့၊ ဟောဒီမှာ ညည်းမောင်တွေ ရှိတယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရှိတယ် ညည်းတို့ ဘာမွေးမှ မီးမလောင်စေရဘူး''

ပြောလိုက်တော့ဖြင့် အပြောက ရွှေမန်းဦးတင်မောင်ထက် ချိုသည်။ သက်သေပြတဲ့အလုပ်ကျတော့ ဘာတွေငြိတွယ်သွားကြမှန်းမသိဘဲ အောင်မြင်ခြင်း ဆိုသည့်လူ အိမ်ကို လမ်းပေါက်လာခြင်းသာ အဖတ်တင်၏။

ကိုကိုနှင့်ညီညီက သူတို့သူ့ဖွေးလို့ ပြောလာတော့ ဒေါ်လေးကလည်း ပျာယာခတ်အောင် ချည့်ခံသည်။ သင်းကလည်း ချောင်းပေါက်မတတ်လာ၏။

မျက်လုံးကြီးတွေကို မနှစ်မြို့ပါ၊ ပြုံးတာရယ်တာတွေကလည်း မှန်းစရာကောင်းနေသည်။ ဒါပေမယ့် ကာရံ ဘာမှတားဆီးခွင့်မရှိဘဲ ဖြစ်နေခဲ့သည်။

အချိန်လွန်မှ သိလိုက်ရတာက ဒီလူဆီက ချေးယူထားတဲ့ငွေတွေ များလွန်းလို့ အိမ်ကို ထိုးအပ်ရတော့မလို ဖြစ်နေပြီ··ဟု···

မကြာသော ကာလအတွင်းမှာပဲ ရွှေစွန်ညို မထွေးကို လိုချင်ပါသည်ဟု တောင်းဆိုလာခဲ့ရော··။





## အခန်း [၇]

''ကာရံ··၊ ဟဲ့·· ဘယ်သူမှ မရှိကြဘူးလား''

''မေမေ ထမင်းချက်နေတယ်၊ ဘွားဘွားကြီး ဘာကိစ္စရှိလို့လဲ''

''ဟယ်··· မြေး··· မြေးလေးက ကာရံ့ သားလေးလား''

အပြင်ကအသံတွေကို ကြားလိုက်သဖြင့် ကာရံ မီးဖိုမီးတွေအကုန်ပိတ်ခဲ့ကာ အပြင်ကို ကမန်းကတန်း ထွက်၏။

''ဒေါ်လေး ဘယ်လိုလုပ် ရောက်လာတာလဲ''

''အမယ်လေး ငါတူမကလဲ အပျိုထက်တောင် လှနေသေးတယ်၊ ဆံပင်ကြီးလဲ အရမ်းရှည်တာပဲ၊ ကြည့်ပါဦး''

အပြောချိုတဲ့ အပျိုချောတော့ မဟုတ်ပါ။ အပြောချိုတဲ့ ဒေါ်သော်တာ ဖြစ်သည်။ အပြောကောင်းတဲ့နေရာမှာတော့ ချော့ရမလား၊ ခြောက်ရမလား၊ စက္ကူလေ့လေးကို ခြောက်ထပ်သဘော်ကြီးလို့ မြင်လာအောင်လည်း ပြောနိုင်တဲ့သူ ဖြစ်သည်။

ဒီလိုအပြောတွေနှင့် ကာရံကို အောင်မြင်ခြင်းဆိုတဲ့လူနှင့် လက်ထပ်ဖြစ်တဲ့အထိ ခေါင်းညိတ်လာအောင် စည်းရုံးခဲ့ဖူးတော့ မေ့နိုင်ပါ့မလား··။

''အိမ်ကလဲ သပ်သပ်ရပ်ရပ်လေးပဲ··၊ အေးပေါ့အေ· ညည်းကတော့ မိဘအမွေနဲ့ကိုး''

www.burmeseclassic.com



ဒေါ်သော်တာမင်း ဆက်မပြောတော့ဘဲ မကြည်မသာမျက်နှာနှင့် ခေါင်းညိတ်သွား၏။ လောလောဆယ်တော့ ရှိပါစေဦးလို့ ခဏ ပိတ်နေလိုက်တာလည်း ဖြစ်နိုင်သည်။

"ကြည့်နေလိုက်တာ မယ်ကာရံ ရယ်..၊ တွေ့အောင်ရှာဖွေလာရတဲ့လူကို ထိုင်ပါဦးတောင် မပြောတော့ဘူးလား"

စိတ်က မနှစ်မြို့ပေမယ့် သားလေးက ဘောလုံးပိုက်ပြီး ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့် ဖြစ်နေသည်မို့ ကိုယ့်ဘာသာ ပြန်ပြီး မျိုသိပ်လိုက်ရကာ...

"ထိုင်ပါ..၊ သားသား ခြံထဲမှာ သွားဆော့နေနော်..၊ ခြံပြင်တော့ မထွက်ရဘူး"

"ဟုတ်..."

ဒေါ်သော်တာမင်းက ကလေးထွက်သွားတာကို စိတ်ဝင်တစား မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီးမှ...

"ကာရံ ကလေးက ချောလိုက်တာအေ..၊ နဖူးကျယ်ကျယ်လေးနဲ့ ဆံပင်အဖြောင့်လေးတွေက အခွေလိုက်လေးတွေ၊ မေးရိုးလေးကားနေတာလဲ ကလေးမျက်နှာလေးနဲ့တောင် သိသာတယ်၊ နှာတံပေါ်ပေါ်လေးနော်..၊ တကယ့် ဘိုရုပ်လေး..."

ပြောချင်တာပြောပြီဆိုလည်း တစ်ဖက်သားမျက်နှာကို သတိထားဖို့ မေ့နေသည်လား မသိ..။

"ကလေးက သူ့အဖေကို မမေးဘူးလား"

"ဒေါ်လေး..."

"ဩော်... ကလေးမရှိတုန်း မေးတာပါအေ..၊ အခု ကလေးက ကျောင်းအပ်ပြီလား၊ ဘယ်အပ်ရဦးမလဲနော်..၊ ငါးနှစ်မှ မပြည့်သေးတာ ဘေးလူတွေကို ကလေးအဖေနာမည် ညည်း ဘယ်လိုပြောထားလဲ..စည်းဝါးကိုက်ထားရအောင်ပါ"





"မလိုဘူး ဒေါ်လေး၊ ခုချိန်ထိ ဘယ်ဘေးလူကမှ ဒေါ်လေးမေးတဲ့ မေးခွန်းမျိုး ဆင်ဆင်တူတာတောင် မမေးဖူးဘူး"

"ထားပါတော့အေ..၊ ကျုပ်တို့တွေက တူဝရီးအရင်းတွေပဲ"

"ရင်းတဲ့သူတွေကိုပဲ မလာစေချင်တော့တာ"

ဒေါ်သော်တာမင်း မျက်နှာကြီး တင်းသွား၏။ ကာရံ က ဂရုမစိုက်တော့ပါ။ ဒါတွေကို ဂရုစိုက်ခဲ့လို့ သူမဘဝ ပျက်ခဲ့ရပြီးပြီ။ ကိုယ့်ဘဝကို စတေးလိုက်ရတာ ကိုယ်ညံ့လို့..၊ သားလေးရဲ့ဘဝ ကိုယ်ညံ့လို့ စတေးခံလိုက်ရတဲ့အဖြစ်မျိုးတော့ ဘယ်တော့မှ မရောက်စေရ..။

ဒါက ဆုံးဖြတ်ချက်ဖြစ်သည်။

ထိုင်နေသည့် ဒေါ်သော်တာမင်း ရှေ့မှာပဲ သူမ ပြန်ထရပ်လိုက်ကာ...

"မိတ်အမွေဆိုတာကို ကာရံ က တစ်ယောက်တည်းယူခဲ့တာ မဟုတ်ပါဘူး၊ သုံးပုံနှစ်ပုံဆိုတဲ့ ရပိုင်ခွင့်ကိုလဲ အမြင်မတော်တဲ့လူတွေက စီစဉ်ပေးခဲ့ကြလို့ ယူခဲ့တာ၊ ဒေါ်လေးလဲ မေမေ့ပစ္စည်းကို စားလိုက်ရပါတယ်"

"ဟုတ်ပါတယ်..၊ ဒါပေမယ့် ငါ့သားတွေက မိုက်ကြတော့ အခု ငါတို့ အိမ်ငှားနဲ့နေရတာ"

မတတ်နိုင်ဘူးဆိုသည့် မဲ့ပြုံးနှင့် ကာရံ မျက်နှာလွှဲပစ်လိုက်သည်။

"ညည်းကတော့ ဒီလိုအခြေအနေလေးဖြစ်လာအောင် ကြိုးစားနိုင်ခဲ့တာ ဝမ်းသာပါတယ်အေ.."

ဒါတောင် ဂျစ်ကားစုတ်လေး ရှိပါသေးတယ်လို့ ပြောလိုက်ချင်သည်။ ကားက ဝပ်ရှော့ရောက်နေလို့..။

"ကာရံ..."

ဒီတစ်ခါ လေသံက တစ်မျိုးပြောင်းသွားသည်မို့ မျက်နှာလွှဲထားရာမှ ပြန်လှည့်ကြည့်မိ၏။

"ငါပြောတာကို ခဏသည်းခံပြီး နားထောင်ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

မေးလိုက်ရပေမယ့် စိတ်ထဲမှာတော့ လန့်နေပါပြီ..။

"ညည်းဆီက ချေးဖို့ငှားဖို့ ကျုပ်လာတာ မဟုတ်ပါဘူး၊ တကာ ပါ.. အစအနပျောက်သွားကတည်းက ကလေးတစ်ဖက်နဲ့ ဒုက္ခရော နေရှာပြီလို့ ခဏခဏ တွေးမိပါတယ်"

ဟုတ်ပါ့မလား..၊ 'ငါပြောတဲ့လင်ကို မယူတဲ့မိန်းမ' ဆိုပြီး တစ် အခါရှုစ်ဆယ်လောက် မေတ္တာပို့နေတာ မဟုတ်ဘူးလား..။

"အခု အခြေအနေကို မြင်ရတော့လဲ ငါပြောဖို့စကား မအောင်မြ နိုင်ဘူးဆိုတာ တွေးမိတာပဲ၊ ဒါပေမယ့် ညည်းအတွက်ပါ"

"ဘာလဲ ဒေါ်လေး..၊ ပြောမှာသာ ပြောပါ၊ စိတ်ဆိုးစရာမှ ကာရံ စိတ်ဆိုးတယ်ဆိုလဲ ဒေါ်လေး ဇွဲမယူနဲ့ပေါ့"

ခုကျတော့ ဒေါ်သော်တာမင်းက ခေါင်းတညိတ်ညိတ်နှင့် ရှိနေပြန်

"ညည်းကို အောင်မြင်ခြင်း က လက်ထပ်ချင်တယ်တဲ့"

"ဘာ.."

လူကြီးဆိုတာကို မေ့သွား၏။ ဒေါ်သနှင့် အော်ပစ်လိုက်ပြီး သားလေး ကြားသွားမှာလဲစိုးကာ...

"ဒေါ်လေး... အဲဒါကြောင့် လာတာပေါ့"

"သူက အကူအညီတောင်းတာ အမှန်ပဲ"

"အရင်တုန်းကလို ကြွေးတွေခေါင်းခိုက်အောင် ရှိနေပါပြီဆို ညာဦးမလို့လား"

"အဲဒီတုန်းကလဲ ညာတာမဟုတ်ဘူး ကာရံ..၊ အမွေကိစ္စကို ပတ် ဝန်းကျင်ကပါလာတော့ ကိုယ့်အထုပ်ကို ထပ်မဖြေချင်တော့တာနဲ့ ဒီတိုင်း ငြိမ်နေပေးလိုက်တာ..၊ ငါရခဲ့တဲ့ သုံးပုံတစ်ပုံကို ငါ မစားလိုက်ရတာ အဲ ပဲ၊ သူက ညာတော့ညာပါတယ်၊ ညည်းကို မရပေမယ့် ငါ့ဆီက အကူ





ပြန်မတောင်းဘူး၊ စားဝတ်နေရေးအတွက် ချန်ထားပေးသေးတယ်"

"အဲဒီကျေးဇူး ပြန်ဆပ်ပါ့မယ်ဆိုတဲ့စကားရော ရှိခဲ့သေးလား၊ အခုရောက်လာတာ အဲဒါကြောင့်ပဲမို့လား၊ ကာရံ့ကို ဒေါ်လေးက ထိုး ကျွေးမယ်၊ ခဏသိမ်းထားမယ်နဲ့ သက်မဲ့ပစ္စည်းများမှတ်နေသလားဟင်"

"မမှတ်ပါဘူးအေ..၊ မှတ်တော့လဲ ညည်းက မသိတတ် နားမလည် စွာ နာခံနေမယ့်သူလား၊ ခုပဲ ကျုပ်ကို ကက်ကက်လန် ပြန်ပြောနေပြီ"

"ဒီထက် ပြောချင်သေးတာ၊ ဒီလူကြီးကြောင့် ကာရံ ဘဝပျက်ခဲ့ရပြီး ပြီ၊ ခုချိန်ထိ ဒေါ်လေး ဒီအကြောင်းကို တစ်ကပြန်စဖို့ ကြိုးစားချင်တုန်း"

"သူ့ကြောင့်လို့တော့ ပုံမချပါနဲ့အေ..၊ သူ ညည်းကို လက်ဖျားနဲ့ တောင် မတို့ခဲ့ရပါဘူး၊ ညည်းဘာသာ..."

"အို..၊ အဲဒါတွေ ပြန်မပြောပါနဲ့..၊ ကာရံ လမ်းပေါ်ရောက်ခဲ့ ရတာ သူ့ကြောင့်..၊ အားလုံးပျက်စီးရတာ သူ့ တရားခံပဲ၊ ဒီနာမည် ဒီအသံကို လုံးဝ မကြားချင်ဘူး ဒေါ်လေး၊ တခြားအကြောင်း ပြောစရာ မရှိဘူးဆိုရင် ဒေါ်လေး ပြန်ပါတော့.."

"အေး... ငါကလဲ ငါ့အကျိုးအတွက် ပြောဖို့ရှိနေသေးရင် မပြော ဘဲ ထပြန်သွားမှာပါ၊ အခု ညည်းစာဝ ညည်းသိက္ခာကြောင့်.."

"ဘယ်လို..."

ပြောစမ်းပါဦးဆိုသည့် အကြည့်စိမ်းများနှင့် ကာရံက ကုလားထိုင် မှာ နောက်ပြန်ထိုင်၏။

"ငါ ရှင်းရှင်းပဲ ပြောတော့မယ်..၊ သူ ညည်းကို အသေအလဲကို ပြန်လိုချင်နေတာ၊ အဲဒီအတွက် မရရအောင် ကြိုးစားတော့မှာ၊ ငါ ခြိမ်းခြောက်တာမဟုတ်ဘူး ကာရံ..၊ ယောကျ်ားမရှိတဲ့ တစ်ခုလပ်၊ မုဆိုးမဆိုတာ ပတ်ဝန်းကျင်မှာ သိပ်ကိုဘောင်ကျဉ်းတယ်၊ တစ်လင် မကောင်းလို့ တစ်လင်ပြောင်းတယ်ဆိုတာက ချိုးမွမ်းခံနစ်ရက်၊ ကွဲရဲ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ညည်းမှာ ဒီကလေးဘဝ အစကတည်းက လင်မရှိဘဲ [illegible]နေခဲ့တာ ရှုပ်ပိုင်း သိတယ်၊ ခုနေ အိမ်ထောင်ပြုမယ်ဆိုရင် [illegible]တော်တာ ဘာမှမရှိဘူး"

ကာရံ မျက်နှာ တဖြည်းဖြည်း အေးစက်တင်းမာလာတာကို မြင်မရှုသဖြင့် ဒေါ်သော်တာမင်း ကလည်း လိုရင်းရောက်အောင် စကားကို လွှဲပြောသွား၏။

"ငါ ပြောချင်တာက ဒီလိုပါ..၊ ခုချိန်မှာ ယောကျ်ားတစ်ယောက်က အမုန်းခံရရင် ဘယ်လောက် အန္တရာယ်များသလဲ..၊ ငါ့ရှေ့မှာလဲ သူက ကြိမ်းဝါးနေသေးတယ်၊ ညည်း သူ့ကို လက်မခံရင် ပတ်ဝန်းကျင်မှာ အမြင်မတော်ဖြစ်လာအောင် နှောင့်ယှက်မယ်၊ ဂုဏ်ကြီးပါတယ် ဆိုတဲ့ ညည်းရဲ့စောင့်ထိန်းမှုတွေ၊ မာနတွေကိုလဲ တစ်စစီ စုတ်ပြတ်သွားအောင် ရိုက်ချိုးပစ်မယ်တဲ့.."

"သူလုပ်ချင်တိုင်း လုပ်လို့ရမလား"

"အဲဒါကတော့ ဖန်သားပြင်ပေါ်မှာ ဆက်လက် ရှုစားရုံပဲ ကာရံ..၊ သူ တမင်ခြိမ်းခြောက်တာလား..၊ လက်တွေ့လုပ်လာမလား အဲဒါ ငါ မသိဘူး၊ ငါကတော့ ခုပြောသမျှ အပိုတစ်လုံးမှ မပါဘူး၊ ရော့..."

စကားမဆုံးခင် ဒေါ်သော်တာမင်း က ပေါင်ပေါ်တင်ထားသည့် လက်ကိုင်အိတ်ထဲမှာ တစ်စုံတစ်ရာ ရှာဖွေနေပြီး...

"ဒီမှာ ငါ့အိမ်လိပ်စာ ငါ ရေးခဲ့တယ်၊ ညည်းအတွက် မလိုဘူးဆိုပေမယ့် လိုချင်လိုလာမှာဆိုတော့ ယူထားပေါ့အေ၊ ငါ သွားမယ်"

တကယ် ထပြန်သွားတော့လည်း စိတ်ထဲမှာ မကောင်းပါ။ အောင်မြင့်ခြင်း ဆိုတဲ့လူကလည်း ဒီလိုယုတ်မာဖို့အတွက် ဝန်လေးမှာမဟုတ်တာကို သူမ သိသည်။

ဒီအချိန်ထိ ဒီလူ ဒေါ်လေးကို အကျပ်ကိုင်လို့ကောင်းနေတုန်းလား၊





ဟိုတုန်းကလျှော်ပစ်ခဲ့တဲ့ ကြွေးမြီကိစ္စတွေကြောင့် ဒေါ်လေး မလွန်ဆန်နိုင်တာလည်း ဖြစ်နိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သွေးသားအရင်းအချာတွေမို့ အဒေါ်ဆိုသည့် ခင်တွယ်မှုကတော့ ရင်ထဲမှာ ရှိနေခဲ့သည်သာ..။

"မေမေ.."

"ဟင်..၊ သားသား ဗိုက်ဆာပြီလား"

နဖူးစပ်မှာ ချွေးစလေးတွေစိုလျက် ပြေးဝင်လာသည့် သားမျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ တယုတယ ပွတ်သုတ်ပေးမိသည်။

သားက သူမလက်တွေကို ဖယ်ချပစ်လိုက်ကာ...

"ခုနက ဘွားဘွားကြီးက မေမေနဲ့ ဆွေမျိုးတော်တယ်မို့လား၊ သားသားကို ပြောပြ..."

သူ သိချင်တာရှိပြီဆို ပွေ့ပိုက်ထားလည်း ရုန်းထွက်သည်။ နမ်းရှုံ့မွှေးကြူနေလည်း မျက်နှာလေးကို တိမ်းဖယ်ပစ်တတ်၏။ မေးချင်တာကို သပ်သပ်ထုတ်နုတ် မေးမြန်းတတ်သည့်အကျင့်လေးကြောင့် သားလေး တစ်ခုခုမေးပြီဆို အမေးအမြန်းထူလိုက်တာဟု ကာရံ ဘယ်တော့မှ မမြင်နိုင်ခဲ့ပေ..။

ပြီးတော့ မဖြေဘဲ မျက်နှာလွှဲပစ်ခဲ့တာလည်း မရှိခဲ့ဖူးပေ..။

"ဆွေမျိုးဆိုတာထက် ပိုရင်းတယ်၊ သူက မေမေ့အမေရဲ့ အစ်မလေ..၊ သားသားရဲ့ ဘွားဘွားလေးပေါ့"

"ဒါဆို ဘာဖြစ်လို့ တန်းပြန်သွားတာလဲ..၊ သားသားကိုလဲ နှုတ်မဆက်ဘူး"

ကာရံ ဖြေရခက်သွားသည်။

"ခေါင်းရင်းအိမ်က ဖိုးထူးတို့ဘွားဘွားဆို မုန့်တွေလဲ ဝယ်ဝယ်လာတယ်၊ ရောက်ရင်လဲ နှစ်ရက်၊ သုံးရက်နေပြီးမှ ပြန်တာ"



www.burmeseclassic.com

www.burmeseclassic.com



သားလေးခမျာ ဆွေမျိုးတော်ရှာပါသည်။ မညာရက်ပေမယ့် တော်ရုံကိစ္စဆို လိမ်ညာဖုံးဖိထားလိုက်ချင်သည်။ ဒါပေမယ့်...

"မေမေ.."

"ဟင်.."

"ဘွားဘွားလေးက မေမေနဲ့ ဆွေမျိုးတော်တာပေါ့နော်"

"အင်းလေ သားရဲ့၊ ဘာဖြစ်လို့လဲ"

"ဖိုးထူးမှာ ဘွားဘွားနှစ်ယောက်တောင် ရှိတယ်၊ သူ့ရဲ့ဖေဖေနဲ့ ဆွေမျိုးတော်တာတဲ့၊ သားသားမှာ ဖေဖေရှိရင်လဲ ဘွားဘွားနှစ်ယောက် ရမှာလားဟင်.."

ပြုံးနေသည့် ကာရဲ့ မျက်နှာလေး ဖျတ်ခနဲ ညှိုတက်သွားသည်။ မကြားချင်ဆုံးစကား..၊ မဖြေနိုင်တဲ့ မေးခွန်း..။

"မေမေ ပြောပြလေ..."

"သားသားရယ်..၊ မေမေ ဟင်းချက်နေတာ မပြီးသေးဘူး၊ ညကျ သားသားကို ရှင်းပြမယ်နော်"

"မေမေ တကယ်နော်.."

"တကယ်.."

ညကျ သားသား ကျေနပ်သွားအောင် ရှင်းပြဖို့ ဟင်းချက်ရင်း စဉ်းစားရမယ့်ပြဿနာတစ်ခု ပိုလာလေသည်။

မှန်သောစကားကို ဆိုရပါလျှင် ဒီပြဿနာတွေ ဘယ်ကစခဲ့တယ်ဆိုတာ သူမကိုယ်တိုင် တကယ် လုံးဝ မသိ..။





## အခန်း [ ၈ ]

"အလကားပါကွာ..၊ သူ ဝယ်လဲမဝယ်နိုင်ဘဲနဲ့ ကြည့်နေတာ"

"အေးလေ.. ပိုက်ဆံဖြင့်မရှိဘဲနဲ့ ..."

"ဘာလို့မရှိရမှာလဲ၊ မေမေလာရင် ရှိတယ်"

ကလေးသံလေးတွေ နားထဲဝင်လာသဖြင့် အမှတ်တမဲ့ နားစွင့်မိပြီးသား ဖြစ်သွားသည်။ မုန့်ကြိုဖယ်ရီကား၏ နောက်မှာ သူ ခဏဝင်ရပ်ပြီး မိတ်ဆွေတစ်ယောက်ကို စောင့်နေတုန်း...

"ဟား..ဟား..ဟား..* သူ့အမေကဖြင့် ဘာပိုက်ဆံမှ မရှိဘဲနဲ့.."

"ရှိတယ်"

"မရှိဘူး၊ ဟား ဟား"

သောက်လက်စစီးကရက်ကို နှုတ်ခမ်းကဖယ်၍ သူ ငုံကြည့်လိုက်မိသည်။ ကားအောက်မှာ ကလေးငယ်လေးသုံးယောက် ရှိနေကြကာ တချို့က ကားပေါ်ရောက်ကုန်ပြီ ဖြစ်၏။

ဒီသုံးယောက်က နှစ်ယောက်က ပခုံးချင်းဖက်လျက်..၊ တစ်ယောက်သောကလေးကတော့ အဝါရောင်ထီးကောက်လေးကိုကိုင်လျက်..၊ တစ်ဖက်က အမင်းချိုင့်ပါသည့် ဆွဲခြင်းသေးသေးလေးကို ဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ငါ့ကို မစနဲ့နော်"

"ဘယ်မှာလဲ မင်းအမေ…၊ ကားပေါ်တင်ပေးမယ့်သူတောင် မရှိဘဲနဲ့"

"ဟုတ်တယ်…၊ သူ ဆင်းရဲလို့ ကားပေါ်ကို နောက်ဆုံးမှ တက်ရတာ…"

နောက်ထပ် ပြောပြီးရယ်ကြတော့ တစ်ယောက်ကောင်လေးက ရှေ့ကို ဖျတ်ခနဲတိုးသွားကာ ပြောနေသည့်ကောင်လေးခြေထောက်ကို တုတ်နှင့်ရိုက်သလို နောက်ကနေ ပတ်ကန်ပစ်လိုက်၏။

"အား… ဟီး… ဟီး…"

"တီချယ်…၊ တီချယ်ရေ… ဒီမှာ နေအလင်းက လင်းလက်မောင်ကို ရိုက်နေတယ်"

ဘိုင်းခနဲပစ်လဲသွားသည့်ကလေးက အားခေါင်ခြစ်အော်သည်။ တစ်ယောက် ခုန်ဆွခုန်ဆွနှင့် ကျောင်းထဲကို လှမ်းကြည့်အော်၏။

ဆရာမတစ်ယောက် အပြေးတစ်ပိုင်း ထွက်လာသည်။ ပြီးတော့ မိဘနှစ်ယောက်ပါ၊ ပါလာကာ…

"အမယ်လေး…၊ သားလေး ဘာဖြစ်သွားတာလဲ၊ ဖုတ်ထဲမှာ ပေရေကုန်ပါပြီ"

"သူ… သူ လုပ်တာ…"

"မေမေ သား ဖင်နာသွားပြီ၊ သူ ကန်တာ"

"သူက ဘယ်ကလဲ ဆရာမရယ်…၊ ကြည့်ပါဦး မျက်နှာလေးက ဂျစ်ကန်ကန် မှုန်ကုတ်ကုတ်နဲ့"

"ဩော်… သူ့အမေက ကုမ္ပဏီဝန်ထမ်းပါ၊ လာအကြိုနောက်ကျတတ်လို့ အထဲမှာ နေခိုင်းထားတာကို၊ အလင်း အထဲဝင်နေစမ်း"

"သားသားမေမေ ဒီနေ့ အစောကြီး လာကြိုမှာ၊ သားသား ဒီမှာ





ဝဲနေမယ် တီချယ်"

"မရဘူး၊ ရန်ဖြစ်တာကို တီချယ် အပြစ်ပေးရမယ်၊ ခုဝင်…"

သူ ငုံ့ကြည့်နေရင်း ပြုံးလိုက်မိသည်။ နေအလင်း ဆိုသည့်ကောင်လေးက နာမည်က နူရှလုပနေသလောက် မျက်နှာလေးက အရွယ်နှင့် မလိုက်အောင် တင်းနေ၏။

နှုတ်ခမ်းလေး တင်းတင်းစေ့လျက် အရုပ်သည်နှင့် လမ်းမကြီးကို လည်ပင်းလိမ်၍ ကြည့်လိုက်သေးသည်။

ကြည့်ရတာ အရုပ်လိုချင်နေပုံပါ…၊ သူ့အမေ ရောက်လာလျှင် ဝယ်ခိုင်းဖို့စိတ်ကူးလေးလည်း ရင့်သန်နေပုံ ပေါ်၏။

"တီချယ်…၊ သားသားကို အပြစ်ပေးပြီးရင် သားသား မေမေ့ကို ဒီမှာ ထွက်စောင့်ရမှာလားဟင်"

"အို… ကားလမ်းနဲ့ နီးနီးလေးရယ်…၊ လာ… လာ… မစောင့်ရဘူး"

ဆရာမမှာ ကျောင်းသားမိဘနှင့် ကျောင်းသားကိုလဲ တောင်းပန်ရ ချော့ရ၊ နေအလင်း ဆိုတာလေးကိုလည်း တွဲခေါ်ရနှင့် ဆရာမ ဘာဝန်ကလည်း မသေးပါလား။

ဒီကောင်လေးက ဖယ်ရီနှင့် မပြန်ဘူးလား၊ ဒါမှမဟုတ် ဖယ်ရီနှင့် ပြန်လိုက်၊ မအေ လာကြိုလိုက်လား…။

ကလေးရဲ့ စိတ်ဆတ်လက်မြန်တာလေးကို မျက်လုံးထဲက မထွက် ဖြစ်ကျန်ရင်း သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်နေတာ တော်တော်နှင့်မပျောက်…။

လက်နှစ်ဖက်စလုံး မအားတာကို ခြေထောက်နှင့် ပတ်ကန်ပုံလေးက ချစ်စရာ…။ သတ်ရဲပုတ်ရဲတာ ကြေနပ်စရာမဟုတ်ပေမယ့် သတ္တိရှိတာလေးကိုတော့ သဘောကျမိသည်။

"တီ…"

အတွေးလွန်နေတာ စောင့်နေတဲ့သူရောက်လာတာတော့ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိလိုက်ဘဲ ဖြစ်သွား၏။ ဦးဆန်းထွန်းက ဟွန်းသံပေးပြီး ရှေ့ကနေ ဆက်မောင်းသွားမှ သူ လိုက်ထွက်ခဲ့ရသည်။

ကလေးငယ်တွေရဲ့ဘဝတွေ..၊ ဘယ်လိုပုံစံတွေ အစပျိုး၍ ကြီးပြင်းလာခဲ့ကြသလဲဆိုသည့်အတွေးက ကားစောင့်ရင်းနှင့်လည်း အမျှင်မပြတ်ဘဲ ဖြစ်နေခဲ့၏။

သူ ငယ်ငယ်တုန်းကဆို ခပ်ရိုင်းရိုင်း ဂျစ်ကန်ကန်လေးလို့ မေမေက ချစ်စနိုး အမြဲပြောတတ်၏။ ဒါကြောင့်လည်း သူ အရွယ်ရောက်လာတဲ့အခါ ဒီပုံစံအတိုင်းပဲဖြစ်လာခဲ့ပြီး ဖေဖေတို့ရဲ့ မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ သူဟာ ကြီးပွားတိုးတက်လာဖွယ်မရှိသည့် လူငယ်လေးတစ်ယောက်..။

ငယ်စရိုက်ဆိုတာကို သူ နားမလည်ပါ..၊ ဒါပေမယ့် စိတ်ဆတ်တာ၊ လက်ပါတတ်တာတွေဟာ အနာဂတ်တစ်ခုကို ဖတ်ရှုနိုင်သည့် ပြယုဂ်တွေလား..။

သူ့စိတ်ကူးတွေ ပျံ့လွင့်လျက် ကားမောင်းနေစဉ် ရှေ့မှာ အငှားကားတစ်စီးက ခရီးသည်နှင့် အလုပ်ဖြစ်နေသဖြင့် ကျော်တွက်သွားလို့မရ၊ တော်တော်နှင့်လည်း မပြီးနိုင်..။

"သိပ်မှမဝေးတဲ့ဥစ္စာ..၊ နှစ်ထောင့်ငါးရာကတော့ များပါတယ်ရှင်၊ ထောင့်ငါးရာ လုပ်ပါ"

သူ ခေါင်းငုံ့ကြည့်လိုက်စဉ်မှာ မြင်လိုက်ရသည့်မျက်နှာတစောင်းက လူကိုမမြင်ရသေးဘဲ ကျစ်ဆံမြီးရှည်ကို အရင်တွေ့ရ၏။

သူ ဘာဖြစ်လို့ သူမကြောင့်ချည်းပဲ အနှောင့်အယှက်တွေဖြစ်ဖြစ်နေရတာလဲ..။

"တီ.. တီ.."

စိတ်ပေါက်ပေါက်နှင့် ဟွန်းဆောင့်တီးလိုက်တော့ တက္ကစီသမားလေး နောက်ကို ခေါင်းလှည့်ကြည့်၏။





"ကဲ.. မရရင်လဲ နှစ်ထောင်ပေးမယ်၊ မရရင် မစီးတော့ဘူး"

သူမအသံကိုပဲ ကြားရကာ တက္ကစီသမား ဘာပြောလိုက်မှန်း မသိ..။ သူမ ကားပေါ်တက်လိုက်တော့မှ အခြေအနေပြေသွားပြီမှန်း သိလိုက်ရသည်။ သို့သော် ကားက နောက်ပြန်လှည့်မှာမို့ ဆိုင်းမီးပြထားကာ ခေါင်းပြူထားလိုက်သဖြင့် သူ ဘာမှလုပ်မရတော့ပေ..။

"ကျွတ်.."

တက္ကစီသမားက ကားထဲကနေ လက်မြှောက်ပြနေ၏။ နောက်ကကားကြီးမကတော့ သူ ဟွန်းတီးလိုက်ကတည်းက ပြန်လှည့်ကြည့်လိုက်တာမို့ သူ့ကားကို သိနေပုံပါ။

ကားပေါ်ကနေ 'ကောင်းလိုက်တာ'ဟု ပြောချင်နေသည့်မျက်နှာ မှန်နေသင့်တာထက်တောင်-ပိုမှော့နေသလား မသိ..။

ရေစက်ဆုံနေပုံက အဲဒီလိုအခါခါ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၉]

"နောက်တစ်ယောက် ခေါ်..."

ဦးချမ်းသာက မေးဆတ်ပြောလိုက်တာနှင့် တစ်ယောက် ထပ်ခေ... လိုက်တော့ မှန်တံခါးရှေ့မှာ အရိပ်ထင်၏။ အထဲကိုဝင်လာပြီး ရှေ့... ထိုင်လိုက်တဲ့အထိ သူ မော့မကြည့်မိသေး...။

"သမီးနာမည်က လကာရဲ နော်.."

"ဟုတ်ကဲ့"

"အင်း..၊ အောင်ထားတဲ့ သင်တန်းလက်မှတ်တွေကိုတော့ တွေ့... ပါတယ်၊ သမီးဖြည့်ထားတဲ့ အလုပ်အကိုင်အတွေ့အကြုံမှာ အနည်း... အကျဉ်းလို့ ဘာဖြစ်လို့ ရေးထားတာလဲ..၊ ရှိဖူးရင်း ရှိတယ်ပေါ့"

"ကုမ္ပဏီတစ်ခုမှာ ခဏပဲ လုပ်ဖူးခဲ့တာပါ"

"ဘယ်အဆင့်နဲ့လဲ"

"ဟို.. အထွေထွေဘက်ကပါ"

"ဟင်..."

ဒီအောင်လက်မှတ်တွေနဲ့ ဒီဘွဲ့နဲ့ ဒီအလုပ်လောက်လို့ ပြောလို... တော့ မန်နေဂျာကြီး အံ့ဩသွားမှာပါ...။





အမှန်အတိုင်းပြောလိုက်လျှင် ဘာလို့ မလုပ်တော့တာလဲ၊ လစာ ...ကောင်းသားပဲ ဘာညာတွေ ထပ်မေးလာမှာကို သိနေလို့လဲ တမင် ...ပြောလိုက်တာ ဖြစ်၏။

ဟိုမှာတောင် အလုပ်ချိန်မှန်အောင် မဆင်းနိုင်လျှင် ဒီမှာလည်း ...ဆင်းနိုင်မှာမဟုတ်ဘူးလို့ သတ်မှတ်လိုက်ရင် သွားပြီ..။

"သမီးက စီးပွားရေးဘွဲ့ရထားပဲ၊ ဒီအောင်လက်မှတ်တွေအဆင့် ...လဲ မနည်းဘူး"

"ဟုတ်ကဲ့..၊ အလုပ်လုပ်ဖို့ကြိုးစားတုန်းက ဒီ.. ဒီလက်မှတ်တွေ ...မိဘအိမ်မှာ ကျန်ခဲ့လို့ပါ"

သူမ ဖြေလိုက်တာကို သိပ်ကျေနပ်ပုံမရသည့် မျက်နှာကြီးက ...မှောင်ကြုတ်မဖြေပါ။ ပြီးတော့ သူ့အဘေးကလူကို ငဲ့ကြည့်လိုက်သဖြင့် ...ရဲ့ လည်း မျက်လုံးရောက်သွားမိလျှင်...

"ဟင်..."

သူမ ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်ဘဲ မျက်လုံးပြူးသွားတာ ...ယ်နှစ်စက္ကန့်လောက် ကျယ်သွားသည်မသိ..။

သူကတော့ မတွေ့သလို မတန်သလို မျက်နှာထားနှင့်..၊ တင်းတင်း ...ထားသည့် နှုတ်ခမ်းတွေကို ကြာရှည်စွာ ပိတ်ထား၍ စူးစိုက်ကြည့် ...သည်။

"MD.သူ့အောင်လက်မှတ်တွေ တစ်ချက်လောက် ကြည့်ပါဦး"

ဦးချမ်းသာ က ဖိုင်ထဲညှပ်ထားသည့် လက်မှတ်တွေကို အတွဲလိုက် ...ပြ၏။ ရှာန် က သူမမျက်နှာဆီ စူးစိုက်ကြည့်နေသည့်မျက်လုံးတွေ ... တစ်ချက်မှမရွှေ့အလျှားဘဲ...

"မင်း ဝင်လျှောက်ထားတာ ဘယ်နေရာလဲ သိလား.."

"သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကာရံ ရှက်သည့်စိတ်တွေနှင့် ခံပြင်းခြင်းက အလုအယက် တိုး
နေပေမယ့် အခိုက်အတန့်မှာ သူမ မျက်လွှာချနေရခြင်းသို့ရောက်လျက်…

"ဒီနေရာကို ကလေးအမေတွေ ယူလို့ရတယ်လို့ မသိတတ်ဆိုးရွ
စွာ ထင်နေတာလား…၊ ဖုံးဖိလိမ်ညာပြီး အလုပ်ဝင်ဖြစ်အောင် ကြိုးစ
တာလား"

"ဟင်…"

ဦးချမ်းသာ ပါးစပ်ခပ်ဟဟဖြစ်သွား၏။ ပြီးတော့ ရှာန့် ဟိုဘက်
ဦးဒေဝတာဆီ လှမ်းကျော်ကြည့်မိသည်။ ဦးဒေဝတာလည်း သူ့လို
အံ့သြသွားသည့်မျက်နှာနှင့် ရှိနေ၏။ တကယ် မထင်ရက်ဖွယ်ပါ…

တင်ပါးလောက်ထိ ဖြောင့်စင်းအိန္ဒြ့ကျနေသည့် ဆံပင်တွေ
ပြောင်အိနေအောင် မလှပေမယ့် ထူခဲ ဝေ့ဝဲနေ၏။ ကိုယ်ခန္ဓာအချိုးအ
ပြေပြစ်လှပပုံကျတော့လည်း ကလေးအမေလို့ ထင်စရာ ဘယ်မှာရှာမလဲ…

မျက်နှာပိုင်းကိုကြည့်…၊ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်း၊ အားလုံး
လက်ရာမြောက်ပါဘိ…။

"သိကြားမင်းပေးတဲ့ အောင်လက်မှတ်ကိုပဲ ကိုင်လာလာ ဒီအ
မှာ ကလေးအမေဖြစ်နေလို့ မရဘူး၊ ခုမှသိတယ်ဆိုရင်လဲ မင်း ဘာလု
မလဲ၊ စဉ်းစား…"

ကာရံ မျက်နှာလေး မော့သည်။ သူ့လိုပဲ စေ့စေ့ကြည့်နိုင်အော
ကြိုးစား၏။

"ဒီအလုပ်ကိုပဲ ကျွန်မ သားတစ်ဖက်နဲ့ နှစ်နှစ်ထိ လုပ်ခဲ့ဖူးတ
ဒါ ကလေးအမေတွေ မမှန်းရဲတဲ့နေရာမျိုးတော့ မဟုတ်ပါဘူး"

"ဒါပေမယ့် မင်း ဘာလို့ ပြုတ်ခဲ့တာလဲ…၊ ကိုယ့်ဘာသာ ထွ
လိုက်တာလို့ ညာချင်သေးလား"

ကာရံ လှိုက်ခနဲနင့်သွားသည်။





တစ်သက်လုံးက မခံစားခဲ့ဖူးသော ဝမ်းနည်းခြင်းကို ခဏလေး
အတွင်းမှာ လှိုက်လှဲစွာ ခံစားလိုက်ရ၏။

"ဟုတ်တယ် သမီး…၊ အန်ကယ်လ်တို့က အပျိုဖြစ်မှ၊ ရုပ်ရည်
…မောမှဆိုတဲ့အချက်တွေကို လျှောက်လွှာမှာရော…၊ အင်တာဗျူးမှာ
ပါ အထူးတလည် ထည့်သွင်းရတာ၊ လုပ်ငန်းပိုင်းမှာ ထိခိုက်နှောင့်ယှက်
…င်တဲ့အပိုင်းတွေ အများကြီး ဖြစ်တတ်လို့ပါ၊ ကလေးရှိနေရင်တော့
…ဆင်မပြေဘူး"

အားလုံးရှေ့ကနေ ထရပ်လိုက်ရသည့်အချိန်မှာ မျက်လုံးတွေက
…က်နှာတစ်ခုဆီမှာ တင်ကျန်ရစ်၏။ ကြည့်မဝ ရှုမဝလို့ မဟုတ်ပါ…။

နင့်သီးကြေကွဲသော မုန်းတီးမှုများနှင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

"စိတ်တော့မဆိုးပါနဲ့ MD. အင်တာဗျူးမှာ ဟိုမိန်းကလေးကို MD. ပယ်ချလိုက်တာ ပယ်သင့်တဲ့အကြောင်းပါပဲ၊ ဒါပေမယ့် တခြား ပါဝင် နယ်တစ်ခုခုများ ရှိနေမလား"

သူ လမ်းလျှောက်မပျက်ဘဲ နှုတ်ခမ်းမဲ့သွားတော့ ဦးဒေဝတာက ပျာပျာသလဲနှင့်...

"ရင်းနှီးလို့ မေးကြည့်တာပါ၊ MD. မဖြေနိုင်ရင် မဖြေပါနဲ့"

"သူနဲ့ကျွန်တော် အပြင်မှာ တွေ့ဖူးတယ်၊ ပြောတာဆိုတာ အဆင် မပြေဖြစ်ခဲ့ဖူးတာလဲ မှန်တယ်၊ ဒါပေမယ့် အလုပ်ကိစ္စကတော့ အဲဒါတွေ နဲ့မဆိုင်ပါဘူး၊ တစ်ခုတော့ရှိတယ်.. သူ့မှာကလေးရှိနေတာကို ကျွန်တော် သိနေတဲ့အတွက် ကလေးပါလို့မဖြစ်တဲ့နေရာကနေ သူ့ကို ဖယ်ထုတ် လိုက်ရတယ်၊ ဒါပါပဲ"

နှစ်ယောက်အတူ ယှဉ်တွဲထွက်ခဲ့ကြရင်း ဦးဒေဝတာ က အီလည် လည်မျက်နှာကြီးနှင့် ခေါင်းညိတ်၏။ ချာန် ဖြေတဲ့အထဲမှာ သူသိချင်တဲ့ စကား မပါသေးပေမယ့် ဆက်မေးရကောင်းနိုး၊ မမေးရကောင်းနိုးနှင့်...

"မိန်းကလေးကတော့ တော်တော် ကျက်သရေရှိတယ်နော်... ဆံပင်ဆိုတာ ရှည်တိုင်းလှကြတာ မဟုတ်ဘူး"





သူ ဟွန့်ခနဲ ရယ်လိုက်တော့ ဦးဒေဝတာ မလုံမလဲလှည့်ကြည့်ကာ...

"ဒီလိုဗျာ...၊ လှအောင်ပြုပြင်ထားကြတာတွေလဲ ရှိပါတယ်၊ ဒါပေမယ့် ပြုပြင်တိုင်းကို မလှကြပါဘူး။ ကျွန်တော်ဆို ကျွန်တော့်သမီး နှစ်ယောက် က တစ်ယောက်က ဆံပင်တို၊ တစ်ယောက်က အရှည်၊ တိုတဲ့လူကလဲ ညှပ်လိုက်၊ ဖြတ်လိုက်၊ ကောက်လိုက်၊ ဆံပင်ရောင်တွေ အမျိုးမျိုးဆိုး ထားကပါသေး...၊ ရှည်တဲ့သမီးလဲ ဒီလိုပဲ.. ဖြောင့်လိုက်၊ ဖွလိုက်၊ ပြီးတော့ ယောင်းဆိုလား၊ ရွှေဆိုလား ဘာလုပ်တာလဲတော့ မသိဘူး၊ အရောင် တွေလဲ တင်တာပဲ၊ ဆံပင်ဆိုင်မှာ တစ်နေကုန်ပြီဆို မပြောနဲ့ အဲဒီနေ့က အိမ်းကျော်ပဲ၊ မအေကလဲ တကောက်ကောက် လိုက်လဲလိုက်နိုင်ပါ့ဗျာ"

ကြွားနေသလိုလိုနှင့် ညည်းညူနေတာနှင့်တူလာကာ ဦးဒေဝတာ မျက်နှာကြီးက မဲ့ချင်ချင်၊ ဒီလူတွေနှင့် သူ အလုပ်ထဲရောက်မှ မျက်နှာချင်းဆိုင် ခဲ့ကြတာများကာ ခင်ခင်မင်မင်ရှိပေမယ့် ရင်းနှီးလှတာလည်းမဟုတ်..။

ထို့ကြောင့် ဒီစကားမျိုးတွေအထိလည်း မပြောဖြစ်ခဲ့ကြပါ။ ခုကျမှ ပြောဖြစ်သွားတာလည်း ဘာကြောင့်ဆိုတာ ချာန် က သဘောပေါက်နေ သဖြင့် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းနေ၏။

"ကျွန်တော် ပြောချင်တာက ဒီလိုပါ၊ ဒီမိန်းကလေးက အိမ်ထောင် သည်လဲဖြစ်တယ်၊ အလုပ်ရဖို့ အသေအလဲကြိုးစားနေရတဲ့ ကလေးအမေ လဲဖြစ်တော့ ဆံပင်ကို ဂရုစိုက်ပြုပြင်တာပါရင်တောင် ကျွန်တော့်သမီး တွေလောက် မဖြစ်နိုင်ဘူးထင်တယ်လေ၊ သမီးကြီးရဲ့ဆံပင်တောင် သူ့ လောက်မလှဘူး၊ နောက်ပြီး ဆံပင်ရှည်တိုင်း ရုပ်မလှကြတဲ့ထဲမှာ သူက အားလုံးပြည့်စုံတယ်"

"ဦးဒေ က သူ့ကို အလုပ်ခန့်ချင်နေတာလား"

"နှမြောစရာလေးမို့လား၊ အောင်လက်မှတ်တွေလဲ တစ်ထပ်ကြီးပဲ၊ ဒီအလုပ်ကိုလဲ သူ ကျွမ်းဝင်ပြီသား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှာ သူ စပြီး မရိုးသားခဲ့တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်ကိုဟုတ်နေတာ၊ ဟိုမှာလဲ ကလေးကို ဖယ်ကြည့်ချန်လှပ်ပြီး နေရာရအောင် ယူထားတာဖြစ်မှာပေါ့၊ ဒီပြဿနာမျိုးနဲ့ပဲ ပြုတ်ထွက်လာတာ မဖြစ်နိုင်ဘူးလား၊ လိမ်ညာတာကို ကျွန်တော် လုံးဝ မကြိုက်ဘူး"

"မှန်ပါတယ် MD.၊ ဒါပေမယ့် သူ့အရည်အချင်းတွေကတော့ နမြောစရာကောင်းတာပေါ့နော်၊ ကိုချမ်းသာကလဲ ပြောသေးတယ် ပါစင်နယ်ပိုင်းကပြန်ကြည့်ပြီး နေရာပေးလိုက်ရင်တော့ မိန်းကလေးလဲ အဆင်ပြေသွားမယ်၊ တကယ်လိုအပ်တဲ့ဝန်ထမ်းကောင်းလဲ ရမယ်တဲ့.."

ဈာန် က လှမ်းနေသည့်ခြေလှမ်းကို နှေးပစ်လိုက်၏။

ကုမ္ပဏီအဆောက်အအုံနှင့် စက်ရုံဆီသွားတဲ့ကားလမ်းလေးပေါ်မှာပါ။ တစ်ဖက်တစ်ချက်မှာ ကြက်သွေးရင့်ရောင် 'နံ့သာဂမုန်း' ပင်လေးတွေက ဘောင်ခတ်ထားသလိုရှိလျက်၊ နေညိုချိန်မှာ သာယာနေ၏။

စက်ရုံဘက်ကိုဦးနေကာမှ ဈာန် က နေရာမှာပဲ ရပ်တန့်ပစ်လိုက်ကာ...

"ဦးဒေ တို့ အဲဒီလိုဖြစ်စေချင်မှန်း ကျွန်တော် သိတယ်၊ ကိုယ်က သနားလို့ငဲ့ညာရာမရောက်ဘဲ အဲဒီဝန်ထမ်းက ကွယ်ရာမှာ ဟားတိုက်ရယ်နေမှာ မလိုချင်ဘူး၊ စစ်ဆေးဆုံးဖြတ်နေကြတဲ့လူတွေကို ညာလို့မရဘူးဆိုတာ ခုလောက်ဆို သူ သိသွားပြီပေါ့..၊ ထားလိုက်ပါ.."

ဒီတစ်ခါ ဆက်လျှောက်သွားတော့ ခြေလှမ်းက ကျဲကျဲမှန်မှန်..။ ကိုယ့်ကို စိတ်ဆိုးသွားပြီလား..။

ဦးဒေဝတာ ခေါင်းတခါခါနှင့်..။





## အခန်း [ ၀၀ ]

"ကာရံ... ကာရံ ခဏ..."

"အို..၊ ဖယ်ပါ.."

နောက်ကလိုက်လာပြီး ရှေ့က ပိတ်ရပ်ပစ်လိုက်သဖြင့် ဒေါသနှင့် ခြေထောက်တွေက နေရာမှာပဲ ရပ်တန့်သွားခဲ့၏။

တကယ်ဆို ခြေလှမ်းရပ်တာနှင့် အဲဒီမျက်နှာကို လည်ထွက်သွားအောင် ရိုက်ပစ်လိုက်ဖို့ ဖြစ်သည်။ ဒါပေမယ့် သူ့ပိုင်နက်ဧရိယာတွင်းမှာမို့ မျိုသိပ်လိုက်ရသည်။

အောင်မြင်ခြင်းသည် သူပိုင်ဆိုင်သော ကုမ္ပဏီကြီးထဲမှာ အတူတူရှိနေကြတဲ့ ရှယ်ယာဝင်တွေရှေ့မှာတောင် ဣန္ဒြေမဆောင်နိုင်ဘဲ နောက်ကနေ အပြေးအလွှား ထွက်လိုက်လာတာဖြစ်ကာ...

"ဘယ်လိုဖြစ်သွားတာလဲ ကာရံ..၊ မင်း အလုပ်ရဖို့အတွက် ဒါရိုက်တာတွေနဲ့ ကိုယ် ပြောဆိုပြီးသား၊ စားပွဲရှေ့မှာ မင်းထိုင်လိုက်တာနဲ့ အားလုံး ပြီးသွားမှာလေ"

"အဲဒီအလုပ်ခန့်စာ အိမ်ထိ ပန်းရထားနဲ့ ရောက်လာရင်တောင် ကျွန်မ မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အလုပ်ကိစ္စလေ..၊ ကိုယ်တို့ကိစ္စနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်မက မ-ိုင်ပေမယ့် ရှင်က ဆိုင်တယ်ထင်ပြီး ကျွန်မ အလုပ်ရဖို့ ပြောဆိုထားတာတွေဘာတွေတောင် ဖြစ်နေပြီ၊ ဒီမှာ ဦးအောင်မြင်ခြင်း..."

ပြောနေရင်း ကာရံ ဝန်ထမ်းတွေရှိတဲ့ဆီ မျက်လုံးတစ်ချက် ဝေ့သည်။

"ဟောဒီပတ်ဝန်းကျင်မှာ ရှင် ရှိနေမှန်းသိရင် ရှင် ပိုင်ဆိုင်နေတဲ့ ဒီအလုပ်ကိုမှ မရရင် ကျွန်မ ဘာဖြစ်သွားနိုင်မယ် ထင်လဲ.."

"မထင်ပါဘူး၊ မင်း ဘာမှမဖြစ်နိုင်ဘူး၊ ဒါပေမယ့်..."

"ရပြီ..၊ တစ်လောကလုံး ချမ်းသာနေကြသမျှ ကျွန်မလက်ထဲကို အစုလိုက်အပြုံလိုက် မိုးရွာသလို ဖြိုကျလာမယ်ဆိုရင်တောင် ရှင့်ဗစ္စည်းတွေဆို ကျွန်မ ခါထုတ်ပစ်လိုက်မှာ၊ အပိုပြောတာ မဟုတ်ဘူး"

ယတိပြတ် ပြောခဲ့တာတွေချည်းပါ။ သူ ဒီတိုင်း ရပ်ကျန်ခဲ့တိုင်းလည်း 'မှတ်ထား'၊ 'ရှက်တတ်ရင် လဲသေလိုက်ဦး' လို့ သူမ အမြဲတမ်းကြိမ်းဝါးခဲ့သည်။

ဒါပေမယ့် ဒီလူ အမှတ်မရှိပါ။ ဒါမှမဟုတ် မျက်နှာပြောင်တာလား၊ ဒါမဟုတ်သေးဘူးဆိုရင်တော့ 'ဒီမိန်းမ ဘာမို့လဲ' ဆိုတဲ့ အထင်သေးစိတ်နဲ့လား..။

ကားဆီကို ခပ်သုတ်သုတ်လျှောက်ရင်း စိတ်က ထိုဆီမှာ ကျန်ခဲ့၏။ ဒေါ်လေး လာသတိပေးသွားပြီးမှ ဒီလူ ဟိုနားက ဖြတ်စောင့်၊ ဒီနားကလာစောင့်၊ ကိုယ်သွားလာမယ့်နေရာတိုင်းမှာပဲ သူရှိနေသလိုလို၊ ကြိုသိနေတာလိုလို..။

စားပွဲထက်ကနေ ပြန်ကောက်ယူလာခဲ့သည့် စာရွက်စာတမ်းတွေပါသည့် ဖိုင်ကို ချိုင်းကြားထဲမှာညှပ်ကာ လက်ကိုင်အိတ်ထဲက ကားသော့ကို ထုတ်ယူနေတုန်း...





"လကာရံ နော်.."

"ရှင်.."

ဒီအသံကို ရင်းနှီးနေသလိုပဲမို့ ကာရံ ဖျတ်ခနဲ မေးကြည့်လိုက်မိသည်။

"ဟင်!.. ဒေါက်တာ.."

"တူနေတာများလားလို့ ညီမရယ်..၊ ငါ့ညီမက လှလိုက်တာ၊ ဟိုတုန်းကထက် အများကြီး ပိုတယ်"

"ဒေါက်တာကလဲ ပြောတော့မယ်"

"ဟိုတုန်းကလို ဆရာမလို့ပဲ ခေါ်ပါကွယ်၊ နည်းနည်း ပိုပြီးနူးညံ့သွားတာပေါ့၊ ညီမ ဒီမှာ အလုပ်လုပ်တာလား"

"မဟုတ်ပါဘူး၊ အလုပ်လာလျှောက်တာ.."

"ဟုတ်လား၊ ဒီမှာ မန်နေဂျာ ဦးဇော်ဝိတ်က တို့ရဲ့ခင်ပွန်းလေ၊ ညီမ အဆင်ပြေအောင် တို့ ကူညီလို့ရတယ်၊ လိုအပ်ရင် ပြော..."

"ရှင်... ဩော်... ဟုတ်ကဲ့.."

ဒေါက်တာနှင့် ကုမ္ပဏီ ဘာမှမဆိုင်လောက်ဘူး ထင်မိတာ သူမ တော်တော်ညံ့သွားသည်ပဲ။ မဆိုင်ဘဲနဲ့ ဒေါက်တာချိုမြရီ ကို ဒီမှာ လာတွေ့ပါ့မလား..။

"ညီမရဲ့သားလေးရော.."

"ရှင်..."

"ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့..၊ သားလေး ကျန်းမာပါတယ်"

"အသက် သုံး,လေးနှစ်တော့ ရှိပြီပေါ့နော်..၊ ညီမက ခုချိန်ထိ တစ်ယောက်တည်းပဲလားဟင်.."

သူမက ရင်းနှီးမှုကိုအခြေခံ၍ အားလုံးကို ပွင့်ပွင့်လင်းလင်း မေးနေတာပါ။ ကာရံကလည်း စိတ်ဆိုးလို့တော့ မဟုတ်ပေ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကြောင်း အစအဆုံးကို သိထားသူဟာ ဒေါ်လေးတို့အုပ်စုနှင့် ဒေါက်တာချိုမြရီပဲမို့ ဟိုဘက်နှင့်ဝေးအောင် ရှောင်ဖယ်ထွက်ခဲ့ပြီးမှ နောက်တစ်ယောက်ကြောင့် အစမပေါ်စေချင်တာ ဖြစ်သည်။

ကားပါကင်ကိုလည်း ရောက်နေပြီမို့ ကားပေါ်သာ ပြေးတက်လိုက်ချင်မိ၏။ ဒါမှမဟုတ် သူမရဲ့ကျေးဇူးတွေသာ ကိုယ့်အပေါ်မှာ တင်ရှိမနေခဲ့ပါလျှင် "ဒါတွေ လာမပြောပါနဲ့တော့"လို့များ ပြောလိုက်မိမလားမသိ..။

"ညီမလေးရယ်..၊ ကိုယ့်မှာလဲ အခြေခံ သိပ်တောင့်တင်းတာ မဟုတ်ဘူး၊ ကလေးကလဲ ယောက်ျားလေးဆိုတော့ ညီမ ခုနေ အားကိုးရှာတယ်ဆိုရင် ရှာသင့်တာပဲလို့ လူတိုင်း မြင်မှာပါ၊ ကလေးကို မချို့ငဲ့အောင် ကိုယ်က ထားနိုင်တယ်ဆိုရင်တောင် သိပ်လှနေတဲ့ ညီမအတွက်က အန္တရာယ်ကြီးတယ်၊ မမက စေတနာနဲ့ပြောတာပါကွယ်၊ ကလေးကလဲ အခု ကျောင်းမအပ်သေးလို့သာ၊ ကျောင်းအပ်ပြီဆိုရင် ဘယ်အရာမှ တိုးတိုးတိတ်တိတ်နဲ့ပြီးမှာ မဟုတ်တော့ဘူး၊ မမလေ ထူးထူးဆန်းဆန်း အဖြစ်ဆိုးခဲ့ရတဲ့ ညီမလေးအကြောင်း ခဏခဏ တွေးမိတယ်၊ တွေးမိတိုင်းလဲ ရင်မောနေရတာပါ၊ တလွဲမထင်နဲ့နော်..၊ ညီမလေးကို မမတကယ့်ကို ခင်မင်ခဲ့တာ"

ယုံကြည်ပါသည်။

စိတ်လည်း မဆိုးခဲ့ပါ။ ဒါပေမယ့် ဆရာမနှင့် နှုတ်ဆက်ထွက်ခွာလာတဲ့အချိန်မှာတော့ သူမစိတ်တွေ အကောင်းတိုင်း မညက်ညောသော ပန္နပွန်းမှုသည် မလှပသော အတိတ်ပုံရိပ်တွေဆီသို့...။

သူမ...





## အခန်း [ ၀၂ ]

"ကာရံ..၊ နင် လိုက်သွားတော့မှာဆို.."

သနပ်ခါးပန်းခက်တွေကို အပ်ချည်လေးနှင့် သီကုံးနေရင်း ကာရံက လှည့်မကြည့်ပါ..။ ထမင်းစားခန်းရဲ့ ဘေးထွက်တံခါးဝမှာ ကာရံဒီတိုင်းလေး ခြေချထိုင်နေကာ ပေါင်ပေါ်မှာ ငှက်ပျောဖက်လေးခံထားသည့် သနပ်ခါးပန်းတွေကို တင်ထား၏။

ကိုကို က ထမင်းတွေကို လှန်လှောရင်း စားပွဲမှာဝင်ထိုင်မှ ကာရံကို လှမ်းကြည့်ကာ...

"ကောင်းပါတယ်ဟာ..၊ ဦးအောင်မြင် က အရမ်းချမ်းသာတာ၊ တခမ်းတနား လက်ထပ်မယူဘူးဆိုပေမယ့် သူ့အခြေအနေနဲ့ ကိုယ့်ကို တရားဝင်လက်ထပ်ပြီး တင့်တင့်တယ်တယ်ထားမှာဆိုတော့မဆိုပါဘူး"

ပန်းသီနေသည့် ကာရံ လက်ကလေးတွေ တဆတ်ဆတ်ခါနေတာကို မကြည့်တော့ မမြင်..။ ခံတက်ချဉ့်တို့စရာကို ဆွဲလိုက်၊ ထမင်းထဲထည့်မြုပ်ပြီး ငါးပိရည်ထည့် ပါးစပ်ထဲ သွင်း၊ သူ့အလုပ်နှင့်သူ ရှုပ်ယှက်..။

"ရုပ်ဆိုးနေတဲ့လူကိုယူတော့ ကိုယ် အလိုလိုက်ရတာပေါ့..၊ အမေက နင် ကောင်းစားအောင် ဖန်တီးပေးတာပါဟာ"

www.burmeseclassic.com



"လုပ်မနေနဲ့ ကိုကို..၊ ဒီလူကြီးကိုက ငါတို့လှုပ်မရအောင် ဘယ်ဘက်ကမှမလွတ်အောင် ချည်တုပ်ပြီး အလဲထိုးနေတာ"

ညီညီ ထမင်းစားခန်းထဲ ထပ်ရောက်လာပြီး ဖြည့်စွက်ပေးလိုက်သဖြင့် ... အဘ့ ကာရံ မျက်ဝန်းမှ မျက်ရည်တစ်စက် လွင့်ခနဲ ကြွေ၏။

သူတို့က ညီအစ်ကိုချင်း ကောင်းတာ၊ မကောင်းတာတွေ ဝေဖန်ပြောဆိုနေကြရင်း ထုံးစံအတိုင်း ကိုယ့်ပန်းကန် ကိုယ်ဆွဲ၊ ကိုယ့်ထမင်းကိုယ် ခူးခပ်ပြီး စားသောက်ကြ၏။

"ခုလဲ ကာရံ ကို ရန်ကုန်တန်းခေါ်သွားမယ်ဆိုတာ မင်္ဂလာပွဲ တခမ်းတနား လုပ်မပေးချင်လို့ တမင်ထွင်တာ.."

ညီညီ က ကိုကို့ ထက် နှစ်နှစ်ပဲငယ်ကာ နှစ်ယောက်စလုံး ကာရံ ထက် အကြီးတွေပဲ ဖြစ်သည်။ ကိုကို က မအေနှင့် စိတ်တူသဘောတူ ဖြစ်လျက် ညီညီ က သူငယ်ချင်းအပေါင်းအသင်းတွေနှင့် သွားလာသုံးဖြုန်းနေဖို့ကလွဲပြီး ဘာမှ စိတ်မဝင်စား..။

အောင်မြင်ခြင်းနှင့် လက်တွဲပူးပေါင်းကြဖို့ကိစ္စမှာတော့ သားအမိသုံးယောက် အတူတူပါ။

"ဟိတ်.. ကာရံ ဘာလုပ်နေတာလဲ၊ ငိုနေတာလား"

"ဟုတ်လား၊ သူက ငိုလို့လား၊ ဟား... ဟား..."

ကိုကို ရယ်ပုံက ထမင်းဝါးသံကြီးနှင့် ပလုတ်ပလောင်း...။

"မငိုပါနဲ့ဟာ..၊ ငါတို့မှာ ခုမှ သူဌေးယောက်ဖဖြစ်ခွင့်ရမှာ..၊ နင်က ငါတို့ရဲ့ မကုန်နိုင်တဲ့ပဒေသာပင်ဟ..၊ အကြွေးတွေကိုလဲ လျှော်ပေးတယ်၊ တစ်ခြမ်းပေါင်ထားတဲ့ ခြံနဲ့တိုက်တစ်လုံးကိုလဲ ရွေးပေးတယ်၊ နင်လဲ အခု ကောင်းစားတော့မယ်"

"တော်ပါတော့ ကိုကို ရာ..၊ ဟိုမှာ ပုလဲတွေ ရွဲတွေ ခ,နေရတဲ့အထဲ ဒါတွေ ကိုကိုက မက်မောပြီး သွားရည်ယိုနေပေမယ့် သူ မလိုလို့





အခု ငိုနေတာပေါ့"

ညီအစ်ကိုနှစ်ယောက် သူတို့ပဲပြော..၊ သူတို့ပဲ ဖြေနေကြသည်။ ကာရံသည် နောက်ကိုလည်း တစ်ချက်မှ ပြန်ငဲ့မကြည့်..၊ စကားတစ်ခွန်း တလေမျှလည်း ပြန်လည် ပြောကြားခြင်းမရှိ..။

ဒီည ရန်ကုန်ကို သူမ လိုက်ရတော့မည်။ ငွေကြေးပြဿနာတွေကို ဖြေရှင်းပေးလိုက်တာဟာ ဒေါ်လေးတို့သားအမိ ရှုပ်ပွ ကုန်ခန်းထားခဲ့သမျှတွေကိုပါ..။

သူများအမြင်မှာတော့ ကာရံ တို့မိသားစုကို သူ ကူညီတာတွေ တနင့်တပိုး..၊ တကယ်တမ်းကျတော့ ကိုယ့်အတွက် ဘာမှမဟုတ်ဘဲ ကာရံ က ဘဝကို စတေးရတော့မှာ ဖြစ်သည်။

မိဘရဲ့အခက်အခဲကို ဤသို့သောနည်းဖြင့် ပေးဆပ်ကူညီရမှာဆိုထားလိုက်ပါ..။ ခုတော့ သူတို့ရောက်လာပြီး ဖြုန်းတီးပစ်ကြသည်။ ဆုံးရှုံးကုန်တာက ကိုယ့်ပစ္စည်းဥစ္စာတွေ..။

အခု ထပ်ပြီး ကိုယ့်ဘဝကို ထိုးထည့်အပ်နှံကြဦးမည်။ အောင်မြင်ခြင်း အထုပ်လိုက်ချပေးသည့် ငွေပုံကြီးကို ဒေါ်လေးက ပွေ့ပိုက်၍ လိုက်သွားရမှာက ကိုယ်..။

သူမ ဘာမှမငြင်းဆန်နိုင်ခဲ့ပါ။ သဘာဝမကျတာကို သိသည်။ ဒါဟာ ငြိမ်မနေသင့်တဲ့ မတရားမှုဆိုတာကိုလည်း မသိလို့မဟုတ်..။

ဒါပေမယ့် ဒေါ်လေး က လည်သည်။ အောင်မြင်ခြင်းက စကားတတ်လှ၏။ နှစ်ယောက်ပေါင်း၍ မလှုပ်နိုင်အောင် ပြောနေတာတွေကို နဂိုကတည်းက မိခင်လက်အောက်မှာ နူးညံ့ငြိမ်ဝပ်စွာ နေလာခဲ့သည့်သူမ ဘာတစ်ခုမှ မတွန်းလှန်နိုင်ခဲ့ပေ..။

ကံကြမ္မာဆိုတာကြီးက အောင်မြင်ခြင်းလက်ထဲကို သူမ မရောက်ရောက်အောင် တွန်းပို့နေသည်လား၊ မြို့နေအိမ်ခြေတွေနှင့် ခပ်လှမ်းကွာသည့်

www.burmeseclassic.com



နေရာမှာ တစ်ထီးတစ်နန်းလိုရှိနေသည့် သူမတို့ခြံကျယ်ကြီးက တစ်ဖက်မှာ လာဆောက်သည့် ဘုန်းကြီးကျောင်းနှင့်မလွတ်မလပ်ဖြစ်နေသည်မှ စ,ခဲ့၏။

ကျောင်းဒါယိကာ သူဌေးက ထိဘက်ကခြံတစ်ဝက်ကို အဆမတန် ပေးပြီး ဖျက်ခိုင်းသည့်မြေသနာတွေမှာ သူဌေးက အောင်မြင်ခြင်း ဖြစ်နေခဲ့သည်။

ဒေါ်လေးနှင့် အောင်မြင်ခြင်းတို့ မြို့ရောက် ဂါတ်ရောက်တွေဖြစ်ကြပြီး သိပ်မကြာမီမှာ အားလုံး အဆင်ချောသွားခဲ့ပြန်သည်။ ဒီထိလည်း သူမနှလုံးသားကို မိုးကြိုးပစ်ခံရပြီမှန်း ကာရံ မသိသေးပါ..။

ဘုန်းကြီးကျောင်းက ကာရံတို့ဘက်ခြမ်းကို မချဲ့တော့ဘဲ ဟိုဘက်ကို တိုးချဲ့သွားခဲ့ပြီး အောင်မြင်ခြင်းသည် ဘုန်းကြီးကျောင်း ဆောက်လုပ်လှူဒါန်းသည့်သူဌေးအဖြစ် ကား ထည်လဲစီး၍ ထိုနားတစ်ဝိုက်မှာ သွားလိုက် ပြန်လိုက်..။

ဒေါ်လေးတို့သားအမိနှင့်လည်း မိသားစုတွေလို ဖြစ်သွားခဲ့သည်။ အသားမည်းမည်း ဗိုက်ကခပ်ပူပူမှာ ဒေါ်လေးကပြောတော့ 'သိပ်မှ မဝ,တာ၊ ထောင်ထောင်မောင်းမောင်း ခံ့ခံ့ညားညားပုံပါ'။

မျက်ခုံးထူသလောက် မျက်လုံးက မှေးသည်။ နှာခေါင်းခပ်ပွပွနှင့် နှုတ်ခမ်းက ထူပျစ်ပျစ်၊ မညက်ညောသည့်မျက်နှာပြင်ဟာ ပါးတစ်ဖက်မှာ ဖုထစ်နေတဲ့ ဝက်ခြံပုန်းတွေနှင့် စိုင်းထီးဆိုင်ဆိုတဲ့ မြောက်ပိုင်းလမ်းလိုမျိုးလား..။ တစ်ခါတလေ ညီညီ က ရွှံ့ရွှံ့မဲ့မဲ့နှင့် နောက်သေးသည်။

"အင်း... ဒဿဂီရိနဲ့ မယှဉ်သီတာလောက်တော့ မဆိုးသေးဘူး ထင်တာပါပဲ"တဲ့..။

ကာရံ ဘယ်လိုမျက်လုံး၊ ဘယ်လိုရှုထောင့်ကမှ မရှုဆိတ်နိုင်ပါ။ သူ့ရဲ့ တပည့်တပန်းတွေနှင့် ဟိတ်ဟန်တွေထုတ်ပြီး ရောက်လာပလားဆို ရုပ်ရှင်တွေထဲက ဂိုဏ်းစတားကြီးနှင့် တူနေပြန်၏။





တဖြည်းဖြည်း အညိုရောင်သန်းလာသည့်ကောင်းကင်ကို မော့ကြည့်ရင်း ကာရံ မျက်ရည်စက်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာသည်။

အနားမှာ ပတ်ဝန်းကျင်ကလည်းဝေးတော့ ဘယ်တုန်းကမှ မရင်းနှီးခဲ့သည့်လူတွေချည်း။ ပြေး၍ ရင်ဖွင့်တိုင်ပင်စရာလည်း ဘယ်သူမှမရှိ..။

ဘယ်လိုကြံကြံ သူမ လွတ်မြောက်နိုင်ဖို့လမ်းစက မမြင်..။

"ကာရံ..၊ ဟဲ့... ရေသွားချိုးတော့လေ၊ မြို့မှာအပ်ပြီး ရွေးပေးသာတဲ့ အဝတ်အစားတွေမှ တစ်ထုပ်ကြီးပဲ..၊ လာမလာ၊ သွား... သွား... ကုန်မှာနေရမယ်ဆိုပေမယ့် ညည်း အထီးကျန် မခံရပါဘူးအေ၊ ချွေရံသင်းပင်းနဲ့ စီးဖို့ကားနဲ့ ညည်းနေရမှာပါ၊ ပဲခူးနဲ့ရန်ကုန်ဆိုတာလဲ သာဝေးတာမှတ်လို့၊ လာလည်ပေါ့..၊ ငါတို့လဲ လာလို့ရနေတဲ့ဥစ္စာ"

သူတို့တွေကို လွမ်းဆွေးနေလို့ မျက်ရည်ကျတယ်များ ထင်လို့လား။ ကာရံ ခပ်ရှုးရှုးပြန်ကြည့်လိုက်တော့ ဒေါ်သော်တာကလည်း သိသည်။

"မဟုတ်ပါဘူး၊ ကိုယ့်မိဘခြံမြေဆိုတော့ ညည်း သတိရမှာပဲလေ၊ ဒီလို လုပ်လိုက်ရတာပါ၊ ဒါတွေ ပျောက်ပျက်ကုန်မှာ စိုးလို့ပဲအေ"

"တကယ်စိုးရိမ်ရင် ပေါင်နှံရတဲ့အဆင့်ထိ ဒေါ်လေး လုပ်ခဲ့မှာမဟုတ်ပါဘူး၊ အဲဒီကနေ ရှုပ်ထွေးကုန်ခဲ့လို့ အောင်မြင်ခြင်းဆိုတဲ့လူကြားဝင်ခွင့်ရသွားတာ"

စကားမဆိုဘဲ အံကြိတ်ငြိမ်သက်နေသမျှ သွားရခါနီးမှာတော့ ပြောခဲ့ချင်၏။ ထို့ကြောင့် ဒေါ်လေး အနားရောက်လာတော့ ကာရံက မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောသည်။

"ထားလိုက်နိုင်ပါတယ်၊ မိဘရဲ့အမွေအနှစ်ကို မြင်နေခွင့်လေးတော့ဖြစ် ရနိုင်ဖို့လို့ ကာရံ ခေါင်းစဉ်တပ်ထားလိုက်မယ်။ ဒါပေမယ့် နောက်ထပ် ဒေါ်လေး ထင်သလို ဘာမှ လုပ်ပိုင်ခွင့် မရှိတော့ဘူးဆိုတာတော့ မှတ်ထားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို..."

"ဒါ ကာရံ ပိုင်တဲ့ခြံမြေ..၊ ဒေါ်လေးလဲ စောင့်ရှောက်ရင်း အ[illegible] နေလာခဲ့တာဆိုတော့ သက်ဆိုင်ခွင့်တွေဘာတွေ ရှိနေသေးတယ်ထင်[illegible] ကြီးစားပေါ့၊ နောက်ထပ်တစ်ခါ ဒေါ်လေး ပေါင်နှံရောင်းချဖို့ စိုင်းပြ[illegible] တာနဲ့ ကာရံနဲ့ ဒေါ်လေး နောက်ထပ် ဝမ်းနည်းစွာ ဆုံဖြစ်ကြမှာပဲ.."

"အိုအေ... ကျူပ်ကလဲ မဖြစ်သာလို့ လုပ်ခဲ့ရတာတွေပါ၊ အေ[illegible] လေ ညည်းကို မတိုင်ပင်ခဲ့မိတာကတော့ ကျူပ်အပြစ်ပေါ့၊ နောက်ထ[illegible] မဖြစ် စေရပါဘူး၊ ငါ ကတိပေးပါတယ်၊ ညည်းသာ ကိုယ့်ယောက်ျား[illegible] မြတ်နိုးအောင် နေထိုင်ပါ၊ ကိုယ်က မချစ်လို့ ထုံပေပေ ဂျစ်ကန်[illegible] နေတယ်ဆိုတာ ရုပ်ရှင်ထဲကမင်းသားကပဲ အရိုပ်တကြည့်ကြည့်နဲ့ ကြည်[illegible] မှာ ကာရံ..၊ အပြင်မှာ မရဘူး၊ သူ ဘယ်လောက်ရုပ်ဆိုးနေနေ ညည်[illegible] ဘယ်လောက်လုလု ကိုယ်က အားကိုးမရှိလို့ အားကိုးရှာခဲ့တာ၊ သ[illegible] ယုယမြတ်နိုးနေရင်လဲ ကိုယ့်ကံ၊ ဖျာလိုခင်းပြီး နင်းချေပစ်မယ်ဆို[illegible] ဒါ ညည်းကံပဲ..၊ ဖြစ်ပြီးပြီဆိုမှတော့ နေတတ်အောင် နေပါ.."

ဒီလိုကြားလိုက်ရကာမှ အိမ်ထောင်ရေးဆိုတာကို ပိုကြောက်သွာ[illegible] ခဲ့သည်။ သူမမှာ အိမ်ကလုပ်ငန်းနှင့်နေနိုင်ပါလျက်နဲ့တောင် အဝေးသ[illegible] နှင့်ပဲ ကျောင်းပြီးခဲ့ရတာပါ။ ချစ်သူရည်းစားဆိုတာ အိပ်မက်ထဲမှာတော[illegible] ယောင်ရမ်း ရင်မခုန်ခဲ့ဘူးပေ..။

တကယ် ရင်ဆိုင်ရပြီဆိုတော့ ကိုယ့်ထက် အသက်အများကြီးကြီ[illegible] တဲ့ ရုပ်ဆိုးဆိုးလူကိုမှ ဘယ်လိုရင်းနှီးမှု သံယောဇဉ်မှမရှိဘဲ ငွေနှ[illegible] သိမ်းပိုက်ခံလိုက်ရတဲ့အဖြစ်..။

ခြံထဲမှာ ကားကြီးနှစ်စီးနှင့် ယောက်ျားကြီးတွေ လေးငါးခြောက်[illegible] ယောက် ရှုပ်ယှက်ခတ်နေတာဟာ ဖြတ်သွားမိတဲ့လူတွေကတော့ ဒီအိ[illegible] မှာ မိန်းမတောင်းနေတာလားလို့ ထင်ချင်ထင်ကြမည်..။





သူမအဖြစ်ကတော့ ပုဂံခေတ်ကလို အရည်းကြီးတွေထံ ဖန်းဦးလွှတ်[illegible]သွားရမည့် သတို့သမီးလောင်း..၊ တစ်ညနေလုံး ခေါင်းမီးတောက်[illegible]တတ် တွေးတောပူလောင်နေခဲ့သမျှ မိုးစုပ်စုပ်ချုပ်သွားတော့ ခရီးသွား[illegible] သူတို့ကားကို ပြင်ဆင်ကြသည်။

ရှေ့ကားမှာ ဒါရိုင်ဘာနှင့် ကာရံ နှင့် သူပဲဖြစ်ကာ နောက်ကား[illegible] ကျန်တဲ့ယောက်ျားတွေ လိုက်ပါကြမှာ ဖြစ်၏။

ကိုယ့်ကိုယ်ကိုယ် ယောက်ျားရသွားပြီဆိုသည့် ခံစားချက် ဖြစ်မလာ[illegible] ဒီယောက်ျားတွေကိုကြည့်ပြီး ကိုယ့်ဘဝ ပျက်စီးတော့မလိုလို၊ စုတ်[illegible]သတ်သွားတော့မလိုလို..။

ကာရံ ကိုယ်တွေ ခြစ်ခြစ်တောက် ပူလာတော့သည်။

"ဘာဖြစ်တာလဲ..၊ ဒီလောက်ပူရအောင် ရေချိုးမှားသွားတာလား"

"မဟုတ်ပါဘူး၊ တစ်ညနေလုံး သနပ်ခါးပင်အောက်မှာဥစ္စာ.."

"ရွှံ့ဗွက်ထဲမှာ ခြေထောက်ချပြီး ပန်းသီနေတာကိုး..."

ကာရံ ဘေးမှာ လူတွေ စုပြုံရောက်လာကြသည်။ လက်တွေ[illegible]မြောက်အမြား သူမနဖူးပေါ် လာရောက်ထိကိုင်သမျှ အောင်မြင်ခြင်း[illegible]လက်ကိုတော့ ကာရံ အတိအကျ ဖယ်ချပစ်၏။

ထိုနည်းနှင့်ပဲ ညဘက်မှာ ရန်ကုန်ပြန်တက်မည်ဆိုသော အောင်မြင်[illegible]ခြင်း၏အစီအစဉ်တွေလည်း ပျက်ခဲ့လေသည်။

"ဒါဆိုလဲ မနက်ကျမှပဲ အေးဆေးထွက်ကြတာပေါ့၊ ကျွန်တော်တို့[illegible] ကျောင်းမှာပဲ သွားအိပ်လိုက်မယ်"

အောင်မြင်ခြင်း မျက်နှာမကောင်းတာကို ဒေါ်သော်တာမင်းမှာ[illegible]ယာပျာယာနှင့်...

"ကိုယ်တွေ ဒီလောက်ပူနေလို့သာ ယုံရတယ်အေ..၊ မဟုတ်ရင်[illegible]စည်သလိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကြဲ့ညည်တာက သူပါ ဒေါ်လေးရဲ့…၊ ရန်ကုန်ကို ညဘက်ကြ ဘက်မယ် တဲ့၊ လမ်းမှာ သောက်ဖို့၊ စားဖို့ ဝယ်ခြမ်းထားတဲ့ အရ ပုလင်းတွေနဲ့ ယောက်ျားတွေကလဲ တစ်ဖွဲ့ကြီး၊ သူတို့ ကာရံကို လက်ထ ခို့ခေါ်တာမှ ဟုတ်ရဲ့လား…"

"ဖြစ်ရလေ ကာရံ ရယ်…၊ ဒါကို ကြောက်လန့်ပြီးတော့ ဖျား များလား"

"အသက်ပါသွားပါစေလို့ ဆုတောင်းနေတာ"

ဒီလောက်တောင်လားဆိုပြီး ဒေါ်လေး မျက်နှာတော့ မကောင်းဖြ သွားပါသည်။ ဒါပေမယ့် ကာရံ မနက်မိုးလင်းတာနှင့် လူကောင်းပြန်ဖြ ဖို့ကို အသည်းအသန် လုံးပမ်းနေခဲ့သည်။

ထို့ပြင် ညကိုးနာရီလောက်ကျမှ လူနာသတင်းမေးဆိုပြီး အောင်မြ ခြင်း အနားကိုရောက်လာတော့ ပြောသွားသေးသည်။

"ဒီညလေးကိုတော့ ကိုယ်ဆုံးရှုံးလိုက်ရပြီ ကာရံ ရယ်…၊ ကိုယ်က နိုင်ငံခြားစုံတွဲတွေ ရင်ခုန်မှုကိုရှာကြတာမျိုး၊ လင်နဲ့မယား အိပ်ရာထဲမှ ရင်ခုန်ကြတဲ့ သမားရိုးကျ ပျော်မွေ့ခြင်းတွေကို မလိုချင်လို့…"တဲ့…

ဒီလူက လက်မထပ်ရသေးဘဲ ကျူးလွန်စော်ကားဖို့ ကြံသည်ပဲ…

"ညခင်းမှာ မင်းနဲ့ကိုယ် ဟန်နီးမွန်းလဲ ဖြစ်တာပေါ့…၊ ကိုယ် အသေအချာ စီစဉ်နေခဲ့တာကွ"

သူ့မှာ လွမ်းလွမ်းဆွေးဆွေးနှင့် လာရှုတ်ပြနေသေးသည်။

ထိုအချိန်လေးမှာပဲ ကာရံ ဆုံးဖြတ်ချက်ချလိုက်တာက ဒီည မိုးမလင် ခင် ထွက်ပြေးဖို့…၊ ပြေးလည်း ပြေးဖြစ်ခဲ့သည်။

အနီးအနားတစ်ဝိုက်မှာတော့ ကိုယ်သွားလာနေကျမို့ အဆင်ပြေ နေသည်။ ညမှောင်မှောင်မှာ လူကြောက်၊ သရဲကြောက်ရှနှင့် ထွက်ပြေး လာပြီးမှ ဘယ်ကိုသွားရမှန်းလည်း မသိပေ…။





အဝေးပြေးလမ်းမကြီးကို ကျော်ဖြတ်ဖို့ အကြိမ်ကြိမ် ကြိုးစားရင်း အပွင့်သေးသေးဝါဝါလေးပွင့်နေကြသည့် သစ်ပင်ကြီးအောက်မှာ ထိုင် ထလိုက်…။

သူမလက်ထဲမှာ တန်ဖိုးကြီးရတနာ မပါပေမယ့် ခရီးသွားဖို့အတွက် ငွေအသင့်အတင့် ပါသည်။ ထို့ကြောင့် သူမ အစီအစဉ်က…

လာသည့်ကားကြုံကို စောင့်မည်၊ ကုန်ကားမဖြစ်ရ၊ ကိုယ်ပိုင် တွေကို တားမိလျှင်လည်း ခက်မည်…။

ဒီအချိန် လိုင်းကားတွေမရှိနိုင်တော့တာ သိပေမယ့် ခရီးသွား တွေ၊ အဝေးပြေးကားတွေတော့ ရှိမည်သာ…။

ပဲခူးမြို့ထဲကို ပြန်ဝင်မည်။ မြို့အစွန်အဖျားကနေ မြို့ထဲပြန်ဝင်မည် တော့ သူတို့ ထင်ကြမှာ မဟုတ်ပေ…။

ထင်လို့ လိုက်ရှာကြမည်ဆိုရင်တောင် သူတို့ ဘယ်လိုမှ မထင်နိုင် နေရာတစ်ခု၊ သူမမှာ ရှိနေသည်မို့ ပင်စည်တုတ်တုတ်အကွယ်မှာ တထိတ်ထိတ်နှင့် ရပ်စောင့်နေမိ၏။

နောက်က မီးရောင်တွေ့တိုင်း ထိတ်လန့်ရတာလည်း သတိလစ် တပင်…။ ထိုစဉ် ဘယ်ယိုင်ညာဝိုက်နှင့် မောင်းနှင်လာသည့် ဆိုင်ကယ် တစ်စီးကို အဝေးမှာကတည်းက သတိထားမိခဲ့၏။

ဆိုင်ကယ်မီးထိုးပုံက ကိုယ့်ကို ရှာဖွေလာသလိုကြီးဖြစ်နေမှာစိုး လမ်းဘေးမှာ ရပ်နေရာကနေ နောက်ကို ကပျာကယာ ပြန်ဆုတ် ကိုက်ရသည်။ အကာအကွယ်မဲ့သွားတော့မှ မီးရောင်က ပိုစူးလာသဖြင့် မြနိမ့်ပိုင်းထဲထိဆင်း၍ ခြေဖျားလေးထောက်၍ ပုနေလိုက်မိ၏။

ဒါပေမယ့် ဆိုင်ကယ်က ဝေါခနဲ ဒီဘက်ကို ဝေါခနဲ ကွေ့ သာကာ ကြည့်နေတုန်းကလို ဘေးကို ပြန်မဝိုက်တော့ဘဲ တစ်ဆုံးဖြစ်ရာ နှင့် ဒုန်းခနဲ ပစ်ဆောင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်မှန်း ဘာမှ သေချာမသိလိုက်ရသေးမီ နားစွင့်လို ခိုသော သူ့ခံမျက်နှာဆီသို့ မည်းခနဲ ပစ်ဝင်လာသည့် တစ်ကိုယ်လုံး ဦးခေါင်းနှင့် အရှိန်ပြင်းစွာ တိုက်မိလိုက်၏။

"အား..."

အော်သံနှစ်သံ တစ်ပြိုင်တည်း ထွက်သွားသဖြင့် တစ်သံတည်း ဖြစ်သွားသည်။ ခန္ဓာကိုယ်နှစ်ခု ပစ်တိုက်လုံးထွေးကာ ဒလိမ့်ခေါက်ကွေ ဆက်လက်လိမ့်ပါသွားပြီး...

"ဟင်.. ဟင့်အင်း"

ပွေ့ဖက်ထားခြင်းခံရတာကို သတိထားမိပေမယ့် ကာရံ ခေါင်း အဆမတန် နာကျင်နေ၏။ မျက်လုံးတွေဖွင့်လို့မရအောင် မူးဝေနောက် နေတာလဲ ဘာမှမမြင်..။

"လှလိုက်တာ..၊ မင်း..."

"ဟင့်အင်း..၊ ဖယ်... လွှတ်..."

"မင်း.. မင်း....ဘယ်လိုရောက်လာတာလဲ၊ ကိုယ်.. ကိုယ်လေ..

"ရှင်.. ဖယ်... ဖယ်နော်.."

"ကိုယ် တောင်းပန်ပါတယ်"

ဘာလို့ တောင်းပန်လိုက်တာလဲ..၊ သူ့ ကိုယ့်ကို နမ်းရှိုက်နေသည် လား..၊ အသီလေး နည်းနည်းဝင်လာလိုက်၊ မှေ့ခနဲ ပြန်ဖြစ်သွားလိုက် ရှန်းကြည့်ပေမယ့် လှုပ်လို့မရအောင် မွန်းကျပ်နေ၏။

ပြီးတော့..၊ ထို့နောက်မှာ သူမ ဘာဆိုဘာမှ မသိတော့ဘဲ..။





## အခန်း [ ၁၃ ]

"မေမေ့ကို တီချယ်က ပြောနေတယ်"

"ဟင်... ဘာပြောတာလဲ သားသား"

"ကလေးအမေဆိုတာ ယုံတောင်မယုံနိုင်ဘူးတဲ့၊ ကိုယ်လုံး အရမ်း လှတာပဲတဲ့"

"ဟုတ်လား..၊ ဒါဆို မုန့်ဝယ်ပေးရဦးမယ်"

သားလေးက လွယ်အိတ်လေးပိုက်လျက် သူမ ပြင်ဆင်နေတာကို ခုံပုလေးပေါ်မှာ ထိုင်ရင်းငေးကာ...

"မေမေ့ကို လူတွေက လှတယ်ချည်းပဲ ပြောတာပဲ၊ သားသားကို ကျတော့ မပြောဘူး"

"လှတယ်ဆိုတာ မိန်းကလေးတွေကိုပဲ ပြောတာ သားသားရဲ့..၊ ယောကျ်ားလေးတွေကျတော့ ခန့်တယ်၊ ချောတယ် ဘာညာပေါ့၊ သားသားကို တချို့ကပြောတယ်လေ.. သားက ခန့်ချောကြီးပဲတဲ့၊ မဟုတ်ဘူးလား"

"မေမေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ထုးထုးက သူ့အဖေနဲ့တူတာတဲ့၊ အဲဒါကြောင့် သူ့အဘွားက ပြောတယ်တဲ့၊ မိန်းကလေး အဖေနဲ့တူရင် ကောင်းစားတယ်တဲ့၊ ကောင်းစားတယ်ဆိုတာ သူဌေးကြီးဖြစ်တာကို ပြောတာလားဟင်"

"အင်းပေါ့ သားရယ်"

ကိုင်ထားမိသည့် နှုတ်ခမ်းနီဘူးကို ကယောင်ကတမ်း ပြန်ချမိ၏။ သားလေး ဘာဆက်ပြောတော့မှာကို သူမ သိနေပါပြီ။

"မေမေ သားသားက ဘယ်သူနဲ့တူတာလဲဟင်"

"သားရယ်..၊ ဟို.."

"မေမေနဲ့တူတယ်လို့ ဘယ်သူကမှလဲ မပြောဘူး၊ ဒါဆို ဖေဖေနဲ့တူတာလားဟင်.."

ဘယ်လိုဖြေရမလဲ..၊ ဖြီးထားပြီးသည့်ဆံပင်ကို ထပ်သပ်ဖြီးရင်း ဘီးကိုချဖို့ မေ့နေ၏။

"မေမေ မေမေ့"

"ဟင်.. သား"

"သားသားမှာ ဖေဖေ ဘာဖြစ်လို့ မရှိတာလဲဟင်"

"သားရယ်"

ဒီမေးခွန်းကို ကြားရတိုင်း ကာရံ မျက်ရည်မခိုင်..၊ သားလေးကို သနားသည့်စိတ်နှင့်အတူ မဖြေနိုင်လောက်အောင် နံ့ချာစုတ်ပြတ်ခဲ့သည့် ကံတရားကိုလည်း မုန်းတီးမိ၏။

သူမ၏ လွန်လေပြီးသောအတိတ်၏ ကြေးမုံတစ်ချပ်သည် ကွဲအက်ရာများနှင့် မလှပခဲ့ပေ။ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး..။

'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ စကားပုံကို အားပြုခြေလှမ်းမိတာမှ 'သေချင်တဲ့ကျား တောပြောင်း' ဆိုတာလို ဖြစ်ခဲ့သည်





သား..။

ထိုစဉ်ကတော့ အောင်မြင်ခြင်းဆိုတဲ့ လူယုတ်မာနှင့်လွဲခဲ့ရသည့်အတွက် အကောင်းအဆိုး ဒွန်တွဲလာခဲ့တာပဲဟု ဖြေနိုင်ခဲ့၏။

နောက်ကျတော့ အောင်မြင်ခြင်းက ထိုမျှနှင့်ပြီးမသွားဘဲ...

"မိန်းမတို့တန်ဖိုးက တစ်နေ့ ရွှေ၊ တစ်နေ့ငွေ၊ နောက်တစ်နေ့ကျတော့ ကြေးတဲ့၊ သူက သူ့တန်ဖိုးကို သူဖြတ်တာပဲ ဒေါ်သော်..၊ ကျွန်တော်က လက်ထပ်ယူဖို့လဲ လူကြီးတွေနဲ့ပြောဆိုပြီးပြီဆိုတော့ သူ့ကို ကျွန်တော် ယူမယ်..၊ ဒါပေမယ့် ရာထူးချင်းတော့ မတူနိုင်တော့ဘူး၊ ဒါ ကျွန်တော် ခုကတည်းက ပွင့်ပွင့်လင်းလင်း ပြောတာ"

စကားလုံးတွေက ရင့်သီးလွန်းသည်။

လူတစ်ယောက်၏ရင်ခွင်ထဲကနေ ညည့်လွန်သန်းခေါင်ကျမှ သတိရနိုးထလာခဲ့သည့် ကာရံ သည် နဖူးကွဲထားသည့်ဒဏ်ရာကလည်း သွေးစတွေနှင့်..။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ပြေပြစ်အောင် ဂါတ်နိုင်သမျှ ပြုပြင်ထားခဲ့ပေမယ့် မျက်နှာချင်းဆိုင်လိုက်တာနှင့် ဒေါ်လေးမျက်လုံးကြီးပြူးနေသလို..၊ အောင်မြင်ခြင်းက ခြေဆုံးခေါင်းဆုံး ထိတ်ထိတ်ပျာပျာကြည့်ပြီး မဲ့ရွဲ့သွားခဲ့၏။

"သွားပြီ..၊ ဒီပုံဆို ကျွန်တော် သိပြီ" တဲ့..။

တစ်ညလုံး ရှာဖွေနေကြသည်ဆိုသော ပဲခူးဘက်ကူးသွားကြသည့် လူတွေရော ပြန်ရောက်လာကြကာ တစ်အိုးပ်စုလုံး၏မျက်လုံးတွေရှေ့မှာ ကာရံ သည်...

"သူ့ကို ကျွန်တော် မစွန့်လွှတ်ပါဘူး၊ သိပ်လှနေတာကို စွဲလမ်းနေပေမယ့် အခုတော့ ကိုးကွယ်ချင်တာ မဟုတ်တော့ဘူး၊ မင်းရေလဲ ငါ့ကို မလိုချင်လို့ ပြေးတဲ့သူ၊ ကိုယ့်အပြစ်နဲ့ကိုယ် ကျေနပ်နိုင်ဖြစ်မှာနော်..၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ငါ့သထဲမှာ မင်းနဲ့တန်တဲ့ရာထူးပဲ ရှိမှာ…"

"ဟာ … ဦးအောင်ကလဲ…၊ ဒီလိုတော့ မရက်စက်ပါနဲ့၊ မသိရင် အကြောင်းမဟုတ်ဘူး၊ ဒီလိုကြေညာပြီးမှ ဆွဲချသွားမှာက ဆိုးရွားလွန်းပါတယ်"

ညီညီက ဝုန်းဒိုင်းထဖြစ်သည်။

ကြောက်လန့်စိတ်ဖြင့် ကတုန်ကယင်လေး ဖြစ်နေခဲ့သည့် ကာရံ့နှုတ်များမှာတော့ ဘယ်သူ့ကို လိုလားသည်…၊ ဘယ်သူ့ကိုမလိုလားဘူး…၊ ဘာဆိုဘာမှ မပြောဆိုနိုင်ဘဲ ဆွံ့အ,ခဲ့၏။

အကယ်၍ ထိုအချေအတင်များမှာသာ အောင်မြင်ခြင်းက နောက်ထပ်ငါးလ စောင့်ကြည့်မည်၊ ကိုယ်ဝန်တွေဘာတွေ ဖယားရှုပ်မလာခဲ့ရင် တရားဝင်လက်ထပ်ယူမည်ဆိုသည့် သဘောတူညီမှုနှင့် ကာရံ့ကို သိမ်းပိုက်ရေး နောက်မဆုတ်ခဲ့ပါလျှင်…

ဒီတစ်ထိုင်တည်းမှာပဲ သူမဘဝဟာ ဘယ်သူသွန်သွန်၊ ဘယ်သူမှောက်မှောက် ဆွံ့အနားမကြားသူကဲ့သို့ ခေါင်းငုံ့လည်စင်းပေးပြီးသားဖြစ်ခဲ့လိမ့်မည်။

"ပြောစမ်းပါ ဒီလူကို ညည်း နည်းနည်းမှ မမှတ်မိဘူးလား…၊ အရက်သမား ကလေကချေလား…၊ အသက် ဘယ်လောက်လဲ…၊ အို… ဒီအချိန်ကြီး လမ်းဘေးမှာတွေ့ကြကတည်းက မူးရူးသောက်စားနေတဲ့ လမ်းဘေးကလူတစ်ယောက် ဖြစ်မှာပါ"

ဒေါ်လေးက အောင်မြင်ခြင်း ကွယ်ရာကိုဆွဲခေါ်ပြီး ကာရံ တစ်ကိုယ်လုံးကို အလန့်တကြားကြည့်၍ ရင်ဘတ်တဖိဖိ မေးခွန်းတွေချည်းမေးပြီး ကာရံ ဘာမှမဖြေသမျှ သူမဘာသာပဲ ပြန်ဖြေနေသည်။

"ညည်းအဖြစ်ကလဲ 'အသွားမတော် တစ်လှမ်း' ဆိုတဲ့ ဆိုရိုးနဲ့ ကွက်တိပါလား ကာရံ…၊ ဟင် ငါတို့က နတ်ပြည်ကို ဇိကုတ်တင်တယ်





မြင့်တယ်ထင်ပြီး လောက်တွင်းထဲ ခုန်ချလိုက်တာပေါ့၊ အဲဒီကောင် ညည်းရည်စားမဟုတ်တာတော့ သေချာပါတယ်နော်"

ကာရံ့အကြောင်းကိုလည်း သိနေတော့ မေးသင့်တဲ့မေးခွန်းတစ်ခုအဖြစ်ပဲ ထွက်လာကာ နောက်ထပ် ဒါမှပါတော့ဘဲ ဘယ်သူနဲ့ ဘယ်မှာတွေ့ခဲ့တာလဲ ဆိုတာကိုတော့ အထပ်ထပ် မေးသည်။

သို့သော် မထင်မှတ်ဘဲ စော်ကားခံလိုက်ရခြင်းမျိုးဆိုသည့် ခေါင်းစဉ်ပဲ တင်ကျန်ရစ်လေသည်။

"ညည်း နာမည်ပျက်ပြီ၊ ဘယ်လူတော်လူကောင်းကမှ ညည်းကိုယူမှာ မဟုတ်ဘူး၊ သိပ်လှတယ်ဆိုပြီး အောင်မြင်ခြင်းကို ကန်ထုတ်ချင်တဲ့မိန်းမ၊ ခုတော့ ညည်း ဒီလူကိုပဲ ခြေသလုံးဖက်ရတော့မှာ၊ တော်သေးတာပေါ့အေ… မယူနိုင်တော့ဘူး မပြောလို့၊ သူ့မေတ္တာကလဲ သေးသေးမဟုတ်ဘူး ကာရံ…၊ ညည်းရဲ့အလှမာနတွေကိုချပြီး သူနဲ့ လိုက်သွားဖို့သာ ပြင်…"

ဒီစကားတွေကိုလည်း ကာရံ တစ်ခုမှ ခုခံငြင်းဆိုခြင်း မပြုခဲ့မိပေ၊ ပြောရလျှင် ညီညီ့ကိုပဲ ကျေးဇူးတင်မိပါသေးသည်။

ကိုကိုကလည်း ညီညီ့ဘက်က အင်တိုက်အားတိုက် မထောက်ခံပေမယ့် ညီညီ ပြောနေတာကို မကန့်ကွက်သည့်ပြင် ကွယ်ရာမှာလည်း ဒေါ်လေးကို ဝေဖန်၏။

"ဒီလူက အမေ့ကိုတောင် လေးစားသမှု မရှိတော့ဘူး၊ ညီပြောတာ ဟုတ်တယ်၊ ကာရံကို ဒီတိုင်းထည့်ပေးလိုက်ရင် အားလုံး သိက္ခာတွေ သွားပြီ"

"ခုတော့ သိက္ခာတွေ တော်တော်ရှိသွားလား ကိုကို…၊ မင်းတို့မာနတွေက ဘာလဲ…"

"ဘယ်သူမှမသိတာကို ဒီလူကြီးပဲ ဖွပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သားအမိဖြစ်နေကြတာ ကြာခဲ့သည်။ နောက်ထပ် သွေးအေးသွားသည့်အချိန်မှာလည်း သူမ ဘာလုပ်သင့်သည်ဆိုတာကို သတိရလာ၏။

ကိုယ့်ဘဝနဲ့ကိုယ် ကိုယ့်လမ်းကိုယ်ကြောင်းဖို့ ထိုအချိန်မှာ စ၍ အင်အားဖြစ်ခဲ့၏။ သူမ နေရာဒေသစိမ်းတစ်ခုမှာ နှစ်သက်ကျော်ကျော်ပဲ နေလိုက်ရသည်။ သားလေးကို ကိုယ်ဝန်ရှိလာခဲ့၏။

ထိုအခါကျမှ ရပ်တည်ဖို့အတွက် ခွန်အားလိုမှန်း သတိရလာသည်။ ဒေါ်လေးနှင့် သူမ ရပိုင်ခွင့်ကိုခွဲဖို့ နောက်ထပ် ပြန်လာချိန်မှာ သားလေးရဲ့ ကိုယ်ဝန် ခုနစ်လ..။

မိဘအမွေအနှစ်မို့ ဆက်လက် ထိန်းသိမ်းထားချင်ပါသည်။ ဒါပေမယ့် သူမမှာ တစ်ယောက်တည်းမဟုတ်တော့သည်မို့ ဘဝမှာ ခိုင်မာစွာ ရပ်တည်နိုင်ဖို့အတွက် ခွဲဝေရသည်။ ရောင်းခဲ့ရ၏။

မေဖေရှိစဉ် ငယ်စဉ်တုန်းက ဆေးလိပ်ဖက်သယ်သည့်ကားလေးကို မကြာမကြာ လိုက်မောင်းဖူးသည့်ကျေးဇူးသည် ငွေပိုလေးရသည်နှင့် ဂျစ်ကား ခပ်ညံ့ညံ့လေးတစ်စီး ဝယ်မောင်းနိုင်ခဲ့၏။

ကားအကောင်းစားကြီးတွေ စီးသလောက်တော့ ဂုဏ်မရှိပေမယ့် ကားတော့ ကားပဲ ဖြစ်သည်။

"အ.."

"ဟယ်.. သားသား..၊ သားလေး.. ဘယ်နာသွားလဲဟင်၊ မေမေ သတိလစ်သွားလို့ပါ သားရယ်..၊ ဥုဖူးနော် ဥုဖူး.."

မှန်တင်ခုံရှေ့က ထလာပြီး သားလေးရဲ့မူကြိုကျောင်းရှေ့ ရောက်တဲ့အထိ စိတ်နှင့်လူက မကပ်တော့။ ကားရပ်ဖို့ နေရာနည်းနည်းလွန်သွားသဖြင့် ကမန်းကတန်း ရပ်ပစ်လိုက်မိသည်။

တံခါးဘောင်ကို နဖူးလေးထိကပ်ပြီး လိုက်လာသည့် သားလေး ခမျာ တံခါးနှင့်တိုက်မိသွားလျက် မျက်နှာလေး မဲ့သွား၏။





"သားသား တော်တော် နာသွားလားဟင်"

"သိပ်မနာပါဘူး..၊ မေမေကလဲ မှုးလဲမမှုးဘဲနဲ့ အရက်မှုးသမား ကျနေတာပဲ"

"ဟုတ်ပါတယ် သားသားရယ်..၊ မေမေပဲ ပြောပြမိတာ၊ မေမေကပဲ မလိုက်နာနိုင်ဘူး၊ တောင်းပန်ပါတယ် အဟွန်း.."

သားလေးကို ပွေ့ချလိုက်ပြီးမှ နဖူးထောင့်နေရာလေးကို လက်ဖဝါးနှင့် တယုတယ ပွတ်တိုက်ပေးရင်း အမြွတ်တနိုး ငုံနမ်းမိ၏။

ကားတွေမှာ 'မှုးရင်းမမောင်းနဲ့ မောင်းရင် မမှုးနဲ့'လို့ ရေးထားတဲ့ စာတန်းတွေကို သားလေးကို စာလုံးပေါင်း၍ ဖတ်ပြခဲ့ဖူးသည်မို့ ပြုံးလိုက်မိသည်။

စာကိုမြင်ရင် ဖတ်ချင်တဲ့အကျင့်ကလေး ပါသွားအောင်ပါ..။

နောက်ကို ဆင်ခြင်ဖို့ လိုပြီထင်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၄ ]

သူ့ဘဝမှာ ရင်းနှီးခဲ့ဖူးတာ မိန်းမတစ်ယောက်နှင့် တစ်ခါတည်းပဲ ဖြစ်သည်။

ထိုမိန်းမကို သူ မမြင်မသိလိုက်ပါပဲ အကြောင်းတိုက်ဆိုင်တိုင်း သတိရနေသည်။

သတိရတိုင်းပဲ ကိုယ့်ကိုယ်ကို ယုတ်မာမိခဲ့သူတစ်ယောက်အဖြစ် လီပ်ပြာမသန့်သလိုကြီး ခံစားမိနေရ၏။

လေဆိပ်အဆောက်အအုံထဲမှာ ဟိုဒီငေးနေမိသော်လည်း သူ့စိတ်က တော့ ထုံးစံအတိုင်း ညတစ်ညဆီ ရောက်သွားလိုက်..၊ လူတွေ ထိုင်ထ သွားလာနေတဲ့ဆီ ရောက်လိုက်..။

"ဟေး... အမယ်လေး.. လာကြိုတဲ့သူက ထိုင်ရာမထ,ပါလား ငွတ်ဒ်တယ်နော်"

"ဟန်ပန်.."

အားနာပြုံးနှင့် သူထိုင်ရာက ထ,လိုက်သည်။ ဟန်ပန် ကို မြင် လိုက်တော့လည်း အံ့သြစိတ်နှင့် ငေးသွားမိ၏။





ဟန်ပန် က ငယ်ငယ်ကလို ပိန်ရှည်ရှည် မေးဖျားချွန်ချွန်လေးနှင့်မဟုတ် တော့ဘဲ အရပ်ကြီးက မြင့်မြင့်မားမား၊ ကိုယ်လုံးလှလှနှင့် ပခုံးထိ ဆံပင် ဘွန့်တွန့်က စကားပြောနေတိုင်း၊ မျက်နှာလှည့်သွားတိုင်း နွဲ့ခနဲ ခါခနဲ..။

ပြီးတော့ အာမုလိမ်းခြယ်မထားသလို မျက်နှာပြောင်ပြောင်လေးမှာ နှုတ်ခမ်းနီရောင်လေးကလည်း မြင်ရုံပဲ တင်ထားသဖြင့် ရိုင်းလည်းမရိုင်း..။

ဝတ်ထားပုံကတော့ မျက်စိရှုပ်စရာပါ။ လက်တံတောင်ဆစ်နေရာ၊ ဘောင်းဘီခါးစပ်ဖုံးရုံနေရာတွေမှာ တိုင်းရင်းသားအင်္ကျီတွေလို တိုးလိုး တွဲလောင်းတွေနှင့်..။

"ဟေး.. ရှာန်..၊ လူလေးကို ကိုမျိုးက ကိုယ်စားလှယ်လွှဲလိုက် ပြီမို့လား"

"ဟာ.. အန်တီ..၊ ဟုတ်ကဲ့၊ ကျွန်တော်လဲ ဒီနေ့ ဒီဘက်ကိုကိစ္စရှိ လို့ လာရင်းနဲ့ပေါ့"

ဟန်ပန့် ဆီကနေ ဒေါ်အေမိညိုဆီ ကြည့်မိတော့ မအံ့သြမိတော့ပါ..။

နိုင်ငံခြားမှာ အနေကြာတဲ့သူပီပီ ခေတ်မီလှပသော ပြင်ဆင်မှုများ နှင့် အမေနှင့်သမီးက သိပ်ကွာသည့်တောင် မထင်ရပေ..။

ဒေါ်အေမိညို က သမီးဖြစ်သူကို ရှာန် ငေးသွားသည့်မြင်ကွင်း ကြောင့် ကျေနပ်သည့်အပြုံးတို့ နှုတ်ခမ်းမှာ တင်ကျန်ဆဲနှင့်..။

"ဒီမှာလေ.. မင်းရဲ့သူငယ်ချင်းက သိပ်ခြေရှည်တာ..၊ ပြန်ပါဆို တန်းပြန်မှာမဟုတ်တော့ ကိုယ်တိုင်လိုက်ပို့ရတာ၊ မဟုတ်ရင် သူက သမ်းမှာ ဟိုဆင်း ဒီဝင် လုပ်ဦးမှာ.."

"မလုပ်ပါဘူး မာမီရယ်..၊ သူများကို နာမည်ဖျက်နေပြန်ပြီ"

အားလုံးအတူတူ ကားရပ်တဲ့ဆီရောက်လာကြတော့ ဒေါ်အေမိညိုက...

"သမီးတို့ စကားပြောရအောင် ရှေ့မှာထိုင်လေ..၊ မာမီ နောက်မှာ ထိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ.."

ဟန်ပန့် ပုံစံလေးက တက်ကြွလွန်းနေ၏။ သူ့ဘေးမှာ ဝင်ထိုင်ပြီး သည်နှင့် ပခုံးချင်းထိမတတ် အနားကိုယိုင်လာကာ..

"ဟိတ်.. စီစီရီနဲ့ ဘာလဲ..၊ သတင်းတွေ ဟိုထိရောက်တယ်နော်"

"ဟင်!..."

ကြာပဲ ကြာခဲ့ပြီ..၊ ဈာန် မျက်နှာပျက်သွားတာကိုကြည့်ပြီး ဟန်ပန် က ရယ်သည်။ နေရာမှာ ခပ်မတ်မတ်လေး ပြန်ထိုင်ပြီးမှ ငဲ့ကြည့်ကာ...

"ဟိုကနေ သတင်းကြားတယ်ဆိုပြီး အံ့သြနေတာလား..၊ မအံ့သြနဲ့..၊ နင့်ရဲ့စီစီရီ က သြစည်ကို ရောက်လာတာ၊ ဟိုမှာတော့ သူတို့ သားအဖရဲ့ Life Style က တကယ့်အမြင့်စားပဲ၊ နင် သူ့ကို ဘာဖြစ်လို့ ရင်မခုန်တာလဲ..၊ လှလဲ လှတယ်၊ ရွေးချယ်မယ်ဆိုရင် ဘာမှကို လိုအပ်ချက်မရှိအောင် ပြည့်စုံတယ်"

"နင် ရွေးချယ်မယ်ဆိုရင်ရော အဲဒီလို ပြည့်စုံတာပဲ ရာမှာလား"

ပြန်မေးလိုက်တော့ ဟန်ပန် က ပခုံးလေးတွန့်သည်။

"အပေါ်ယံပြောရရင်တော့ ချောရင် သဘောကျမိမှာပဲ၊ ဒါပေမယ့် နင့်လိုရုပ်လေးတော့ သနားကမားရှိပါနဲ့၊ နှစ်ဆယ့်လေးနာရီလုံး မျက်နှာရှစ်ခေါက်ချိုးနဲ့ ရုပ်တုတ်ပုတ် မှုန်ကုတ်ကုတ်ကြီးဆို ဆောရီး"

"အင်း... ခုမှပဲ အသက်ရှုလို့ကျတော့တယ်"

နှစ်ယောက်သာမကပဲ နောက်မှာထိုင်နေသည့် ဒေါ်အေမီညို ပါ ရယ်သံထွက်လာသည်။

"သားနဲ့ သမီးကတော့ ငယ်ငယ်တုန်းကတိုင်းပဲနော်.."

"မတူပါဘူး..၊ ဈာန်က အရမ်းကိုချောလာတာ.."

ဟန်ပန့် မျက်ဝန်းလက်လက်လေးတွေမှာ ဝါကျလေးတစ်ကြောင်း ပေါ်သွားတာကို ဘယ်သူမှ သတိမထားမိ..။





ဈာန့်ကို ငယ်ငယ်ကတည်းက သူမက ဦးစားပေးနေရာမှာ ထားတာ ဖြစ်သည်။ မိဘချင်းကလည်း နှစ်အိမ်တစ်အိမ်လို ရင်းနှီးကြတော့ ငယ်ကျချင်သည့် ဈာန် က အရှုံးမပေးတတ်သည့် ဟန်ပန် နှင့် ဗိုလ်လုရင်း နှင့် ငယ်သူငယ်ချင်းလေးတွေ ဖြစ်ခဲ့ကြ၏။

အရွယ်လေးတွေရောက်လာလေ ဟန်ပန် က အလျှော့ပေးကာ သွားသွားတို့ကတော့ ဈာန့် ပုံစံ ခပ်ဆိုးဆိုးလေးကို သဘောမကျကြသဖြင့် သူနှင့် သိပ်မရင်းနှီးစေနဲ့ ဆိုတဲ့စကားတွေနှင့် ဖေဖေနှင့် မေမေ့ကို ခဏခဏ သတိပေးတတ်သည်။

ဖေဖေတို့က ဈာန့်ကို ဟိုတုန်းကတည်းက ချစ်ကြတာမို့ ကွဲကြသွားကြတဲ့အထိ ချစ်လျက်နှင့် ခွဲခွာကြတာမျိုး..။

"ဖေဖေနဲ့ အလုပ်အတူတူ လုပ်နေတယ်ဆို.. အဆင်ပြေလား"

"ပြေပါတယ်၊ လုပ်ဖြစ်တာ သိပ်တောင်မကြာသေးဘူး၊ ဒီနေ့ ပိတ်ထဲမှာ ပိတ်လှောင်နေသလိုလိုကြီး ဖြစ်လို့လေ..၊ ညှော်သည်တွေလဲ ဆောက်ဖို့ရှိနေတော့ ဒီတစ်နေကုန် ရုံးခန်းထဲမှာပဲ နေရတော့မှာ.."

"အဲဒါနဲ့ ဖေဖေနဲ့ ချောင်ထိုးခဲ့ပြီး နင်က လစ်ထွက်လာတာပေါ့"

"တစ်ယောက်တည်း မဟုတ်ဘူး မမ၊ ပူမွှဲနေနဲ့ ငါကလွဲရင် အားလုံး ရှိတယ်"

"ဒါပေါ့..၊ နင်တစ်ယောက်တည်း အသည်းကွဲနေတာကိုး"

"ပါလာပြန်ပြီ"

"ဟိုမှာလဲ အသည်းကွဲနေရှာတာ"

"စီစီရီ လား..၊ သူနဲ့ငါ ဘာမှမဟုတ်ပါဘူး၊ သူ ဘာပြောလို့လဲ"

ဈာန် က ကားမောင်းရင်း လှည့်မေးတော့ ဟန်ပန် က ရှေ့ဘို တည့်တည့်ကြည့်နေရင်း ပါးတစ်ဖက်မှာ လက်ညှိုးလေးထောက်၍...

"သူနဲ့ငါ မထင်မှတ်ဘဲ ဆုံဖြစ်သွားတာ..၊ သူက နင်နဲ့ငါ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေမှန်း မသိပါဘူး၊ သူ့အကြောင်း ရင်ဖွင့်ပြောရင်းနဲ့ ပါလာတ
ဘာရယ်လို့တော့ သေချာမပြောဘူး၊ နင် သူ့ကို အထင်လွဲတယ်ဆို
သူ ဖြေရှင်းခွင့်မရတဲ့အကြောင်းရယ်..၊ နင်ကလဲ နောက်ထပ် လုံး
အတွေ့မခံတော့တာရယ်..''

''သူပြောတာ ငါဖြစ်မယ်မှန်း ဘာလို့ သိတာလဲ..၊ နာ
ထည့်ပြောတာလား''

''ဟား... ဟား...''

ဟန်ပန် က လက်ဖဝါးနှစ်ဖက် ဖျတ်ခနဲတီး၍ ရယ်သည်။

''ချာန် ရယ်..၊ တစ်လောကလုံးမှာ ဒီနှာမည်နဲ့ လူတူ ဘယ်
ယောက် ရှိနိုင်မှာလဲ၊ နင်လို့ထင်လို့ အခု ငါ ကောက်မေးလိုက်တော
နင် တန်းသိသွားတယ်လေ..၊ ဘာကို စုံစမ်းရဦးမှာလဲ၊ ဟွန်း.. သူ့ကျော
စိစိရိနဲ့ ဘာတွေပတ်သက်ထားတယ်ဆိုတာ မပြောပြတဲ့ ဒီက သိချင်
တွေ အကုန်လာမေးတယ်၊ တစ်လုံးမှ ထပ်မပြောတော့ဘူး မမေးနဲ့..

''မေးစရာလဲ မရှိတော့ဘူး၊ ကျေးဇူးပဲ''

''ကြည့်စမ်း..''

ငယ်ငယ်ကလို ထုပစ်ချင်သည့်လက်က ရွယ်တော့ရွယ်မိသေး
သည်။ ဒါပေမယ့် ကိုယ့်လက်သီးဆုပ်လေးကို မသိမသာလေးပဲ လက်
တစ်ဖက်ထဲမှာ ပြန်ထည့်ဆုပ်ထားမိ၏။

ရာသီဥတု ကိုယ့်ဘက်မပါသေးဘူး ထင်သည်။





**အခန်း [ ၀၅ ]**

''ဘယ်လိုလဲ ကိုချာန်..၊ သေချာရင် ကြိုပြောထားနော်၊ ဒီပွဲမျိုးမှာ
ကိုယ့်လက်ဖွဲ့မျက်နှာငယ်လို့ မဖြစ်ဘူး။ ကြိုတင်စီစဉ်နိုင်အောင်...''

''မဟုတ်ပါဘူး ဦးချမ်း ရာ..''

ပြုံးနေသည့် သူ့မျက်နှာကိုကြည့်၍ ဦးချမ်းသာနဲ့ ကိုမင်းမြတ်
တို့က တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ခဲ့၏။

ခုဆို ကမ္ဘာ့အစည်းအဝေးတွေမှာ ဦးမျိုးညွန့်သာမက သူ့သမီး
ဟန်ပန် လည်း ပါလာသည်။ ဦးမျိုးညွန့်ကိုယ်တိုင် သမီးဖြစ်သူကို နေရာလွှဲ
ပေးတော့မှာဖြစ်ကြောင်းနှင့် အပ်နှံဖို့ဆိုတဲ့ကိစ္စကို ပဇ္ဇည်းလိုလို..၊ လူလိုလို..။

ရည်ရွယ်တာက ဘာကိုလဲဆိုတာ လူကြီးပိုင်းတွေအားလုံးက ရိပ်မိ
ကြပါသည်။ ဒါကို ချာန် မသိဘဲနေမလား..။

ကြည့်လိုက်တော့လည်း အပြုံးမပျက်မျက်နှာက လက်မခံချင်ပုံ
တစ်စက်မှ မမြင်သည့်မို့...

''နေပါဦး ကိုချာန် ရဲ့..၊ ဟန်ပန်နဲ့မင်းတို့က သူငယ်ချင်းတွေ
အား..၊ ချစ်သူတွေလား..၊ ခုမှတော့ ရှက်မနေပါနဲ့၊ ဒီလောက်အနီးဖက်
ရင်းနှီးနေကြတဲ့ဟာ..''

www.burmeseclassic.com



"အေလေ ဦးမျိုးကလဲ..၊ မင်းမှမင်း ဖြစ်နေတာပါ"

ခြေလှမ်းကျဲကျဲလှမ်းနေတာတောင် အမီလိုက်၍ မေးခွန်းတွေ ဆော့နိုင်..။ သူ့မှာ အဖြေမရှိပါ၊ ဟန်ပန့်ကို အားလုံးထဲမှာ ပို အလိုလိုက် ခင်မင်နေခဲ့တာလည်း မှန်သည်။

ဒါ ခုမှမှ မဟုတ်ဘဲ..၊ မရိုးသားစွာလား..၊ ရိုးရိုးသားသားလ သူ့ကိုယ်သူ တစ်ခါမှ ပြန်မမေးခဲ့မိပါ၊ သုံးယောက် အတူတူ ကော်ရင် ကနေ ပတ်လျှောက်လာခဲ့စဉ် ကုမ္ပဏီဝင်း၏အပြင် ကားတွေရပ်သည် ဘေးမှာ မြင်ကွင်းတစ်ခု..။

ဒီဘက်အတွင်းထဲမှာ ဂိတ်စောင့်ရှိနေသဖြင့် ထိုနေရာမှာ သံဆန် ကွက်တွေပဲ ခတ်ထား၏။ ကုမ္ပဏီဝန်ထမ်းဝတ်စုံနှင့် ဆံပင်ရှည်ပြ ပြန့်ဖဲနေလျက်..၊ သူမက အပြင်မှာပေမယ့် အနည်းငယ် အလှမ်း နေတာ မှန်သည့်တိုင်...

ဘယ်ကနေဖြစ်ဖြစ် ဖျတ်ခနဲ..၊ ရိပ်ခနဲ မြင်လိုက်ပါစေ သူ သူ မှတ်မိသည်။ မြင်ကွင်းထဲမှာ သူမရှေ့မှာ ယောကျ်ားလေးနှစ်ယော နှင့်ဖြစ်ကာ တစ်ယောက်က ကားတစ်စီးမှာ ကျောမှီရပ်နေ၏။

တစ်ယောက်ကတော့ သူမနှင့် မျက်နှာချင်းဆိုင်ရပ်ရင်း ပိုက် ပေးနေသည်။ ပိုက်ဆံအိတ်ကိုဖွင့်ကာ သူမ ဘာရှာနေမှန်းမသိဘဲ ယောကျ်ားထွက်သွားတာကို အတင်းပြန်ဆွဲထား၏။

သူ မျက်နှာလွှဲပစ်လိုက်မိသည်။ ဒီမိန်းကလေး ရိုးပုံရိုးပန်း ဘာလဲ..။

လူတစ်ယောက်ကို ဝတ်စားဆင်ယင်ပုံကြည့်ရုံနှင့် ဆုံးဖြတ်မရ ဆိုတာ မှန်နေပြီ ထင်၏။ တကယ်ဆို ကလေးတစ်ယောက်နှင့် သူမမှာ

ကျွတ်.. ဘာမှမဆိုင်တာကို..။

သူ ကားသော့ထုတ်၍ တမင် အသံမြည်အောင် ခါပစ်လိုက်





ည်။ ဘာသံနဲ့ဖုံးဖုံး စိတ်မျက်ဝန်းထဲက ပုံရိပ်တွေကို ဖယ်ပစ်လို့မရတာ ကိုယ်သူလည်း သတိမထားမိခဲ့ပါ။ ကားပေါ်ကိုတက်ကြပြီးမှ...

"ဟေး..."

လက်ခုပ်တီးသံလေးနှင့်အတူ ဟန်ပန် က မီးခိုးရောင် ဘောင်းဘီရှည် နှင့် ခြေလှမ်းကျဲကျဲ လှမ်းလိုက်လာတော့ စက်မနှိုးဘဲ စောင့်နေလိုက်၏။

"ထမင်း သွားစားကြမလို့မို့လား"

"ဟုတ်တယ်..၊ လိုက်မလို့လား"

"သွားပါ၊ ခုမှ..."

ဟန်ပန် အနားရောက်မလာခင် ဦးချမ်းသာ က ပြန်ဆင်းပြီး နောက် ထိုင်လိုက်၏။ ဟန်ပန် ကလည်း ရှာနံ့ ဘေးမှာ ဝင်ထိုင်လိုက်ကာ...

"ဒီမှာ ဗိုက်ဆာနေပါတယ်လို့ ပြောထားတာတောင်မှ တော်တော် အားကိုးရတယ်နော်.."

"အားကိုးရပါတယ်ဗျာ..၊ မဟန်ပန် အကြောင်း ခုပဲ ပြောနေကြ တာပါ"

"ဟင်... ဟုတ်လား"

ကိုမင်းမြတ် ဝင်ထောက်ပေးလိုက်တော့ ဟန်ပန့် မျက်ဝန်းလေးတွေ ဆီ လက်လာ၏။ ပြောမိလို့လား..၊ သူ့ကိုယ်သူ ပြန်တွေးကြည့်ပြီး သေချာသေးခင် ပြုံးပြလိုက်ရသည်။

တော်တော် အပို့ကောင်းတဲ့လူတွေ..။

သူ ပြုံးနေတော့ ဘာတွေထင်ကုန်ကြသည် မသိ။ သူကတော့ ယ်ကို ရယ်ချင်နေတာပါ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၆ ]

"ကောင်းသစ်"ဆောက်လုပ်ရေးကုမ္ပဏီထဲကို သူ ဝင်ခဲ့တော့ ဘယ်ကို မှ မကြည့်မိပါ။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ရင်း တစ်ဖက်က မျက်မှန်ကို ကိုင်ထားခဲ့၏။

ဘယ်သူ့ကိုမှလည်း မမေးဘဲ တောက်လျှောက်ဝင်ခဲ့ပြီးမှ ရုံးခန်းရှေ့မှာ "အစည်းအဝေးရှိသည်၊ မဝင်ရ"ဟု ယာယီဆိုင်းဘုတ်လေး ကပ်ထားတာ မြင်တော့ ခြေလှမ်းရပ်သွား၏။ ဘေးစားပွဲကို ငဲ့ကြည့်ပြီး ရှေ့မှာရပ်ကာ…

"ဒီမှာ…"

"ရှင်…"

ညွှန်သည်ဆို ကြိုဆိုရမည့်ဆိုသည့်အသံနှင့် ကာရံ ပျာပျာသလဲ မေးလိုက်ပေမယ့်…

"ဟင်…"

နှုတ်ဖျားမှမင် အသံထွက်သွားခဲ့၏။ ကိုယ်ရှေ့မှာ ဒီလို ဘွားဘွားကြီး ရောက်လာမည်ဟု မထင်ခဲ့ဘဲ…။ မျက်နှာက ချက်ချင်းနီရဲတက်သွားသော်လည်း ဒါ ကိုယ့်ပိုင်နက်မဟုတ်…။

"ဘာကိစ္စရှိပါသလဲ…၊ အမိန့်ရှိပါ"

"ဦးရာဇာအောင် ကို ဒါလေး ပေးပေး…"





သူက ဖိတ်စာတစ်စောင် ရှေ့မှာ ချပေး၏။ ဒါပေမယ့် ဖိတ်စာ ကမ်းတာ မဟုတ်ပါ။ အိတ်ထဲမှာ ဖိတ်စာမဟုတ်ဘဲ တစ်စုံတစ်ခု သောပစ္စည်းလေးကို မြင်လိုက်သဖြင့် ကာရံ ဆတ်ခနဲ ဖြစ်သွားကာ…

"ရှင်က 'အလင်းတန်း'စက်မှုဖိုက်ကလား"

သူက ခေါင်းမညိတ်ဘဲ လက်နှစ်ဖက်စလုံး ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး လျှောတိလျှောရဲ ရပ်နေခြင်းဖြင့် သူမကို စိုက်ကြည့်၏။

"ဟုတ်တယ်၊ အဲဒီပစ္စည်းကို ဦးရာဇာ လက်ထဲရောက်အောင် ထည့်လိုက်…၊ ငါကိုယ်တိုင်လာသွားတယ်လို့ ပြောပေးရင် ရပြီ"

"ဒီမှာ…"

သူ ပြန်ထွက်လိုက်ပြီးမှ ရပ်နေလိုက်သည်။

"သူ့ဒွေး ရှင့်ကို စောင့်နေတယ်…၊ အဲ…ဒါကို စောင့်နေတာ၊ အောက်ထပ်က နားနေခန်းထဲမှာ…"

"ငါက သွားတွေ့ရမယ်ပေါ့"

"မဟုတ်ပါဘူး…၊ ကျွန်မ သွားအကြောင်းကြားပေးမယ်၊ ဒီမှာ ထိုင်စောင့်ပေးပါ"

ကာရံ နေရာမှထရပ်ပြီး မတ်တတ်လေးကနေ ဖိုင်တွေကို ဆွဲဖယ်လိုက်၏။ ပြီးမှ ကွန်ပျူတာရှေ့က ခွာကာ…

"ခဏလေး…"

"နေဦး…"

သူ့နှာခေါင်းမှာ သနပ်ခါးပန်းနံ့ တစ်ချက်ဝေ့သွားသဖြင့် မျက်လုံး သူမခေါင်းမှာပန်ထားသည့် သနပ်ခါးပန်းတွေဆီ ရောက်သွား၏။ ကြောင့်လား…၊ တကယ် လိုက်သွားချင်တာလား မသိနိုင်ဓိ သူမ ခြေလှမ်းတွေကို ရပ်တန့်စေလိုက်မိလျက်…။

သူမကလည်း စကားလေး ချိုချိုသာသာပြောနေသော်ငြား ပြန်လှည့်

www.burmeseclassic.com



ကြည့်လာသည့် မျက်ဝန်းထဲမှာ မီးတောက်တွေနှင့်··။

"ငါ တစ်ခါတည်းလိုက်မလို့··"

သူမက ရှေ့ကနေ ချာခနဲ လှည့်ထွက်သွား၏။ အုပ်ခဲညိုမောင်းသည့် ဆံနွယ်များတို့ ဝှေ့ခနဲခါသွားလျှင် တင်းပြည့်လှပသော ကျောပြင်လှလှလေးက သူ့မျက်ဝန်းတွေကို ညှို့ငင်သွားခဲ့၏။ ပြီးတော့ နောက်မကျတကျလေးမှာ ကလစ်လေးနှင့် ဖြစ်သလိုညှပ်ပန်ထားသည့် သနပ်ခါးပန်းခက်တွေ··။

ထိုဆီမှ မွှေးနံ့တသင်းသင်းကြောင့် သူ့ကိုယ်ခန္ဓာဟာ ဘယ်လိုအရာနှင့် တုပ်နှောင်ဆွဲယူခြင်းခံရမှန်းမသိဘဲ ရင်ခုန်သံတွေ မြန်လာသည်။

ပန်းရနံ့တစ်ခုတည်း မဟုတ်ပါ၊ ကိုယ်သင်းနံ့ ဟုတ်သည်··၊ သူ့ ခဏလေးပဲ ရင်းနှီးခဲ့ရပေမယ့် ဒီကိုယ်သင်းနံ့ကို နှာခေါင်းထဲမှာ စွဲနေခဲ့တာ··။

အုပ်ခဲဝဲဖြာနေသည့် ဆံနွယ်ရှည်တွေကို နောက်ကနေ ငေးစိုက်ကြည့်နေရင်း သူ ဘာလုပ်ရမှန်းမသိ ဖြစ်လာ၏။ သူမမှာ အိမ်ထောင်ရှိနေပြီ၊ ကလေးလည်း ရှိနေတာ တစ်ယောက်မှ ကရဲ့လား။

ဒါဆို သူနှင့် ဘာဆိုင်တော့လို့လဲ··။

'မင်း ဘယ်သူလဲ··၊ ဒီလိုအဖြစ်တွေ ရှိခဲ့လား'လို့ လက်ဆွဲမေး လိုက်ရမှာလား··။ ရှိခဲ့တယ်ဆိုရင်ရော ဒါက တောင်းပန်လိုက်ရုံနဲ့ ပြီးသွားမယ့်ကိစ္စလား··။ ဒါမှမဟုတ် သူမက ရိုက်နှက်အပြစ်ပေးချင်ပါသည်ဆို လည်စင်းပေးလိုက်ရမှာလား··။

'လား'မေးခွန်းတွေ မြောက်မြားစွာဖြစ်လာခဲ့ပြီး အဖြေက မရှိ··

ဒါတွေမဟုတ်ဘူးဆိုလျှင် အတိတ်ကို ပြည်ဖုံးကားချလိုက်တော့ ရှာန်·· ထားခဲ့လိုက်တော့··၊ ကိုယ့်ကိုယ်ကို စီရင်ချက်ချပေးလိုက်၏

ရှင်းလင်းသည့်အဖြေဘာစ်ခု ထွက်လာတာမျိုး ရင်ထဲမှာ မငြိမ်းချမ်းပါလား၊ ကုမ္ပဏီမှာအစည်းအဝေးရှိတော့ လူတွေ မစုံကြတော့ပေ··

ထို့ကြောင့် စားပွဲတိုင်းမှာ လူမရှိသလို၊ သူတို့ လှေကားကနေ





ဆင်းလာကြတော့ လူတစ်ယောက်မှမရှိဘဲ ဖြစ်နေ၏။

"အား···"

ဂရုစိုက်လို့ကို မှားတာထင်သည်။ ခြေလှမ်းမှန်မှန်နှင့် ဆင်းလာပြီးကာမှ အဆုံးရောက်တော့ ဆီးစေ့ကို ဒေါက်ဖိနပ်နှင့်နင်းမိပြီး ခြေထောက်ချော်ထွက်သွား၏။ နောက်ကို လည်ထွက်သွားသည့်ကိုယ်က သူက လှေကားဆုံးလို့ ဘေးရောက်လာတာမို့ ဆွဲဖက်လိုက်သလို ဖြစ်သွား၏။

ဒီစိတ်တွေနှင့်ပဲ တွေးတောနေမိတုန်းမို့ ရှာန် ဆွဲဖက်လိုက်တာ အရှိန်လွန်ဖြစ်သွား၏။ သူမတစ်ကိုယ်လုံး သူ့မျက်နှာအောက်မှာ တင်းတင်းကျပ်ကျပ်လေး ပါလာခဲ့သည်။

"ရှင်···"

ကာရံ ဘာပြောမလို့မှန်းလည်း ကိုယ့်ကိုယ်ကိုယ် မသိတော့၊ ရုန်းထွက်ဖို့လည်း မေ့သွားတာ သူ့ကို အလန့်တကြား မော့အကြည့်မှာ မျက်လုံးချင်းဆုံမိလျက် စက္ကန့်များစွာ မိုက်ခနဲ ကြွေ၏။

"မင်း ဘယ်ကလဲ"

"အို ဖယ်ပါ"

သူ မေးလိုက်မိပေမယ့် လွှတ်ခနဲ··၊ သူမကလည်း ဆောင့်ခါရုန်းဖယ်ပြီး အပြေးတစ်ပိုင်း ထွက်သွား၏။ သူမ နောက်ကနေ ဆက်လျှောက်ခဲ့ရပေမယ့် ခေါင်းထဲမှာ ဒီနေ့အတွက်အစီအစဉ်တွေ ပျောက်ရှသွားခဲ့တာသေချာသည်။

ဟိုအရင်အတိတ်ဟာ သူမနဲ့ သက်ဆိုင်နေနိုင်သလား၊ ဆိုင်ဆိုင် ဆိုင်ဆိုင် ဒီလိုအထိအတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်ကတော့ အတိတ်နှင့်အခု ထပ်တူညီနေခဲ့၏။ သူ့ရင်ထဲမှာ ဖြစ်လာတာက··

မြူတွေဆိုင်းတဲ့ လပြည့်ညလို့··။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၇ ]

အတွေးတစ်ခုဝင်ပြီဆို ခေါင်းထဲမှာ ကြာကြာမထားတတ်ခဲ့ဘဲ ခုကျမှ တွေးပြီးရင်းတွေးနေမိတာ အစားအသောက်ပျက်ရတဲ့အထိ··။

ဒရင်းမ်ဘက်ပေါ်မှာထိုင်ရင်း သက်သောင့်သက်သာ လှဲနေချင်စိတ်လည်း မရှိပါ။ ခြေချထိုင်၍ ဒူးပေါ်မှာ တံတောင်နှစ်ဖက် တင်ထားသည်။

လက်ကြားထဲက စီးကရက်မှ ဖြူလွှသော မီးခိုးညွန့်လေးတွေက ငြိမ်သက်စွာ ထိုးတောင်ထွက်နေတာ အထက်သို့ တည့်တာည့်မတ်မတ်··။

သူမနာမည်က 'လကာရ်'၊ မောင်ဖြည့်ထားတာကတော့ ဇာတိက ရန်ကုန်ပဲ ဖြစ်သည်။ ဒါပေမယ့် ကိုမင်းမြတ် ပြောသည်၊ မှတ်ပုံတင်က အသစ်တဲ့··။

သူမ ဘယ်ဇာတိဖြစ်နိုင်သလဲ··၊ ရန်ကုန်ဇာတိဖြစ်နေတော့ကော ပဲခူးသွားတဲ့လမ်းဘေးကို ရောက်မနေနိုင်ဘူးလား၊ မဟုတ်သေးပါဘူး··။

သူ ခေါင်းတွေ နောက်ကျိလာအောင် တွေးနေလည်း အဖြေက မရပေ။ ဘယ်ရွာနေနေပါ၊ လမ်းမနဲ့နီးနီးလေးမှာ တဲထိုးနေသည်ဖြစ်စေ၊ အချိန်မတော် လမ်းဘေးမှာရောက်နေဖို့ဆိုတာ မိန်းမကောင်းတစ်ယောက်အတွက်က ဘယ်လိုမှမဖြစ်နိုင်··။





ဒါဆို သူဟာ ယုတ်ညံ့အောက်တန်းကျတဲ့ မိန်းမတစ်ယောက်နှင့် မှားယွင်းငြိစွန်းခဲ့တာလား··၊ မဖြစ်နိုင်··၊ အသိစိတ်က အသေအချာကြီး ငြင်းဆန်နေခဲ့၏။

မှားယွင်းခဲ့တာကို သူ သိသည်။ မူးခဲ့သည့်နောက်ပိုင်းမှာလည်း သတိရနေခဲ့သည်။ ထို သတိရခြင်းဟာ ပြီးဆုံးကျန်ရစ်ခဲ့တာကို အမှတ်တမဲ့ သတိရတာမျိုးမဟုတ်ဘဲ ကိုယ့်ရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခု ပဲ့ထွက်ပျောက်ဆုံးခဲ့တာမျိုး··။

ဒီအတွေးတွေ ဝင်လာပြီဆို ဘဝကြီးတစ်ခုလုံးက ဘာမှအဓိပ္ပာယ် မရှိသလိုလို··။

သူဟာ ပြစ်မှုတစ်ခုတစ်ရာ ကျူးလွန်ထားခဲ့ပြီး လူသူမသိအောင် နှစ်လများစွာ ဖုံးဖိကာကွယ်နေရသူလို ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုက ကျောမှာ ကပ်နေသလိုလို··၊ ရင်ခွင်ထဲမှာ ပိုက်ထားရသလိုလို··။

မှောင်နှင့်မည်းမည်း ကျန်ရစ်ခဲ့သောအတိတ်သည် လမသာပေမယ့် ကြယ်တွေစုံတဲ့ညလို မှုန်ဝါးဝါးတော့ မြင်လာခဲ့ရ၏။

'လကာရ်' ကလေးတစ်ယောက်နဲ့ သူမဟာ···

"အစ်ကိုလေး···"

တံခါးခေါက်သံနှင့် ခေါ်သံက နားထဲမှာ အကျယ်ကြီး ထမြည်သွား၏။

"ဘာလဲ"

"အပြင်မှာ အန်ကယ်လ် ဦးမျိုးညွန့်တို့ ရောက်နေတယ်"

"အေး··· လာခဲ့မယ်"

စီးကရက်ကို ခွက်ထဲ လှမ်းထည့်လိုက်သည်။

ရင်ဘတ်ပိုင်းဖွင့်ထားသည့် ရှပ်အင်္ကျီကြယ်သီးတွေကို အောင်ပြန်တပ်၍ အပြင်ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှာန်...၊ မင်း ဒီမနက် မလာဘူးဆိုတော့ ပရော့ဂျက်အသစ်အတွက် ဧည့်သည်တွေနဲ့ချိန်းထားတာကိုများ မေ့နေလို့လားလို့"

ဦးမျိုးညွန့် က သူ့ကိုမြင်တာနှင့် လှမ်းပြော၏။

"ကျွန်တော် မမေ့ပါဘူး၊ ဟိုဘက်က ဧည့်သည်ဆိုတာလဲ ရင်းနှီးပြီးသားလူတွေဆိုတော့ မနက်ကတည်းက ဖုန်းဆက်ပြီး ပြောထားလိုက်တယ်"

"ဪ..."

"ကျွန်တော် ညက အိပ်မပျော်တာနဲ့ ခေါင်းတွေနောက်နေလို့"

"အိပ်မပျော်ဖြစ်မှာပေါ့၊ ဘာတွေ တွေးနေလဲမှ မသိတာ"

ပန်းချီကားတွေလျှောက်ကြည့်နေသည့် ဟန်ပန် က ဒီဘက်ကို လှည့်လာရင်း ခပ်တည်တည်လေး ဝင်ပြော၏။

"ခုတစ်လော ကုမ္ပဏီမှာ လူသစ်တိုးလာတယ်ဆိုပြီး ခဏခဏ ချောင်းနိုဖို့ မကြိုးစားနဲ့နော်၊ လုံးဝ မရဘူး"

"သမီးကလဲကွယ်...၊ ရှာန် တစ်မျိုးထင်သွားပါ့မယ်"

"ထင်ထင်ပေါ့"

ရှာန် က ပြုံးလိုက်ပြီး ဦးမျိုးညွန့်ရှေ့မှာ ဝင်ထိုင်လိုက်၏။

စားပွဲပေါ်မှာ ကော်ဖီနှင့်မုန့်တွေ ရောက်နေပြီမို့ ဒါတွေ ပြင်ဆင်ခိုင်းထားပြီးမှ စိုးနိုင် သူ့ကိုလာခေါ်တာမှန်း သိလိုက်သည်။

သိပ်တော်တဲ့ တပည့်...။

အစစအရာရာ တိုင်ပင်လို့ရသည်၊ နှုတ်လုံ၍ သစ္စာရှိခြင်းမှာ စိုးနိုင် က လူငယ်သလောက် ယုံကြည်ထိုက်တဲ့သူပါ...။

"ကဲ... ဒါဆို လက်မှတ်ထိုးဖို့ စာရင်းတွေတွဲထားတဲ့ဖိုင် သမီး ဖွင့်ပေးလိုက်လေ"

ဟန်ပန် က လက်ပ်တော့ပ်ကို အရင်ထုတ်ပြီးမှ ဖိုင်ကိုဖွင့်သည်။

သူ လက်မှတ်ထိုးနေတုန်း ဦးမျိုးညွန့် က ကော်ဖီကို နှစ်ငုံလောက်





ယူသောက်၏။

ပြီးတော့ ပြန်ချကာ...

"အခု အန်ကယ်လ် ရှယ်ယာဝင်ထားတဲ့အပိုင်းမှာ တချို့က အမြင်ဆောင်းတာများ ရှိနိုင်မလား ရှာန်"

"ဘာဖြစ်လို့လဲ"

"အင်း.. ပြောရရင် တစ်စုံတစ်ယောက်ကို ထိခိုက်သွားတာမျိုးလဲ မဖြစ်စေချင်ဘူး၊ ဒီလိုကွာ.. ကျုပ်တို့ရှယ်ယာရှင်တချို့က မင်းနဲ့ အကျိုးတူ ပူးပေါင်းချင်တယ်၊ မင်းက လက်မခံဘူး၊ အန်ကယ်လ်ကိုတော့ မင်း လက်ခံခဲ့တယ်လေ..၊ အခု ရှယ်ယာအများဆုံးက မင်းကလွဲရင် အန်ကယ်လ် ဖြစ်နေတော့..."

ဦးမျိုးညွန့် စကားရပ်သွားပြီး တော်တော်ကြာ ရှေ့မဆက်တော့မှ...

"သိုးငယ်တစ်ကောင်အတွက် ပတ်ဝန်းကျင် လိုအပ်ပေမယ့် ကျားတစ်ကောင်အတွက် မလိုပါဘူး၊ ကျွန်တော်နဲ့ အန်ကယ်လ်တို့ အလုပ်လုပ်ကြတာ စီးပွားရေး၊ ဆန္ဒမဲ့အတွက် မဟုတ်ဘူး၊ အဲဒါတွေ ခေါင်းထဲ ထည့်မနေပါနဲ့"

"ဟုတ်ပါ[illegible]ပေမယ့် အဲဒါကအစပြုပြီး..."

ဦးမျိုးညွန့် မျက်လုံးတွေက သမီးဖြစ်သူဆီ ဝေ့ခနဲ ရောက်သွားကာ...

"လူမှုရေးကိစ္စတွေကိုပါ မထိတထိ ပြောဆို စ,နောက်လာကြတာ ရှိတယ်၊ အဲဒါ..."

"အို... ဒယ်ဒီကလဲ..၊ ရှာန်နဲ့သမီးတို့ထက် ရင်းနှီးတဲ့သူ ဘယ်သူရှိဦးမှာလဲ..၊ အစကတည်းက ဒီလိုပဲ နေလာကြတဲ့ဟာ၊ ဘယ်သူ ဘာထင်ထင်ပေါ့၊ ဘာလဲ... သမီးတို့ကတောင် ခင်မင်မပျက်နေကြတာကို ရှာန် က ကဲ့ရဲ့ခံရမှာ ကြောက်နေတယ် ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန် က ဟိုပြောသလိုလို ဒီဘက်ကို မေးသလိုလိုနှင့် မျက်ဝန်းလေးတွေက ဟိုရောက်လိုက်၊ ဒီရောက်လိုက်…။

"ဟုတ်ပါတယ်…၊ အဲဒါလဲ ကျွန်တော် သိတယ်၊ ကျွန်တော့်ကိုလဲ တရင်းတနှီး နောက်နေကြတာပဲ"

ဦးမျိုးညွန့် မျက်နှာကြီးက သူ့ရဲ့စကား လိုရင်းမရောက်တဲ့အတွက် အားမလိုအားမရ ဖြစ်နေပုံပါ၊ ဒီစကား ဒီမှာပဲ အဆုံးသတ်သွားပေမယ့်…။





## အခန်း [ ၁၈ ]

"သားသား ဖြည်းဖြည်းစားလေ…၊ ပါးစပ်တွေပေအောင် မစားနဲ့လေ"

စားသောက်ခန်းထဲကို ဝင်လိုက်ကတည်းက ဒီအသံကို ကြားလိုက်သဖြင့် လှည့်ကြည့်မိပြီးသား ဖြစ်သွားသည်။

ကာရံ က သပြေညိုရောင် ပခုံးကျ ဆင်ဝတ်စုံလေးနှင့် ဆံပင်တွေကို အနက်ရောင်ကလစ်လေးနဲ့ နောက်မှာ ရိုးရိုးလေး ညှပ်ချထား၏။

ပလာဇာအပေါ်ထပ်ကိုရောက်တိုင်း သူ ဒီမှာ ကြက်ဆီထမင်း စားနေကျ။ အောက်မှာပဲ ဟန်းဆက်လဲသည့်ကိစ္စ ပြီးပေမယ့် တမင် အပေါ်တက်ခဲ့တာ ဖြစ်သည်။

သူ့ကို သူမက မမြင်ပါ။

ထိုင်နေလျက်ကနေ ကလေးရဲ့ပါးစပ်ကို တစ်သျှူးနှင့် လှမ်းသုတ်ပေးနေ၏။

ရှာန် က သူမနှင့် ခပ်စောင်းစောင်းစားပွဲမှာ ထိုင်လိုက်သဖြင့် သူမနှင့်မတည့်ပေမယ့် ကလေးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ဝယ်လာသည့် ဟန်းဆက်အနက်က ကလေးကို ညှို့ယူလိုက်သလို ဖြစ်သွားကာ မျက်လုံးလက်လက်လေးတွေ သူချထားလိုက်တဲ့ ဟန်းဆက်မှာ စူးစိုက်လာ၏။

ပြီးတော့ ဝင့်တက်လာသည့် မျက်ဝန်းတို့သည် သူ့မျက်နှာထက်မှာ စူးစိုက်နေပြန်ကာ…

"သားသား ငေးနေပြန်ပြီကွာ…၊ မိုးတွေရွာတော့မယ်၊ မြန်မြန်စား"

ကလေးက မအေ့အသံကြားမှ ပြန်လှည့်သွားကာ…

"မေမေပဲ မြန်မြန်စားနေတော့ ပေကျံကုန်မယ်တဲ့၊ သားသားက ဟိုဦးဦးကို ကြည့်နေတာ"

"ဘာ…"

သူမမျက်လုံးတွေ သူ့ဆီ ရောက်လာမှာကိုသိကာ မျက်မှန်တပ်ပစ်လိုက်ပြီး တစ်ဖက်လှည့်နေလိုက်၏။

"မကြည့်နဲ့…၊ သူများကို အဲဒီလို မမိုတ်မသုန်ကြည့်တယ်ဆိုတာ ရိုင်းပျတာလို့ ခေါ်တယ်၊ မကြည့်ရဘူးနော်…၊ မုန့်ကုန်အောင်စား…"

"မေမေ…"

"ဟင်…"

"အဲဒီဦးဦးက တယ်လီဖုန်းတွေ အများကြီးပဲနော်…၊ ဟိုအရင်တစ်ခါလဲ သားသားကြောင့် ဖုန်းလွတ်ကျပြီး ကွဲသွားတယ်လေ၊ မေမေက မမှတ်မိဘူးလား၊ သားသား မှတ်မိတယ်"

သားလေး စွဲမြဲမှတ်သားတတ်တာကို ကာရံ သိသည်။ ဒါပေမယ့် ကြာပြီမို့ သား ဒီလူကို မှတ်မိနေတာကတော့ အံ့သြစရာပင်…။

ရှာန် ကလည်း မှတ်မိသွားပါသည်။ ဒါပေမယ့် ဖုန်းကျကွဲသည့်ကိစ္စက မဟုတ်ပါ။ မူကြိုကျောင်းရှေ့မှာ သူများကို ခြေထောက်





သွားကန်တဲ့ချာတိတ်လေးမှန်း သိလိုက်ဘာဖြစ်၏။

ကလေးရဲ့မှတ်ဉာဏ်လေးကို သူ သဘောကျသွားသဖြင့် ပြုံးလိုက်မိသည်။ ဒါကိုလည်း ချာတိတ်လေးက ငေးစိုက်နေခဲ့တာ မျက်လုံးတစ်ချက်မှ မရွေ့…။

ထိုစဉ် ကလေးရဲ့ဘေးမှာ တင်ထားသည့် ကြိုးသိုင်းလွယ်အိတ်လေးထဲကနေ ဘောလုံးလေးတစ်လုံး တဒေါက်ဒေါက်နှင့် ခုန်ပေါက်ကျလာ၏။

"ဟာ…"

ကလေးက အသံလေးထွက်လျက် စားနေသည့် ခွန်း,ခရင်းကိုချကာ ခုံပေါ်ကနေ လျှောဆင်း၏။

"အို… သားသား မဆင်းနဲ့…၊ ပြုတ်ကျမယ်"

ပြောနေရင်း ကလေးက ကြမ်းပေါ် ခြေချမိသွားကာ ဘောလုံးသေး လိမ့်သွားသည့်နောက် ပြေးလိုက်၏။ ဘောလုံးက သူ့ခြေဦးထိပ်နှင့်တိုက်မိပြီး ခြေနှစ်ဖက်ကြားမှာ ရပ်တန့်သွားလေသည်။

သူ့မျက်နှာ နည်းနည်းတိမ်းပြီး ငုံ့ကြည့်လိုက်တော့ ဘောလုံး ခြေထောက်ကြားထဲ ရောက်လာတာကို မြင်လိုက်သည်။ ပြန်ငဲ့ကြည့်လိုက်တော့ ဒီဘက်မှာ ကလေးက လက်ပိုက်လေးရပ်လျက်…။

"ဦးဦး သားသားကို ဘောလုံးပြန်ပေးပါ"

"ဟင်… မင်းဘောလုံးကို ဦး ကောက်ယူထားလို့လား"

"ဒါဆို သားသား ကောက်ယူလိုက်မယ်နော်"

ကလေးက လိမ္မာရေးခြားရှိလွန်းပါ၏။ သူ့ဘာသာ ခုံအောက်ကို ဒူးနှကွဝင်ဖို့ပြင်တော့မှ သူ ပြုံးလိုက်ကာ…

"နောက် နည်းနည်းဆုတ်နေ…၊ အပြင်ကို ထုတ်ပေးလိုက်မယ်"

ခြေထောက်နဲ့ အသာလေးထိန်းပြီး တွန်းပေးလိုက်တာနှင့် ဘောလုံး

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးက ကလေးရှေ့ကို လိမ့်ထွက်လာခဲ့၏။

"အယ်... ရပြီ၊ ထွက်လာပြီ"

ကလေးက ဘောလုံးကိုကောက်ယူလိုက်ပြီးမှ ထွက်မသွားသေးဘဲ သူ့ဘေးမှာ ချထားသည့်ဖုန်းကို ခြေဖျားလေး ထောက်ကြည့်သည်။ ပြီးတော့ သူ့ကို ပြန်ကြည့်၍...

"ဦးဦးက နာမည် ဘယ်သူလဲဟင်..."

"ဘာလုပ်မလို့လဲ"

"မေမေက သင်ပေးထားတယ်၊ တစ်ခု အကူအညီတောင်းမိရင် ကျေးဇူးတင်ပါတယ်လို့ ပြောရတယ်တဲ့"

"နာမည်မေးပြီး မိတ်ဆက်ရတယ်လို့လဲ ပါလား"

"ဒီမှာ..."

အနားမှာ ရောက်လာသည့် သူမထံ ဈာန် က မချိုမချဉ်မျက်ဝန်းများနှင့် မော့ကြည့်၏။

"ရှင့်နာမည်လဲ ပြောဖို့ မလိုဘူး၊ တင်တင်စီးစီးတွေပြောပြီး ပါး အရသာမခံပါနဲ့..၊ ကလေးကို ကျွန်မက လူမှုစည်းကမ်းတွေ သူ နားလည် နိုင်သမျှ သင်ပေးထားတာ၊ ဗရုတ်သုတ်ခ ပြောဆိုတတ်တဲ့ ရှင့်အကျင့် တွေ ကူးစက်ကုန်ပါ့မယ်၊ လာ.. သား..."

သားကို ပြန်ဆွဲခေါ်လာကာ ခုံတွေ ဒီရှေ့ဟိုရှေ့နှင့် ကလေးတော့ ကိုယ်ရော သူ့စားပွဲကို ကျော်ခိုင်းထိုင်ပစ်လိုက်သည်။

သားလေးက သူမမျက်နှာကို မော့ကြည့်လိုက်၊ နောက်ပြ လှည့်ပင်းလိမ်ကြည့်လိုက်..၊ ကလေးရှေ့မှာ ဒီလို သည်းမခံတတ် စရိုက်ဆိုးမျိုးတွေ ဖြစ်ကုန်တာတော့ စိတ်မကောင်းပါ။ ဒါပေမယ့် တဲ့ပုံက ကြည့်..။

ကိုယ်ကမဲ့ နာမည်သိချင်လို့ ကြံဖန် ကြိုးစားတာလိုလို..။





"တောက်..."

"မေမေ ဘာဖြစ်လို့ ဒေါသထွက်နေတာလဲဟင်..၊ ဟိုမှာ ဦးက ပြုံးပြနေတာကို"

"ဘာ.."

လေသံမာသွားပြီးမှ ပြန်လျှော့လိုက်ရ၏။ ဒီလူ ဘာအချိုးချိုးတာ လဲ..။

"သားသား မြန်မြန်စားနော်..၊ မေမေက အိမ်မှာ သန့်ရှင်းရေး လုပ်ဖို့တွေ ရှိသေးတယ် သားရဲ့..၊ တစ်ပတ်မှ တစ်ရက်ပဲအားတာ၊ တစ်ပတ် မလုပ်ဖြစ်လိုက်ရင် နောက်အပတ်ကျ မေမေ မနိုင်မနင်းဖြစ် နေမှာ.."

"သားသား ဗိုင်းကူမှာပေါ့၊ မေမေ ကြမ်းတိုက်ရင် သားသားက ခိုင်းပြောပြမယ်"

သားလေးမျက်နှာကိုကြည့်ကာ ဒေါသမောဟတွေ ပိန်းကြာဖက်မှာ ရေတင်သလို အားလုံး လျှော့ကျပျောက်ရှကုန်၏။

"ပြီးတော့ မေမေ မီးပူတိုက်ရင် သားသားက တိုက်ပြီးသားအင်္ကျီ ဗီရိုထဲထည့်ပေးမယ်"

"အေးဝါ သားသားရယ်..၊ သားသားက သိပ်လိမ္မာတာပဲ"

"အဟဲ..."

သားလေးက ချီးမွမ်းခံရတိုင်း သွားလေးတွေပေါ်အောင် ရယ်တတ် ။

"မေမေ ငရုတ်သီးထောင်းလို့ မျက်စိထဲဝင်ရင်လဲ သားသားလေး ပြေးခပ်ပြီး ခြေမကို ရေလောင်းပေးတာပဲ၊ မေမေ့ အရမ်းအားကိုး သားကြီးပေါ့"

"ဟား.. ဟ.."



www.burmeseclassic.com

www.burmeseclassic.com



သားလေးမျက်နှာမော့၍ ရယ်လိုက်တော့ မေးဖျားနှစ်ခွလေးက ထင်းခနဲ လက်သွား၏။

ထိုအခါ ကာရံ မျက်နှာပျက်သွားလေသည်။

ဒီမေးဖျားမျိုးနှင့် နှာတံချွန်ချွန်ရယ်၊ ထူနက်တဲ့ မျက်ခုံးတွေရယ် မျက်နှာတစ်ခု ဖျတ်ခနဲ ပေါ်လာသည်နှင့် သူမ မျက်နှာသည် လေပွေဟ လိုက်သလို ပွနွေးသွားခဲ့၏။

ဘာဆိုင်လို့ ခေါင်းထဲ ရောက်လာတာလဲ··၊ မဆိုင်တာကို··။





## အခန်း [ ၁၉ ]

"ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ပြောချင်တာတော့ မဟုတ်ဘူး သားရဲ့··၊ ဒါပေမယ့် အားလုံး အခဆင်ပြေသွားမှာကို တောက်ပြတာပါ၊ သားအပေါ်မှာ ဟိုတုန်းကတည်းက အန်တီတို့မိသားစုက ဘယ်လို ခင်မင်ရင်းနှီးခဲ့တယ် ဆိုတာလဲ သား သိပြီးသား၊ လူကြီးချင်း ကတိစကားတွေတော့ ရှိခဲ့တာပေါ့ကွယ်··၊ အန်တီတို့ကလဲ ဒီစကားကို မေ့ထားခဲ့ကြတာ မဟုတ်ဘူးလေ၊ ပြောစရာရှိလာတာက သားက ဟိုတုန်းက ရှာန် ဆိုတဲ့ကောင်လေး မဟုတ်တော့ဘူး၊ ဟောဒီ ရန်ကုန်ကို ရောက်စကတည်းက ပြောချင်နေတဲ့စကားတွေက အဲဒီလိုတွေ ပြောင်းလဲနေတာတွေကြောင့် နှောင့်နှေးသွားခဲ့တာပဲ"

စ,ပြောပြီဆိုကတည်းက စာကျက်လာသလို မထစ်မငေါ့ ပြောချသွားတာ လိုရင်းရောက်သွားတဲ့အထိ··။

ဒေါ်အေးမိညိုက တစ်ယောက်တည်းရောက်လာတာ ဖြစ်သည်။ ပြီးတော့ အလုပ်ခန်းထဲမှာပဲ စကားနည်းနည်းလေး ချီလိုက်ပြီး ဒီတိုင်းပြော၏။

စိတ်ထဲမှာ ဘာမှပြင်ဆင်ထားတာ မရှိဘဲ လျှပ်တစ်ပြက် ဝင်လာသည့်ကိစ္စမို့ နားထောင်နေပြီး ရုတ်တရက် သူ ဘာပြောရမှန်း မသိသေး··။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ မင်းရဲ့အန်ကယ်လ်က နေ့ရှိသရွေ့ ဒါပဲ ညည်းနေတာ… သူဟာ ဓာတ်တစ်ယောက်ဖြစ်နေပြီး မျက်နှာပြောင်သလို ဖြစ်နေပြီတဲ့… ဖူးတွေ့ အပြောလွှတ်အောင် သူ့သမီးကိုပဲ အလုပ်က ထွက်ခိုင်းနေတာ…"

"ဗျာ…"

သူ့မျက်နှာ စိုးရိမ်သလိုဖြစ်သွားတော့ ဒေါ်အေမီညို အားတတ်သရော ဖြစ်သွားကာ…

"သမီးလေးက ကမ္ဘာ့ဈေးကွက်အဆင့်အတန်းကို စိတ်ဝင်စားလို့ ဟိုမှာ သင်တန်းတွေတောင် တက်လာခဲ့သေးတာ…၊ ဒီအလုပ်မှာ ပျော်နေတာလေ၊ သားပဲ စဉ်းစားကြည့်ပါဦး…၊ သူ ဝါသနာပါတဲ့အလုပ်မှာ သူငယ်ချင်းရင်းတစ်ယောက်နဲ့ လက်တွဲလုပ်နေရတာ ဘယ်လိုလုပ် ထွက်ချင်မှာလဲ"

"ဒီလောက်ထိ မလိုပါဘူး အန်တီ…၊ မိတ်ဆွေ အပေါင်းအသင်းဆိုတာ ရင်းနှီးလာရင် စ,နောက်ကြတာပဲ…၊ တစ်ခါတလေ စကားမှားတတ်တာလဲ ရှိတယ်၊ တစ်ခုတော့ မှန်ပါတယ်၊ အန်ကယ်လ်ဓာတော့ ဒီအသံတွေကို တိုက်ရိုက်ကြားရရင် မျက်နှာပူမှာပေါ့"

"အဲ့ဒါလေ… ဒီတော့ သားရယ်…၊ သားမှာ မိဘမရှိတော့ဘူးလား၊ အန်တီတို့ကိုပဲ မိဘလို သဘောထားပါ…၊ အန်တီကလဲ တစ်ခိုးတန်းကလို စိတ်ထားမျိုးနဲ့ ရှေ့မျက်နှာနောက်ထားပြီး ပြောရတာ၊ သား သမီးကို အန်တီ စေ့စပ်တာလေးဖြစ်ဖြစ် လူသိရှင်ကြား ကြေညာထားချင်တယ်ကွယ်…"

ဈာန် စီးကရက်မီးညှိရင်း အလုပ်မရှိ အလုပ်ရှာနေမိ၏။ ဖုန်းတွေ လာလွှန်းလို့ အတွင်းရေးမှူးက ဖုန်းရှိသမျှ သူ့ဘေးကို မ,ရွှေ့သွားပြီး ဒိုင်ခံ ကိုင်၏။

ဒေါ်အေမီညိုကတော့ သူ့ရှေ့မှာရပ်ထားသည့် လုပ်လက်စအလုပ်





တွေကိုရော၊ အတွင်းရေးမှူး လွှဲပြောင်းယူထားရသည့် ဖုန်းတွေနှင့် မနိုင်နင်း ဖြေကြားနေရတာတွေရော ဘာတစ်ခုမျှ မမြင်ဘူးထင်၏။

နှစ်ယောက်ကြားမှာ စကားစ ပြတ်တောက်သွားသည့် ခဏလေးအမှာ…

"အလုပ်တွေ ရှုပ်နေတယ်နော်…၊ အန်တီကလဲ အိမ်ကို လာချင်တာပါ၊ ဒါပေမယ့် နားချိန်ဆိုတာ ပိုပြီး အရေးကြီးတယ်လေ၊ အလုပ်ရှုပ်နိုင်းမယ့်အတူတူ မျက်နှာပူပူနဲ့ပဲ ဒီအချိန်ကြီး ထ,လာခဲ့ရတာ…၊ နောက်ပြီး ဒီနေ့ သမီးတို့သားအဖလဲ ခရီးထွက်သွားကြတယ်မို့လား"

"အန်တီ့အစီအစဉ်ကို ဟာန်ပန် သိပြီးပြီလား"

"အန်တီကတော့ အမေဆိုတော့ ပြောဆိုရင်း ပျော်စေပျက်စေ နောက်ပူးတာ ရှိတာပေါ့၊ ညည်းကို ဈာန်နဲ့ပဲပေးစားမှာ၊ ရည်းစားမထား ဘူး ဘာညာဆိုတာမျိုးလေ၊ သမီးက တစ်ခါမှ ဒေါသဖြစ်မသွားဖူးဘူး၊ အန်တီ ထင်တယ်၊ သမီးက သားကို သံယောဇဉ်ကြီးပါတယ်"

'ကျွန်တော်လဲ ဒီလိုပါပဲ' လို့ သူ မပြောဖြစ်ခဲ့ပေ…။

သံယောဇဉ်ဆိုတဲ့စကားကို အန်တီ ဘယ်လို အရောင်ထည့်ကြည့်တာလဲ…၊ ဟာန်ပန် က မရိုးသားစွာနဲ့ လက်ခံနိုင်တယ်ဆိုရင် သူကကော…။

သူ့ဘက်က မရိုးသားပါဘူးဆိုရင်ကော ဟာန်ပန် က 'ဟင့်အင်း' ဆို ဘယ်လိုလုပ်မလဲ…၊ မိဘပေးစားလို့ အိမ်တစ်လုံးထဲမှာ အတူတူ နေဖြစ်ကြတာနှင့် ချစ်ကြရောလား…။ မလွယ်လောက်ဘူး ထင်သည်။

"သား ဘယ်လိုလဲဟင်…၊ အန်တီကလေ မင်းအန်ကယ်လ် ဒီ တစ်ခါ ညည်းရင် 'ရှင် မညည်းနဲ့ တစ်ခါတည်း အပြောအဆိုလွှတ်အောင် စေ့စပ်ပေးထားလိုက်မယ်' လို့ ပြောလိုက်ချင်ပြီ"

"ဟို…"

"သားက ငြင်းချင်လို့လားဟင်…၊ အန်တီကို အားနာလို့လား၊

www.burmeseclassic.com



ဒီလိုဆိုရင်တော့ မပြောမိရင် အကောင်းသားဆိုတဲ့ နောင်တတစ်ခုအပြင် အန်တီ ဒေါသထွက်၊ စိတ်ဆိုးမသွားပါဘူး၊ ပြောပါ ပွင့်ပွင့်လင်းလင်း..၊ စကားဆိုတာ ချစ်တုန်း မုန်းစကားပြောတာ ကောင်းပါတယ်"

စကားတွေက ဖွင့်ပြီး ပြန်ပိတ်သွားတာမျိုးမို့ ပြောပါဆိုပေမယ့် သူ့ဘက်မှာ ပြောဖို့မလွယ်တာတွေ ဖြစ်ကုန်ခဲ့၏။

"ကျွန်တော် ဟန်ယန် နဲ့ ပြောဆိုကြည့်ချင်သေးတယ်၊ အဓိက,တ သူ့ဆန္ဒလေ.."

"ဒါဆို သားက လက်ခံတယ်ပေါ့နော်"

လက်မနှင့် နားထင်တစ်ချက်ကုတ်ရင်း ရျာန် ပါးစပ်ပိတ်သွား၏။

ဒေါ်အေမိညို ကလည်း ချက်ချင်း ခေါင်းညိတ်ကာ...

"အေးပါ..၊ အေးပါ.. အန်တီ နားလည်ပြီ၊ သားတို့ချင်း ဆွေးနွေးကြလေ..နော်..၊ ပြီးမှ အန်တီတို့က စီစဉ်စရာရှိတာ စီစဉ်ပေးမှာပေါ့"

အတွင်းရေးမှူးက မျက်ခုံးခပ်ပင့်ပင့်နှင့် ဒီဘက်ကို ငေ့ကြည့်၏။ ဒေါ်အေမိညို ပြန်သွားသည်နှင့် ဒီဘက်မှာ ဖုန်းတွေ ပြန်လာထားကာ...

"ကိုရျာန် တော်တော်မှ စိတ်ညစ်သွားရဲ့လား"

သူ ပြုံးနေလိုက်သည်။

"ကျွန်တော်လဲ ကြားနေရတော့ နည်းနည်း ပြောခွင့်ရှိမလား"

"ပြောလေ.."

"သူတို့ တစ်မိသားစုလုံးက အိုခေနေပြီ၊ ကိုရျာန် က ပြဿနာရှိနေသလိုပဲ"

ပြောပြီး ဘေးမှာ လာထိုင်၏။ ရျာန် က စီးကရက်ပြာဂွက်ကို ခွက်ထဲမှာ ခြွေချရင်း မျက်မှောက်ကြုတ်နှင့်....

"ပြဿနာရယ်တော့ မဟုတ်ပါဘူး..၊ ဒါပေမယ့် ငါ့ရင်ထဲမှာ ဘာမှ ကြိုးထည့်မထားခဲ့တော့ ဆုံးဖြတ်ဖို့က မဖြစ်နိုင်ဘူး၊ သူနဲ့ငါထ





ကြားထဲမှာ ဝေးကွာသွားတဲ့ကာလတွေ ရှိခဲ့သေးပေမယ့် ပြန်တွေ့ကြတော့လဲ ဟိုတုန်းကအတိုင်းပဲ"

"ကျွန်တော်က ကိုရျာန့် ဘက်ကို မြင်ပြီးသားပါ..၊ ဒါပေမယ့် မဟန်ယန် ဘက်က ကိုရျာန့် ကို လိုလားမှုရှိနေတယ်ဆိုတာလဲ သိနေတာပဲ၊ တစ်ခုရှိတယ်နော် ကိုရျာန်..၊ ရှောင်ထွက်ချင်တာဆိုရင်တော့ မဟန်ယန် နဲ့ ဆွေးနွေးကြည့်ချင်တယ်ဆိုတဲ့ အစီအစဉ်ကို ဖယ်ထားမှဖြစ်မယ်"

သူ နားလည်ပါသည်။ ဒီကိစ္စကြီးက ဘွားခနဲ ပေါ်လာတာပေမယ့် ဒက်ခနဲ ထွန်းဖယ်ပစ်လိုက်ဖို့ မလွယ်...။

ပြောလာတာက မိန်းကလေးရှင် ဖြစ်နေသည့်ပြင် မိဘချင်းတွေ ထတိရှိခဲ့ကြတာလည်း အမှန်ပဲ ဖြစ်သည်။

မိန်းကလေးရှင်ဘက်က ဖွင့်ပြောခဲ့ပြီးမှ ကိုယ့်ဘက်က စဉ်းစားပါရစေဆိုရင်တောင် သမီးရှင်က ဦးမျိုးညွန့်၊ ဒေါ်အေမိညို တို့ ဖြစ်နေသည့်အတွက် မဖွယ်မရာ..။

မငြင်းသင့်သည့်လူတွေ..၊ မငြင်းသင့်တဲ့စကား..။

သင့်တော်တာ ဘယ်မှာလဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

ဝင်ရှော့ရှေ့ကိုရောက်တာနှင့် ကားတွေထပ်နေတာကိုကြည့်ပြီး ကာရဲ စိတ်ညစ်သွား၏။ သူမ ကား ဘယ်စီနီယာနှင့် ရောက်နေသလဲ မသိပေမယ့် ကားတွေရဲ့နောက်နားမှာ ခပ်နွမ်းနွမ်းဂျစ်ကားလေးက ငိုက်မျဉ်းနေရှာသည်။

"ဒီမှာ.. ဒီမှာရှင့်..."

"ဗျာ..."

ကားဝမ်းအောက်မှာ ပက်လက်လန်နေသည့်လူက ခက်ခဲပင်ပန်းစွာ ထွက်လာ၏။

"မနက်က ဖုန်းဆက်ပြီး ကားလာဆွဲပေးပါလို့ ပြောတာ ကျွန်မ ပါ..၊ ၉ဂ/......လေ"

"ဟင်.."

ဆီကွက်တွေ ဗလပွနှင့် မည်းမည်းသည်းသည်းလူက သူမလေးအား တန်းခနဲ ကြည့်လိုက်ပြီး...

"ဩော်... ဟိုကား မပြီးသေးဘူး ခင်ဗျ.."

"ဟင်.. တစ်နေ့ကုန်တောင်မှ ရှင်..၊ ဘာဖြစ်သွားတာမို့လို့လဲ"





"မသိဘူး..၊ လွင်ဦး တို့အုပ်စုကိုင်တာ ထင်တယ်၊ ဟိုထဲမှာ သွား မေးကြည့်လိုက်ပါနော်.."

ဒါပဲပြောပြီး လူက ကားအောက်ကို ပက်လက်အတိုင်း ပြန်ဝင်၏။ ကားတစ်စီးကို နှစ်ယောက်လောက်ရှိနေကာ လူအင်အားရှိနေပါလျက်နှင့် ဝမ်ရှော့ကိုက အပ်ထည်တွေများနေတာ ဖြစ်သည်။

"ဒီမှာ မောင်လေး..."

"ခင်ဗျာ.."

ရှေ့ကို ငုံ့နှိုက်နေသူက မတ်ခနဲ ခေါင်းထောင်လာ၏။ ဟိုဘက်က အင်ဂျင်ကိုင်နေတဲ့လူပါ မော့ကြည့်လာသည်။

"ဟိုကားစိမ်းလေး ဘာဖြစ်သွားတာလဲဟင်.."

"ဩော်... ကျွန်တော် မသိဘူး..၊ ကိုစိုးမင်း သိလား.."

"အေး..၊ လွင်ဦး တို့ သွားသယ်လာတာလေ၊ ကားအောက်ပိုင်း နှုန်စ်ထားတော့ ရွှံ့တွေရော၊ အမှိုက်တွေရော အများကြီးပဲ၊ ဘာဖြစ်လဲ ဆောင် သေချာမသိသေးဘူး"

"အို.. ကားက ဒီဇယ်ကားဥစ္စာ၊ ဓာတ်ဆီကားမှ မဟုတ်တာ"

"အစ်မရယ်..၊ ဘာကားဖြစ်ဖြစ် ပုံမှန်မဟုတ်တဲ့ အခြေအနေတစ်ခု မှာ အများကြီး ပျက်စီးနိုင်တာပဲ၊ ကား ကြည့်ရတာလဲ မပြုမပြင်ဘဲ အကြာကြီး ဒီတိုင်း စီးနေပုံပါ"

"ဒါကတော့ လိုအပ်မှ ဖြစ်မှပေါ့ရှင်"

"လုံးဝ ထိုးရပ်သွားမှဆိုတော့ ခုလို ပြဿနာ ကြုံရတာပေါ့၊ အခုဆိုတာ အောက်ပိုင်းဆေးတာတို့..၊ အလိုင်းမင်းချိန်ရတာတို့၊ မကြာ မကြာ လုပ်ရတယ်၊ ကျွန်တော် ပြောချင်တာက အစ်မ နောက်ကို သတိ ထားနိုင်အောင်ပါ"

"ဟုတ်ပါပြီ..၊ ကျေးဇူးတင်ပါတယ်၊ အခု အစ်မကားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးပါလားဟင်..၊ အစ်မက ဒီကားမရှိလို့ မဖြစ်လို့ပါ၊ ပြီးတဲ့အထိ ထိုင်စောင့်ယူပါ့မယ်”

“မဟုတ်ဘူး အစ်မ..၊ အစ်မကားရှေ့မှာ လေးစီးတောင် ရှိနေတာ၊ ဟိုဘက်ကကားတွေဆိုရင် ဒီဝပ်ရှော့မှာ အပ်ထားတဲ့ကားတွေ၊ အဲဒါတွေကိုပစ်ထားပြီး ဒီကားလေးစီးကို ကိုင်နေရတာကြည့်..၊ သူတို့လဲ အလုပ်အရေးကြီးတဲ့ကားရော၊ ခရီးသွားမယ့်ကားရော အစ်မလိုပဲ၊ အားတော့နာပါတယ်ဗျာ..”

ကာရံ ဦးနှောက်ခြောက်သွား၏။ ကလေးကို သူ့ဆရာမအိမ်ထံ ခဏလိုက်အပ်ထားပြီးမှ ဒီကို ထွက်လာခဲ့ရတာ ဖြစ်သည်။

ဒီကနေ သားဆီ ပြန်ရမှာရော..၊ သားကိုခေါ်ပြီး အိမ်ပြန်ရမှာရော ခရီးက တစ်ဆစ်ချိုးတည်းနှင့် ပြီးသွားမှာ မဟုတ်..။

“တစ်ခုလောက် မေးပါရစေ၊ ဟိုလေ.. အမြန်ကြေးတွေဘာတွေ ပေးပြင်လို့ရတာ ရှိလား”

“ဗျာ...”

ငုံ့သွားကြတဲ့ခေါင်းတွေ အံ့သြသည့်မျက်နှာတွေနှင့် ပြိုင်တူ မော့လာကြသည်။

ဒါပေမယ့် သူတို့ဆီက စကားသံ ထွက်မလာခဲ့ဘဲ...

“မင်းလို ပေးချင်တဲ့လူချည်းပဲလေ..၊ မညှာမတာပြောကြေးဆို မင်းထက် အများကြီး ပိုပေးနိုင်တယ်”

ဟင်...၊ လှည့်မကြည့်မီ အချိန်ပိုင်းလေးအတွင်းမှာပဲ အသံရှင်ကို ကာရံ သိလိုက်၏။ လူက အနားကိုမရောက်ခင် ပြင်သစ်ရေမွှေးနံ့ တစ်ချက် ဝေ့သွား၏။

ဒီရေမွှေးနံ့ကို သူမ အရမ်းကြိုက်ခဲ့ဖူးသည်။ ဒါပေမယ့် မတန်မရာ ပစ္စည်းလို သဘောထားကာ ပြန်ချခဲ့ရတာလည်း အကြိမ်ကြိမ်..။





ခဏအတွင်းမှာ ဘောင်းဘီရှည်အနက်နှင့် လက်တောက်နက်ပြောင်နေသည့် ရှူးဖိနပ်တစ်စုံ မျက်စိအောက် ရောက်လာကာ...

“ဘယ်လိုလဲ..၊ ကား ဘယ်လောက်ကြာဦးမှာလဲ”

တစ်ဆက်တည်း ကားပြင်နေတဲ့သူတွေကို မေးဆတ်မေး၏။

“မိနစ်နှစ်ဆယ်လောက်ဆို ရပြီ အစ်ကို”

“ပိုမြန်ချင်တယ်ကွာ၊ မြန်မြန်လေး..”

“ဟုတ်ကဲ့ပါ”

ဘေးမှာ လက်ပိုက်ရပ်နေသည့်မျက်နှာကို ကာရံ မော့ကြည့်မိသည်။ မြင်လိုက်ရတိုင်း မျက်မှန်တပ်ထားတာပဲများတတ်သည့်မျက်နှာက တစ်စက်မှ အပြုံးအရယ် မရှိ..။

ပြာလဲ့လဲ့မျက်မှန်၏နောက်က စူးရဲသော မျက်ဝန်းတို့သည် သူမလိုပဲ ပြန်လည် စူးစိုက်ကြည့်နေသဖြင့်...

“မိန်းမတစ်ယောက်နဲ့ အဲဒီလို အနိုင်လုပြောလိုက်ရတာ ရှင်တော်တော် ဝါသနာပါပုံ ရတယ်”

“မင်းကလဲ အားနွဲ့တဲ့မိန်းမသားဆိုတဲ့ဘဝကို တော်တော် ဝင့်ကြွားခုတ်ယူနေပုံပဲ၊ ဦးစားပေးခံရတာကို ကြိုက်လား..”

“ရှင့်လို ယောကျ်ားမျိုးတွေ မြင်ရတိုင်း နှလုံးနာလာတဲ့အခါ သတိရတယ်လေ၊ ဗိုက်ပြည့်တာနဲ့ အန်ချင်တာ မတူပါဘူး”

ကာရံ က နေရာမှ ချာခနဲလှည့်ကာ ဝပ်ရှော့ကားမှာ ကပ်လျက်ရှိသည့် 'ပြည်တွင်းဖုန်း' ကို သွား၏။ ချာန် က နှုတ်ခမ်း မလှုပ်တလှုပ်ပြုံးရင်း စူးစိုက်ကြည့်နေဆဲ..။

“ဆရာမရယ်..၊ သားလေးကို တစ်နာရီခွဲလောက်တော့ ကြည့်ထားပေးပါနော်”

“........”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ..၊ ကျေးဇူးတင်ပါတယ် ဆရာမ၊ အရမ်းကို တင်ပါတယ်"

"... ... ..."

"ဟုတ်တယ်.. မိုးချုပ်မှာပဲ..၊ ဒါပေမယ့် မနက်ဖြန် ကားမရှိလို့မှ မဖြစ်တာ၊ စက်ရုံက အရမ်းဝေးတာလေ၊ အချိန် ဆယ်မိနစ်ထက်လဲ နောက်ကျလို့ မရဘူး၊ ကားရှိတာပဲဆိုဖြီး အဲဒီအလုပ်ကို လျှောက်လိုက်မိတာ၊ ကားပျက်တိုင်း ကာရံ ဒုက္ခရောက်တယ်"

"... ... ..."

"သားလေးကို အလုပ် အချိန်မှီဆင်းနေတာပဲ ပြောပါနော်..၊ ကားပျက်တယ်ဆိုရင် အားငယ်သွားမှာ စိုးလို့ပါ.."

ပြောသမျှကို ကြားနေရ၏။ အလယ်မှာ ကားတစ်စီးပဲ ခြားတာမို့ ကာရံ မျက်နှာလေးမှာ စိုးရိမ်စိတ်တွေနှင့် ပူလောင်ပျက်ကျနေတာကိုလည်း မြင်နေရသည်။

ကာရံ ကတော့ ကိုယ့်အောနှင့်ကိုယ် အစက ဂရုမစိုက်မိပေ..၊ ဖုန်းချလိုက်မှ ကားပေါ်ကနေ သူ့ခေါင်းကြီး ကြောနေတာကို သတိထားမိကာ နီးလည်း နီးနေတာမို့ ကိုယ့်အသံတွေပါ ကြားသွားပြီလား တွေးပူမိ၏။

ထိုနေ့က ကံကောင်းပါသည်။ သူမ ပျာယာခတ်နေတာကို မြင်တဲ့ လူတွေ စာနာသွား၍လား မသိ..၊ လူငယ်သုံးယောက် ကာရံ ကားလေးကို ချက်ချင်းပြင်ပေးသည်။

ဟိုလူ့ကားကြီး ပြီးသွားပြီး သိပ်မကြာမီ ကာရံ လည်း ပြန်ခွင့်ရသွား၏။ ကားမောင်းပြီးပြန်လာတော့ အရင်ပြန်သွားသည့် သူ့ကားကြီးကို ပုံနှိပ်တိုက်တစ်ခုရှေ့မှာ မြင်လိုက်ရသည်။

ဘာရယ်မဟုတ်ဘဲ ပုံနှိပ်တိုက်ထဲထိ မျက်လုံးကလည်း ကျူးကျော်သွားခဲ့မိသည်။

အထဲကထွက်လာသည့် သူ့မျက်လုံးတွေနှင့် တန်းခနဲ..။





ဟွန်း... ကာရံ ကိုယ့်ကိုယ်ကိုယ် ကလေးအမေဆိုတာကို ခဏလေး မေ့သွားသည်။ နှုတ်ခမ်းမဲ့ကာရော၊ မျက်နှာလွှဲပစ်လိုက်တာရော ဆိုးခနဲ ဆတ်ခနဲ..။

ငွေနှင့်ဝယ်ယူလို့ မရတာတွေကို ရအောင်ယူနိုင်တဲ့ လက်နက်တွေ ဇ အများကြီး..။

ကားလေးကို ကြေ့ကြေ့မော့မော့ မောင်းပြန်ခဲ့ရင်း ပျော်နေခဲ့သည့် သူမသည် သူတို့တွေ ဒီကားကို ခုလိုပြင်ပေးလိုက်ကြတာ သူနှင့်များ ဆက်ဆိုင်နေမလားဆိုတာကိုတော့ ယောင်လို့တောင် မတွေးမိပေ..။

သူမ မဲ့ရွဲ့ မျက်နှာလွှဲလိုက်စဉ်မှာ သူ့မျက်နှာပေါ်က ခနိုးခနဲ့အပြုံးကို မမြင်လိုက်တာကြောင့်လည်း ဖြစ်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၀]

"ခဏလေး.."

"ရပါတယ်..၊ လုပ်..."

သူ ဖုန်းဖွင့်ရင်း အပြင်ကို လျှောက်ထွက်လာခဲ့၏။

"မဟုတ်ဘူး ဟန်ပန်..၊ ကိုယ် အလုပ်ချိန်နောက်ကျတာ ကြာပြီ အပြန်လဲ နောက်ကျတယ်၊ အသွားလဲ စောတယ်၊ မတွေ့ကြတာမှ မဟုတ်တာကွာ"

"တွေ့နေတာ မှန်တယ်လေ..၊ ဒါပေမယ့် အလုပ်လုပ်နေကြတော့ အလုပ်စကားပဲ ပြောရတာပေါ့..၊ ဈာန် ကို ဟန်ပန် မေးစရာတွေ ရှိဘယ်.."

"အိုခေ..၊ ညကျ ဖုန်းပြန်ဆက်မယ်၊ နှစ်ယောက်လုံး အားလပ်တဲ့ တစ်ရက်ရက်ကို တွေ့ရအောင်လေ..၊ အခု ဧည့်သည်ရှိနေလို့ ဆောရီး ကွာ"

စိတ်များဆိုးသွားနိုင်လားလို့ တွေးမိသေးသည်။ ဒါပေမယ့် မတတ်

ႏ နိုင်ပါ..။ ရုံးမှာ စည်းကမ်းဖောက်ဖျက်၍ ပစ္စည်းမှောင်ခိုထုတ်နေသူ သတင်းပေးတာမို့ ဒီဧည့်သည်က ပိုအရေးကြီးနေ၏။





"ဆောရီးဗျာ..၊ ဖုန်းကလဲ အရေးကြီးလို့ပါ"

ပြန်ထိုင်ရင်း တောင်းပန်လိုက်မိသည်။ ကိုဇော်ဝိတ် က လက်ကာ ...

"ရပါတယ်..၊ ပြောရမယ့်လူတွေ ကျနေတာပဲ၊ ကိုယ်ဆိုရင် ...ဝ်မှာ ကောင်မလေးတွေနဲ့ အေးချမ်းနေတုန်း ဖုန်းတွေလာလိုက်၊ ...ာက်ကိုင်လိုက်၊ ဒီကြားထဲ အိမ်ကလေဒီကြီးရဲ့ဖုန်းဆို အရှိန်မသိမ်း ... ပြန်လစ်ရတာတောင် ရှိသေး.."

"ကိုဇော်ဝိတ် ရဲ့လေဒီက ဒေါက်တာဆို..၊ ကိုယ်နဲ့လိုင်းမတူတော့ ...င်မပြောဘူးလား"

"အဲဒါ အခြေခံပေါ့ ကိုဈာန် ရာ..၊ ကိုယ်ကတော့ လက်က ...ဝ်က ဘာပဲပါပါ ငွေမပါရင် မပြီးဘူး၊ သူကျတော့ သိက္ခာဖယား ...နဲ့ ယောက်ျားကိုသဝန်တိုတာတောင် တိုပါတယ် ဝန်မခံဘူး၊ သိက္ခာ ... ငုံပါတဲ့၊ ကိုယ်တို့တွေ ဘယ်လိုနေရာကို ရောက်သလဲ၊ သာယာမှု ... ဘယ်လိုရှာသလဲ ကိုဈာန် လဲ သိပါတယ်၊ အားလုံးက လျှို့နေမှ ...တာ၊ သိက္ခာကျရအောင် လမ်းဘေးရေအိုးစင်ဝင်ပြီး ပလုတ်ကျင်း ...မှ မဟုတ်ဘဲ"

ဈာန် က ခေါင်းပဲညိတ်၍ ပြုံးနေလိုက်၏။

"သူမှာ သိက္ခာပေတံကြီးနဲ့ နေရာတကာ..."

"ခင်ဗျားက မချစ်လို့လား..."

"ချစ်လို့ လက်ထပ်တာပါ..၊ ဒါပေမယ့် သူနယ်ပယ်နဲ့ ကိုယ့်ပတ် ...ကျင် မတူဘူးလေ..၊ ချစ်တော့ချစ်ပေမယ့် ကိုယ့်ဘေးမှာ တစ်သက် ...ရှိသွားမယ့် လက်တွဲဖော်ဆီက အချစ်တစ်ခုတည်း ရချင်တာမဟုတ် ...နားလည်မှုတွေအများကြီး အလိုရှိတာ.."

မှတ်သားထိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ချာန် ဒီတစ်ခါ သွားတွေပေါ်အောင် ပြုံးလိုက်မိသည်။ ခွေးနွေး တာတွေပြီးတဲ့အချိန်မှာ ကိုဇော်ဝိတ် က ညကျ ကလပ်ကိုလိုက်ခဲ့ပါလား လို့ ခေါ်သေးသည်။

"ကျွန်တော် မကြာမကြာ ရောက်ပါတယ်၊ ခုတော့ ခေါင်းစား စရာတွေ ရှိနေလို့ဗျာ.."

"အဲဒါကို ဆေးကြောလို့ ရတယ်လေ၊ လုပ်ပါ.. လိုက်ခဲ့စမ်းပါ ဘယ်လိုလဲ.."

သူ ရောက်ဖူးတယ်ဆိုတာ သီချင်းနားထောင်ရုံ၊ ဘီယာသောက် ရုံပါ။ ထဲထဲဝင်ဝင်ကြီးတော့ မဟုတ်၊ ထို့ကြောင့်...

ကိုဇော်ဝိတ် ခေါ်တာကို ခေါင်းခါလိုက်မိသည်။

ငွေကုန်ခံနိုင်ပေမယ့် အပျော်ရှာတာသက်သက်တော့ ဝါသနာမပါ..။





## အခန်း [၂၂]

"တောက်.."

ဂိမ်းစီးတီးထဲမှာဆိုလို့ ဝင်ရှာတော့လည်း မတွေ့..၊ ဒေါသက ...ပ်ထားရာကနေ တက်ခေါက်သံအဖြစ် ခုန်ထွက်၏။

"လာဗျာ..၊ ကျွန်တော်တို့ ကစားကွင်းဘက် သွားကြည့်လိုက်ရ ...င်..၊ သူ့ကောင်မလေးက အသက်ငယ်ငယ်ဆိုတော့ ရိုလာကိုစတာ ...ာတွေ စီးချင်စီးမယ်၊ သူရောက်နေနိုင်တယ်၊ လာပါ.."

ကိုဇော်ဝိတ် က သူ့လက်ကို ဆွဲခေါ်သည်။

တော်ရုံလောက်နှင့် စီးကရက်သောက်မပျက်တတ်သည့်လူက ...တ်လက်စ စီးကရက်ကို မြေပြင်ပေါ်ပစ်ချပြီး ဖိကြိတ်နင်းပစ်မိသည် ...ဖြစ်ခဲ့၏။ ဒီလူ ကိုချစ်လွန်း..။

...မည်နှင့်လိုက်အောင် ချစ်ပဲ ချစ်နိုင်လွန်းပါ၏။ အသက်ခပ်ကြီးကြီး ...တစ်ယောက်နှင့် လက်ထပ်ထားပြီး ကွယ်ရာမှာ ထင်တိုင်းရှုပ်နေ၏။ ...တမ္ဗဏီမှာလည်း အလုပ်ကို ရိုးရိုးသားသား မလုပ်..၊ ဒါကို သူ ...င်းရထားတာ ကြာပါပြီ..၊ လက်တွေ့ သက်သေနှင့်တကွ ...နိုင်မှ ...ို့ ဒီအချိန်ထိ စောင့်ကြည့်နေခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်လွန်း အလုပ်မဆင်းဘူးဆိုကတည်းက တစ်မနက်လုံး သူ စုံစမ်းနေခဲ့တာ နေ့လယ်ကျမှ ကိုယ်တိုင်ထွက်လိုက်ဖြစ်ခဲ့၏။

ကိုဇော်ဝိတ်က သူကိုယ်တိုင် ပါဝင်ကူညီနေကာ ဒီနေရာမှာ တွေ့ ကိုတွေ့ရမည်ဟု အပိုင်တွက်ထားခဲ့တာ ဖြစ်၏။

"ဒီလူဗျာ..၊ ရာထူးအဆင့်အတန်းနဲ့ စာရိတ္တက လုံးဝ မထိုက်တန်ဘူး"

"အစက သိပ်မဆိုးသေးဘူး ကိုဇော်ဝိတ်..၊ အပျော်အပါးတွေ တာအားဖက်လာမှ ဖြစ်လာတာ"

"ဟုတ်တယ်၊ ငွေတွေ ဒီလောက် ဖုံးကျဲနေရမှတော့ ရိုးရိုးသားသား နဲ့ ဘယ်လောက်တော့မလဲ"

"ခင်ဗျား အဲဒီဘက်သွားဗျာ..၊ ကျွန်တော် စိတ်မရှည်တော့ဘူး"

"အိုခေ.."

သူ တစ်လမ်းခွဲထွက်လိုက်ပြီး မျက်စိရော နားရောကို အလုပ်ပေး လာခဲ့၏။ ဒါပေမယ့် ရှာဖွေသူကို မတွေ့သေးဘဲ မြင်ကွင်းထဲမှာ နှစ်ယောက်က တည့်တည့်..။

"ဟင့်အင်း.. သားသားလက်ကို လွှတ်..၊ မေမေ့ဆီ သွားမယ်"

"ဟာကွာ..၊ မသွားပါနဲ့ သားသားကလဲ..၊ ဟိုမှာ အလုပ်တွေ ဆွေးနွေးနေကြတာလေ"

"အလုပ်ကိစ္စလဲ သားသား နားထောင်မှာပေါ့..၊ မေမေက သားသား ကို ထွက်မသွားခိုင်းဘဲနဲ့ ဦးက အတင်းဆွဲခေါ်လာတာ၊ လွှတ်လေ သားသားလက်ကို.."

ကလေးကိုမြင်လိုက်တာနှင့် ကလေးလက်ကို ဆွဲထားတဲ့သူ မေမေဆိုသည့်နေရာထိ ဈာန်၏ မျက်လုံးတွေ ရောက်သွားခဲ့သည်။

ရောင်စုံထီးကြီး၏အောက်မှာ အနီနှင့်အဝါ စလွယ်သိုင်းကျားထား ကိုယ်ကျပ်ဝတ်စုံနှင့် ကာရံ..၊ ဆံပင်ရှည်တွေကို နောက်ဘက်မှာ ခပ်မြ





ဘင်စီးထားသဖြင့် ကျောအောက်မှာ ဝဲဖြာကျနေပုံက ကြော့ရှင်းသည့်ကိုယ်ဟန် နှင့် ထင်းနေ၏။ ဒါပေမယ့် သူ့ရဲ့အလှအပတွေက မျက်နှာချင်းဆိုင်ထိုင် နေသည့် ယောကျ်ားတစ်ယောက်ရှေ့မှာ ပူလောင်စွာ ရှိနေခဲ့သည်လား..။

ဈာန် မျက်မှောင်ကြုတ်သွားလျက်..၊ ခြေလှမ်းတွေ ရပ်သွားခဲ့တာ ဘောင် ကိုယ့်ကိုယ်ကိုယ် အမှတ်တမဲ့..၊ နောက်ထပ် သူ့ဘေးမှာ ရုန်းရင်း ဆန့်ခတ်တွေဖြစ်နေတာက ကလေးကို တစ်ယောက်က မနိုင်မနင်း ထိန်း ချုပ်နေရခြင်းနှင့် ကလေးကလည်း ဖွတ်ရုန်း..၊ ခေါင်းခါ...

သူ နေရာမှ ဆက်လျှောက်လာခဲ့တော့ သူမတို့၏ကျောနောက်ကနေ ဖြတ်သန်းရ၏။

"မရဘူး ကိုကို၊ အိမ်ကို မလာပါနဲ့"

"မလာနဲ့ဆိုလဲ တစ်နေရာရာပေါ့..၊ တွေ့လိုက်တိုင်း တစ်ခါမှကို အဆင်မပြေဘူး၊ ကျွတ်.."

အစကတည်းက ဖြစ်လာသည့်ဒေါသက မဖွယ်ရာသည့်မြင်ကွင်း ကြောင့် တက်ခေါက်မိမတတ် ဆူပွက်လာခဲ့၏။

ကလေးလေးတစ်ဖက်နှင့်များ ဒီလိုတွေ ရှုပ်နေရသလား..။ မိန်းမ တစ်ယောက်ဟာ ထူးထူးခြားခြားလှနေပြီဆို ဘာဖြစ်လို့ အပြစ်ကင်းကင်း နေတတ်ကြတာလဲ..။

ခြေလှမ်းတွေ သွားချင်ရာသွားနေတုန်း ဖုန်းသံ မြည်လာ၏။

"ကိုဇော်ဝိတ်..၊ ပြော..."

"ဒီမှာ တွေ့နေပြီ ကိုဈာန်၊ သရဲအိမ်ဘက်ကို ပြန်ခေါက်ခဲ့လိုက်"

ပြန်ခေါက်ရုံမကဘူး ဒီနေ့ ဒီဝင်းထဲကို လာခဲ့မိတာကိုက ကျက် သရေမဲ့နေတာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

အိမ်လေးက ဆယ်ပေအိမ်လုံးလေးဖြစ်ကာ ခြေတံနည်းနည်း... တော့ အုတ်ခုံလှေကားထစ်လေး နှစ်ထစ် ချထား၏။

ရှေ့မှာ ရေတိုင်ကီတစ်လုံးနှင့် ကျောက်ပြားတစ်ချပ် ရှိသည်။ ... မှာ ပိတောက်ပင်လေးနှင့်··။

"ဒေါ်လေး···"

"ဟေ·· မြင်တယ်၊ အိမ်ရှေ့ရောက်ကတည်းက မြင်လိုက်... တံခါးတွန်းလိုက်"

ကာရံ သံဆန်ခါတစ်ဖက်နှင့် တံခါးရွက်ကို တွန်းဖွင့်လိုက်... နောက်ခန်းထဲက ထွက်လာပုံရသည့် ဒေါ်သော်တာမင်း လက်ထဲမှာ ဆံ... တစ်ချပ်နှင့် ဖြစ်သည်။

"ညစာက အစောကြီးပါလား"

"ဘယ်ကလာ ညစာရမှာလဲအေ··၊ ခုမှ မနက်စာ ချက်ရမှာ..."

"ဟင်··"

အဒေါ်အရင်းကြီးဆိုတော့လည်း ရင်နင့်သွားမိသည်။

ရန်ကုန်မှာ လူမသိသူမသိ ခြေရာဖျောက်နေပြီး ဘဝကိုစခဲ့တာ... သူမက အရင်ဖြစ်သည်။





လူမမယ် ရင်ဝယ်ပိုက်သားလေးနှင့် ဘဝကိုရုန်းကန်ခဲ့ရပေမယ့် ကာရံ ...ကောင်းခဲ့လို့ထင်သည်။ ဒါမှမဟုတ် ကလေးရဲ့ကံအကြောင်းလား··။

ကလေးထိန်းပေးမယ့်သူက အဆင်သင့်··၊ လုပ်ငန်းခွင်ဝင်ဖို့အတွက် ...သင်တန်းအောင်မှဖြစ်မှာ··၊ ဘယ်သင်တန်းကိုတက် စသဖြင့် လမ်းညွှန် ...ညီခဲ့ကြသူတွေလည်း ရှိသည်။

သူမကိုယ်၌က ဒေါ်လေးနှင့်အမွေခွဲလိုက်ကတည်းက ကိုယ်ပိုင် ...တစ်ဝက်တော့ အရဝယ်ပစ်ခဲ့တာမို့ အမှန်တရားလမ်းကြောင်းနှင့်ပဲ ...ခဲ့တာဆိုလည်း မမှား··။

တဲကုပ်ကနေ အိမ်၊ အိမ်ကနေ နှတ်ခံလေးဖြစ်အောင်··၊ ပြီးတော့ ...ားလေးတစ်စီးဖြစ်ခဲ့ပြီး ဘဝမှာ တင့်တယ်လာဖို့အတွက်က နတ်တို့ ...ဆင်းပေးသလို ရေကန်အသင့် ကြာအသင့် မဖြစ်ခဲ့တာတောင်မှ ...တ်ခဲလှတယ်လည်း မဟုတ်ခဲ့··။

ခက်ခဲခဲ့တာက သူမဘဝအတွက် လုံခြုံမှုပဲ ဖြစ်သည်။ ရင်းနှီးသည့် ...တ်ဆွေတွေက အားကိုးထိုက်သည့်အရည်အချင်းများနှင့် အိမ်ထောင် ...က်ကို သူတို့ကိုယ်တိုင် ရှာဖွေ စေ့စပ်ပေးဖူးတယ်··။

ကြိုက်တာတွေ့ရင်လည်း ယူဖို့ တိုက်တွန်း၏။ 'သားလေး မွေးစား ...ာပဲကွယ်၊ ဘာဖြစ်လဲ··' လို့ ပြောကြတာတွေလည်း ရှိသည်။

သူမ ဒါတစ်ခုကိုပဲ ခုခံရှောင်တိမ်းနေခဲ့မိ၏။ ကိုယ့်အဖြစ်ဆိုးကို ...ိုယ်သာ သိသည်။ ဘဝရဲ့နောက်ကြောင်းတွေကို ပြန်မတွေးဝံ့လောက် ...အောင် ဆိုးဝါးခဲ့တဲ့အဖြစ်တွေအတွက် အိမ်ထောင်ပြုဖို့ဆိုတာကြီးကို ...ကြားပင် မကြားရဲ··။

ပြီးတော့ ဒီအတွေးတချို့ဝင်လာတိုင်း သားလေးကို သနားသည့်စိတ် ... အဆမတန် ဖြစ်လာတတ်သည်။ လူ့ဘဝကြီးဟာ အဆိုးနှင့်အကောင်း ...တွဲနေတယ်ဆိုတာ တကယ်မှန်ပါသည်။ ဒေါ်လေးရဲ့ အခြေအနေကိုမြင်

www.burmeseclassic.com



ရလို့ ကိုယ့်ဘဝကို ကျေနပ်သွားသယောင် ဖြစ်မိပေမယ့် ကိုယ့်လိုရေ ဘယ်သူ အဖြစ်ဆိုးခဲ့ဖူးသလဲ..။

"ကဲ.. ပြောပါဦး၊ ကျုပ်ဆီကို ရောက်လာရတဲ့ကိစ္စ..."

အတွေးတွေက ဒေါ်သော်တာမင်း ရဲ့မေးခွန်းကြောင့် ပစ္စုပ္ပန် ပြန်ရောက်လာ၏။

"ငါ ထင်ပြီးသားပါ.၊ ဟိုကောင်နှစ်ကောင်ကြောင့် ညည်း မကြာ ရောက်လာတော့မှာပဲလို့..."

"ဟုတ်တယ် ဒေါ်လေး..၊ ကာရံ တို့က မောင်နှမတွေဆိုတော ဒီစကားမျိုးတွေ မပြောချင်ပါဘူး..၊ ဒါပေမယ့် အခုအချိန်မှာ သူတို့ ကာရံ ရဲ့အစ်ကိုတွေပါလို့ ဘယ်သူမှ သိကြတာ မဟုတ်ဘူး"

"အင်း.."

ဒေါ်သော်တာမင်း ရဲ့ 'အင်း' သံကြီးက သူမပြောတာကို ထော တာမဟုတ်မှန်း သိသာပါသည်။ ဆန်ရွေးနေသည့်မျက်နှာက မော ပေမယ့် တွန့်ကုပ်ထားသည့် မျက်ခုံးတန်းတွေကို ကာရံ မြင်နေ

"အခုဆို အလုပ်ထဲကိုလဲ လိုက်တယ်၊ လမ်းမှာလဲ ပြေးလို ပြေးဆွဲ၊ အိမ်ကို လမ်းပေါက်သွားတာက အဆိုးဆုံးပဲ"

"ညည်းရဲ့အိမ်ကို ကျုပ် မပြောပါဘူးအေ..၊ တကယ်ပါ ည ကတိတောင်းကတည်းက တကယ် ခေါင်းညိတ်ခဲ့တာပါ၊ အဲဒါ အောင် ခြင်း တို့လူစုရဲ့စနက်အေ..."

"ဟင်.. ဘယ်လို..."

ကာရံ မထင်ခဲ့ပါ။ ကိုကိုနဲ့ ညီညီက သူမကို ခင်မင်ကြင်နာ ရှိခဲ့တာမဟုတ်ပေမယ့် ဟိုကိစ္စ ဒီကိစ္စတွေမှာလည်း တိုက်တိုက်တွန်း ဝင်လုပ်တာမျိုးတွေ သိပ်မရှိခဲ့ပေ..။

ပြောရမယ်ဆို ဟိုအရင်အချိန်တုန်းက ညီညီကြောင့် ကာရံ အ





အတည်းတစ်ခုအတွင်းကနေ လွတ်မြောက်ခဲ့ရတာလည်း ရှိဖူးသည်။

"မယုံမရှိနဲ့ ကာရံ..၊ အခု ဒီကောင်လေးတွေ လိုင်းပေါင်းစုံတတ် နေပြီ..၊ ညည်း သိလား၊ အဲဒါတွေ အကုန်လုံးကလည်း ဟိုတစ်ယောက် ဖန်တီးနေတာတွေပဲ"

"ဘာဆိုင်လို့လဲ ဒေါ်လေး"

"ဆိုင်ပြီလား ကာရံ ရယ်..၊ ကျုပ်က လူကြီးမို့လို့ ကြိုမြင်ပေမယ့် ကိုကို တို့က အလကား သုံးဖြုန်းနေရတာကို နှစ်ခြိုက် ထင်နေတာ၊ စားလိုက်ကြ၊ သောက်လိုက်ကြ၊ အပျော်အပါးတွေဆို မျိုးစုံ..၊ ခင်တာ လိုလို၊ အလကားလိုလိုနဲ့ ရွှေမိုးငွေမိုး ရွာချပေးပြီး အခုမှ စာရင်းကြီးနဲ့ ထွက်လာတာလေ"

"ယုတ်မာလိုက်တာ.."

"သူတို့လဲ အခု သိနေပါပြီ၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ..၊ အပြင်မှာ ငွေမရှာဖူးတော့ လိုအပ်နေသမျှ နှင့်ဆီကိုပဲ လာမားပြတိုက် နေတာ"

"အဲဒါ အောင်မြင်ခြင်းနဲ့ ဘယ်လိုဆိုင်တာလဲ"

"ဒီလိုဖြစ်အောင် သူလုပ်ထားတာပါဆိုမှအေ..၊ သိပ်မကြာဘူး ညည်းကြည့်နေ..၊ အခု ကိုကို တို့ ညည်းဆီမှာ ငွေချေးပါ၊ ပေးပါနဲ့ တောင်းနေတာ နောက်ဆို အောင်မြင်ခြင်းနဲ့ လက်ထပ်လိုက်ဖို့ ပြောလာ လိမ့်မယ်"

"အို.. ရမလား.."

"အေး.. လွယ်တော့မလွယ်ဘူးဆိုတာ သူလဲ သိမှာပေါ့၊ ဒါပေမယ့် အခု ကိုကိုတို့ကြောင့် ညည်း နာမည်ပျက်၊ အရှက်ရ ကြံသမျှတွေလွဲပြီး ဒုက္ခရောက်၊ ပျက်စီးမယ်၊ အဲဒီကျမှ သူက ကတွတ်ပေါက်ကနေ အစာ ချောင်းတဲ့ဗျိုင်းလို ရေနဲ့ပါလာတဲ့ငါးကို အသာလေး ကိုက်ချီသွားမှာ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ရည်ရွယ်ချက်ကြီးကတော့ ညည်း နာမည်ပျက် အရှက်ရပြီး ပတ်ဝန်းကျင်တစ်ခုကနေ လွှင့်ပါးပျက်စီးဖို့ပဲ"

"အဲဒီလို ဖြစ်တော့ကော ကာရံက သူ့ကို ယူရောတဲ့လား"

"ယူယူ၊မယူယူ နာမည်ပျက်ရှိတဲ့ မိန်းမတစ်ယောက်ရဲ့ဘေးမှာ မောင်ဖြူ၊ မောင်နီ ဘယ်လိုယောကျ်ားပဲရှိနေနေ အဲဒီမိန်းမကို ဒါလို့ပဲ ထင်မှာပေါ့ ကာရံ..၊ ကလေးတစ်ယောက်အမေဖြစ်သွားတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် သိမ်ရင့်ကျက်နေပြီ မထင်နဲ့၊ ညည်းမသိတဲ့ ဘဝအကြောင်းတွေ ရှေ့မှာ အများကြီး ကြုံရဦးမှာ..၊ တစ်ခုတော့ ငါ စိတ်မကောင်းပါဘူးအေ..၊ ငါ့သားတွေကြောင့် ညည်းရဲ့ သာယာနေတဲ့ဘဝလေး ခုလို ဖြစ်လာရတာပါ၊ ဒါပေမယ့် သူတို့ကိုလဲ ငါက အိမ်က နှင်ချထားတာ၊ ရောက်လာကြရင် ခဏပဲ၊ ဘယ်မှာနေကြမှန်း၊ ဘာတွေလုပ်နေမှန်းလဲ မသိဘူး၊ ညည်းနဲ့ သွားပတ်သက်နေတာတောင် ညီညီ ပြောသွားလို့ သိထားတာ.."

"ကာရံ အခုပြောတဲ့ကိစ္စကို ဒေါ်လေး မတားပေးနိုင်ဘူးလို့ ပြောလိုက်တာလား"

"ပြောနေစရာ လိုလို့လားအေရယ်..၊ ငါ့မှာ အိမ်လခပေးဖို့ ဟိုကောင်တွေ ထမင်းအိုးလာလုပ်ရင် ထမင်းရှိနေဖို့ ငါတစ်ယောက်တည်း ရုန်းကန်နေရတာ၊ အစကတည်းက ပြောဆိုမကောင်းတဲ့သားတွေ ဒီအသက်အရွယ်တွေရောက်လို့ ထင်ရာစိုင်းနေပြီဆိုမှ ဘယ်ကအစချိုးပြီး ဘယ်လိုဆုံးမရမလဲ၊ ညည်း သည်းမခံနိုင်ရင် ရပ်ကွက်လူကြီး သွားတိုင်ထား၊ ရဲလက်ကို အပ်ချင်အပ်၊ ငါ့မျက်နှာကို လုံးဝမထောက်နဲ့၊ တကယ့်စိတ်ရင်းနဲ့ ပြောတာ၊ အောင်မြင်ခြင်း ရောက်လာတာကိုတောင် ဟိုတုန်းကကြွေးမြီနဲ့ပတ်သက်ပြီး စကားနာထိုးနေလို့၊ မလွှဲသာလွန်းလို့ ညည်းဆီ ငါ သွားပေးခဲ့တာပါ၊ အဲဒီပုဂ္ဂိုလ်ကို ရင်ဆိုင်ရမှာလဲကြောက်လို့ ငါ့သားတွေကိုတောင် ငါ အဆက်ဖြတ်ထားတာပေါ့"





"ဒေါ်လေးက လမ်းဆုံးပြောတာပဲ"

သားတွေကို ထောင်ချပစ်လိုက်ပါ၊ တန်းချလိုက်ပါပြောတာနှင့်ပဲ ကျေနပ်လိုက်ရမှာလား..၊ အိမ်မှာ ယောကျ်ားတွေတက်လို့ လူကြီးပြေးတိုင်ရတဲ့အဆင့်ထိ ဖြစ်ခဲ့ရင် သူမဘဝ မြောင်းထဲရောက်ပြီပေါ့..။

ခုတောင် ဘယ်လောက်ထိ စုတ်ပြတ်နေပြီလဲ..။

"ငါကတော့ ဒီစကားမျိုးအပြင် ပြောစရာစကား မရှိဘူး ကာရံ..၊ ကိုကိုတို့ကလဲ ညည်း ပြေလည်နေပြီဆိုပြီး သွားနေလာနေမှာပဲ၊ အဲဒီတော့ အားလုံးပြဿနာတွေ အေးသွားအောင် ညည်း အိမ်ထောင်ပြုလိုက်.."

"ကာရံ ကလေးတိုးလိုးတွဲလောင်းနဲ့တောင် ဒီလို အခြေတကျဖြစ်အောင် ကြိုးစားရုန်းကန်ခဲ့တာ၊ သားကို လက်ဆွဲသွားနိုင်ကာမှ အိမ်ထောင်ပြုစရာလား ဒေါ်လေးရဲ့..၊ အကြံပေးချင်လဲ တခြားစကားနဲ့ ပေးပါ.."

"ညည်းနဲ့ ဒီစကားပဲ အဆုင်ပြေမှာ..၊ အေးလေ အိမ်မှာ အပြန်အလှန် စဉ်းစားပါဦး၊ ညည်းကို အိမ်ထောင်ပြုဖို့တိုက်တွန်းတာ ငါတို့တိုးတက်ဖို့ မပါဘူး၊ ညည်း မဖြစ်ချင်တာတွေအားလုံး ရပ်တန့်ကုန်မယ့်နည်းမို့ ပြောနေရတာ၊ အောင်မြင်ခြင်းကတော့ ညည်းကို ဒီလိုလေးမြင်နေရလေ ဖွဲ့မလျှော့လေပဲ၊ ဒီလူ ယုတ်မာမှန်း ငါလဲ အခု ပိုသိလာတယ်၊ ယူထားတဲ့မိန်းမတွေမှ တန်းကိုစီလို့.."

ကာရံ ငေးငိုင်သွားလေသည်။ ဒေါ်လေး ပြောတာတွေကို လက်ခံပါသည်။ ဒါပေမယ့် ဆုံးဖြတ်ချက်ထဲမှာ အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်နေရာမှ မပါခဲ့ပေ..။

နောက်ထပ်များ ထွက်ပြေး ပုန်းရှောင်ရဦးမည်လား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

"ဒုက္ခပါပဲ..၊ မိုက်ဆာပါတယ်ဆိုမှ.."

ညနေခင်းမို့ မီးပွိုင့်မှာ ကားတန်းကြီးက လူတစ်ကိုယ်စာ ကြားဖြတ် မဝင်သာအောင်ပင်..။ ဟန်ပန် က မျက်နှာလေးရှုံ့မဲ့ညည်း၏

သူကတော့ နောက်မှာ ခါးမတ်မတ်မှီလိုက်ရင်း မျက်လုံးကို ဘေး ကိုအရွေ့...

"ဟင်!..."

ဖွေးနုသောမျက်နှာလေးမှာ ရူးလက်သည့်မျက်ဝန်းလေးတွေက သူ့ကို စူးစိုက်ငေးနေ၏။ နေအလင်္ကာ ဆိုသည့်ကောင်လေး..။

ဂျစ်ကားစိမ်းလေးပေါ်မှာ တံခါးဘောင်မှာ လက်ကလေးနှစ်ဖက် တင်လျက် သူ့ကို ငေးနေတာ တကယ့်ကပ်ကပ်လေး..၊ သူ လှည့်ကြည့် လိုက်တော့ သွားလေးတွေပေါ်အောင် ရယ်ပြ၏။

သူ ပြန်ပြုံးပြရင်း ခေါင်းနည်းနည်း ငိုက်ကြည့်လိုက်မိသည်။

ကားမောင်းသည့် မိန်းမချောက မီးပွိုင့်ကျော်ဖို့ စိတ်စောနေပုံနှင့် ဒီဘက်မှာ အာရုံမရှိ။





ကလေးက သူ့ကို ဖန်သားနှင့် ကမ္ဘာလုံးလေးတစ်လုံး ကမ်းပေး နေ၏။

သူ ခေါင်းခါပြလိုက်တော့ မျက်နှာလေး တည်သွား၏။ ပြီးတော့ ကမ်းထားသည့်လက်ကလေးကို ပြန်မရုတ်ဘဲ ငေးကြည့်နေရှာသည်။

ရှာန် က ပြုံးပြလိုက်ပြီး ကုတ်အင်္ကျီအိတ်ထဲမှာ ပါလာသည့် ချောကလက်နှစ်တောင့်ကို ပြန်ကမ်းပေးလိုက်သည်။

"ဟင့်အင်း"

အသံသဲ့သဲ့လေးနှင့် ပြော၍ ခေါင်းလည်း ခါပြသည်။ သူ သဘော ကျသွားကာ သွားတွေပေါ်အောင် ရယ်လိုက်မိ၏။ ကလေးက သူပေးတာ ကို မယူလျှင် သူများပေးတာကိုလည်း မယူဘူးဆိုသည့်မျက်နှာလေးနှင့် အကြည့်ကိုလည်း ခွာမသွားပေ..၊ အဆင်သင့် မှန်ချထားတာမို့ သူ လက်ကမ်းလိုက်တော့ နေအလင်္ကာ့ မျက်နှာလေး ဝင်းပပြုံးအိသွား၏။

ကိုင်ထားသည့် ကမ္ဘာလုံးလေးကိုလည်း ကိုယ်လေး ရှည်ထွက်လာ ပြီး ကမ်းပေး၏။

"အို.. သား... သားသား ဘာလုပ်တာလဲ"

ကာရံ့ သားပြုတ်ကျမှာစိုးကာ ကမန်းကတန်း လှမ်းဆွဲလိုက်ကာမှ တစ်ဖက်ကားထဲမှာ ဟိုပုဂ္ဂိုလ်ကို တွေ့၏။ ဆိုဖာမှာ သားကိုယ်လေး ပြန်ထိုင်ကျလာတော့ လက်ထဲမှာ အကောင်းစားချောကလက်နှစ်တောင့်..။

"သားသား.."

မေးချင်ပေမယ့် မီးပွိုင့်စိမ်းသွားပြီမို့ သူတို့ကားက စတင် ရွေ့လျား ၏။ ကလေးကို ပြုံးကြည့်နေခဲ့သော သူ့မျက်နှာက ကာရံ့ နှင့်မျက်လုံး ချင်းဆုံတော့ သူ ဘာမှမသိလိုက်လို..။

"မေမေ.. ဒီမှာ ချောကလက်တွေ..၊ သားသား ချောကလက် ကြိုက်မှန်း ဦးဦးက သိလို့ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး..၊ သားသား ဘာဖြစ်လို့ သူများပေးကမ်းတာကို ယူရ တာလဲ၊ အဲဒီလူက သူဌေးကြီးရယ်၊ မေမေတို့ကို ဆင်းရဲတယ်ဆိုပြီး စွန့်ကြဲပေးကမ်းသွားတာမျိုး..၊ သားသား နားမလည်ဘူးလားဟင်"

"မဟုတ်ပါဘူး မေမေကလဲ..၊ သူ့လိုပဲ သားသားကလဲ စွန့်ကြဲ ပေးကမ်းလိုက်တယ်လေ၊ သားသားမွေးနေ့မှာ ဇာဇာ တို့ပေးထားတဲ့ မွေးနေ့လက်ဆောင် ကမ္ဘာလုံးလေး၊ သားသား ဆော့ပြီးသားကြီးကို ပေးကမ်း စွန့်ကြဲလိုက်တာ၊ အလကား မယူပါဘူး မေမေရဲ့.."

မိအေကပဲ သရောပြန်ခေါ်ရတော့မှာလား..၊ ဘာမှမပြောတော့ဘဲ ကားကိုပဲ ဂရုစိုက်မောင်းနေလိုက်မိသည်။

သားကတော့ ချောကလက်နှစ်တောင့်ကို ဘယ်တစ်ဖက်၊ ညာတစ် ဖက် ကိုင်ထားရင်း စားလည်းမစားဘဲ ပြုံးချိုကျေနပ်နေ၏။

မျက်ဝန်းလေးတွေက ချောကလက်ကို ငုံ့ကြည့်လိုက်တိုင်း တဝင်းဝင်း တလက်လက်..။ စားစရာရလို့ ပျော်တာမျိုးမဟုတ်ဘဲ ဒီလူပေးလိုက်တာ ကိုရဖို့ ပျော်နေတာမျိုးလား..။

ကာရဲ စိတ်တွေ မငြိမ်မသက်ဖြစ်လာမိသည်။ သားလေးပါးစပ် ကနေ ကားအကောင်းစားကြီးမှ စီးချင်ပါသည်၊ ဘယ်လိုမုန့်မျိုးမှ စား ချင်ပါသည်လို့ ဖြေလာမှာကို အကြောက်ဆုံး..။

ကလေးဘဝမှာသာ တစ်ယူသန် အယူစွဲနှင့် တောင့်တ ပူဆာလာ လျှင် သူမ ဘယ်လိုလုပ်မလဲ..၊ ဒီလူနှင့်ကျမှ ကလေးနှင့် ခဏခဏဆုံ..၊ မျက်နှာချင်းဆိုင်ဖို့တွေ ဖြစ်..။

အဲလောက်ယပ်ပဲ တိုက်ဆိုင်နေရသလား..။





## အခန်း [ ၂၅ ]

တိုက်ဆိုင်တာတွေပဲ ဖြစ်ဖြစ်၊ ဒါ ထူးတော့ ထူးဆန်းနေပါပြီ။ သားအမိနှစ်ယောက်နှင့် သူ ဆုံဖြစ်ခဲ့သည့်အကြိမ်ရေတိုင်းဟာ အမှတ် တမဲ့ မျက်စိလုတ်တိုက်မိကြတာမျိုးမှ မဟုတ်ဘဲ..။

ကားကို အရှိန်လျှော့၍ 'ကောင်းသစ်' ကုမ္ပဏီဝင်းထဲကို သူ ကွေ့ ဝင်ခဲ့သည်။ ကားရပ်သည့်နေရာက အကျယ်ကြီးမဟုတ်သည့်မို့ သူမရဲ့ ကားလေးကို တစ်ဖက်ထိပ်ထောင့်ထဲမှာ မြင်လိုက်ရ၏။

ဒီတစ်ခါတော့ သူ့စိတ်တွေ သိပ်မလုံချင်ပါ။ ဒီကို သူကိုယ်တိုင် ဘာစရာအကြောင်းမဟုတ်ဘဲ ကောင်းသစ်မှာ သူမရှိနေတာကို သတိရ လိုက်ပြီး ကိုယ်တိုင် ထလာခဲ့တာ ဖြစ်သည်။

ဘာအတွက်ဆိုတာ အကြောင်းပြချက်တော့ သူ့မှာ မရှိ..။

"လာဗျာ.. ကိုဈာန်..၊ ဘယ်နယ့် အကြောင်းမကြား ဘာမကြား အကြောင်းထူးများ ရှိလို့လား၊ ဘန်ကောက်က အစည်းအဝေးပြီးမယ်ဆိုသ ဒီ နားစွင့်နေတုန်း ခင်ဗျားကို မြင်လိုက်ရတာ လန့်တောင်လန့်သွားတယ်"

"ပြဿနာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ..၊ ကျွန်တော်တို့က ခင်ဗျားအားကိုးနဲ့ အစည်းအဝေးအဆုံးအဖြတ်ကို မျှော်နေကြတာ၊ ဒီသတင်းက အဲဒီကနေမှ ကျွန်တော်တို့ဆီ ရောက်မှာလေ"

သူ့အတွက် လက်ဖက်ရည်နှင့်မုန့်တွေ မှာပေးရင်း ဦးရာဇာအောင်က အလုပ်ကိစ္စအကြောင်းတွေကိုလည်း တလစပ် ပြောနေ၏။

"ဒါဆိုလဲ စိတ်ချမ်းသာဖို့ ရှိသေးတာပေါ့ဗျာ..၊ ဒါနဲ့ ကိုဈာန်နဲ့ ဦးမျိုးညွန့်တို့ ဆွေမျိုးတော်ကြတော့မလိုဆို..၊ ဧည့်စပ်ပွဲက ဘယ်တော့လဲ"

ဈာန့်မျက်နှာကအပြုံးတွေ ပျောက်သွား၏။ ဦးရာဇာအောင် မှာမှာ သလဲဖြစ်သွားကာ...

"ဒီလိုဗျာ..၊ မိတ်ဆွေချင်းဆိုတော့ ဒါ မင်္ဂလာစကားပဲဆိုပြီး မေးမိတာပါ၊ ကိုဈာန် စိတ်အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် ထားလိုက်ပါဗျာ.."

"မဖြစ်ပါဘူး..၊ ကျွန်တော်တို့ ဒီလကုန်လောက် ဧည့်စပ်ဖြစ်မယ် ထင်တယ်၊ ဒါပေမယ့် ဧည့်စပ်ဖြစ်ရင်တောင် သိဝ်တခမ်းတနားတော့ လုပ်ဖြစ်မှာ မဟုတ်ပါဘူး"

"ဩော်..."

ဈာန့်မျက်နှာနှင့် ဖြေပုံကို ဦးရာဇာအောင် နားလည်သွား၏။ လူပြောများနေတာကလည်း 'စ,နောက်ကြရင်း အတည်ဖြစ်သွားတာ ထင်တယ်၊ ချစ်သူတွေတော့ ဟုတ်ပုံမရဘူး'တဲ့..။

"တီ.."

"ဝင်လာခဲ့.."

သူတို့စကားပြောနေတုန်း အပြင်က လူတစ်ယောက် ဝင်လာ၏။ တံခါးဖွင့်လိုက်ခြင်းနှင့်အတူ အံရင်ပြေးဆော့သွားသည်က သနပ်ခါးပန်းနဲ့..၊ ဈာန် သတိလက်လွှတ် လှည့်ကြည့်လိုက်မိသည်။





ကုမ္ပဏီဂုတ်အင်္ကျီလေးနှင့် ကာရံ့မျက်ဝန်းလေးတွေက သူ့ကို တော့ အံ့အားသင့်သွားသလို ခြေလှမ်းလေးလည်း မသိမသာ တုံ့သွား သည်။

"လာလေ လကာရံ..၊ ဆို..."

"ဟို.. ကာရံ ဒီနေ့ နာရီဝက်လောက် စောပြန်ပါရစေ ဆရာ"

"ဘာဖြစ်လို့လဲ"

"ကလေး နေမကောင်းဖြစ်နေလို့ပါ"

ဦးရာဇာအောင် မျက်မှောင်ကြုတ်သွား၏။ ပြီးမှ ညှို့သည့်ရှေ့မှာ ရှည်မှာစိုးသည့်မျက်နှာနှင့်...

"အေး..၊ လက်မှတ်ထိုးသွားလိုက်လေ၊ မနက်ဖြန် ရုံးပြန်တက်ရင် ဒီရုံးခန်းဖွင့်တာနဲ့ မင်း ဒီကိုလာခဲ့..၊' ဟုတ်ပြီလား.."

"ရှင်..၊ ဩော်... ဟုတ်.. ဟုတ်ကဲ့ပါ"

ကာရံ မျက်နှာလေးပျက်သွား၏။ လွန်ခဲ့တဲ့ နှစ်ရက်ကျော်ကလည်း နာရီဝက်စောပြီး ပြန်ခဲ့မိသည်။ ဒီတစ်ခါဆို နှစ်ခါရှိပြီ ဖြစ်သည်။ သားလေးကလည်း မသက်သာသေး..၊ ဖြစ်ချင်ရာသာ ဖြစ်ပါစေ ..။ သူမ ပြန်ထွက်သွားတော့ ဈာန် စီးကရက်တစ်လိပ်ထုတ်၍ ည်း မညှိဖြစ်ဘဲ...

"သူ့ကို ကျွန်တော် ဒီလိုမျိုး တခြားနေရာမှာ တွေ့ဖူးတယ်"

"ဟင် လကာရံကိုလား"

"ဟုတ်တယ်..၊ ဒါပေမယ့် ဒီရာထူးအဆင့်တော့ မဟုတ်ဘူး"

ဦးရာဇာအောင်ကလည်း ချက်ချင်း နားလည်သွားကာ...

"မှန်ပါတယ်..၊ သူ့ပညာအရည်အချင်းတွေက ပြည့်စုံတယ် ယ့် ကလေးအမေဖြစ်နေတာကြီးက တော်တော်ဆိုးနေတာ..၊ တာ ကိုဈာန် သိလား.."



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောဘဲနေတော့ ဦးရာဇာအောင် က ဆက်ပြော

"ကလေးကလဲ ငယ်ငယ်လေး ရှိသေးတာတဲ့.."

"သူများပြောတာလား"

"အဲဒါကိုတော့ သူများပြောတာ၊ ဒါပေမယ့် ကလေးရှိတာကို သူကိုယ်တိုင် ပြောတာပါ၊ အမှန် ဝန်ခံရရင်တော့ မျက်နှာတော့ ဗျ။ သူ့ကို ကျုပ်တို့က အတွင်းရေးမှူးထိ နေရာလျာထားပြီးသား၊ ရုပ် လေးလဲ ရှိ၊ ပညာလဲ တော်တယ်လေ၊ အဲဒါ အော်ဒါမထွက်ခင် ကိုယ်တိုင် ဝန်ခံလိုက်တော့ သနားပေမယ့်လဲ မတတ်နိုင်ဘူးလေ

"သူက အိမ်ထောင်မရှိတော့ဘူး ထင်တယ်"

"ဖြစ်နိုင်တယ်ဗျ.. သူတစ်ယောက်တည်း ရှန်းကန်နေတာ မှာ.. သူပြောတော့ အိမ်ထောင်ရှိသလိုလိုပဲ၊ ဒါလဲ တချို့မိန်းမ လုံခြုံမှုတစ်ခုအဖြစ် မရှိကို အရှိလုပ်ကြတာပဲလေ..၊ ဘာပဲဖြ တစ်ယောက်တည်း ရှန်းကန်နေရတဲ့သရုပ်က ပေါ်နေတာပါပဲ"

သူ ခေါင်းညိတ်လိုက်သည်။ ငွေဝကျနံရစ်သည့် သနပ်ခါး လေး ပျောက်သွားတော့ စိတ်ထဲမှာ တစ်ခုခု ပြီးဆုံးသွားတာမျိုး၊ ဒီ မှာ သူ ထိုင်မနေချင်တော့ပေ..။

"ဒါဆို သွားမယ်ဗျာ..၊ ကိုမောင်မောင်တင့် ဆီလာတုန်း လှည့်ဝင်ခဲ့တာ"

"ကောင်းပါပြီဗျာ..၊ ကျုပ်ကိုလေ သတင်းထူးလေးရတာနဲ့ လေးတစ်ချက်တော့ နှိပ်ပေးပါနော်"

သူ ပြန်ထွက်လာတော့ ကာရံက ကားမောင်းထွက်သွားပြီ ပန်းကြွေတဲ့ သာခံပင်တစ်ပင်အောက်မှာ သူ အိပ်ပျော်သွားခဲ့ လား..။

ပန်းတစ်ပွင့် ကြွေလိုက်တာတော့ သိသည်။





နောက်တစ်ပွင့် ကျလာတာကိုလည်း သိသည်။ တစ်ပွင့်ပြီးတစ်ပွင့် မယ့် သူ့မျက်နှာထက်မှာ ပန်းတို့မွေ့ရာခင်းသောအခါ...

မလွယ်ပါလား..။

သူ့ရင်ထဲမှာ မွန်းကျပ်သလိုကြီး ဖြစ်လာခဲ့၏။ တစ်ခါတွေ့တော့ တ်ဆိုင်တာ၊ နှစ်ခါကျတော့ အမှတ်တရ၊ ခဏခဏ တွေ့ဖန်များတော့ ထဲမှာ ဘာဖြစ်နေပြီလဲ..။

ယောကျ်ားတချို့နှင့်ပတ်သက်နေတာ မြင်နေရသည့် သူမ..၊

သားတစ်ယောက်နှင့် အိမ်ထောင်ပျက်ဆိုသည့်ဘဝမှာ ရှန်းကန်နေ ည်ထင်ရသော သူမ..၊

သေချာပြန်တွေးကြည့်လျှင် အထင်ကြီး လေးစားထိုက်ဖွယ် မရှိဟု တ်မှတ်ထိုက်နေသည့် သူမ..၊

သတိရနေတာမျိုးတော့ မဟုတ်ပါ..။

ဒါပေမယ့် မြင်လိုက်တိုင်းမှာ အမှတ်တမဲ့သဘောနှင့် ခဏလေးမှာ လည်ပျောက်ကွယ်သွားတာမျိုး မဖြစ်ခဲ့ပါလား..။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၂၆ ]

"ဖေဖေ"

"ဟင်၊.."

မျက်နှာရှေ့ကနေ ပြေးလာသည့်ကလေးကို ဟန်ပန် ကတော့ သိမှာမဟုတ်ပေမယ့် သူ သိသည်။ နေအလင်္ကာ ဆိုသည့်ကလေး..။

"ဖေဖေ့ကို အမေက ခေါ်ခိုင်းနေတယ်"

"ဘာ..."

ရှက်သည့်စိတ်နှင့် မျက်နှာပြင်ကိုမီးဟပ်သွားသလို ဖျင်းခနဲ ဖြစ်၏

"ရှာန်..."

ဟန်ပန်သည် တွဲထားသည့်လက်ကို ဖြုတ်ချပစ်လိုက်ကာ ဘေးတိုခြေတစ်လှမ်းဆုတ်ရပ်ကာ...

"ဒီကလေးက ဘယ်က ကလေးလဲ ရှာန်"

"ဟာ.. မသိဘူး၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး"

"သားရေ..."

နောက်ထပ် ကာရံ ရောက်လာမှ ပိုရှုပ်ကုန်တော့သည်။





သူ့မျက်နှာကို ရွံရှာမုန်းတီးစွာကြည့်လျက် ကလေးကို သူမနောက်ထိ ဆွဲသိမ်းဖက်လိုက်ပြီး...

"ပူမနေနဲ့..၊ ရှင့်လိုလူကိုလဲ အဖေ ခေါ်မခိုင်းဘူး"

"ဟိတ်..၊ မင်း... မင်း ဘာစကားပြောတာလဲ"

"ဟင့်အင်း ဖေဖေ..၊ ဖေဖေ့ကို သားသား ချစ်တယ်၊ ဖေဖေ... ဖေဖေရေ.."

ကလေးသည် ကာရံ ဆွဲခေါ်သွားသည့်နောက်ကို ရှန်းကန်ငိုယိုရင်း ပါသွားသော်လည်း...

"ဟား..."

မျက်လုံးတွေ ဖျတ်ခနဲပွင့်လာတော့ သူ့အိမ်ခန်းထဲမှာ..၊ အိပ်ရာထက်ကနေ ထ,ထိုင်လိုက်ချိန်မှာ ချွေးမထွက်ဘဲ စိတ်အိုက်နေတာ အဝတ်အစားတွေပါ ချွတ်ပစ်ချင်စိတ် ပေါက်၏။

အဲကွန်းကို အရှိန်မြှင့်လိုက်ပြီး ရေတစ်ခွက် ထ,သောက်လိုက်သည်။ လှုပ်ရှားသွားလာမှုတိုင်းဟာ စက်ရုပ်လိုဖြစ်လျက် နားထဲမှာ 'ဖေဖေ'လို့ခေါ်သည့် ကလေးသံလေးက စူးဝါးစွဲနစ်နေခဲ့၏။

ဘာဆိုင်လို့လဲ..၊ ဒီလိုစိတ်ကူးမျိုးနှင့် သူ ယောင်လို့တောင် တွေးမကြည့်ခဲ့ဘူးပါပဲ၊ အိပ်မက်ထဲမှာ ဒီအဖြစ်မျိုးနှင့် ဘာဖြစ်လို့ ဖြစ်နေခဲ့တာလဲ..။

ကာရံ နှင့်-နေအလင်္ကာ ဆိုသည့်ကောင်လေးအပေါ်မှာ သူ စိတ်ဝင်စားခဲ့တာ မှန်သည်။ ဒါပေမယ့် စာနာစိတ်လေး ဝင်မိလိုက်၊ အထင်မြင်သေးသလို ဖြစ်သွားလိုက်..။

ဒီလို ခံစားကြည့်ဖို့ဆိုတာ အဝေးကြီးပါ..။

အိပ်မက်ထဲမှာ ဟန်ပန် ရဲ့ အထင်မြင်သေးသည့်အကြည့်တွေကို သတိရကာ ခုထိ ရှက်နေတုန်း။ ရေသောက်ပြီးတဲ့အထိလည်း ရင်မှာမငြိမ်ဘဲ ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး…"

ခေါ်သံနှင့်အတူ တံခါးခေါက်သံပါ ထွက်လာသဖြင့် ရေ[ချိုး…]
ပြန်ထည့်လိုက်ရင်း…

"ဘာလဲ"

"အစ်ကိုလေး အလုပ်ထလုပ်နေတာလား"

သူ ဘာဖြေရမှန်းမသိခင်…

"ညလယ်စာ တစ်ခုခုစားချင်ရင် လုပ်ပေးမယ်လေ"

"နေပါစေ၊ အိပ်တော့…"

"ဟုတ်ကဲ့…၊ လိုရင်ခေါ်လိုက်နော် အစ်ကိုလေး၊ ကျွန်တော်[…]
သတိနဲ့အိပ်မှာ…"

စိုးနိုင် က တာဝန်ကျေသည်။ သူ တစ်ခါတလေ အိပ်ရာဝင်ပြီး[…]
အိပ်မပျော်လို့ ပြန်ထ၍ စားပွဲထိုင်တာမျိုးဆို ခုလိုပဲ ခေါ်ကြည့်ပြီး စား[…]
တစ်ခုခု ယူလာပေးတတ်၏။

ခုတင်မှာပြန်ထိုင်ရင်း နေအလင်္ကာ ဆိုတဲ့ကလေးရဲ့ မျက်ဝန်း[…]
တွေကို ပြန်တွေးကြည့်နေမိသည်။

ဒီကလေးနှင့် အမေအပေါ် သူ အမှတ်တရ ရှိခဲ့တာတော့ မှန်ပါသည်[…]

ဒါပေမယ့် ဘာဆိုင်လို့လဲ…၊ ညတစ်ညနှင့် အိပ်မက်ဆိုးသ[…]
သူ့ရင်ထဲမှာ ပြန်လည်ပျောက်ပြယ်နိုင်ဖို့ လွယ်မည်မထင်တော့ပါ။

ရှက်နေမိသည်လား…၊

ဒီလိုအဖြစ်မျိုးကို ကြောက်တာလား…၊

ဒါမှမဟုတ်…။





## အခန်း [၂၅]

ဧစပ်ပွဲဆိုပေမယ့် စားသောက်ဆိုင်ထဲမှာ မိတ်ဆွေတွေကို ဧည့်ခံ[…]
[…]ိုက်တာ ဖြစ်သည်။ အားလုံး စားပွဲငါးဝိုင်းမှာ လူအပြည့်…။

အတွင်းခန်းတစ်ခန်းလုံးကို သူ ယူထားတာဖြစ်ကာ အပြင်ခန်းက
[…]ာ့ စားသောက်ဆိုင်မျက်နှာစာပဲ ဖြစ်သည်။

ဟန်ပန် က ပုလဲနှစ်ရောင် အပြောင်သားဝတ်စုံလေးနှင့်ဖြစ်ကာ
[…]ါခြုံထားသလို အပေါ်ထပ်အင်္ကျီပါးလေးက ပေါ်လွင်လွန်းတာလည်း
[…]ုတ်ဘဲ သတို့သမီးလောင်းမှန်း သိသာအောင် ထင်းနေသည်။

ဈာန် ကတော့ ဘာမှ ထူးခြားဝတ်စားထားတာ မရှိပေ…၊ လည်ကပ်
[…]ယ်တာအဖြူပေါ်မှာ ကုတ်အင်္ကျီဖားဖားနှင့် အရင်လိုပဲ ဖြစ်၏။

"စေ့စပ်ပွဲမှသည် လက်ထပ်ပွဲသို့ အမြန်ဆုံး ရောက်ရှိပါစေဗျာ"

"လုပ်မနေနဲ့ ကိုချမ်း…၊ ဒီလင်ဒီမယား ရာသက်ပန် ပေါင်းရပါစေ
[…]ို့ပဲ ဆုပေးလိုက်ပါ"

"ဩော်… သတို့သမီးလောင်းက ရှက်နေမှာပေါ့ဗျာ…၊ ဒါက
[…]စပ်ပွဲပဲ ရှိသေးတာ…၊ လက်ထပ်ဖို့က မသတ်မှတ်ရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



""ဟုတ်တယ် ကိုချာန်..၊ ခင်ဗျားတို့ ခန့်မှန်းထားတာလေး
ကြေညာလေ..၊ ကျုပ်တို့ အနီးစပ်ဆုံး ကြိုတင်စီစဉ်ရတာပေါ့""

""လာမှာပေါ့ဗျာ""

ချာန် က ဒါပဲဖြေသည်။ သူ့ကိုလှမ်းကြည့်နေသ
ဟန်ပန့်မျက်ဝန်း လေးတွေ တစ်ချက်တော့ ပျက်ယွင်းသွားခဲ့၏။

ညာဘက်ဝိုင်းမှာရှိနေသည့် ချမ်းမြေ့အောင် တို့ တစ်ယောက်မျက်
တစ်ယောက်ကြည့်ပြီး ပြုံးသည်။ ရှိန်း က ဘီယာငုံ့နေရင်း ဟွန့်
ရယ်၏။

ချာန့်အကြောင်း သူတို့ထက် ဘယ်သူ ပိုသိမှာလဲ..၊ ဒါတော
စီစီရီ နှင့်တုန်းက ချာန့် ကို သူတို့တလွဲထင်ပြီး မဟုတ်တရုတ်တွေ
ပေးဖို့ စီစဉ်မိခဲ့သေးသည်။ ဒါကြောင့်...

တစ်ယောက်နှင့်တစ်ယောက် ပြတ်တောက်သွားခဲ့ကြတာ ဘယ်
နှစ်တောင်လဲ..။ ဒေါသဖြစ်ခြင်း၊ ဝမ်းသာခြင်း ဘာဖြစ်ဖြစ် ချာန့်မျက်
မှာ မြင်လိုက်ရရင် ခဏပါပဲ..။

နောက်ဆက်တွဲ တင်ရှိခြင်းတွေဟာ သူ့ရဲ့မျိုသိပ်ခြင်းတွေသာ ဖြ
၏။

""ဘယ့်နှယ်လဲ မပန်..၊ စကားနည်းလှချေလား..၊ ကျွန်တော်
ထပ်မမှာတော့ပါဘူးဗျာ""

ဟန်ပန် က သိသာစွာ တိတ်နေသဖြင့် တစ်ယောက်က ပေါ်တင်
နှုတ်ဆက်၏။

""မဟုတ်ပါဘူးရှင်..၊ သူ ပြောနေတာ သူ့အဖြေပေါ့၊ ဘာ
မလိုတော့တဲ့ဟာ..""

""ဟာ... ဒါဆို မပန် က တစ်မျိုးစိတ်ကူးရှိပုံပဲ၊ ပြောပြပါ
ဗျာ..၊ ဘာပဲဖြစ်ဖြစ် ဒါက ဝါးကြောပဲနေမှာ..၊ နော်.. ဦးချမ်းသာ





""မင်းတို့ပဲ မေးကြည့်ပေါ့ကွာ""

သူတို့ချင်း ဘာအဓိပ္ပာယ်နှင့် ပြောနေမှန်းမသိပေမယ့် ဟန်ပန့် က
ချာန့်ကို မျက်ဝန်းလေးတွေ ထောင့်ကပ်ကြည့်ကာ...

""ဘာအတွက်မှ သူ အချိန်ပေးနိုင်မှာ မဟုတ်ဘူးလေ..၊ အဲဒီတော့
ဟန်ပန် ကလဲ မပြောတော့ဘူးပေါ့..၊ မဟုတ်ရင် ဒီပွဲလောက်နဲ့ ဘယ်က
မလဲ""

""ဟား.. လွဲသွားတာပဲ..ကွ""

""အေးလေ""

ဘယ်သူဘာပြောပြော ချာန် က အပြုံးမပျက်ပေ..။ လူတွေပြော
နေတာ မတင့်တယ်ပါဘူးဆိုတော့ တင့်တယ်သွားအောင် စေ့စပ်ထား
လိုက်တာပဲ..။

မပြီးသေးဘူးလား..။

ဟန်ပန် နှုတ်ခမ်းစူနေတာကို သူသိသည်။ ကုမ္ပဏီက မိတ်ဆွေ
တွေ၊ အခြားမိတ်ဆွေသင်္ဂဟတွေ၊ ဒီလောက်ဆို ရပြီဟု သူ သတ်မှတ်ပြီး
လူကြီးအကိုးအကားတွေမပါဘဲ ဒီလိုပွဲလေး ခင်းကျင်းလိုက်သာ ပကာသန
မဲ့နေလို့..။

""အေးလေကွာ..၊ မင်းတို့နှစ်ယောက်ရဲ့ဝိတ်နဲ့ ဒီလောက်လေး
ကတော့ နည်းပါတယ်""

ဘယ်သူတွေ ဘယ်လိုစ,နေကြပါစေ..၊ ချမ်းမြေ့အောင် တို့က
ပြုံးရုံကြည့်ရုံလေးပဲ လုပ်နေကြ၏။ အခု ဆိုင်ထဲမှာရှိသမျှလူတွေထက်
သူတို့က ပိုရင်းနှီးခဲ့ကြသည်။

ဒါတောင် ဒီပွဲလုပ်တော့မည်၊ လာခဲ့ပါလို့ ဖိတ်မှ သူတို့ သိကြရ၏။
နည်းနည်းတော့ အောင့်သက်သက်ရယ်ပါ..။

သူတို့မှာ သူငယ်ချင်းကို ပြေလည်သာယာစေချင်လို့ အမှန်းခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကူညီဖို့ ကြိုးစားခဲ့သည်။ ဒါကျတော့ တကယ်မှန်း၊ တကယ်ဖြတ်ခဲ့ကြ၏။ သူ လုပ်ချင်တာလုပ်ဖို့ကျတော့ ဒီသူငယ်ချင်းမိတ်ဆွေတွေကို ခေါင်းထဲ နည်းနည်းမှ ထည့်ခဲ့ပေ..။

"ကိုချမ်းမြေ့အောင်..၊ အဲဒီကိစ္စ ခင်ဗျားတို့ရော ကျေနပ်ကြလား၊ ပြောလေဗျာ"

သူတို့ မျက်နှာချင်းဆိုင် ရင်မွှင့်နေကြတုန်း တစ်ဖက်စားပွဲက အသံထွက်လာ၏။ ထိုအခါ ဈာန့် ကို ချမ်းမြေ့အောင် က လှမ်းကြည့်ပြုံးကာ...

"လိုတော့ လိုသေးပေမယ့် ဒါ သူ့ဆန္ဒဆိုတော့ အရေးမဆိုတော့ဘူးဗျာ..၊ ကိုအောင် တို့ပဲ ပြောကြတာပါ၊ သူက လိုချင်ရင် ယူတယ်၊ မပေးနိုင်ဘူးဆိုလဲ ဓားပြတိုက်ယူတာတောင် မရဘူးနော်၊ ကျွန်တော်တို့က အကြောင်းသိ ဓာတ်သိချင်း.."

ဟန်ပန့် မျက်ဝန်းလေး ဈာန့် ဆီ လင်းခနဲရောက်သွားသည်။ လိုချင်ရင် ယူတယ်၊ မပေးနိုင်ရင် မရဘူးဆိုတော့ ဈာန် က ကိုယ့်ကို မက်မောမှု မရှိဘူးလို့ ပြောချင်တာလား..။

ဈာန် က ဟန်ပန့် ရင်ထဲမှာ ဖြစ်သွားတာကို သိသည်။ ထို့ကြောင့် ဘီယာထည့်ရင်း သူမဘက်ကို ခေါင်းငုံ့၍ ခပ်ပြုံးပြုံးနှင့်...

"စိတ်လျှော့ထားစမ်းပါ..၊ အလကား မုန်တိုင်းကြိုချင်တဲ့ မိုးစက်တွေ.."

တိုးတိုးကပ်ပြော၏။ ဟန်ပန် က မျက်စောင်းလေးရွယ်ကာ...

"အဲဒီသုံးယောက်က နင်နဲ့ ငယ်ပေါင်းတွေဆို..."

"ငယ်ပေါင်းဆို နင် သိမှာပေါ့ ဟန်ပန်..၊ ဒါပေမယ့် ဒီကလူ အားလုံးထက် ရင်းနှီးတယ်"

"ခုကျတော့ ဘာလို့ သပ်သပ်စီ ခွဲထိုင်နေတာလဲ..၊ ဟွန်း.. ဈာန်





နော်..၊ သူတို့နဲ့ နင့်ကြားမှာ ခန့်စရာ၊ ရွံ့စရာ တစ်ခုခုတော့ ငြိနေတာ ရှိတယ်"

"ဟား... ဟား..."

သူ ခပ်အုပ်အုပ်ရယ်တော့ ဘေးမှာရှိနေသည့် သီဟကို က ငုံ့ကြည့်၏။ ဒါပေမယ့် ဟန်ပန့်နဲ့ တစ်ခုခု ဆွေးနွေးနေမှန်း သိသွားသဖြင့် ဟိုဘက်ပြန်လှည့်ပြီး အပြောမပျက်၊ အစားမပျက်..။

"လူကဲခတ်တော်သားပဲ ဟန်ပန်"

"လယ်တယ်၊ အထူးသဖြင့် နင့်ကို ပိုအကဲခတ်နိုင်တယ်"

"ထပ်ခတ်လိုက်ပါဦး..၊ ဘာတဲ့လဲ.."

"မပြောဘူး..၊ နင် ပြောတာကို ကြားချင်တယ်"

ဘီယာကို မသောက်ဖြစ်ဘဲ ဈာန် က ပခုံးတွန့်သည်။

"ပြောပြလေ..၊ ငါ့ကို နင် ဒီလိုနေရာမှာ ခေါ်စပ်လိုက်တာ နည်းနည်း ရင်ခံနေတာ ရှိတယ်နော်..၊ ဒီလိုကိစ္စတွေရှိခဲ့တာ နောက်မှသိရင် အဲဒါ ကျိုင်.."

ဈာန့် မျက်နှာပြုံးနေတာကိုပဲ ဟန်ပန် ရင်ခံနေခဲ့သည်။ ဒီပွဲမှာ ပျော်ရွှင်ကြည်နူးလွန်းလို့ ပြုံးပျော်နေတာမဟုတ်မှန်းလည်း သိနေလို့ပါ..။

အနားမှာ တခြားလူတွေနှင့် ဝိုင်းဖွဲ့နေတာမို့ စိတ်ရှိတိုင်း ဆွဲလှဲထုနက်ပစ်ချင်ပေမယ့် မဖြစ်..။

"ရှားရှားပါးပါး ကောင်မလေးတစ်ယောက်ပဲ"

"ဘာ.."

"ခင်ခဲ့ဖူးတာ.."

"ဘယ်သူလဲ.."

"ပြီးသွားပြီကွာ..၊ ထားလိုက်ပါတော့၊ ဒီမှာ မျှိမကျတော့ဘူး"

ဈာန် ဘီယာခွက်ကို နှုတ်ခမ်းနားတေ့လိုက်တော့ ဟန်ပန် က



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချ၏။

"အဲဒါတွေ တော်ပြီ"

"ဟင်.. ဒါ ကိုယ် သောက်နေကျ"

"ဒါပေမယ့် အခုက ငါတို့ပွဲလေ"

"အဲဒါကြောင့် အထိမ်းအမှတ်နဲ့ ပိုသောက်ဖို့တောင် စီစဉ်ထားတာ"

"ချာန် နော်.."

"ဟိုမှာ.. ဟိုမှာ... တို့ဆီတက်လာနေကြပြီ၊ ဒီသူငယ်ချင်းနှစ်ယောက်တော့ မလွယ်ပါလား"

သူတို့ သူငယ်ချင်းတွေမှန်းသိတဲ့ လူတချို့က လှမ်းစ,၏။ ထိုအခါကျမှ ဟန်ပန့် လက်ကလေး နောက်ဆုတ်သွားခဲ့သည်။ ချာန်က ရယ်နေ၏။

သူ ဖန်ခွက်ကို နှုတ်ခမ်းမှာကပ်၍ မော့လိုက်စဉ် မေးစင်းသွားသည့် မျက်တောင်များတို့၏အဆုံး..၊ မြင်ကွင်းထဲတွင်...

"အစ်မက အထဲက စေ့စပ်ပွဲကို လာတာလား"

"ရှင်..."

"အထဲမှာ စေ့စပ်ပွဲ ရှိတယ်"

ကာရံ မျက်ဝန်းလေးတွေ မှန်တစ်ဝက်ကာထားသည့် လှေကားသုံးဆင့်အမြင့်မှာရှိသော စားသောက်ခန်းဆီ ရောက်သွားသည်။

ထိုအခါ ညနေခင်းကြီးမှာ မီးတွေ ဖွေးနေအောင် ဖွင့်ထားသည့် အခန်းထဲက ထင်းနေသည့် ပုံပန်းသဏ္ဌာန်နှင့် လူတစ်ယောက်နှင့် အကြည့်ချင်းဆုံလေသည်။

ချာန် ဆိုသည့် နာမည်တစ်လုံးနှင့် လူ..။

သူ့ဘေးမှာ ပြောင်အိအိ အဝတ်အစားနှင့် ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို မြင်လိုက်သည်နှင့် သူ့စေ့စပ်ပွဲဆိုတာလည်း ချက်ချင်း





သိလိုက်သည်။

ခက်ပါလား..၊ ညည်းကြီးရောက်လာပြီးပြောမှ ကိုယ့်ကိုယ်ကိုယ် သတိရသည်။ သူမလည်း ခုပဲ မင်္ဂလာပွဲတစ်ခုက ပြန်လာတာ ဖြစ်သည်။

ဒီမှာ သားလေးက ခရုခေါက်ဆွဲစားနေကျမို့ အိမ်ပြန် ဝယ်သွားမလို့ ဝင်ခဲ့ကာမှ...

"တို့က စေ့စပ်ပွဲလာတာ မဟုတ်ပါဘူး"

"ဗျာ..."

ညည်းကြီးလူငယ်က ကာရံ ဝတ်ထားတာကို ဝေ့ခနဲကြည့်ပြီး ခေါင်းကုတ်၏။

ပုလဲနှစ်ရောင် မြန်မာဆန်ဆန်ဝတ်စုံလေးသည် ရွှေအိုရောင်ဒူးနားဆစ်လေးနှင့်မို့ နောက်တွဲဆံထုံးပုံ့ပုံ့လေးနှင့် သူမပုံစံက စေ့စပ်ပွဲလာတာ မဟုတ်ရင် ဘာဖြစ်နိုင်မလဲ..။

"ဒီမှာပဲ ထိုင်စောင့်မယ်..၊ ခရုခေါက်ဆွဲတစ်ပွဲရယ်၊ မာလာငါးဟင်းတစ်ပွဲ ပါဆယ်မြန်မြန်လုပ်ပေး.."

"ဟုတ်ကဲ့"

မသိတတ်ဆိုးရွားသည့်မျက်လုံးက ထိုဆီ နောက်ထပ်ရောက်မိလျှင် ကြည့်နေဆဲ မျက်လုံးတို့နှင့် ဆုံပြန်၏။

"မေမေ.."

"ဟင်.."

"ဟိုမှာ ဦးဦးက သားသားကို ပြုံးပြနေတယ်၊ ဦးဦးဆီ သားသား ခဏသွားမယ်နော်"

"ဘာ...၊ အို.. မဟုတ်တာ သားသားရယ့်..၊ သူတို့က စေ့စပ်ပွဲလုပ်နေတာ"

"စေ့စပ်ပွဲဆိုတာ မင်္ဂလာဆောင်တာလား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..၊ အခု မေမေတို့ ပြန်လာတဲ့ပွဲမျိုးပေါ့..၊ ကြိုက်တဲ့နေရာမှာ လုပ်လို့ရတယ်လေ"

နေအလင်္ကာ မျက်နှာမှုန်မှုန်လေးနှင့် ငြိမ်ကျသွားသည်။ သားလေးကို ပေါင်ပေါ်မှာတင်ပြီး ပိုက်ပွေ့ထားမိပေမယ့် ကာရံ၏ကိုယ်လုံးအလှသည် မြန်မာဆန်ဆန် အဝတ်အစားကြောင့် ဘယ်ကကြည့်ကြည့် ရိုးရိုးစင်းစင်းလေးနှင့် ထင်းနေ၏။

မြင်လိုက်ရတိုင်း မရိုးမအီနိုင်အောင် ဆွဲဆောင်နေတတ်သည့် သူမကို ရျာန် ကလည်း ငေး၏။ ဘီယာမော့ရင်း ငေးသည်။ နောက်ထပ်ထည့်ရင်း ကြည့်သည်။

ထပ်မော့ရင်းနှင့်လည်း ငေးနေဆဲ ဖြစ်သည်။ ချမ်းမြေ့အောင် က သတိထားမိသွားကာ ရှိန်း ကို လက်တို့သည်။ ရှိန်း က မေးဆတ်ပြီးမှ ချမ်းမြေ့အောင်ပြသည့်နေရာဆီ လိုက်ကြည့်သည်။

အားလုံးသည် စ,ကြနောက်ကြနှင့် ဘာကိုမှ သတိထားမနေကြပါ။ လူကြီးပိုင်းတွေမှာလည်း ဒီနေရာမှာ လွတ်လပ်သလို ပြောဆိုနေကြသည်မို့ စေ့စပ်ပွဲနှင့်ပတ်သက်တာ ပါလာလည်းရှိ၊ မပါတာလည်း ရှိ..။

သူတို့ ကြည့်နေဆဲမှာ ရျာန် က နေရာမှထ,သွားသည်။ ဝိတ်တာကောင်လေးကို တစ်ခုကပ်ပြောပြီး သူက ရှေ့ခန်းကို ဆင်းသွား၏။

အားလုံး၏ 'ဟင်'ခနဲအကြည့်တွေ သူ့နောက်မှာ တစိုက်မတ်မတ်ပါသာကြမှန်း သိပေမယ့် ဂရုစိုက်ဖို့ မေ့နေခဲ့တာ တကယ်..။

"ဦးဦး.."

ကလေးက မအေ့ကိုယ်ပေါ်ကဆင်းပြီး သူ့ဆီ ပြေးလာ၏။

"ချာတိတ် ဘာလာဝယ်တာလဲ.."

"ခရုခေါက်ဆွဲ"

"ဟုတ်လား.."





ကလေးရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်တော့ သူမနှင့် နီးနီးလေးမှာမို့ မြင်ကွင်းက တစ်မျိုးကြီးဖြစ်သွား၏။ အပေါ်ထပ်တစ်ထပ်လုံး တိတ်ဆိတ်ငြိမ်ကျသွားကာ ဟန်ပန် မျက်နှာ သိသာစွာ တင်းနေသည်။

ဘယ်တုန်းက သိကြတာလဲ..၊ ဘာတွေလဲ..။

ကာရံ့ မျက်နှာလေးလည်း နီမြန်းလျက်ရှိ၏။ ဒီလူ အရက်တွေမူးနေလို့ တွေနေတာလား..။

"အပေါ်မှာ မုန့်လိုက်စားပါလား ချာတိတ်"

"ဟင့်အင်း"

သိပ်မရင်းနှီးခဲ့ဘဲ ကလေးက သူ့လည်ပင်းကို တရင်းတနှီး သိုင်းဖက်သည်။

ကာရံ က သူမကိုယ်တိုင် မြန်မာဆန်ဆန် ဝတ်ထားပေမယ့် ကလေးကျတော့ ဘောင်းဘီလေးနှင့်မှ အဆင်ပြေမှာမို့ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်လေး ဆင်ထားတာ ဖြစ်သည်။ ထို့ကြောင့် အနောက်ရောင် ကုတ်အင်္ကျီအနက်ဖားဖားနှင့် ရျာန့် ရင်ခွင်ထဲမှာ နေအလင်္ကာ သည်..

"ဦးဦးက ဘယ်သူနဲ့ မင်္ဂလာဆောင်တာလဲဟင်"

"အန်တီတစ်ယောက်နဲ့ပေါ့ကွ..၊ ကြည့်ချင်ရင် အပေါ်ကို လိုက်ခဲ့ပါလား"

နောက်ထပ် ကလေးက ခေါင်းခါတော့ ပါးပြင်လေးကို ဖွဖွလေး လိမ်ကာ...

"ကြည့်လဲ သိပ်မထူးပါဘူးကွာ..၊ ချာတိတ်ရဲ့မေမေလောက် မလှဘူးကွ"

အို..၊ ဒီတစ်ခါ ကာရံ့ မျက်နှာလေး အဝတ်စနီ လွှမ်းသွားသလိုပင်..။ သူမ ဘာမှမပြောလိုက်သေးမီ ဝန်ထမ်းတစ်ယောက်က စားစရာအိတ်နှစ်လုံးနှင့် ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ချာန် က လှမ်းယူလိုက်ကာ…

"ရော့..၊ ဒါ ချာတိတ် စားဖို့.."

"သားသား စားရမှာလား"

"ဟုတ်တယ်..၊ ဦးက ဟိုပေါ်မှာ သူများတွေကိုလဲ အလကား ကျွေးနေတာလေ၊ ချာတိတ်က လိုက်မစားချင်ဘူးဆိုတော့ အိမ်ကိုယူသွားပေါ့၊ ဟင့်အင်းလို့ မငြင်းရဘူး၊ ရော့…"

သေချာပြောပြပြီးပေးမှ ကလေးက အထုပ်တွေကို ယူသည်။ ပြီးတော့ မအေကိုလည်း မော့ကြည့်၏။

"ဦးဦးက သားသား ပေးတာကျတော့ မယူဘူး.."

"ယူတယ်လေ.."

"ဟင့်အင်း..၊ သားသားနဲ့ လဲယူတာပါ"

နေအလင်္ကာ ဉာဏ်ကောင်းတာလေးကို သူ ကျေနပ်သွားပြန်၏။ နှာခေါင်းလေးကို တစ်ချက်ညှစ်ပြီးမှ သူ နေရာမှ ထ,ရပ်လိုက်ကာ…

"နောက်ဆို မလဲဘဲ ယူမယ်၊ မိတ်ဆွေဆိုတာ ခင်လို့ကျွေးရင် စားရတယ်ကွ..၊ လဲတာတွေ မပြောရဘူး ကြားလား၊ တာတာ…"

"တာတာ.."

သူ ဒီဘက်ကို ပြန်လှည့်ကြည့်လိုက်စဉ် စီးမိုးငေးနေကြသည့်မျက်လုံးပေါင်းများစွာထဲမှာ ဟန့်ပန် က ချာခနဲ မျက်နှာလွှဲသွား၏။

အားပေ ော့ နှာပါ၏။ ချာန့် နှုတ်ခမ်းမှာ ပြုံးရိပ်ထင်ကာ ဆံပင်သပ် ရင်း တစ်ချ ်တော့ ရယ်ဖြစ်၏။ အပြစ်ရှိသူ အပြုံးမျိုးလား..။





## အခန်း [ ၂၈ ]

"မရစ်နဲ့ကွာ..၊ လုံးဝ မရင်းနှီးဘူးဆိုမှ.."

"မရင်းနှီးပေမယ့် နှင် ဒူးထောက်နေပုံက မသိရင် လက်ထပ်ခွင့် တောင်းနေသလိုပဲ၊ ပိုက်ထားတဲ့ကလေးက ရင်ခွင်ထဲမှာ ပျောက်နေတာ"

"အဲဒါ မသိဘူး..၊ ကလေးကတော့ တကယ်ချစ်ဖို့ကောင်းတာ၊ သေချာမြင်ဖူးရင် နင်လဲ ချစ်မှာပါ"

"ဟုတ်တယ်..၊ ငါ ချစ်မိနိုင်တယ်၊ ဒါပေမယ့် နင် ချစ်တဲ့ပုံကြီး တော့ မဟန်ဘူးနော်"

"ဘာလဲ သဝန်တိုနေတာလား"

"ငါ လက်ထပ်မယ့်ယောကျ်ားပဲ"

စိတ်တိုတိုနှင့် အော်ပစ်လိုက်မိသည်။ ချာန် က အလုပ်မပျက် လုပ် နေရင်း ရယ်သည်။

"ဘာရယ်တာလဲ"

"မရယ်လို့ အရိုးတူ ဒေါသတွေနဲ့ ဖက်သတ်ရမှာပေါ့"

"ချာန် နော်..၊ ငါပြောချင်တာ အဲဒါမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူကျတော့ ဒီအခြေအနေထိ လူကို ချစ်တဲ့ကြိုက်တဲ့စကား တစ်ခွန်းမှ မပြောသေးဘဲနဲ့ ကိုယ့်ဘက်က ထွက်ကျလာတာတော့ ကြားချင်နေသလား…၊ သေလိုက်…။

တစ်ယောက်တည်းတွေးပြီး မျက်စောင်းအထိုးမှာ ချာန့်မျက်နှာမော့လာတာနှင့် ပက်ပင်းတိုး၏။

“ထင်တော့ ထင်တယ်”

“ဘာလဲ…”

“ငါ့မျက်နှာ အကောင်းတိုင်း မကျန်နိုင်ဘူးလို့”

“ဟွန်း…”

“အလုပ်သွားလုပ်လေ…၊ ဒီဆိုင်းမပြီးရင် အိမ်မပြန်ရဘူးနော်”

“အမယ်…၊ ငါက နေနိုင်တယ်၊ နင်. မပြန်ဖို့ပဲ လိုတာ”

စားပွဲတစ်ဖက်စီမှာ ထောင့်မှန်ကျထိုင်ကြရင်း ပြောဖြစ်နေသမျှ စကားကောင်းလည်း တစ်ခွန်းမှ မပါ…။

“တော်ပြီ…၊ မမနော်… လူပြောများလာလို့ စေ့စပ်ဖြစ်သွားပြီ ဒီတစ်ခါ ညဘက်အတူကျန်ခဲ့ရင် ရည်းစားလေးတောင် မထားလိုက်ရဘဲ လက်ထပ်ဖြစ်သွားဖို့ ရှိတယ်”

“ဘာ…”

လှုပ်ရှားနေသည့် ဟန်ပန့် လက်နှစ်ဖက်စလုံး ရပ်သွား၏။ ကိုင်ထားသည့်ဘောလ်ပင်ကိုပါ လွှတ်ချလိုက်မိကာ…

“နင်က… နင်က… ငါ့ကို စိတ်မပါလက်မပါ စေ့စပ်ခဲ့ရတာပေါ့”

“ကြည့်…”

ဟန်ပန် တအံ့တသြဖြစ်သွားတာကို ချာန် က မျက်ခုံးနှစ်ဖက်ပင့်ပြီး ပြန်ကြည့်ကာ…

“စေ့စပ်တာပဲ ဘယ်လိုကာလာတွေ တင်စေချင်လို့လဲ…၊ နင်နဲ့





ငါ သူငယ်ချင်းလေ၊ မိန်းကလေးဖြစ်တဲ့ နင့်သိက္ခာအတွက် ဒီလို လုပ်ခဲ့ကြတာ”

“ဩော်… ဩော်…”

“ဩော်…မနေနဲ့၊ ဗိုက်ဆာတယ်ဆိုပြီးတော့ အလုပ်ကို မြန်မြန်မလုပ်ဘူး၊ ပြီးရင် ခင်ဗျားကို အပြင်မှာ ဒင်နာကျွေးမယ်”

“ရှင့်အလုပ် ပြီးအောင်လား…”

“ကျွေးချင်လို့ပါ”

ရှက်ရှက်နှင့် သူ့လိုပဲ ပေါ့ပါးသယောင် ရောယောင်ပြုံးလိုက်ရသည်။ ရင်ထဲမှာတော့ ကောင်းပါ့မလား…။

သေချာပေါင်းလာလေ ဂရုမစိုက်တတ်တဲ့ ချာန့် အကျင့်ကို သိလာလေ…၊ ကလေးဘဝတုန်းက ကလေးစိတ်နှင့်တစ်ပိုင်း၊ လူကြီး ဆိုတဲ့အရွယ်မှာတော့ ခုမှ ရင်းနှီးဖူးသည့်လူတွေလို…။

ချာန် နှင့်ပတ်သက်တိုင်း အံ့သြစရာ…၊ ရင်ထဲမှာ မချိတချိဖြစ်ရတာတွေနှင့်…၊ သူငယ်ချင်းရင်းလည်း ဖြစ်၊ ရင်းနှီးခဲ့ဖူးတာလည်း ကိုယ်ပဲမို့ ချာန့် ရင်ထဲမှာ ကိုယ့်ထက်ဦးသူ မရှိနိုင်ဟု တစ်ထစ်ချ တွက်ခဲ့မိသည်။

ခုတော့ စေ့စပ်ပွဲနေ့က ချာန် ထ,သွားတော့ ဟိုဘက်စားပွဲက ချမ်းမြေ့အောင် ဆိုသည့် တရုတ်လိုလို မျက်နှာဖြူဖြူပြားပြားနှင့်လူက…

“အဲဒါပဲ…၊ ဒီကောင်က ခွဲချင်တာ မဟုတ်ဘူး၊ ခွဲအားကို လိုချင်တာ” တဲ့…။

အဓိပ္ပာယ်အတိအကျကို သိဖို့ မလိုတော့ပေ။ ဘာကိုဆိုလိုတာမှန်းသူမ သဘောပေါက်တော့ ရှက်မိ၏။

ထိုစားပွဲက လေးယောက်ဟာ ချာန့်ရဲ့ ထူးခြားသည့်မိတ်ဆွေတွေလိုလို…၊ အရေးပါသူတွေလိုလို ရောက်လာကတည်းက တခမ်းတနားနေကြကာ ပြောသံထွက်လာပြီဆို တစ်ချက်မှ သာယာနာပျော်ဖွယ်အသံ



www.burmeseclassic.com

www.burmeseclassic.com



မျိုး မပါပေ··။

ရှာန့် ကိုမေးတော့လည်း မိတ်ဆွေရင်းတွေဟု ဖြေသည်။

ထိုအခါ သူမနဲ့လည်း ရင်းနှီးခွင့်မရခဲ့ဘဲ ဘယ်ဘက်က စကားတွေကိုမှ နားလည်ခွင့်မကြုံဘဲ ရှိခဲ့၏။

သူငယ်ချင်းဆိုပြီး ကိုယ်က အနိုင်ယူနေသလို ထင်ရတာပါ။ တကယ်တမ်းကျတော့ ရှာန် က ပြောရင် မသိသလိုနေသည်၊ လုပ်ပြီဆို ဘယ်သူ့မျက်နှာကိုမှ ဂရုမစိုက်··။

စေ့စပ်ပွဲလုပ်တာတောင် 'ဘယ်လူကြီးမှမပါဘဲ လုပ်မယ်၊ ဥပဓာအန်ကယ်လ်ကအစပေ့ါ၊ နင့်ဘက်ကပါပေမယ့် ငါ့ဘက်က မိဘမဲ့လေ··၊ အဲဒီတော့ ငါတို့နှစ်ယောက်က မိတ်ဆွေတွေကို အသိပေး ကျွေးမွေးတာမျိုးပဲ''တဲ့··။

နောက်နေ့ကျမှ ဒီပွဲကို ဒယ်ဒီကိုယ်တိုင် အသိအမှတ်ပြုတဲ့အကြောင်း ဒယ်ဒီကိုယ်တိုင် ပြောပေးနေရတဲ့အဖြစ်··။

နှစ်ယောက်ကြားမှာ ဖုန်းသံက ဆူညံစွာ ဝင်လာ၏။ သူ ကိုင်မယ့်ပြင်လိုက်စဉ် ဟန်ပန် က ကောက်ကိုင်၏။

''ဟလို··· အလင်းတန်းကပါ''

''··· ··· ··· ···''

''ပြောပါ ရပါတယ်··၊ ကုန်စည်ပြပွဲမှာ တင်ဖို့လား''

ဟန်ပန် ဖုန်းပြောနေတုန်း နောက်တစ်လုံးက မြည်လာတော့ ရှာန်က ကိုင်လိုက်၏။

''ဟလို··''

''ရှာန်··၊ ငါရယ်··''

''ပြောလေ၊ ဘာလဲ··''

''မေးချင်လို့ပါ··၊ ဟိုနေ့က မင်း ဒူးထောက်ချီရတဲ့ကလေးရဲ့အမေ





က 'လကာရံ'တဲ့··''

''ဘယ်သူက စုံစမ်းခိုင်းနေလို့လဲ''

ဖုန်းထဲက ရှိန်း ရယ်သံက မပြီးနိုင်··။

''မခိုင်းပါဘူး၊ ဘယ်ခိုင်းမလဲ··၊ မင်းက သိပြီးသားမဲ့ဟာ၊ ကောင်မလေးက အရမ်းလှတယ်နော်··''

သူ မျက်နှာပျက်သွားတာကို ဟန်ပန် က ဖုန်းချပြီး အကဲခတ်၏။ ဘာတွေ၊ ဘယ်သူတွေပြောနေမှန်းလည်း သိချင်စိတ်တွေ ဖြစ်နေပုံ ဖြစ်သည်။

ရှာန် က ဖုန်းကို ဘယ်ညာပြောင်းကိုင်ပြီး ကျောနောက်မှာ ခပ်တောင့်တောင့် မှီလိုက်ကာ···

''မင်းတို့နဲ့ငါ တစ်ကျော့ပြန် မဖြစ်ချင်ဘူး၊ ဘာသဘောနဲ့လဲ အဲဒါ ပြော···''

''သူငယ်ချင်းရာ··၊ မင်းကို မစရဲသလောက်ပဲ၊ ငါတို့ဘက်မှာ နားမလည်နိုင်အောင် ဖြစ်ခဲ့တာ တစ်ခုပဲရှိခဲ့ဖူးတယ်၊ အဲဒါက စီစီရီလို အရမ်းလှတဲ့မိန်းမကို မင်းက ရွံရှာသလို ကန့်ထုတ်ပစ်ခဲ့တယ်၊ ငါ တို့ကိုလဲ အဆက်ဖြတ်ခဲ့တာလေ··''

''ပြောပါ···''

''တကယ့်ဆို ငါတို့မှာ စေတနာအနွမ်း ဘာမှမပါဘူး၊ တစ်ဖက်သတ်ချစ်နေတဲ့ တစ်ယောက်ကလဲ ကမ်းလင့်ပြီးသား၊ မင်းလဲ···''

''အဲဒါတွေ ဘယ်နှစ်ခါ ပြောနေမှာလဲ ရှိန်း··၊ စိတ်ဝင်စားစရာ တစ်ခုခု မရှိဘူးလား''

''ပြောချင်တာက အဲဒါ မဟုတ်ဘူး၊ မင်းရဲ့ ဟန်ပန်လဲ ဒီလောက် မလှပါဘူးကွာ၊ ဒါမျိုးမှ ငါလိုအပ်တာဆိုတာမျိုး မင်း လုပ်သွားရင် ငါတို့က နောက်ထပ်တောင်းပန်ဖို့လဲ ရှိပါတယ်''

''မင်းတို့ရဲ့တောင်းပန်သံတွေ ဘာလုပ်ဖို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကတော့ အဓိပ္ပာယ်ရှိတယ်လေ..၊ ပွင့်ပွင့်လင်းလင်း ပြော ရရင် စိစိရို့ကို သနားတဲ့စိတ်က ခုထိ ရှိနေဆဲဖြစ်သလို မင်းကိုလ မုန်းလို့မှ မရခဲ့တာ၊ ဘာပဲဖြစ်ဖြစ်ကွာ.. ငါတို့ပြောဆိုတာတွေ ရိုသလို ထေ့သလိုတွေ ဖြစ်နေရင် ဆောရီးပဲ..၊ ဒီနေ့ကစပြီး ပြေပါပြီ၊ ချမ်းမြေ့ အောင် လဲ အဲဒါကိုပဲ ပြောခိုင်းနေတာပါ၊ 'လကာရံ'နဲ့ပတ်သက်တဲ့ သနေ့တစ်စကတော့ မင်းမျက်လုံးထဲက နှိုတ်ထုတ်တွေ့လို့ မေးကြည့် တာ.."

"ဘာမှမဟုတ်ဘူး"

"သူ့မှာ အိမ်ထောင်မရှိဘူးကွ..၊ မင်း နေထိုင်ပုံ ဆင်ခြင်ဦး တစ်ချက်ကလေး ပြောမှားဆိုမှားဖြစ်အောင် နေမိတာနဲ့ မင်း ပေးလိုက် ရမှာတွေ မနည်းဘူး"

"မင်း ဒါပဲလား..၊ နောက်မှ အေးဆေးပြောမယ်ကွာ၊ ငါ မအား ဘူး"

"အိုခေ.. အိုခေ.."

သူ ဖုန်းချလိုက်တော့ မျက်လုံးတစ်ချက်ပဲ လှန်ကြည့်ပြီး ဟာန် က ဘာမှမပြောပါ။ ပြောဖို့ရော ဘာရှိလို့လဲ..။





## အခန်း [ ၂၉ ]

BURMESE CLASSIC

သားလေးကို ဆရာမ ခေါ်သွားပြီမှန်းသိကာ ကိုယ့်သောကနှင့် ကိုယ်၊ ခြေလှမ်းကို တတ်နိုင်သမျှ အမြန်ဆုံး လှမ်းနေမိသည်။

ကားမှတ်တိုင်နှင့် ဆရာမအိမ်လမ်းက အဝေးကြီးပဲ ဖြစ်သည်။ ဒီနေ့ကားက အိမ်မှာကတည်းက နိုးလာလိုက်၊ ပြန်ရပ်သွားလိုက်မို့ ထားခဲ့ပြီး တက္ကစီနှင့်ပဲ ထွက်ခဲ့ကြတာ ဖြစ်သည်။

အသွားအပြန် တက္ကစီနှင့်တော့ မဖြစ်နိုင်ပါ..၊ ထို့ကြောင့် ခြင်းထဲ က ရှည်ထွက်နေသည့်ဖိုင်ကို ပိုက်ထားပြီး ဆွဲခြင်းတစ်ဖက်နှင့် အပြေး တစ်ပိုင်း လျှောက်ခဲ့မိ၏။

မှောင်ရီပျိုးစဆိုပေမယ့် မိုးသားတွေ ညို့နေသဖြင့် ပတ်ဝန်းကျင်မှာ မှောင်နေပြီဖြစ်သည်။

ကားမပါသည့်နေ့ကျမှ နောက်ဆုံးချိန်မှာ အစည်းအဝေး ခေါ်နေ ခဲ့၏။

ဒီအလုပ်ကိုတော့ မြဲချင်တာမို့ အစည်းအဝေးဖြစ်ဖြစ် အနှုန်ပိုင်းဖြစ်ဖြစ် သူမ ဘာငြိစ်ခုမှအပျက်မခံခဲ့ပေ..။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ မပျက်တော့လည်း သားလေးအပေါ်မှာ ဝတ္တရားပျက်ရသည်။ ခုလောက်ဆို သားလေး ဘယ်လောက် မျှော်နေမလဲ··။

စိတ်ထဲမှာ သားလေးမျက်နှာပဲ စွဲနေလျက် အားကြိုးမာန်တက်လှမ်းနေသည့် ခြေလှမ်းတွေသည် လမ်းထိပ်မှာ ရှိနေကြသည့်လူစုကြောင့် ချက်ချင်း နှေးကျသွား၏။

အားလုံးကို မသိသော်လည်း သားရေဂျာကင်အနက်ပွပွကားကားကြီးနှင့် မှောင်ထဲမှာ ဘာမှမမြင်ရလောက်အောင် ပျောက်ကွယ်လုလုဖြစ်နေကာ အောင်မြင်ခြင်းပုံစံ ကိုးရိုးကားယားကို သိလိုက်သဖြင့် စိတ်ထဲမှာ ထိတ်လန့်သွားမိသည်။

"ကာရံ··"

လူချင်း သိပ်မနီးသေးဘဲ အောင်မြင်ခြင်းက ရှေ့ကို တိုးလျှောက်လာ၏။ ကားပေါ်မှာ ကျန်နေတာတစ်ယောက်၊ ဘွန်းနှစ်ပေါ်မှာ ထိုင်နေတာက တစ်ယောက်··။

လူပုံတွေကြည့်ရတာ အဆင်မပြေပါ။ ကာရံ ခြေလှမ်းရပ်မတတ်လျှော့ချလိုက်ရင်း သူ့မ ဘာပြောသင့်သလဲ··၊ ဘာလုပ်သင့်သလဲဆိုတာကို အပြေးအလွှား စဉ်းစားသည်။

"ကိုယ့်ကိုမြင်တာနဲ့ သရဲမြင်တာကျနေတာပဲ ကာရံရယ်··အေးလေ ကိုယ်ကလဲ ရုပ်ဆိုးတဲ့သူပါ၊ ဒဿဂီရိပေါ့"

ပြောနေရင်း မျက်နှာချင်းဆိုင် ရောက်လာပြီး ရှေ့က ပိတ်ရပ်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ ဦးအောင်မြင်ခြင်း"

"မင်းကို စောင့်နေတာလေ"

"ဘာကိစ္စလဲ"

"ကိုယ်နဲ့ ခဏလိုက်ခဲ့ ကာရံ··၊ လက်ထပ်ဖို့ကိစ္စ ဆွေးနွေးချင်





တယ်"

ခေါ်ပုံက ပိုင်စိုးပိုင်နင်းဆန်ရုံမကဘဲ မျက်ဝန်းတွေကပါ ခြိမ်းခြောက်နေသေးသည်။ ထို့ပြင် အပြုံးတွေပျောက်ကွယ်သွားသည့်မျက်နှာဟာ တကယ့်ကို ဘီလူးသရဲလို ဖြစ်သွားတာ ချက်ချင်း··။

"မင်းက ခုချိန်ထိ ကိုယ့်ကို ငြင်းချင်တုန်းလား ကာရံ··၊ မင်းရဲ့ အလှအပမှာ ကိုယ် ယစ်မူးချင်မိလို့··၊ မင်းဘဝ ဘာဖြစ်နေနေ လက်ခံနေခဲ့တာ၊ ခုလောက်ဆို မင်းနဲ့ကိုယ် ထိုက်တန်,မတန် မင်း နားလည်မှာပါ၊ ခုချိန်ထိ ကိုယ်က အိမ်ထောင်မရှိသေးဘဲ လူပျို··"

"ဟွန်း··"

ကာရံက ကျုကျုနန စိုက်ကြည့်ပြီး ရွံရွံရှာရှာ မဲ့ပစ်သည်။

"လူပျိုကြော်ငြာချင်ရင် မြဝတီနဲ့ ဆက်သွယ်လိုက်လေ··၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"မြဝတီကို အလိုမရှိဘူး၊ မင်းကိုပဲ လိုချင်တာ"

"အို··· မကိုင်ပါနဲ့··"

လက်ကို ဖျတ်ခနဲ ကိုင်လိုက်သဖြင့် ဒီလိုဖြစ်လာနိုင်တာကို ကြိုသိထားသည့် ကာရံက မထိမိသေးခင် လက်ကို လွဲပစ်၍ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"မင်း နောင်တရသွားမယ်နော်··၊ အသာတကြည် လိုက်လျောမှုနဲ့ မင်း လိုက်ခဲ့မလား··၊ ကိုယ်စွတ်ဆွဲခေါ်ရမလား၊ ဒုတိယနည်းနဲ့ဆိုရင်တော့ မင်း အများကြီး နစ်နာသွားလိမ့်မယ်"

ကာရံ ထိတ်လန့်ကာ အသားများပင် တုန်ချင်၏။ သူ့မမှာ ရွေးစရာလမ်း မရှိတော့ဘူးလား၊ ထိုစဉ် မျှော်နေသည့်ကားတစ်စီးစီးဆိုလျှင်ကာ ဒီကို ရောက်လာမလာတော့ မသိ··။

ဝင်းခနဲ မီးရောင်တစ်ချက် ကိုယ်ပေါ်မှာ ရုပ်ပြေးသွားကာ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်က ပြန်လည် မှောင်ကျသွားသည်။

"မင်းကိုကိုယ် တရားဝင် လက်ထပ်မယ်၊ မင်းတို့သားအမိ မမျှော်မှန်းရဲတဲ့ဘဝမျိုးနဲ့ တစ်သက်လုံး မပူပင် မကြောင့်ကြရအောင် ထားမယ်၊ မင်း ထပ်လိုချင်သေးတာရှိရင် ပြောဦး..၊ ကိုယ့်ဘက်က ဟင့်အင်းဆိုတာ မရှိစေရဘူး၊ တစ်ခုတော့ ရှိတယ်၊ ဒါတွေက မင်း လိမ္မာမှနော်၊ အကြမ်းဖက်ဝါဒတွေနဲ့ ကိုယ့်ဘာသာ ရအောင်ယူလိုက်ရတာဆိုရင်တော့ မင်းအတွက် ဘာမှ ဖြစ်လာဖို့ မရှိဘူး"

"ကျွန်မ လိုချင်တာတွေ သိပ်များနေရင် ရှင့်လို ငွေပဲတတ်နိုင်တဲ့လူနဲ့ အစကတည်းက အလွဲခံပါ့မလား ဦးအောင်မြင်ခြင်း..၊ စဉ်းစားကြည့်ပါဦး"

"ဘာ..."

"လည်စင်းပေးလိုက်ရတာထက် ပြိုင်နေရင်း ရှုံးရတာ အဓိပ္ပာယ်ရှိတယ်၊ ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး"

"ဟား... ဟား... ဟား..."

ရယ်ချလိုက်သည့်မျက်နှာကြီးက ကားမီးရောင် ဝင်းခနဲကျလာတော့ တည်တည်ကြီး ပြန်ဖြစ်သွားကာ ကာရံ့လက်ကို ဖျတ်ခနဲဆွဲဆုပ်လိုက်၏။

"မထိနဲ့..၊ လူယုတ်မာ..."

ဆွဲလွဲရှန်းကန်နေသည့်မြင်ကွင်းကို စမြင်ရကတည်းက နှံ့လွဲရမ်းခါနေသော ဆံနွယ်ရှည်တွေက အဓိကဇာတ်လိုက် ဖြစ်နေသည်။

သူမ ဘယ်သူလဲဆိုတာ ဈာန် ချက်ချင်း သိလိုက်၏။ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွား၏။ သူမကိုမြင်လိုက်ရတိုင်း ဤသို့သော မြင်ကွင်းမျိုးမှလွဲ၍ တခြား မဖြစ်ခဲ့တာ တစ်ကြိမ်တည်းမဟုတ်ပါလား..။

"တီ.."





မကျော်တက်လွှန်မြောက်သွားဖို့ထိလည်း စိတ်က ဥပေက္ခာတရားနဲ့ မငြိနိုင်..။

"ဟိတ်.."

သူ ကာရံ့ကိုပဲ ကားပေါ်ကနေ လှမ်းခေါ်ကာ...

"ဘာဖြစ်နေတာလဲ.."

မေးပြီး ကားပေါ်ကဆင်းလိုက်သည်။ သူမတို့ထံ အေးဆေး ပြန်လျှောက်သွားခဲ့ရင်း...

"မိုးချုပ်နေပြီဆိုတော့ မတရားမှုနဲ့ တူနေလို့"

"ဟုတ်တယ်..၊ ဒီလူယုတ်မာ ကျွန်မကို လွှတ်..."

အောင်မြင်ခြင်း ဈာန့် ဆီ အာရုံရောက်သွားစဉ် ကာရံ ဆောင့်ရုန်းပစ်လိုက်သည်။ ပြီးတော့ ဈာန့် နောက်မှာ ပြေးကွယ်နေလိုက်၏။

အားကိုးသည့်စိတ်လား..၊ အကြောက်လွန်သွားတာလား မသိ။ သူ့ရဲ့ပခုံးတစ်ခြမ်းနောက်မှာ ကွယ်မိကာမှ မျက်ရည်တွေက စက်ယန္တရားတစ်ခု လည်ပတ်လာသလို ဝိုးဝိုးပေါက်ပေါက် သွန်ကျလာကြ၏။

ဒါပေမယ့် သူမ သတိလက်လွှတ်တော့ မဖြစ်ပါ..၊ မျက်ရည်ကို ကုန်စင်အောင် သုတ်ပစ်လိုက်ပြီး အားတင်း၍ မျက်နှာမော့သည်။

အောင်မြင်ခြင်းကတော့ ဘယ်လိုလူပ်ရှားမှုမှ ဖြစ်မသွားသည့် မျက်နှာနှင့် ဈာန့် ကို စူးစူးစိုက်စိုက်ကြည့်နေ၏။

သူ့ဘေးမှာလည်း လူယုံတော်တွေက ဘယ်ညာရံပြီးဖြစ်လျက်...

"မင်းက အလင်းတန်းနံပါတ်စဉ်တွေနဲ့ လုပ်စားနေတဲ့ ဈာန် ဆိုတာလား"

ဈာန့် မျက်ခုံးနှစ်ဖက် မသိမသာ တွန့်ခနဲ ဖြစ်၏။ ဒါပေမယ့် ခပ်မှဲ့မှဲ့အပြုံးနှင့် ခေါင်းညိတ်ကာ...

"ထားပါတော့...၊ ခင်ဗျား လုပ်စားနေတာတွေကိုတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားပါဘူး၊ သူ့ကို ခေါ်သွားမယ်"

ပြောပြီး ကာရံ ကို ငုံ့ကြည့်ကာ သူ လှည့်ထွက်လိုက်၏။

ဘေးလူနှစ်ယောက် ခြေလှမ်းပြင်လိုက်တာကို အောင်မြင်ခြင်း က လက်နှစ်ဖက်ကား၍ တားထားလိုက်ပြီး...

"နေဦး ဗျာန်..."

ဗျာန် ခြေလှမ်းရပ်လိုက်၏။ အောင်မြင်ခြင်းသည် သုံးယောက် ရင်ဘောင်တန်း၍ ဘယ်ညာညီညာစွာ လှမ်းတက်လာကာ...

"မင်းနဲ့သူ ဘာဆိုင်လို့လဲ"

ဗျာန် က မဖြေဘဲ ဒီဘက်လှည့်လိုက်သည်။

"လူနဲ့ငါ ငြိနေတာ ရှိတယ်၊ ဒါ သူ ဘယ်လိုမှ ငြင်းလို့မရဘူး ဗျာန်..၊ ထားခဲ့လိုက်ပါ"

"ခင်ဗျားကိုမှ အခု မကြည်တာ..၊ ဘယ်သူ့နောက်လိုက်မလဲ၊ သူ ရွေးချယ်တာလေ"

ကာရံ့ ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်။ သူတို့ပြောနေကြတာ ဘာတွေလဲ..၊ အစက လက်ထပ်ခွင့်တောင်းနေတဲ့သူကလည်း အခု တစ်မျိုး..။

ကယ်တင်မှာလိုလိုနှင့် ရောက်လာသူကလည်း...

"ခင်ဗျားတို့ ကျုပ်တို့က လမ်းဘေးက ခပ်နုပ်နုပ်ကောင်တွေမှ မဟုတ်တာ၊ ဒါကို ပြိုင်ဆိုင်လုနေကြမှာလား၊ သဘောပေါက်စမ်းပါဗျာ၊ ကျုပ်နောက်ကို သူကိုယ်တိုင် လိုက်ချင်နေတာ..၊ မခေါ်ဘူးဆိုရင်တောင် ကားဘီးဖက်လိုက်ချင်လိုက်မှာ... အဟွန်း.."

သူက ပြောပြီး ကာရံ့ လက်ကလေးကို ပိုင်နိုင်စွာ ဆုပ်ကိုင်သည်။

"တောက်..."

အောင်မြင်ခြင်း ဒီတိုင်းရပ်ကြည့်နေခဲ့ပေမယ့် တက်ခေါက်သံ...





ပြင်းသည်။ ပြီးတော့ မောင်းထွက်သွားသည့်ကားသည် လေညှို့မှလွတ်သော မြားကဲ့သို့ မြန်၏။

ကားသံကို နားစွင့်ရင်း တုံ့နှေးနေသည့်ခြေလှမ်းက လုံးဝ ရပ်တန့်ခြင်းသို့ ရောက်၏။

ဗျာန် သည် ကားတံခါးကို ဖွင့်လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ...

"မင်း ဘာဖြစ်..."

ရိပ်ခနဲ မြင်လိုက်ပေမယ့် လုံးဝမထင်..။

ပါးတစ်ဖက် ပြုတ်ထွက်သွားပြီးလား ထင်ရ၏။ ဖောင်းခနဲ နားထဲမှာ အူထွက်သွားသည်။ ရှေ့မှာရှိနေသော သူမပုံရိပ်က ဂယက်ထနေသည့်ရေပြင်ထဲက ပုံရိပ်ကဲ့သို့ ရုတ်တရက် မတည်ငြိမ်..။

"ကျေးဇူးတင်တယ် ဗျာန်..၊ ကျွန်မ ရှင့်ကိုလဲ မကြိုက်သေးဘူး..."

စကားကို ဆုံးအောင်ပြောလို့မရဘဲ ရှိုက်သံက ပီပြင်စွာ ထွက်၏။ ဒီနေရာ ခဏလေးမှာ သူမဘဝက ဘာလဲ..။

မျက်ရည်စက်တွေက မှုန်ပြိုင်ကြောင်းတွေလိုလား..၊ ဒါမှမဟုတ် ဘာတမ်ကျိုးခဲ့သလိုလား..။

"ဟော့.. မင်း..."

"ဖယ်စမ်း..၊ ရှင်နော်.."

ကာရံ လှည့်ထွက်သွားသည်နှင့် ဗျာန် က ဆတ်ခနဲ ဆောင့်ဆွဲ၏။ ပြီးတော့ လက်နှစ်ဖက်ကို ဖိဆုပ်ခါရမ်းပစ်ရင်း...

"မင်းကို ဒီလိုပြောမှ ကယ်နိုင်မှာ..၊ ငါက မင်းသား မဟုတ်ဘူး၊ သူတို့ကလဲ ဒါရိုက်တာခိုင်းထားတဲ့ လူကြမ်းတွေ မဟုတ်ဘူး၊ မင်း... မင်း.. မဆင်မခြင် စော်ကားလှချေလား ကာရံ..၊ တောက်.."

"ဟုတ်တယ်..၊ မရိုသေထိုက်တဲ့လူကို မရိုသေဘူး၊ ရှင်နဲ့ ကျွန်မကို ... နေရာမှာတွေ့တွေ့ မပတ်သက်မိအောင်နေ..၊ ကျေးဇူးတင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကာရံ က ရှန်းနေရင်း အတင်းအော်ပြောသည်။ ပြောနေရင်း ငိုၡ၏။

"ရှင့်ကို ကျွန်မ ထပ်ရိုက်မှာနော်၊ လွှတ်…"

"ထပ်ရိုက်လေ…၊ မင်း ဘာဖြစ်သွားမလဲ သိချင်ရင်…"

"အား…"

ဈာန် က ကာရံ့ ကိုယ်လေးကို ကားထဲ တွန်းတင်လိုက်ပြီး တံခါးကို အကြမ်းပရမ်း ဆောင့်ပိတ်လိုက်၏။

လမ်းဆုံမှာ ရပ်နေခိုင်းပြီး ကားနှင့် တိုက်သတ်ပစ်ဖို့ကောင်းတဲ့ မိန်းမ…။

"တောက်…"

နောက်ထပ် တက်ခေါက်မိချိန်မှာ ကားက သိမ့်ခနဲ ထွက်၏။

သူမက သူ့အားမှာ ငိုရှိုက်နေဆဲ…။





## အခန်း [ ၃၀ ]

'အရက်' ဆိုတာမှာ ဘယ်နိုင်ငံ၊ ဘယ်ကမ္ဘာကပဲဖြစ်ဖြစ် မူးစေတဲ့ အရာပဲ ဖြစ်လေသည်။ ဘယ်တော့မှ ခြေလှမ်းမခိုင်တဲ့အဖြစ်မျိုးထိ သောက်ဘူးဆိုတဲ့လူက ခုတော့ ဘယ်နှစ်ခွက်ထိ မျိုချနေမှန်း မသိ…။

ပိုမိုမူးဝေလာတာကို ကျေနပ်နေမိသည်။ မူးလေ… တွေးမိလေ…။ မူးနေတဲ့အတွေးထဲမှာ သူမက ပိုလှနေတာကို တွေးကြည့်လို့ မဝနိုင်…။

ဒေါသဖြစ်ဖြစ်နှင့် လှည့်ထွက်သွားတိုင်း လွင့်ခနဲခါသွားသည့် ဆံပင် တွေကို သိမ်းဖမ်းထားပြီး နမ်းချင်၏။ ရန်တွေ့ကောင်းသည့် နှုတ်ခမ်း သားလေးတွေကို ခဏလေးဖြစ်ဖြစ် အပိုင်ရချင်သည်။

ပြီးတော့ ပန်းပုဆစ်ထားသလို လှသည့်ကိုယ်လုံးလေးကို ယုယစွာ ဆွဲဖိုက်ချင်၏။

ချစ်တယ် ကာရံ…၊ ချစ်မိသွားတယ်၊ ကိုယ် ဘယ်လိုလုပ်ရမလဲ…။

ခေတ်လူငယ်တစ်ယောက်ရဲ့ ခေတ်မျက်လုံးထဲမှာ နှလုံးသားပေးဖို့ အွတ်လပ်နယ်မြေ…၊ ဒါပေမယ့် သူ့နှလုံးသားကိုတော့ လွတ်လပ်ခွင့် ပြုနိုင်ပါလား…။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့သိက္ခာ၊ ကိုယ့်ဘဝတစ်ခုလုံးဟာ သူမကို ဝင်လာခွင့်မပြုဖို့ အမိန့်ပေးနေကြ၏။ သူမနှင့်ဆုံမိသည့်နောက်ပိုင်းကျမှ စိတ်ထဲမှာ အမြဲ ခြောက်လှန့်နေခဲ့သည့် အတိတ်ကအရိပ်တစ်ခုကိုလည်း သူ မေ့လျော့နေ ခဲ့သည်။

ဟန်ပန် နဲ့စေ့စပ်ဖြစ်ခဲ့တာလဲ တကယ်တော့ သူ့မှာ အပြစ်ရှိပါ သည်။ ကိုယ့်ဘက်က မနှစ်သက်နိုင်တာ သေချာနေပါလျက် စေ့စပ် ပြီးပြီမို့ လက်ထပ်ရမယ့်မိန်းကလေးပါလားဆိုသည့် လေးနက်မှုနဲ့လည်း ရင်ထဲမှာ ခံစားမရခဲ့တာ သိသိနှင့်··။

သူ ကျူးလွန်ဆုံးဖြတ်ခဲ့သမျှ တောက်လျှောက် အမှားတွေပါလား··။ ခုတော့ ဟန်ပန် နဲ့လည်း စေ့စပ်ပြီးဖြစ်ခဲ့ရကာ သူမကိုလည်း ချစ်ခဲ့မိပြီ··။

သူမကို သူ စိတ်ကူးခွင့်မရှိသကဲ့သို့ ဟန်ပန် ကိုလည်း လက်မထပ် နိုင်··၊ ဘာတွေ ဖြစ်ကုန်တာလဲ··၊ နှလုံးသားသည် အချုပ်အနှောင်တစ်ခု မှာ ပိတ်မိနေသည့်သားကောင်နှယ် သေလုမြောပါး ထွက်ပေါက်ရှာနေ ရင်း ဖုတ်လိုက်ဖုတ်လိုက် ဖြစ်လာခဲ့၏။

"ခွမ်း···"

"ဟာကွာ·· တောက်···"

ဖန်ခွက်က သူ့ဘာသာ ခုန်ချပြီး ကျကွဲသွားသလိုလို ဒေါသက အသားလွတ်ထွက်ကာ ခြေထောက်နားမှာ ကွဲကြေနေသည့်ဖန်ကွဲစတွေ ဆီ ငုံ့ကြည့် တက်ခေါက်မိ၏။

"အစ်ကိုလေး မလုပ်နဲ့လေ··၊ ခြေထောက်ထိလိမ့်မယ်၊ ခဏလေး··"

အသံကြားကတည်းက အမှိုက်ဂေါ်ပြားနှင့် တံမြက်စည်းယူလာပြီး ဖြစ်လာကာ စိုးနိုင် ပြေးဝင်လာ၏။ ဖန်ကွဲစတွေကို အလျင်အမြန် ရှင်း နေရင်း···

"အစ်ကိုလေး···"





"ဘာလဲ··၊ စကားမများစမ်းပါနဲ့ကွာ··၊ ငါ့ကို အမြည်းတစ်ခုခု လုပ်ပေး··"

ဖန်ကွဲစတွေနှင့် အမှိုက်ဂေါ်ကို အခန်းထောင့်မှာ အသာလေး ကပ် ထားပြီး စိုးနိုင် က နောက်ထပ် ပြုတ်ကျ ကွဲရှနိုင်သမျှ ဖန်ခွက်နှင့်ပုလင်း တွေကို သေချာ စီစဉ်နေရာပေးခဲ့ရင်း···

"အစ်ကိုလေး တစ်ခုခုများ ဖြစ်လာသလား··၊ ဘာတွေ အခက် တွေ့စရာရှိလို့လဲဗျာ··၊ ဒီလောက် တစ်ခါမှ မသောက်ဖူးဘဲနဲ့··"

ဘေးမှာ ထိုင်ချလိုက်သည်နှင့် မျက်တောင်ဖျားတွေ စင်းကျနေ သည့် ရှာန့် မျက်ဝန်းတွေ လေးကန်စွာ ပင့်တက်လာလျက်···

"ဟုတ်တယ် အဲဒီမှာ ထိုင်··၊ ငါ့အတွက် မင်း လိုအပ်တယ်"

"အစ်ကိုလေး ခဏ နားပါဦး၊ ဘာပြောမှာလဲဟင်··"

ထပ်ထည့်သည့်လက်ကို စိုးနိုင် က ဆွဲထားပြီး စကားပြောဖို့ဘက် ကို စိတ်ပြောင်းအောင် လုပ်ကြည့်၏။

ဆိုးတော့ မဆိုးပါ၊ ရှာန် က သူ့ကိုစိုက်ကြည့်ရင်း ခေါင်း အနည်း ငယ် ငိုက်ကျသွားပြီး···

"အင်း ဟုတ်တယ်··၊ ပြောဖို့ရှိတာပေါ့၊ အေး·· ငါ··· ငါ·· ဒီလို သောက်မိတာ ဒါနဲ့ဆို နှစ်ခါရှိပြီ"

"ဘယ်တုန်းက တစ်ခါလဲ··"

"ဟိုး လွန်ခဲ့တဲ့ နှစ်ထောင့်ခြောက်ခုနှစ်၊ တစ်လပိုင်း၊ တစ်ရက် နေ့ပေါ့··၊ တစ်ရက်နေ့ဆိုတာတောင် ငါ ဒါတွေကို မှိုချနေတုန်းက နှစ်ထောင့်ငါးခုနှစ် ဆယ့်နှစ်လပိုင်း နောက်ဆုံးရက်··၊ နောက်ဆုံးနာရီပဲ ရှိထားတယ်၊ အတိအကျနော်၊ ငါ လုံးဝ မမေ့နိုင်ဘဲ နာရီ၊ မိနစ်၊ စက္ကန့် တွေ၊ လုံးဝ အတိအကျ··"

"ဟုတ်ကဲ့··၊ ဘာဖြစ်လို့ သောက်ဖြစ်တာလဲ၊ အဲဒီနေ့သာ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လေး ပဲခူးမှာလေ..၊ ဟက်ပီးနယူးရီးယားပြီးတာနဲ့ တန်းပြန်လာမယ်လို့ ဖုန်းဆက်ထားခဲ့သေးတယ်"

"မှန်တာပေါ့"

"ဒါပေမယ့် အစ်ကိုလေးပြန်လာတော့ နောက်နေ့မနက်လင်းခါနီး ဒဏ်ရာတွေနဲ့..."

"မှန်တယ်..၊ မင်း မှတ်မိနေသားပဲ၊ ပျော်စရာကြီးပါလား၊ ဟား ဟား... မင်းကို မနက်ကျရင် ဆုချမယ်၊ အရမ်းကျေးဇူးတင်တယ်"

ပြောပြီး ရယ်နေသေးသည်။ စိုးနိုင် ၏သက်တမ်းတစ်လျှောက် ဒီမှာနေခဲ့သမျှမှာ ချာန် သတိလက်လွတ် မူးအောင်သောက်တာ မမြင်ဖူးသေးပါ။

ခေါင်းမထူနိုင်အောင်၊ စကားမပီလောက်အောင် သောက်ပစ်လိုက် ရင်တောင် မအိပ်ခင် မှာစရာရှိတာ မှာသည်၊ ပြောစရာရှိတာ အားလုံး ပြော၏။ မနက်ကျ ဒါတွေကို အားလုံးပြန်မေးပြီး 'လုပ်ထားရဲ့လား လုပ်ပြီးပြီလား' လို့ မေးခဲ့တာတွေမှ ဒုနှင့်ဒေး..။

သူ့အကြောင်း မသိခင်ကတော့ ဆူခံထိခဲ့ဖူးသည်။

'မင်းက ငါ့ကို ငမူးစကားဆိုပြီး ဂရုမစိုက်တာလား' လို့ အမေးခံ ရပြီးနောက်မှာ အစ်ကိုလေး ဘယ်လောက်မူးမူး၊ ဘာတွေမှားမှား သူ မပေါ့မဆ မှတ်သားထားရ၏။

"ပြောတာ ကြားလား၊ မလိုချင်လို့လား"

"လိုချင်ပါတယ် အစ်ကိုလေးရာ၊ ကျွန်တော် မေးချင်တာရှိတာ မမေးရဲလို့"

"ဘာလဲ.."

"တို့ အဲဒီမနက်ပိုင်း အစ်ကိုလေး ပြန်ရောက်လာပြီး နောက်နေ့ လက်တံတောင်က ဒဏ်ရာတွေကို ဆရာဝန်က ဆေးထည့်ဆေးထိုးပေး





သွားတယ်၊ ဆေးရှိန်နဲ့ အစ်ကိုလေး အိပ်ပျော်သွားတယ်"

"အင်း.."

မျက်ကြောစင်းစင်း၊ အာလေးလျှာလေးနှင့် ခေါင်းညိတ်ထောက်ခံ နေသော်လည်း ချာန် ကို မေးရတာ စိုးနိုင် ခပ်ကြောက်ကြောက်ပါ..။

အစ်ကိုလေးက အရမ်း သတိကောင်းတဲ့သူ..။

"ဟိုတ်ကောင်..၊ ဘာလဲ ဆက်ပြောလေ.."

"ဟို... အစ်ကိုလေး စိတ်ဆိုးမှာစိုးလို့"

"ဟာ.. ဒီကောင် ငါ နားရင်းအုပ်မိတော့မယ်၊ ပြော မြန်မြန်.."

စိုးနိုင် ကပျာကယာ ခေါင်းညိတ်၍...

"အစ်ကိုလေး ကယောင်ကတမ်း ထပြောနေတာတွေ ကျွန်တော် မှတ်မိတယ်"

"ဟင်!..."

ဒီနေရာမှာ ချာန် မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

"ပြောပြရမလားဟင်..၊ ဟိုလေ.. အစ်ကိုလေးက အရက်သောက် ဖူးတဲ့ညတွေကို အမှတ်တရ ထည့်ပြောနေလို့ သတိရသွားတာပါ၊ အခု အစ်ကိုလေးမှာ ဒါတွေကြောင့်များ တစ်ခုခု ဖြစ်နေတာလားလို့.."

ချာန် အသံတိတ်နေ၏။ တော်တော်ကြာမှ စိုးနိုင် ကို မမြင်ခဲ့ဖူးသူလို စူးစိုက်ကြည့်လာပြီး...

"ငါ ဘာတွေပြောခဲ့သလဲ"

"အစ်ကိုလေး မိန်းကလေးတစ်ယောက်ကို တမ်းတနေတာ"

"ဘာ..."

ဘာ..သံသည် ဒေါသနှင့်မဟုတ်ဘဲ တအံ့တသြ ဖြည်းလေးစွာ ဖြစ်၏။

"ငါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟို.. ကျွန်တော် ထင်တာတော့ အဲဒီအစ်မနဲ့ အစ်ကိုလေး ဟိုဥစ္စာ..."

"ဘာ.."

ဘာ..သံကြီး ဟိန်းထွက်သွားသဖြင့် စိုးနိုင် အသံ တိခနဲ ရပ်၏

"တော်ပြီ..၊ ရပ်"

"ကျ...ကျွန်တော်က ယောက်ျားလေးချင်းမို့ ပြောပြတာပါ၊ ဘာ လဲ လွှန်လွှန်ကျွံကျွံတွေ မပြောပါဘူး အစ်ကိုလေးရ..၊ သိသာတာလေး တစ်ခုပါပဲ၊ ပြီးတော့လေ အစ်ကိုလေး နိုးလာတာနဲ့ မိန်းကလေးတစ် ယောက်ကို ရှာခိုင်းခဲ့တာပဲ"

ဟုတ်သည်..၊ သူ ဘာဖြစ်ခဲ့တယ်ဆိုတာ သူ့ဘာသာ သိနေသည် ပဲ။ ပိုဆိုးသည်က လမ်းမှာတွေ့ခဲ့ရပေမယ့် သူမကို ဒီနေ့ထိ လမ်းပေါ်က အမှိုက်တစ်စလို အလွယ်တကူသဘောနဲ့ မေ့ပျောက်လို့ မရခြင်းပင်..။

"နေဦး..၊ ငါ့ပါးစပ်ထဲမှာ စီစီရီ ဆိုတဲ့နာမည် ပါခဲ့သေးလား"

"ညကနေ မနက်အထိ လုံးဝ မပါခဲ့ဘူး၊ အစ်ကိုလေး တမ်းတနေ တာက အစ်ကိုလေးကိုယ်တိုင် မရင်းနှီးခဲ့တဲ့ အစ်မတစ်ယောက်ကိုပါ"

"မင်း အဲဒီလောက် အကဲခတ်လို့ရသွားအောင် ငါ တော်တော် ပြောခဲ့မိသလား စိုးနိုင်"

"မပြောပါဘူး..၊ သိသာလွယ်တဲ့စကားမို့လို့ သိခဲ့တာပါ၊ ဥပမာ 'မင်း ဘယ်ကလဲ'ဆိုတာမျိုး၊ မင်းနဲ့ငါ့ရဲ့ ညလေးကို ဘယ်လို မေ့ရမလဲ ဒီရင်ခုန်သံတွေကို.."

"တော်ပြီ.."

ရျာန် မူးနေတာတွေတောင် ပျောက်ကုန်ပြီလား မသိ..၊ လက် ရင်ခုန်သံတို့သည် ဟိုတစ်ညကအတိုင်း ပူနွေးစွာ လှုပ်ခတ်လာခဲ့သလိုလို

"အစ်ကိုလေး.."





"ပြော.."

"အစ်ကိုလေး မမပန် ကို မချစ်ဘဲ လက်ထပ်ရတော့မှာမို့လို့လား ဟင်.."

မေးချင်တာက ဟိုမိန်းကလေးကို ရှာမတွေ့တော့လို့လား..ဟု..။

ရျာန် က ဘာကိုနားလည်သွားသည်မသိဘဲ ခေါင်းညိတ်ကာ...

"ဟုတ်တယ်..၊ စေ့စပ်ပြီးတဲ့အထိ လက်ထပ်ဖို့ မရည်ရွယ်ခဲ့တဲ့ ငါ့ရင်ထဲမှာ အခု..."

လက်ထပ်ဖို့ ထည့်ရပြီဖြစ်၏။

ငယ်သူငယ်ချင်းရင်း မစာနာဘူးဆိုဆို မညာတာဘူးပဲပြောပြော စေ့စပ်ကြဖို့ ပြောရလာသည့်အကြောင်းအရာတွေကို လက်ခံပြီး စေ့စပ်ဖို့ အပြုံးမပျက် ခေါင်းညိတ်လိုက်တာ နောင်မှာ ဖျက်ဖို့ပဲ ဖြစ်သည်။

ဟန်ပန့် ကို သူ ထာဝရသူငယ်ချင်းအဖြစ်ထက် ပိုမြင်လို့မရပါ။ ဒီကြားထဲမှာ လူတိုင်း ဒီလိုပဲ ယောက်ျားနဲ့ မိန်းမ ရင်ဘောင်တန်းလှုပ်ရှား နေကြတဲ့ခေတ်ကြီးထဲ လူပြောများတာတွေ၊ မသင့်တော်တာတွေနှင့် ယှဉ်ကြီး ဆွဲလာသည်။

ဒါက ဦးမျိုးညွှန့်..။

တစ်ပါးသူ တစ်စုံတစ်ယောက်၏ ကြံစည်မှုမှာ ကျရှုံးရခြင်းကို နှိမ်းတီးစွာ ရှောင်ကြဉ်တတ်သူကိုမှ ဒီလိုနည်းနှင့် လက်ထပ်ဖြစ်ဖို့ ကြိုးစား လာခဲ့သည်။

စေ့စပ်တာဟာ အချိန်မရွေး ပြိုကွဲပျက်စီးသွားတတ်တယ်ဆိုတာတော့ သူ မညံ့ဘူးဆိုတာ သက်သေပြမယ့်နေ့မှာပဲ သိစေရမှာ ဖြစ်သည်။

ရင်ထဲမှာ ဒီတိုင်းရှိထားခဲ့တာ အမှန်ပါ..၊ ဒါကြောင့် သူ လူယုတ် တစ်ယောက် ဖြစ်ပါစေ..၊ အလကားကောင်လို့ ဘယ်သူပြောချင် သလဲ၊ ပြောချင်သလို ပြောကြပါစေ..။

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်တာကို မကြိုက်တဲ့သူမှန်းတော့ သိစေချင်၏။

"ပြောလေ အစ်ကိုလေး..၊ အခု တကယ် ရလက်ထပ်တော့မှာလား၊ ဘယ်ဖြစ်လို့လဲ"

စိုးနိုင် အသံကြားမှ သူ့စိတ် တစ်ချက်လွင့်သွားတာကို ပြန်စုစည်းရသည်။ ဟန်ယန့် ကို သူ မချစ်နိုင်..၊ ဒါပေမယ့် ကာရံ နှင့် မဖြစ်နိုင်သည့် အခြေအနေတစ်ခုမှာတော့...

"ငါ့စိတ်တွေ အရမ်းလေနေပြီ စိုးနိုင်..၊ မနီးစပ်နိုင်တဲ့မိန်းမတစ်ယောက်ကို ငါ အရမ်းတမ်းတနေမိပြီ၊ အဲဒီပူလောင်ခြင်းဟာ ဘာနဲ့ အစားထိုး ဖြေဖျောက်ဖို့မှ မလွယ်ဘူး"

"မဝေနန်းနဲ့ လက်ထပ်လိုက်လို့ရော ပျောက်သွားမှာလား အစ်ကို လေးရယ်..၊ ပြီးတော့ အစ်ကိုလေးက သူ့များထက် ပိုပြီး တခွတ်ထိုးဆ တဲ့သူ၊ သေချာလဲ စဉ်းစားပါဦး၊ သူ ကိုယ်အနားမှာထားပြီး တခြားတစ် ယောက်ကို တမ်းတနေမိတာမှ ဒီထက် ပိုပြီး စိတ်ညစ်ရမယ့်ကိန်း.. အစ်ကိုလေးပြောတဲ့သူက ဟက်ပီးနယူးရီးယားက တစ်ယောက်လား.. နောက်တစ်ယောက်လား ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် အချစ် တာ အကြောင်းအမျိုးမျိုးနဲ့ အခြေအနေတစ်ခုခုမှာ ပြန်လည် နီးစပ်နိုင်ပါ တယ်၊ သေချာစဉ်းစားပါဦး အစ်ကိုလေးရာ"

"စိုးနိုင်..၊ မင်း ဒါတွေလဲ နားလည်နေတာပဲနော်"

"ကျွန်တော်..."

"အေးလေ၊ မင်းလဲ ငါ့ထက် သုံးနှစ်ပဲ အသက်ငယ်တာကိုး ဒါပေမယ့် ရပြီ..၊ မင်း သွားတော့.."

"အစ်ကိုလေး ကျွန်တော့်ကို စိတ်ဆိုးလို့လားဟင်.."

ဈာန် ခေါင်းခါလိုက်၏။

"ငါ့ကိုယ်ငါ အပြစ်ပေးချင်တာ..၊ ထူးဆန်းတဲ့ငါ့စိတ်တွေ၊ အ





ထူးဆန်းစွာ ပြောင်းကုန်ပြီ၊ ငါ မခံနိုင်ဆုံးဝေဒနာ ဘာလဲဆိုတာလဲ အခု သိပြီလေ၊ လိုချင်တာကို မရတဲ့အခါပေါ့.."

ဘာဖြစ်လို့ မရ,ရမှာလဲ ဆိုတဲ့မေးခွန်း စိုးနိုင် ရင်ထဲမှာပဲ ဖြစ်၏။ နောက်ထပ်မေးခွန်း မထုတ်ရဲတော့ပါ..။ 'ဖြေသိမ့်မှုတစ်ခုခုမှာ ဖြေစရာ တော့ ရှိမှာပေါ့'တဲ့..။

အစ်ကိုလေး ပြောနေတာမှန်း သိပေမယ့် မယုံနိုင်..၊ သူ့များကြံစည် တာ မခံဘူးဆိုပြီး ခုတော့ အသာလေး ခေါင်းလျှိုဝင်မလို့ ဆုံးဖြတ် သလား..။

တော်ရုံဆို ပြောရဲဆိုရဲရှိအောင် ရင်းနှီးပေမယ့် အစ်ကိုလေးမျက်နှာ တည်သွားလျှင် ပါးစပ်ပိတ်နေလိုက်ရတာလည်း အကျင့်တစ်ခုလို ဖြစ်နေ ပါပြီ..။

အစ်ကိုလေး ကုလားထိုင်မှာ လျော့ရဲစွာမှီ၍ မျက်နှာမော့နေတုန်း ပုလင်းတွေ၊ ဖန်ခွက်တွေကို သူ သိမ်းဆည်းလိုက်သည်။

အစက မရဲတရဲ သိမ်းနေတာဖြစ်ပြီး ဈာန် ဘာမှမပြောဘဲနေတော့ မှ အားလုံးရှင်းအောင် ကပျာကယာ သိမ်းရသည်။

ဈာန် က နားထင်နှစ်ဖက်ကို လက်ဖဝါးအုပ်ကိုင်ထားရင်း ဒီတိုင်း မျက်နှာမော့လျက် ငြိမ်နေ၏။ မနီးစပ်ဘူးဆိုတဲ့ တစ်ယောက်ကို စဉ်းစား နေသည်လား..၊ ဟန်ယန် နှင့် အမြန်ဆုံး လက်ထပ်ဖို့အရေးအတွက်လား..။

ဒါကို သူမှ သိလိမ့်မည်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၀ ]

"အရက်နံ့ ရနေသလိုပဲ"

"ဟုတ်တယ်၊ ငါသောက်လာတာ"

"သိသားပဲ"

ဟန်ပန် မျက်နှာလေးမဲ့ပြီး ဆိုဖာပေါ်မှာ ဆောင့်ခနဲ ထိုင်၏။ ဒေါ်အေမီညိုကတော့ လူငယ်တွေပြောနေကြတာကို ကြားသည်။ မှုန်ကုတ်ကုတ် ရျာန့်မျက်နှာကိုလည်း မြင်သည်။

ဒါပေမယ့် အပြုံးမပျက်ပါ။ လိမ္မော်ရည်နှစ်ခွက်ကို ကိုယ်တိုင်သွား ယူလာကာ...

"ကဲ.. ဒါလေးသောက်လိုက်ဦး၊ စိတ်ကြည်တာပေါ့၊ နောက်နေ မှာ ကောင်မလေးမအားတာနဲ့ ကိုယ်တိုင် ဝင်ယူလိုက်တော့မယ်"

ပြောရင်း ရှင်းပြလိုက်သေးသည်။ ဟန်ပန် ကလည်း နှုတ်ခမ်းရှု ချင်ချင်၊ နှာခေါင်းလေး ရှုတ်ပွပွနှင့် လိမ္မော်ရည်ကို ယူပေးကာ...

"ရော့.:. နင် ခုတစ်လော အရက်တွေသောက်နေတာ ငါ သိတယ် ရျာန်..၊ အလုပ်ထဲရောက်ရင်လဲ ကိုယ့်အနံ့ကိုယ် မသိမ်းဘူး"



"အဲဒီတော့ ဘာဖြစ်လဲ"

"လူအရှိအသေတန်တာပေါ့"

"ငါ အဲဒါတွေ သိပ်စိတ်မဝင်စားသေးဘူး ဟန်ပန်..၊ အဓိက,က ကိုယ်ထင်ရာကိုယ်လုပ်ခွင့်ရနေဖို့ပဲ"

"အခု ထင်ရာလုပ်ခွင့် မရလို့ အရက်သောက်နေရတာလား"

"ဟုတ်တယ်.."

တစ်ယောက်ကလည်း မမေးတတ်၊ ဖြေတဲ့လူကလည်း ပွတ်ဆတ် ဆတ်..။

"ကဲ... တော်ကြတော့ကွယ်၊ သားနဲ့သမီးက ကလေးတွေလည်း မဟုတ်ကြတော့ဘူး၊ ရန်ဖြစ်လို့ကောင်းတုန်း"

ရျာန် က ပြုံးလိုက်ပြီး အနည်းငယ်သောက်ပြီးသည့် ဖျော်ရည်ကို ပြန်ချထားလိုက်ကာ...

"နင် ငါ့ကို အရေးကြီးလို့ ခဏလေး ဝင်ခဲ့ပါဆိုတာ အရက် သောက်တဲ့အမှု စစ်ဖို့လား"

"မဟုတ်ပါဘူး၊ နင် လုပ်ချင်ပြီဆို ဘယ်သူမှ လူမထင်ဘူးဆိုတာ ငါ သိတယ်"

"ဒါဆို ဘာလဲပြော"

"ပဲခူးကို အရေးတကြီးသွားစရာရှိလို့၊ အဲဒါ အလုပ်နဲ့တော့ မဆိုင် ပါဘူး"

"ပဲခူး ဘာသွားလုပ်မှာလဲ"

"တခြားကိစ္စပါဆိုမှ..၊ နောက်အပတ်ထဲ ကျမှပါ၊ ဒေါ်ကြာ အလုပ်မအားဘူး၊ အချိန်မရဘူးနဲ့ ဖြစ်မှာစိုးလို့ ပြောထားတာ"

"အရေးတကြီးသွားဖို့က နောက်အပတ်ထဲကျမှလား"

မချိုမချဉ်မျက်နှာက ပေါ့ပါးစွာ စနောက်နေတာနှင့် မတူတော့။

www.burmeseclassic.com



ဟန်ပန် မျက်နှာလေးပျက်လျက်…

"နင်လဲ ခုကတည်းက မလိုက်နိုင်ပါဘူးလို့ ငြင်းချင်ငြင်းလိုက်၊ ခနိုးခနဲ့ ပြုံးမနေနဲ့"

"သမီးကလဲ လုပ်ပြန်ပြီ၊ ကိုယ်က အကူအညီလိုနေတဲ့သူ၊ သူများ လိုက်ချင်အောင် ပြောပါလား၊ ဒီလိုသားရယ်…၊ အရေးတော့ကြီးတယ်၊ သမီးက သားနဲ့မှ သွားချင်တယ်ဆိုပြီး သား အားမယ့်အချိန်လောက်ကို ခန့်မှန်း သတ်မှတ်လိုက်တာ"

"အစက ပြောပါလား"

"ဟွန့်…"

ရျာန် က နဖူးကဆံပင်ကို သပ်၍ ဆိုဖာပေါ် ပက်ခနဲ မှီလိုက်၏။

"သားတို့ကိုလဲ ပြောရဦးမယ်"

"ဗျာ!.."

"သြော်… ညကပဲ သားအန်ကယ်လ်နဲ့ အန်တီ ပြောနေကြသေးတယ်၊ စေ့စပ်ပြီးတာလဲ ကြာပြီလေ၊ လက်ထပ်ဖို့လဲ ဘာမှ အခက်အခဲ ရှိကြတာမဟုတ်တော့ အချိန်ဆွဲမနေသင့်ဘူးလို့ ထင်လို့ပါ"

ဟန်ပန့် မျက်ဝန်းတွေ ရျာန့် ဆီ ရောက်သွား၏။

ရျာန် က အင်းမလှုပ်၊ အဲမလှုပ်၊ မျက်တောင်ဖျားတို့ ခပ်စိုက်စိုက် စင်းချလျက် ကြည့်နေတာက တလွဲ…။

"အခြေအနေ အချိန်အခါက ရှိသေးတယ်လေ၊ စေ့စပ်ထားတယ် ဆိုပေမယ့် လက်ထပ်ကြတာလောက် မသေချာဘူး သားရဲ့၊ အန်တီတို့ ဘက်က သမီးရှင်ပီပီ စိုးရိမ်မိတယ်"

"ကျွန်တော် နားလည်ပါတယ် အန်တီ…၊ ဒါပေမယ့် ခုတစ်လော ကျွန်တော် မာတ်ကျနေတာက အရက်တွေချည်းပဲ မျိုချနေချင်တာ၊ အလုပ် ကိစ္စကိုတောင် ဒုတိယထားပြီး အခန်းအောင်းသောက်နေတဲ့အထိပဲ"





ဒေါ်အေးမီညို မျက်နှာပျက်သွားသည်။ ဟန့်ပန် လည်း မျက်နှာတင်း သွား၏။

ဒါ တမင်တကာ မလေးမစား ကြေညာခြင်း မည်၏။

ရျာန် က ဘယ်သူ့ကိုမှမကြည့်ဘဲ မျက်နှာခပ်လွဲလွဲနှင့် ဆံပင်ကို မဲ ဖွနေသည်။ ပြီးတော့ ကုပ်ပိုးက ပြန်သပ်ချကာ မျက်မှောင်ကြုတ်နေ လိုက်၊ မင့်သက်ရှိုက်ခြင်းဖြင့် ဖြေချလိုက်…။

ဒီကိစ္စကို သူကိုယ်တိုင် ကျေနပ်ကြည်ဖြူစွာပဲ လက်ခံလိုက်ဖို့ပါ။ သူမ ပြောရင်လည်း ကိုယ်က စ,ပြောဖြစ်ဖို့ ရှိသည်။

ဒါပေမယ့် တကယ်တမ်း ကြားလိုက်ရတော့ ရင်ခံနေ၏။

ဘာကြောင့်လဲဆိုတာက ပြင်းရှစွာ နှုတ်ဆက်သွားခဲ့သည့် လက်ဝါး တစ်ချက်ကြောင့် ဖြစ်၏။

ပါးရိုက်ခံလိုက်ရမှ သူမ၏စိတ်ဓာတ်အယူအဆလေးတစ်ချက်က ရင်ထဲကို မျက်ခနဲ ဝင်သည်။

ယောကျ်ားတချို့နှင့် အကြောင်းမျိုးစုံနှင့် ပတ်သက်နေတတ်သော သူမကို လှလို့ သတိထားမိနေသည့်အဖြစ်ထက် ပိုလို့မရလောက်အောင် အထင်မကြီးနိုင်ခြင်းက လွှမ်းမိုးဖိစီးနေခဲ့၏။ ခုတော့ သူ့ရင်ထဲမှာ နွေဦး ရဲ့လေရူးမဟုတ်တော့ဘဲ မုတ်သုန်လေအားကောင်းနေပြီ ထင်၏။

ဒါပေမယ့် နှလုံးသားကို ဦးနှောက်က ငြင်းပယ်နေသည်မို့ ဒီအဖြေ ဟာ သူမကို မေ့ပျောက်ထားရစ်နိုင်ဖို့ တစ်ခုသာ…"

"စဉ်းစဉ်းစားစားပြောပါ မာမီ၊ သမီးတို့အတွ… လက်ထပ်ဖို့က အရေးတကြီးကိစ္စလို ဖြစ်နေလို့လား"

သူ့စိတ်ကူးတွေ ဟန်ပန့်ဆီက မာဆတ်ဆတ်အသံကြောင့် ပျက် ကုန်၏။

"အန်တီပြောတာကို ကျွန်တော် နားလည်ပါတယ်၊ စေ့စပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ် နေတဲ့အချိန်မှာ ဆုံစပ်လိုက်တာက အသိုင်းအဝိုင်း လူမှုရေးတွေလဲ ပါတယ်လေ၊ လက်ထပ်ဖို့ကျတော့ ကျွန်တော်တို့ချင်း ပေါင်းသင်းကြရမှာ၊ ဟန်ပန် ဘက်က ကျွန်တော့်အပေါ်မှာ သူငယ်ချင်းလိုပဲ ခင်မင်နေတာလို့ ခံစားမိနေတဲ့အတွက် ဒီကိစ္စကိုတော့…”

“နေပါဦး၊ နင်ကရော ငါ့ကို ရည်းစားလိုချစ်ခဲ့တာမို့လို့လား”

ပက်ခနဲ ကောက်မေးပေမယ့် ဟန်ပန့် မျက်နှာက ပါးမို့လေးတွေ နီမြန်းနေ၏။

“နှစ်ဖက်စလုံးအတွက် ပြောနေတာပါ၊ လက်ထပ်ကြမယ်ဆိုရင် သူငယ်ချင်းဘဝနဲ့ ခြားနားသွားပြီ၊ နင့်ဘက် ငါ့ဘက် ဖြစ်ချင်တာတွေ၊ ရယူချင်တာတွေ အားလုံးက…”

“အို… တော်ပါတော့…၊ မာမီ အဲ့ဒါကို မစီစဉ်နဲ့တော့၊ သမီး ရှက်တယ်”

“စီစဉ်လိုက်ပါ အန်တီ”

ဗျာန် က ဒေါ်အေမိညိုကို ပြောလိုက်ပြီး ဆောင့်ခနဲ ထွက်သွားသည့် ဟန်ပန့် ကို လှမ်းကြည့်ကာ…

“ကျေနပ်တယ်ဆိုရင် ဟင့်အင်း ပြန်မလုပ်နဲ့နော်၊ ကောက်တာကွေးတာတွေ ပြန်ချော့ဖို့ ငါ ဝါသနာမပါဘူး”

အခန်းထဲဝင်ခါနီးကျမှ ဟန်ပန် တက်ခေါက်လိုက်မိသည်။

မာမီကတော့ ဘာတွေသဘောကောင်းပြီး ခွင့်လွှတ်ပြီးရင်း လွှတ်နေမှန်း မသိ။

“သူ့မှာ ပြောမယ့်ဆိုမယ့် ပစ်ပစ်တွေ မရှိဘူး”

“အမွေတွေ တစ်ပုံတစ်ပင်နဲ့ သုံးဖြုန်းမကုန်ဘူး”

“သူ့ကို သဘောကျနေတဲ့ သမီးရှင်တွေ အများကြီးပဲ၊ ညည်းက ဒီလောက်ရင်းနှီးနေတာ ဘာဖြစ်တာလဲ”



စသဖြင့် မာမီရဲ့ အမှတ်ပေးညည်းမျိုးတွေကို သတိရတော့ နှုတ်ခမ်းက အလိုလိုမဲ့၏။ ကိုယ့်မှာတော့ အမှတ်ပေးစနစ်နဲ့ ရွေးချယ်ခဲ့တာ ဘာမှမပါပေ။

ငယ်ငယ်ကတည်းက ခင်မင်တွယ်တာခဲ့ရသည်။ အခု ချစ်မိခဲ့သည်။ ဒါပေမယ့် သူက ချစ်တယ်မပြောဘဲ ကိုယ်ချစ်နေတာကို ပြလို့မှ မရတာ။

လူဆိုး…။

မြသင်တာပေ

www.burmeseclassic.com



## အခန်း [၁၂]

"ချာန် ဘုရား လာတာလား"

နှုတ်ဆက်သံကြားလို့ လှည့်ကြည့်လိုက်တော့ ချမ်းမြေ့အောင် နှင့် ရှိန်း…။

လပြည့်နေ့မို့ ဘုရားမှာလည်း ပါကင်ယူလို့မရလောက်အောင် ကားတွေက ညပ်သပ်နေ၏။ ပါကင်နေရာပေးသည့် ဝန်ထမ်းက ချမ်းမြေ့အောင် နှင့် သူ့ကားကို အတူယှဉ်လျက်ပေးသလို ဖြစ်သွားသဖြင့် ကားထဲက အတူတူ ထွက်မိကြ၏။

"တစ်ယောက်တည်းပါလား"

ရှိန်း က သူ့ကားထဲကို လှည့်ကြည့်ပြီး ရယ်ကျဲကျဲမျက်နှာနှင့်

"မင်းတို့ကရော…"

"ငါတို့က နှစ်ယောက်လေ၊ ပြီးတော့ ဒီမှာ ပါကင်ယူပေမယ့် ဘုရားပေါ်တက်မှာ မဟုတ်ဘူး"

"အေးလေ၊ များသောအားဖြင့် ကောင်မလေးတွေကို လိုက်ပို့ရင်း နဲ့ပဲ လာတတ်ကြတာများလို့ မေးကြည့်တာ၊ ဘာဖြစ်တာလဲ"

"အပိုတွေ မပြောချင်လို့ပေါ့ကွ၊ ငါဘာသာ တစ်ယောက်တည်း လာလာ…၊ တစ်ခြမ်းပဲလာလာ မြင်ရင် မြင်တယ်မှတ်…"





ချမ်းမြေ့ မျက်နှာက အနီရောင်သမ်းလျက် ရှိန်း က မအီမလည် ပြုံးနေ၏။ ဒီနေ့ထိ သူတို့ကို ချာန် က မကြည်လင်နိုင်…။

သိတော့ သိပေမယ့် သူတို့ကိုက လွန်ခဲ့တာမို့၊ ပြီးတော့ ချာန် နဲ့ ကင်းကွာလို့မရသည့် လုပ်ငန်းတွေကလည်း ရှိနေသေးသည်။

"ချာန် နေပါဦး၊ မင်း လက်ထပ်တော့မှာဆို…"

"ဟုတ်တယ်"

"တကယ် မထင်ခဲ့ဘူး၊ ဒါဆို သေချာသွားပြီပေါ့"

ချာန် က ခါတ်လှေကားခြေနင်းရောက်မှ ရပ်လိုက်ကာ…

"ဟုတ်တယ်၊ မင်းတို့နဲ့ ဆက်စပ်နေတဲ့လုပ်ငန်းတွေကိုပါ ဖြတ်တောက်ဖို့ အစီအစဉ်ရှိတယ်"

"ဘယ်လို…"

ဒီတစ်ခါတော့ ချမ်းမြေ့ တို့ ဟန်ဆောင်၍ပင် မပြုံးနိုင်တော့ပေ။ ကြက်သွေးရင့်ရောင်ဂျာကင်နှင့် ချာန့် မျက်နှာကလည်း ပို၍ ရဲရင့်ပြတ်သားနေသလိုရှိကာ…

"မင်းတို့က ဆရာကြီးတွေပဲ၊ ငါနဲ့ လက်မတွဲလဲ ဖြုတ်ကိုက်သလောက်တောင် အရာထင်ကျန်မှာ မဟုတ်ဘူး၊ အဲဒီတော့…"

"ဟား… မင်းချည်းပဲ ပြောနေပါလား ချာန်၊ နေပါဦး၊ ပြောခွင့်ပေးပါဦး၊ ငါတို့ မင်းအပေါ်ကို ပြုမူခဲ့တာလေးက နှစ်ရှည်လများ ဒီလောက် ငြိုးမယ်ဖွဲ့သွားဖို့ ရှိခဲ့သလား"

"ဘာဖြစ်လို့ တစ်ကနေ ပြန်စနေတာလဲ၊ ငါ ဘာမှ မပြောချင်ဘူး၊ အလုပ်ကိစ္စ ရှိသေးတယ်"

ချာန် က ပြောလိုက်တော့ ဘုရားလာတာမဟုတ်မှန်း သူတို့ သိသွားကြ၏။

"လုပ်ငန်းတစ်ခု ဖြတ်တောက်ဖို့၊ ပြောင်းလဲဖို့ ဖျက်သိမ်းဖို့မှ



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးရှိတယ် ချာန့်၊ မင်း လွယ်လွယ်လေး မပြောနဲ့"

"ပြောလိုက်တော့ ဘာဖြစ်သွားနိုင်လဲ"

ချာန့်က မျက်နှာတည့်တည့်ကြည့်ပြီး ခပ်ရိုင်းရိုင်းပဲ မေးသည်။

"ပျော်ပွဲရွှင်ပွဲတစ်ခုအတွက် မိတ်ဆွေချင်းကို လူမဆန်စွာကျင့်နိုင်းတဲ့အတွက် မင်းတို့ကို ငါ မဆက်ဆံချင်ဘူး၊ အဲဒါကြောင့် လက်တွဲဖြုတ်တယ်၊ ဘာမရှင်းတာရှိလဲ"

"ရှင်းပါတယ်၊ ဒါပေမယ့် မင်းဟာတစ်ယောက်တည်း ယင်နားမခံနိုင်တဲ့ မြွေပွေးလို ဖြစ်နေတာ၊ ငါတို့ အဲဒီညက စီစဉ်ထားသမျှ အားလုံးက လွတ်လပ်စွာ ပျော်ရွှင်ကြဖို့ပဲ၊ မင်းကိုလဲ ပျော်ရွှင်ပါစေဆိုပြီး…"

"ငါ ပျော်ဖို့လား၊ မင်းတို့ မျောက်ပွဲကြည့်သလိုကြည့်ပြီး ပျော်ချင်တာလား"

"အဲဒါ လုံးဝ မဟုတ်ဘူး၊ ခွင့်မလွှတ်တတ်တဲ့ မင်းခေါင်းထဲမှာ ငါတို့ ဒါကို လုံးဝဖြေရှင်းမရ ဖြစ်နေတာ"

"ဟုတ်တယ် ချာန့်၊ မိတ်ဆွေတွေပဲကွာ၊ သူငယ်ချင်းလို လည်ပင်းဖက် ပေါင်းခဲ့ကြတာလဲ အသိုင်းအဝိုင်း တော်တော်များများက သိကြတယ်"

"ဆုံးဖြတ်ချက်တစ်ခုချဖို့ ငါ့အတွက် သက်သေမလိုဘူး၊ ငါ့ဖြေတော့ ငါ့ရဲ့အမှန်တရား‥"

သူ အားလုံးကိုထားခဲ့ပြီး လမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။

ဒီကောင်တွေကို သူ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်တော့ သေချာပြီးသားပင်။

သူတို့ လုပ်ကြံတိုက်ကျွေးလိုက်သည့် အရက်တစ်ခွက်ကြောင့် ဘယ်လိုဆိုးကျိုးတွေ ဖြစ်ခဲ့သလဲ၊ သူသာ သိသည်။

အားလုံးရှေ့မှာ ကျရှုံးမခံနိုင်ဘဲ ဖွတ်ထွက်လာနိုင်ခဲ့သော်လည်း





တစ်ကိုယ်လုံး ပွက်ပွက်ဆူနေခဲ့သည့် သွေးသားဆန္ဒက မာနနဲ့ ဆင်ခြင်တုံတရားကို ဖယ်ချပစ်ခဲ့သည်။

ဒီအတွေးတွေ ခြောက်လှန့်နှိပ်စက်ပြီး နှစ်တွေကြာခဲ့တာတောင် သူမှာ စားကောင်းခြင်းမစားနိုင်၊ အိပ်ကောင်းခြင်း မအိပ်နိုင်၊ မကျေနပ်ကြဘူးဆိုရင်လည်း ထိုနေရာမှာပဲ ဒေါသတွေအိုဗာဖြစ်ပြီး ဗုန်းဗုန်းလဲသွားပါစေ သူ့ဘက်ကအဖြေကတော့ အမြဲတမ်း ဆောရီး‥။

ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း သူ ကားဆီ ပြန်ရောက်တော့နားခေါင်းထဲမှာ သနပ်ခါးပန်းနံ့တစ်ချက် ဝေ့သွားသဖြင့် နောက်ပြန်လှည့်ကြည့်လိုက်မိသည်။

"သနပ်ခါးပန်းတွေနော် နှစ်ရာတည်း၊ မွှေးမွှေးလေး"

သူ့ခြေလှမ်းတွေ နောက်ကြောင်းပြန်လှည့်သွားခဲ့၏။ ပန်းသည်က ကားကြားထဲဝင်သွားသောကြောင့် သူလည်း လိုက်ဝင်သွားရာ…

"ပန်းသည် ခဏလေး‥"

"ပန်းသည် ဒီကိုလာ‥"

သူ့နှင့်ထပ်တူ အသံလေးတစ်သံ ထွက်လာကာ ဒီဘက် ပြန်လှည့်လိုက်သည့် ပန်းသည်၏ ဆံခါလေးကို မိန်းကလေးတစ်ယောက်က ဆွဲထားလိုက်၏။

ကာရံ‥။

သူမက ကားထဲကနေ လှမ်းတားပြီး ကမန်းကတန်းဖွင့်လိုက်ခြင်းဖြင့် ရုတ်တရက် ချာန့်ကို မမြင်‥။

"ဘယ်လောက်လဲဟင်"

"နှစ်ရာတည်း ညီမ၊ မောင်လေး လာလေ၊ ပန်းတွေက လတ်လိုက်တာ မွှေးနေတာပဲ၊ နှစ်ရာတည်း သုံးစည်း ငါးရာနဲ့ ယူ‥"

ဈေးသည်က နှစ်ဦးစလုံးကို ရောင်းချင်နေသဖြင့် ကာရံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကာ ရှာန့်ဘက်ကိုလည်း တိုးပေး၏။ ထို့ကြောင့် နှစ်ယောက်
အလယ်မှာ သနပ်ခါးပန်းဆန်ခါလေးက ရပ်တန့်သွားသည်။

ဒီတော့မှ ကာရံ က ရှာန့် ကို မြင်သွားသည်။

မြင်မြင်ချင်း မျက်နှာလွှဲပစ်လိုက်ကာ…

"ငါးရာဖိုး ယူမယ်"

"မရဘူးနော်၊ တို့က အရင်ခေါ်တာ၊ အစ်မ အဲဒီပန်းအားလုံးယူ
တစ်စည်းမှ မလျှော့စေနဲ့"

ကာရံ မျက်ဝန်းလေးတွေ သူ့ဆီ ဒိုင်းခနဲ ရောက်လာသည်။
က ခပ်တည်တည်…။

"ဟာ… ဦးဦး၊ ဦးဦးက သားသားကို မမြင်ဘူးလား"

အသံလေး စူးခနဲ ထွက်လာလို့ ကြည့်လိုက်မိ၏။ ကားပေါ်
နေအလကာ…။

"သား ဟိုဘက်ကို သွား"

ကာရံက ပန်းကို တစ်ချက်မှလှည့်မကြည့်ဘဲ ကားထဲ တန်း
၏။ ကလေးကို နှုတ်ဆက်မလို့ဟာတောင် နှုတ်ဆက်ချိန် မရလိုက်ပေ

တကယ်ဆို စိတ်ထဲကပါလို့ ပြောလိုက်တာ မဟုတ်ပါ။ မတည့်
အကြောင်းပဲဖြစ်ဖြစ်၊ ရန်စကားပဲဆိုဆို သူမနှင့် စကားပြောချင်
တစ်ခုတည်း…။

"ဟယ်… ညီမနဲ့တွေ့ပြန်ပြီ၊ ဘုရားကို လာတာလား"

သူ ပန်းဖိုးပေးနေတုန်းမှာ ကိုဇော်ဝိတ် တို့လင်မယားနှစ်ယော
ရောက်လာကြပြီး ကိုဇော်ဝိတ် က သူ့ဆီလျှောက်လာလျက် ဒေါက်
ချိုမြရီ က ကားထွက်ဖို့ပြင်နေသည့် ကာရံ့ ဆီးမှာ…။

ကာရံ ရယ်မောပြီး စကားပြောနေတာကို သူ စိုက်ခနဲကြည့်
မျက်လုံးမခွာဖြစ်ဘဲ ရှိနေ၏။





"ကိုရှာန့် တစ်ယောက်တည်းလား၊ ပန်းတွေအကုန်ဝယ်ပြီး ဘာလဲ
ယတြာချေမှာလား"

မေးခွန်းတွေ ဆက်မေးတာကို သူ ခေါင်းညိတ်ပြ၍ ပန်းတွေထဲက
သုံးစည်းကိုယူကာ…

"ခဏဗျာ…"

ကာရံ မသိလိုက်မီ သူ ဟိုဘက်ကနေသွားပြီး ပန်းတွေကို ကလေး
လက်ထဲ ထည့်ပေးလိုက်၏။ ပြီးတော့မှ ပြန်လာ၍…

"ဒေါက်တာနဲ့ အဲဒီတစ်ယောက် တော်တော်ရင်းနှီးသလား ကိုဇော်
ဝိတ်"

"ရင်းနှီးတယ်လေ၊ ခုန ကိုရှာန့် ပန်းသွားပေးတဲ့ကလေးလေးကို
ချိုပဲ မွေးပေးခဲ့တာ၊ ပြီးတော့ တစ်နှစ်သားကျော်တဲ့အထိ သေချာကို
ခေါ်ထိန်းပေးတာဗျာ၊ သူ့အစ်မတစ်ယောက်ကလဲ ကလေးအဖတ်တောင်
လို့ စိတ်ကယောင်ချောက်ချားဖြစ်နေတာလေ၊ အဲဒီကလေးကိုခေါ်ထိန်း
ပေးရင်း နှစ်ဖက် အလုပ်ဖြစ်သွားတာကိုး"

"ြော်…"

ကာရံ ကလည်း ဒေါက်တာချိုမြရီ နှင့်ကျမှ ကားပေါ်ကပြန်ဆင်း
ပြီး ထိုနေရာမှာပဲ စကားဖောင်ဖွဲ့နေ၏။ သူနှင့် ကိုဇော်ဝိတ် မှာလည်း
စကားမပြတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာသောနေရာ
လောက်မှာ ရပ်နေမိကြ၏။

ကိုဇော်ဝိတ် က ဘာအကြောင်းပဲမေးမေး စိတ်ပါလက်ပါ ပြန်ဖြေ
တတ်သည့်အကျင့်ရှိသူမို့ သူ တစ်ခွန်း၊နှစ်ခွန်း စ၊လိုက်တာနှင့် သိသမျှ
အကုန်လုံး ထွက်လာခဲ့၏။

"သူ့မှာ အိမ်ထောင်တော့ မရှိဘူး"

"ကွဲသွားကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက…"

ရယ်တော့မလို တည်တော့မလိုမျက်နှာနှင့် ကိုဇော်ဝိတ်က တစ်ချက်ပွတ်၏။ ပြီးတော့ ဒေါက်တာချိုမြရီ ရှိရာလည်း လှမ်းကြည့်

ထိုအချိန်မှာ သူမတို့ချင်း နှုတ်ဆက်နေကြပြီဖြစ်ကာ ဂျစ်ကား က ပါကင်ထဲက ထွက်သွား၏။ ဗျာန့် မျက်ဝန်းတွေ ကျဉ်းမြောင်း သွားလေသည်။

ကားထွက်သွားတော့ ကွန်ကရစ်လမ်းပေါ်မှာ သနပ်ခါးပန်းတွေ ကလေးကို သူပေးလိုက်တဲ့ပန်းမှန်း သိလိုက်သည်မို့ မာနက ထော ဖြစ်သွား၏။

ဒါပေမယ့် သူ့ထက်ပိုတဲ့မာနတွေနှင့် သူမက ရယ်မောသွား ဖြစ်၏။ မင်း ဘာလုပ်မလဲ ဗျာန်…၊ ဘာလုပ်နိုင်လို့လဲ…။

ရင်ထဲမှာ ဒေါသမာနများနှင့်အတူ ဥပေက္ခာတရားတွေ ရော မွှန်းကျပ်သွား၏။ ထားခဲ့လိုက်ပါလား…။

ဒါပေမယ့် …။





## အခန်း [ ၃၃ ]

"ငါ သိတယ် ကိုဗျာန်… ယောက်ျားချင်းပဲကွာ၊ ဘာဖြစ်လဲ မိန်းမ လေးတစ်ယောက်အကြောင်းကို အိမ်ထောင်မရှိတဲ့ လူပျိုတစ်ယောက် စိတ်ဝင်စားတာ ဘာသဘာဝမကျတာ ရှိလို့လဲ"

ကားပြန်မောင်းခဲ့ရင်း သူ့စိတ်တွေက နောက်မှာ ကျန်ရစ်ခဲ့သလို င်း

ကိုဇော်ဝိတ် ပြောပြလိုက်သော ကာရံ နှင့်ပတ်သက်သည့်အကြောင်း ပ္ပဟာ…

"အခု သူ ဦးရာဇအောင် ရဲ့ကုမ္ပဏီမှာကွ၊ သူက အပျိုမဟုတ်ပေ ဲ့ အပျိုတွေထက် ထင်ပေါ်တယ်၊ ဒါလဲ သူ တမင်လုပ်ယူတာ တ်ဘူး၊ ဘာလို့ ငါက သိနေလဲဆိုတော့ ချို့ဆီ သူရောက်လာတဲ့အခါ ချင်းပြောနေကြတာပေမယ့် ကြားတာလဲ ရှိ၊ မကြားတာလဲ ရှိပေါ့ နောက်ပြီး ချို့က အလုံးစုံတော့ ပြန်မပြောပြဘူး၊ ကာရံ ကို သနား တကယ်တော်တဲ့ ယောက်ျားကောင်းတစ်ယောက်ယောက်နဲ့ အိမ် င်ပြုလိုက်စေချင်တာ၊ ဘာညာတွေ သိရတာမျိုးပေါ့"

ကိုဇော်ဝိတ် က ဟိုအရင်က တခြားအလုပ်တစ်ခုနှင့်ဆိုတော့ အိမ် တယ် သိပ်မရှိပေ။ ထို့ပြင် ညားခါစမှာ လင်မယားချင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေနေတာပဲ များသည်မို့ ချို လုပ်သမျှကိစ္စတွေမှာ သိပ်မသိလိုက်တာတွေ ရှိ၏။

ကာရံ ကိုတော့ မြင်နေတွေ့နေပေမယ့် ဒေါက်တာချိုမြိုင် ကိုလည်း မမေး၊ ဟိုကလည်း သိပ်စေ့စေ့ငင မပြောခဲ့ပေ..။

“သူ့ကိုယ်ဝန် လာအပ်ရင်းနဲ့ သူ့အကြောင်းကို ပြောပြတာတဲ့၊ ဒါတွေ ပြောပြဖူးတာလဲ ချို တစ်ယောက်တည်း ရှိသေးတယ်လို့ ပြောတယ်တဲ့၊ ချိုက အဲဒီအယ်တော့ ပြောပြတယ်ကွ၊ ကျုပ်တာ သိပ်မပြောတော့ဘူး၊ မိန်းကလေးကိစ္စဆိုတော့ ငါလဲ သိပ်စိတ်မဝင်စားခဲ့ပါဘူး၊ ဒါတောင် ကာရံ က ချောချောလှလှလေးနဲ့ ဘာဖြစ်နေတာလဲလို့၊ ဘာလိုလို မေးမိလို့ ပြောပြတာ၊ သူက မိဘမဲ့ တစ်ကောင်ကြွက်တဲ့၊ အဒေါ်နဲ့ နေခဲ့ရတာတဲ့၊ သူ အိမ်ထောင်ကျခါနီးမှာ ကိုယ်ဝန်ကိစ္စပေါ်လာပြီး လက်ထပ်ဖို့ကိစ္စ ပျက်သွားတယ်တဲ့”

အဲဒီတုန်းက သူကိုယ်တိုင် နားရှုပ်သွားလို့ မေးခဲ့မိသေးသည်။

“ကိုယ်ဝန်က အဲဒီလူနဲ့ လက်မထပ်ခင် ငြိစွန်းကြတာ မဟုတ်ဘူးလား၊ ဒါမှမဟုတ် သူ့မှာ ချစ်သူရှိခဲ့လို့လား”

“အဲဒါလဲ ချိုကတော့ သိချင်သိပေမယ့် ငါ့ကို မပြောပြဘူးကွ၊ ဖြစ်နိုင်တာကတော့ လက်ထပ်မယ့်သူနဲ့ မဆိုင်ဘူးထင်တယ်၊ ဒီလိုကွာ.. အဲဒီလိုတွေရှုပ်ကုန်တော့ လူတွေ အထင်သေးအမြင်သေးဖြစ်ပြီး အဒေါ်က တစ်ယောက်နဲ့လက်ထပ်ပေးမယ် ချက်ချင်းစီစဉ်တယ်တဲ့၊ ဒါနဲ့ သူ ရန်ကုန်ကို တစ်ယောက်တည်း လစ်ထွက်ခဲ့တာတဲ့လေ၊ သတ္တိက မခေဘူးကွ”

“ဒေါက်တာနဲ့ ဘယ်တုန်းက သိနေတာလဲ”

“မသိဘူး၊ ခြံရှေ့မှာ ဆိုင်းဘုတ်မြင်တာနဲ့ ချို့ကို သူ ရပ်စောင့်နေတာတဲ့၊ သူ့ကိုယ်သူ မိတ်ဆက်ပြီး ချို့ကို ဆေးခန်းမှာ မြင်ဖူးတာလို့





ပြောတယ်၊ ချို့ပုံစံကိုမြင်ပြီး သူ့အတွက် ကူညီနိုင်မယ့်သူလို့ ယုံကြည်လို့တဲ့၊ သူ့ကိုယ်ဝန်ကို ကလေးအဖေနာမည်မပါဘဲ ခုချိန်ထိ မွေးဖွား ယ်တည်နိုင်ဖို့ ချိုက ကူညီဖို့ပေါ့ကွာ၊ သူ့အကြောင်းတွေပြောပြပြီး ကြိုးလော်တစ်ကုံး ချပေးတယ်၊ ချိုက မယူဘူးတဲ့၊ မင်း စဉ်းစားကြည့်ပါ့ကွာ၊ တို့က စေတနာရှင်ကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မိန်းကလေး တစ်ယောက်တည်း ဒုက္ခရောက်နေတာ ဘယ်လို ယူရက်မှာလဲ”

“ဒေါက်တာ့ကို ကျွန်တော် လေးစားပါတယ်”

“အေးပါ၊ သူ့ကိုပဲ လေးစားပါ၊ အဲဒီအချိန်တုန်းက ငါက ချို့ဆီမှာ ဝင်ထွက်နေတဲ့ ကိုယ်ဝန်နဲ့ ကောင်မလေးတစ်ယောက်ဆိုတာထက် ဘာမှ ပိုမသိသေးဘူး”

အရေးထဲ လေးစားခံချင်နေသည့် ကိုဇော်ဝိတ် ကို သူ ပြုံးခဲ့မိသေးသည်။ ဒီစကားတွေအထိ မိန်းကလေးတစ်ယောက်၏ ဘဝစာမျက်နှာတွေအဖြစ်ထက် ဘာမှ ပိုမိုထူးခြားခဲ့တာ မရှိပါ။

နောက်တော့မှ...

“မွေးပြီးတော့ ကလေးအတွက် အစစအရာရာ အဆင်ပြေအောင် ချိုကပဲ တာဝန်ယူခဲ့တာလေ၊ မင်းကို ပြောပြပြီးသားပဲ၊ သူ့အစ်မက ကလေးရှူးရှူးနေတာနဲ့ ကာရံ့ကလေးကို ခေါ်ထိန်းပြီးမှ ရောဂါငြိမ်သွားခဲ့တာလေ၊ အဲဒီအချိန်မှာ ကလေးအမေလဲ ဒုက္ခမရောက်တော့ဘဲ ကာရံ့ သင်တန်းတွေတက်၊ အတွေ့အကြုံတွေရအောင် ချိုက ကူညီတယ်”

ဒါကျတော့ ဘယ်လိုရေစက်တွေလဲ၊ ကံအကြောင်းတရားတွေ၊ ရေစက်ဆုံကြပုံတွေအကြောင်း သူ သိပ်မသိပါ..။

ခုလို ဘာမှမဆိုင်ခဲ့ဖူးတဲ့သူတွေ သံယောဇဉ် လာဖြစ်နေကြတာကိုတော့ ထူးဆန်း၍နေ၏။

“ကောင်မလေးက ကြိုးစားတဲ့ပုံကွ၊ တစ်ခေါက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာရင် ပုံစံက မတူဘူး၊ သူ ရသင့်တာလေးတွေကို ထုခွဲတယ်ဆိုလား၊ အဲဒါလဲ မလေမလောင်းခဲ့ဘူး၊ ကလေးကို သူ ပြန်ခေါ်သွားတော့ နှစ်နှစ်မပြည့်တပြည့်ပဲ၊ နောက်ပိုင်း လုံးဝ မတွေ့ရတော့ဘူး။ ခုမှ ဘယ်လို ပြန်ဆုံစည်းကြသလဲ မသိပါဘူး”

“နေဦး…၊ သူ ရသင့်တာရခဲ့တယ်ဆိုတာ ဘာလဲ၊ မိဘအမွေလား”

သူ မေးလိုက်တုန်းက ကိုဇော်ဝိတ် က “ငါ သိပါတယ်”ဆိုသည့် အကြည့်နှင့် ပြုံးကြည့်နေခဲ့၏။

ဒါပေမယ့် ဘာမှမမေးဘဲ ပြန်ဖြေသည်။

“အဲဒါလဲ ငါမသိဘူး၊ ပဲခူးကလို့ ပြောတာပဲ၊ မိဘအမွေပဲဖြစ်မယ် ထင်တယ်။ အိမ်၊ ခြံ၊ လယ်ယာ တစ်ခုခုဖြစ်မှာပေါ့၊ သူပြောပုံအရဆို ပဲခူးတောပိုင်းက ဖြစ်နိုင်တယ်လို့ ချို ကတော့ ပြောတယ်”

ကားလေးက အရှိန်မှန် ပြေးနေပေမယ့် စိတ်တို့က တောင်းကင်လေထဲနေသလိုပင်။ ဒါမှမဟုတ် တိမ်လို လွင့်မျောနေတာမျိုးလား…။

ရှေ့တက် ခရီးဆက်မယ်ဆိုတော့ ပန်းတိုင်က မမြင်၊ နောက်ပြန် လှည့်ရမှာလည်း အရိပ်မဲ့ဖြစ်နေ၏။ တစ်သက်မှာ ဒီတစ်ခါလောက် ခေါက်ပျက်ရှုပ်ထွေးခြင်းမျိုး မကြုံခဲ့ဖူးပါ…။

အလုပ်တစ်ခုကို မှားမှားမှန်မှန် လုပ်ဝံ့စာတ်သည့်အကျင့်တွေလည်း ဘယ်လေတိုက်လို့ ဘယ်အရပ်ကို လွင့်ပါကုန်ပြီ မသိ။ သူ ရင်ဆိုင်နေရတာတာ ဆုံးဖြတ်ချက်တစ်ရပ်နှင့် မဆိုင်၊ ဆောင်ရွက်ရမည့် တာဝန်တစ်ခုလည်း မဟုတ်။

မှုံမှိုင်းရာညလယ်ထဲမှာ အနက်ရောင်ချည်မျှင်တစ်စကို ဖမ်းဆုပ်ဖို့ [illegible] နေရတာ ဖြစ်၏။

“နှင်ပတ်သက်ခဲ့ဖူးသည့် သက်သေအဖြစ် သူ စွဲထင်နေသည်တာတဲ့၊ သူ့ သနပ်ခါးပန်းနဲ့ တစ်ချက်၊ တွေးပုံဖြန့်ခင်းနေသည့် ဆံနွယ်





ရှည်တွေ၊ ပြီးတော့ ရန်ကုန်-ပဲခူးလမ်းမကြီးရယ် ဒါပဲ ဖြစ်၏။

သူမက သနပ်ခါးပန်းကိုမှ နှစ်သက်သူဖြစ်ကာ ဆံနွယ်ရှည်တွေကိုလည်း ပိုင်ဆိုင်သူ…၊ ခုထပ်သိရသည့် ပဲခူးလမ်းမနှင့် နီးစပ်နေခြင်းအားလုံးသည် သူ့ရဲ့အတိတ်ကို ချုပ်ကိုင်ဖမ်းစားခဲ့သော မိန်းကလေး ဖြစ်တာတွေလား…။

တကယ်ပဲ ဖြစ်နေပြီလား၊ ဒါဆို သူ ဘယ်လိုလုပ်မလဲ…။ နောက်ထပ် သေချာအောင် [illegible] ဒီက သူမဟာ သူ့ကိုမှ လိုလားမျှော်လင့်နေတဲ့ မိန်းကလေးမျိုးလည်း မဟုတ်။ မာနက ခေါင်ခိုက်နေသည်။ သူမဘဝထဲမှာ သားလေးတစ်ယောက်လည်း ရှိနေ၏။

ဒီကိုယ်ဝန်ကို စ,ယူကတည်းက အဖေမရှိခဲ့ဘူးဆိုတော့ ဒါဟာ…

ကားကို လမ်းဘေးချရပ်ပြီး အဆင်သင့်ပါလာသည့် ကိုကာကိုလာ ကို ကောက်မော့လိုက်မိသည်။

အရေထဲမှာ အအေးမရှိတော့သည့် အချိုရည်တွေကို ဒေါသဖြစ်သွားသည်။ နှစ်ကျိုက်လောက်မော့ပြီး အပြင်ကို လွှဲပေါက်ပစ်လိုက်၏။

နမူးနှင့် ဆံပင်တွေကို ရောထွေးပွတ်ပစ်မိကာ ကူရှင်မှာ မျက်နှာအော့ လှန်ထားလိုက်မိ၏။

ထိုအခါ ကလေးမျက်နှာလေးက ပေါ်လာသည်။ သူ့ကိုမြင်တိုင်း ထိတ်ကြည့် ပြုံးပြတတ်သည့် မျက်နှာလေးက ကြည်လင်ဝင်းပနေသည်။

ဘာရယ်မဟုတ်ဘဲ ဒီကလေးနှင့်သူ အမှတ်တမဲ့ကနေ အမှတ်တရ တွေ ဖြစ်လာခဲ့တာလည်း ထူးဆန်းနေတာပဲ ဖြစ်၏။

စိတ်ထဲမှာ တစ်မျိုးတွေးမိကာ ချက်ချင်းဖုန်းထုတ်ပြီး ခေါ်လိုက်မိသည်။

“ဟလို ကိုရျာန် ပြော…၊ မင်း တစ်ခုခု ဖြစ်ပျက်သွားတာကို ငါသိတယ်၊ တစ်ခုခု ပြန်မေးလာဦးမှာပဲဆိုတာလဲ ခုပဲ တွေးနေတာ”

“ကျွန်တော် ဝန်ခံစရာ ရှိတယ် ကိုဇော်ဝိတ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ နားလည်ခြင်းများစွာနဲ့ နားစွင့်နေပါတယ်၊ ပြော…"

"ဒါပေမယ့် ဒေါက်တာ့ဆီက ကိုဇော်ဝိတ် ကိုယ်တိုင် သိခွင့်မရခဲ့တဲ့ အကြောင်းတချို့ကို ကျွန်တော် သိရမှ ဖြစ်မယ်"

ကိုဇော်ဝိတ် ဆီက အသံတိတ်သွား၏။ ပြီးမှ…

"အင်း နားလည်သလိုတော့ ရှိနေပြီ၊ ဒီလိုလုပ်လေ မင်းက ကာရံနဲ့ပတ်သက်နေနိုင်တယ်ဆိုရင်တော့ ချို က ပြောပြလောက်ပါတယ်၊ မင်းနဲ့ ချို တွေ့လို့ရအောင် တစ်နေရာမှာ ချိန်းပေးမယ်၊ ချို က ငါ့ကိုတောင်မှ အပြောအဆိုမလုပ်ခဲ့တဲ့အပိုင်းမှာ အဲဒီနေရာထိပါ လိုက်လို့တော့ မကောင်းဘူးကွ၊ မင်းတို့က သိပ်လဲမရင်းနှီးတော့ ပြောတာဆိုတာ အတိမ်းအစောင်းရှိနေရင်တော့ နားလည်ကြမှ ဖြစ်မယ်၊ အခင်မင်မပျက်ပေါ့ကွာ"

"ကျွန်တော် နားလည်ပါတယ်၊ လုပ်သာ လုပ်ပေးပါ"

သူ ဒေါက်တာချိုမြရီ နှင့် တွေ့ဖို့အတွက် စိတ်ဝင်တစား ဖြစ်နေမိ၏။

သူမ သိထားတာတွေ ဒီထက်မက ရှိနေနိုင်တာကိုလည်း ယုံကြည်သည်။

အကယ်၍သာ ကာရံ့ဘဝလေးဟာ သူ့လိုပဲ ညတစ်ညနှင့် လျှို့ဝှက်ချက်တစ်ခု ရှိနေခဲ့တာ မှန်ပါလျှင်…။





## အခန်း [ ၃၄ ]

"အလင်းတန်း…ဖိုက်ကို…"

"ဟုတ်တယ် ကာရံ၊ ဒီမှာရှိတဲ့ လူဟောင်းတွေထဲမှာ အလင်းတန်းဆ သူ့ဌေးနဲ့ ပြောဆိုဖူးတဲ့သူတွေ ရှိတယ်၊ အဆင်မပြေဖြစ်ခဲ့ကြတာချည်းပဲ၊ လူငယ်တွေကလဲ လူငယ်တွေပီပီ မှားယွင်းကြတယ်၊ လူကြီးပိုင်းတွေကျတော့လဲ တစ်ဖက်က မာကြောကြောဆက်ဆံတာကို သည်းမခံနိုင်ကြဘူး၊ ညည်းကတော့ လူငယ်ပေမယ့် အနုကယ်လ် ယုံတယ်၊ ဆက်ဆံရေးပိုင်းမှာ ညည်းနဲ့မှ အဆင်ပြေနေမှာမို့ပါ၊ ဒီကိစ္စမှာ သူ ခေါင်းညိတ်လိုက်တာနဲ့ တို့ကုမ္ပဏီအတွက် အကျိုးအမြတ်တွေဖြစ်လာမှာ၊ သူက ဘယ်အကြောင်းနဲ့မှ ဖြတ်တောက်လို့မရတဲ့လူလေ၊ ဒါကြောင့် ညည်းသွားပါ၊ နောက်ပိုင်းက အဆင်မပြေဖြစ်သွားတဲ့အကြောင်းနဲ့ပတ်သက်ပြီး ကြိုးစားကြည့်ပါ၊ ဘယ်လိုလဲ"

ကာရံ မျက်နှာလေးပျက်နေ၏။ အလင်းတန်း ဝမ်းတူးဖိုက်ရဲ့သူဌေးဆ ရှာနဲ့ဆိုတဲ့လူ ဖြစ်သည်။ သူမ မျက်နှာချင်းမဆိုင်ချင်တဲ့သူဖြစ်သလို သူကလည်း ကျေနပ်မှာမဟုတ်…။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကလည်း ကိုယ့်ကိုမှ ရွေးချယ်တာဝန်ပေးလာသဖြင့် ဦးနေတက်ခြောက်သွား၏။

"ရော့…၊ သူ့အတွင်းရေးမှူး ပြန်ပေးသွားတဲ့ စာချုပ်နဲ့ စာရွက်စာတမ်းတွေ၊ မင်း သူ့လက်ထဲရောက်အောင် ပြန်ထည့်ပြီး အဆင်ပြေသွားအောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါ ကာရံ၊ ကိုချာန်… အဲ… သူဌေးက အပြောနည်းနည်းဆိုးတာ ရှိမယ်၊ မင်း သည်းခံပါ"

ခိုင်းပြီဆိုတော့လည်း မတတ်နိုင်ပါ။ ကုမ္ပဏီကကားနှင့်ပဲ အလင်းတန်းကို ထွက်လာခဲ့ရ၏။

"ဒီမှာ ခဏစောင့်ပါ"

ဟု ပြော၍ ထိုင်စရာနေရာလေး ပေးထား၏။ ထိုင်စောင့်လိုက်ရတာ နာရီဝက်ကျော်သွားသည်။

"ရပြီ အစ်မ၊ ဝင်သွားပါ"

ဆိုတော့လည်း အထဲမှာ ဧည့်ခန်းက နှစ်ခန်း၊ ဘယ်မှာသွားထိုင်ပြီး ဘယ်လိုပုံစံနှင့် စောင့်နေရမှန်း မသိ…။

ကာရံ တစ်ယောက်တည်း ဘယ်မှမထိုင်ဘဲ စားပွဲဘေးမှာ ဒီတိုင်းရပ်နေလိုက်၏။ ထိုစဉ် ခြေသံသဲ့သဲ့ကြားလိုက်ရပြီး သူမ ရပ်နေသည့် ဧည့်ခန်းထောင့်က တံခါးတစ်ချပ် ပွင့်သွားသည်။ ထွက်လာတာလည်း သူပဲ ဖြစ်၏။

လက်ထဲမှာ အနက်ရောင် သားရေဖုံးနှင့် ဖိုင်နှစ်အုပ်ကို တစ်ဖက်က ကိုင်ထားပြီး တစ်ဖက်က လက်ကြားမှာ စီးကရက်နှင့်…။

"ဟင်.."

သူ ထွက်လာပြီး တံခါးပြန်ခေါနေတဲ့အထိ သူ့ကို ကာရံကမြင်နေပြီး သူက မမြင်။ ရှပ်အင်္ကျီလက်တိုပွပွနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည်။ ဒီဘက်လှည့်လိုက်မှ ကာရံကိုမြင်ကာ အံ့သြသွားသည်





မျက်နှာက ဖုံးလို့မရ…။

"မင်း…"

"ကျွန်မ သူဌေးဦးရာဇအောင် လွှတ်လိုက်လို့လာတာ"

သူ ခြေလှမ်းရပ်သွားပြီးမှ ခေါင်းညိတ်ကာ…

"အဲဒီကိစ္စ မင်းလာရမှာမှ မဟုတ်တာ"

ကာရံ မျက်နှာကွက်ခနဲပျက်သွားသည်။ သူမက သူဌေးရဲ့အတွင်းရေးမှူး မဟုတ်ပေ။ ဒီလို လုပ်ငန်းချင်းဆက်ဆံကြတဲ့ အတွင်းပိုင်းပြဿနာတွေမှာ ပါဝင်ဖို့ထိ သူမရာထူးက မဝင်ဆံ့ဘူးလို့ ပြောလိုက်တာမှန်းနားလည်လိုက်သဖြင့် အနီရောင်သမ်းသွားသည့်မျက်နှာလေးနှင့်…

"ရှင် အခု ဖုန်းဆက်ကြည့်လို့ ရတယ်၊ သူဌေးက မခိုင်းဘဲလဲ ရှင့်ရှေ့ကို လာဖို့ထိ ကျွန်မမှာ အကြောင်းမရှိဘူး"

"မင်းကို ဘာသဘောနဲ့မှပြောတာ မဟုတ်ဘူး၊ ကိုယ် တွေ့ချင်နေတုန်းမှာ ရောက်လာတာ အံ့သြလို့၊ ထိုင်ပါဦး"

ထိုင်တော့ ကာရံ ထိုင်ပြီးမှ မျက်နှာချင်းဆိုင်မှာ သူက လာရပ်၍..

"စင်ကာပူကကုမ္ပဏီမှာ ရှယ်ယာပြန်သိမ်းလိုက်တဲ့ကိစ္စလား"

"ဟုတ်တယ်.."

ပြောဖို့စကားတွေက သူ့ကို မုန်းတီးသည့်စိတ်တွေထဲမှာ နစ်မြုပ်ပျောက်ဆုံးနေကြ၏။ ဒီနေရာမှာသာ တခြားသူဌေးတစ်ယောက်ဆိုလျှင် သူဌေး ယုံကြည်ခဲ့တဲ့အတိုင်း သူမ ရင့်ကျက်တည်ငြိမ်စွာ ပြောဆိုစည်းရုံးသွားနိုင်မှာ သေချာပါသည်။

ဒါပေမယ့် ထိုသူက ချာန် ဖြစ်နေခဲ့ရာ…

"ကျွန်မတို့ဘက်က လွှတ်လိုက်တဲ့ကိုယ်စားလှယ်နဲ့ပတ်သက်ပြီး.."

"နေဦး၊ ကိုယ် မင်းနဲ့ ပြောစရာရှိတယ်၊ ဒါတွေ နောက်မှပြော.."

"ဘာ.."



www.burmeseclassic.com

www.burmeseclassic.com



ကာရံ အံ့သြသွား၏။ စိတ်လည်းတိုသွားမိသည်။ 'ဘာ' ဆိုသည့် အသံက မာသွားပြီးမှ…

"ကျွန်မက အဲဒီပြဿနာအတွက် လာတာ၊ အလင်းတန်းက တခြား ကုမ္ပဏီနှစ်ခုကိုတော့ ဒီတိုင်းထားပြီး ကောင်းသစ်ကျမှ…"

"လကာရံ…"

မျက်နှာထားတည်တည်နှင့် သူ ဖြတ်ခေါ်လိုက်တော့ ကာရံ အသံလေး တိတ်သွား၏။

သူက ကိုင်ထားသည့်ဖိုင်တွေကို စားပွဲပေါ် ပစ်တင်လိုက်ပြီး စီးကရက်တစ်ရှိုက်နှင့်…

"ကောင်းသစ်နဲ့ကိုယ် ပြန်ပြေလည်ဖို့ ဘာအကြောင်းမှ မရှိဘူး ဒါပေမယ့် မပြေလည်တဲ့စကားတွေ မင်းနဲ့ကိုယ် မပြောချင်ဘူး၊ အဲဒါ ကြောင့် မပြောပါနဲ့"

ကာရံ ဆတ်ခနဲ ထရပ်လိုက်သည်။

"ရှင် အဲဒီလို ယတိပြတ် ဆုံးဖြတ်ထားပြီဆိုရင် ပြီးတာပဲ၊ ဒီကိစ္စ အောင်မြင်အောင် မဆောင်ရွက်နိုင်လို့ အလုပ်ဖြုတ်ပစ်လဲ ခံရုံပဲ၊ နောက်ထပ် ဘာမှပြောဖို့ မရှိဘူး"

"နေဦး…"

သူ ရှေ့က ပိတ်ရပ်လိုက်သဖြင့် ရင်ဘက်ချင်းကပ်မိတော့မလို ဖြစ်သွား၏။ ကာရံ နောက်ပြန်ဆုတ်ကာ…

"ရှင် ဘာလုပ်တာလဲ"

"မင်းကို မေးစရာရှိတယ်"

"ရှင်နဲ့ ဘာစကားမှပြောဖို့ စိတ်မဝင်စားဘူး"

"မဝင်စားလဲ ငါ မေးတာ မဖြေဘဲ မင်း ပြန်လို့ မရဘူး"

ပြောပုံက အမိန့်ဆန်၏။ ကာရံ လည်း ဘာမှ ခွန်းတုံ့မပြန်နိုင်





ဒီတိုင်း ရပ်နေလိုက်မိတာ ဘယ်လိုအဟန့်အတားကြောင့်မှန်း မသိခဲ့ပါ…။

"လိုရင်းကိုပဲ မေးချင်တယ်၊ ငါထင်ထားတဲ့ မိန်းကလေးက မင်းဆိုရင် မင်းနဲ့ငါပဲ သိထားတဲ့အကြောင်းပေါ့၊ ရိုင်းချင်လဲ ရိုင်းသွားနိုင် ပေမယ့် စိတ်မဆိုးဖို့ ကြိုပြောချင်တယ်"

စိတ်ဆိုးရုံမကဘဲ လူသတ်ချင်စိတ်ပေါက်နေသည့်မျက်နှာမှန်း ချာနှ် သိသည်။ ဒါပေမယ့် မေးမှ သိရမှာမို့…။

"ကလေးနဲ့ပတ်သက်ပြီး အတိတ်က ဆိုးရွားတဲ့အဖြစ်အပျက် တစ်စုံ တစ်ရာ မင်းမှာ ရှိခဲ့လား"

"ဘာ!…"

"မင်း ဖြစ်ခဲ့တဲ့ အတိတ်ကအကြောင်းတွေကို ငါ စိတ်ဝင်စား တယ် ကာရံ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဖါ့ရဲ့ အတိတ်ကမိန်းကလေး ဖြစ်နိုင်နေလို့၊ မင်း အိမ်ထောင်မကျခဲ့ရဘဲ ဒီကလေးကို ရခဲ့တာဆိုရင် အဲဒီပြဿနာကို ကိုယ် သိပါရစေ"

ကာရံ မျက်ခွန်းလေးတွေ ပိုင်းစက် ပြူးကျယ်သွား၏။ သူ ဘာတွေ ပြောနေတာလဲ…။

"ကိုယ် တစ်ခါက ကြီးကျယ်တဲ့အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့ ဖူးတယ်၊ ပုံသဏ္ဌာန်ရှိပြီးသား အရာဝတ္ထုတစ်ခု နှစ်ခြမ်းကွဲနေတာမှန် ရင် အဲဒီနှစ်ခြမ်း ပြန်ဆက်လိုက်တဲ့အခါ မူလရှိထားတဲ့ပုံစံ ပြန်ပေါ်လာ မှာပဲ၊ အဲဒီတော့ မင်းအဖြစ်၊ ကိုယ့်အဖြစ် နှစ်ရပ်ကို တိုက်ဆိုင်ကြည့်တဲ့ အခါ မင်း မသိလိုက်တဲ့သူက ကိုယ်ဖြစ်နေပြီး ကိုယ်မသိခဲ့တဲ့ မိန်းကလေး ဟာ မင်းပဲဆိုတာ အဖြေထွက်လာမှာပဲ၊ ဒီအဖြေကို ကိုယ် သိချင်တယ်၊ ခင်း ဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်းကြုံတွေ့ခဲ့ရတဲ့ အဲဒီ အလှည့်အပြောင်း ကို ပြောပြပါ"

ကာရံ သိလိုက်ပါပြီ၊ ရင်ထဲမှာ ဖော်မပြနိုင်သည့် ဝေဒနာတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



သည် နှလုံးအိမ်မှ တိုးဆောင့်ကာ ငယ်ထိပ်ကနေ ထိုးဖောက်ထွက်တော့မယ့်အတိုင်း..။

သူမ အမြဲတမ်း သတိရ နာကျည်းနေခဲ့မိသည့် လူရမ်းကားဟာ ယခု သူမရှေ့မှာရပ်နေသော အလွန် မုန်းတီးဖွယ်ကောင်းသည့်လူ..၊

နှစ်ယောက် ကြာရှည်စွာ မျက်လုံးချင်းဆုံပြီးမှ...

"ဘာတွေ လာပြောနေတာလဲ၊ ကျွန်မရှေ့က ဖယ်ပါ"

"မေးနေတာကို မှန်မှန်ဖြေစမ်းပါ၊ မင်းမျက်လုံးထဲမှာ တစ်ခုခုကို သတိရနာကျင်သွားတာ ကိုယ် တွေ့တယ်၊ မင်းနဲ့ကိုယ်ပဲ သိနိုင်တဲ့ အကြောင်းတစ်ချက်လေးကိုပဲ ပြော၊ မင်းကိုကိုယ်..."

"ရှင် ဘာတွေ ပြောနေတာလဲ ဗျာ၊ ကျွန်မက တစ်ခုလယ် အကျင့်မကောင်းတဲ့ မိန်းမ၊ ရှင် ဟိုအရင်ညက မိုက်ကြေးခွဲသည် အဲဒီလိုလမ်းပေါ်မှာ သွားလာကျင်လည်နေတဲ့ မိန်းမမျိုးပဲ"

"မင်း အဲဒါကို ပြောပြန်ပြီ၊ ငါဆိုတဲ့ကောင်က အညီအဟော မြင်တိုင်း နောက်က ကောက်ကောက်ပါတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး လှတဲ့မိန်းမတိုင်းကိုလဲ အထင်ကြီးလို့ မရဘူး၊ မိန်းမတစ်ယောက် ကာရိုက်တာဟာ အထင်ကြီးလေးစားထိုက်ဖို့ အများကြီး လိုတယ်ဆိုတာ မင်း မှတ်ထားစမ်းပါ"

"ဟုတ်ပါတယ်၊ ရှင့်ကို အထင်ကြီးပါ၊ လေးစားစမ်းပါလို့ ကျွန်မက ပြောနေလို့လား၊ ယောကျ်ားဖြစ်ပြီး စကားကို တစ်ခွန်းတည်း တည်တည်တံ့တံ့ပြောဖို့လဲ လိုတယ်၊ အဲဒီမှာ အထင်မကြီးခဲ့တဲ့ မိန်းမ ခုလဲ အထင်ကြီးဖို့ မကြိုးစားနဲ့၊ ကျွန်မက လမ်းပေါ်က မိန်းမ"

"လကာရံ.."

"ရှင်..၊ ဖယ်နော်.."

"မင်းဟာ တော်တော် တလွဲမာနကြီးတဲ့မိန်းမ၊ ငါမေးတာ





ဖြေလိုက်၊ ငါလိုချင်တဲ့အဖြေရရင် မင်းတို့သားအမိရဲ့ဘဝ..."

"အစကနေ ခုချိန်ထိ မြောင်းထဲမှာပါပဲ၊ ကုတ်တွယ်တက်ဖို့လဲ အစကတည်းက ခုထိ လုံးဝကို စိတ်မဝင်စားဘူး၊ ရှင် လူကြီးလူကောင်း တစ်ယောက်ဆိုရင် ဖယ်ပေးပါ"

"မင်းကရော၊ မိန်းကလေးတစ်ယောက်ပါးစပ်ကနေ ပျက်စီးတဲ့ စကားတွေ အရှက်မရှိ လွယ်လွယ်လေးပြောနေတာ ဘယ်လောက်သိက္ခာ ရှိနေသလဲ၊ မြင်လိုက်ရတိုင်း ယောကျ်ားတွေ တရှုန်းရှုန်းနဲ့ ပေးနေ ပွေ့နေတာတွေ၊ ရှင်းနေရှုပ်နေတာတွေ၊ ဘယ်နေရာမှာ အထင်ကြီးရမလဲ၊ မင်းကို လေးစားဖို့ ဘာရှိလဲ.."

မျက်လုံးထဲမှာ ဖြာခနဲ မီးပွင့်သွားသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ် ဘဝမျိုးပဲ ထားပြောပြော သူများစော်ကားပြောတာကိုတော့ မခံနိုင်..။

"တောက်..၊ လူ့ကို စော်စော်ကားကား..."

ကိုင်ထားသည့် လက်ဆွဲအိတ်နှင့် သူ့ရင်ဘတ်ကို တစ်အားလွဲရိုက် လိုက်၏။ 'ဗုန်းခနဲ' တစ်ချက်ထိသွားသည်။ အားမရနိုင်ဘဲ ထပ်ရိုက် တော့ လက်ကို ဗျာန် က ဖမ်းချုပ်ထားလိုက်ကာ...

"သနပ်ခါးပန်းတွေရဲ့အနံ့ကို ဒီနေ့ထိ ကိုယ် ရနေတယ်၊ မင်း မှန်မှန် ပြောပါ ကာရံ၊ နောက်ကျကုန်ရင် အားလုံး နောင်တရစရာတွေ ဖြစ်ကုန်မှာ.."

"ဘာတွေ လာရှုးနေတာလဲ၊ မိန်းမတစ်ယောက်ကို ရုပ်တည်ကြီးနဲ့ ခြေတော်တင်ဖို့နည်းတွေဆိုရင် ရှင် ညံ့သေးတယ် ဗျာန်၊ ကျွန်မက ဂျင်ပေါက်ဘဲ ထုံး.."

သူ့လက်ကို ဆောင့်ခါချပစ်၏။ ထွက်သွားတာကိုလည်း ဒီတိုင်း ကြည့်နေခဲ့မိသည်။

ခံစားချက်ချင်း ဆက်သွယ်သိရှိနေခဲ့တာက သူမ မျက်ဝန်းထဲမှာ အစ်စုံတစ်ရာသော လျှို့ဝှက်ချက် ရှိနေသည်ဟု...



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမေးရင် ဒီလိုပဲဖြေလာမှာကို သူ သိသည်။

သူ့ဘက်က တကယ့် အမှန်တရားကို လိုချင်တာမို့ အဖြစ်မှန်တွေကို ထည့်သွင်းပြောမပြခဲ့သလို ကာရံ ဆိုသည့်မိန်းမကလည်း အများသူငါလို သူဌေးကတော်ဖြစ်ခွင့်ရဖို့ မိုရာကားနှင့် လိုက်မယ့်မိန်းမမျိုးမဟုတ်ပေ…။

ထို့ကြောင့် သူမနဲ့ သူ့ကြားမှ တကယ့် အမှန်တရားရှိနေခဲ့ရင်တောင် အမှန်အတိုင်း ထွက်ပေါ်လာဖို့ မလွယ်ကူမှန်း သူ သိနေသည်။

ဘယ်လိုလုပ်ရမလဲ၊ ပြောမလွယ်၊ ဆိုရခက်သော ဒီလိုပုံစံကြီးနှင့် ဆုံစည်းစေခဲ့တဲ့ ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမည်လား၊ ဒါမှမဟုတ်…။





## အခန်း [၄၅]

"မင်း သေချာလား"

"အားလုံး ကွက်တိပါ အစ်ကိုလေးရယ်၊ ဒါ လကာ့ရဲ့ ဆိုတာပဲလို့ ပြောထားကာမှတော့ သူ့နောက်ကို လိုက်သွားရတာ အာများ အပန်းကြီး ဘို့လဲ၊ ပြီးတော့ အစ်ကိုလေး အချိန်ပေးခဲ့တာ တစ်လတောင်၊ အခု တစ်လပြည့်ဖို့ သုံးရက်ပဲ လိုတော့တယ်၊ သူ့အကြောင်း အများကြီး စုံစမ်းဖို့ ရတာပေါ့၊ အဒေါ်ဆိုတဲ့ မိန်းမကြီးကလဲ နည်းနည်းလောက် ဖိအားပေးကြည့်လိုက်တာနဲ့ မေးသမျှ အကုန်လုံး ထွက်လာတာ၊ ကြည့်ရပုံအတိုင်းဆိုရင် သူဌေး ဦးအောင်မြင်ခြင်းကို သူတို့အားလုံးလဲ သိပ်ကြည်ပုံမရဘူး"

"ဘာဖြစ်လို့လဲ"

"မကြည်တဲ့စကားတွေပဲ ပြောနေလို့ပါ၊ ဟိုကလဲ အခု ကာရံဆိုတဲ့အစ်မကို မရမက ဖွတ်ယူဖို့ ကြံစည်နေတယ်တဲ့"

"မင်းနဲ့ အဲဒီလောက် ပြောပြတဲ့အထိ ရင်းနှီးသွားတာလား"

"ရင်းနှီးတယ် အစ်ကိုလေး၊ ကျွန်တော်က အဲဒီအဒေါ်ကြီးရဲ့ ဆိုင်းရင်းခြံကို ဝယ်မယ့်လူအနေနဲ့ ဟိုမေးဒီမေး လုပ်ရင်း ပေါ်ရောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ နောက်နေ့တွေကျတော့ ကျေးဇူးတင်ပါတယ်ဘာညာနဲ့ လက်ဆောင်တွေ ဝယ်သွားလိုက်တယ်"

ချာန်က "မင်း မဆိုးဘူး"ဆိုသည့် မျက်ဝန်းတွေနှင့် ကြည့်ပြီး ပြုံးသည်။

စိုးနိုင် ကို ကာရံ နှင့်ပတ်သက်ပြီး သေချာစုံစမ်းခိုင်းထားခဲ့သည် သူထင်တာထက် ပိုပြီး အချက်အလက် သတင်းစုံ စုဆောင်းလာနိုင်သဖြင့် ကျေနပ်သွားခဲ့၏။

ကာရံ ကို ကွယ်ရာကနေ ဝ... ...ုံးပြုလိုက်တာနှင့် စိုးနိုင် ထ လျှင်သည်။

"အစ်ကိုလေး.. ကျွန်တော် မပြောရတော့ဘူးလား"

"ပြောပါ.."

"အဟဲ... အဲဒါကို ဒေါ်ကြီးက ဘယ်လိုထင်သွားလဲ မသိဘူး ကာရံ အတွက် ဒေါ်လေးက ဘာမှလုပ်မပေးနိုင်ခဲ့တော့ ခုချိန်မှာ အငြ ညာဏ်ပေး တိုက်တွန်းတာတွေလဲ မတတ်နိုင်ဘူးတဲ့၊ မင်းနဲ့ ခင်မင်ရင်းနှီး ကြတယ်ဆိုရင် သူ့တူမကို စောင့်ရှောက်ပါတဲ့ အစ်ကိုလေး"

"ဟင်.."

"အစ်ကိုလေးက သူ့ကို စိတ်ဝင်စားနေတာလား"

"စိတ်ဝင်စားရုံလောက်နဲ့ ငါ ဒီလောက် ဒုက္ခများနေပါ့မလား အခု အလုပ်ပျက်တာ နှစ်ရက်ရှိပြီ"

"အင်း... ဟုတ်တယ်"

"နေပါဦး...၊ ကိုကို၊ ညီညီဆိုတဲ့ နှစ်ယောက်ကကော ခုချိန်ထိ ဦးအောင်မြင်ခြင်းလက်ထဲမှာပဲလား"

အောင်မြင်ခြင်းအကြောင်းပြောတော့ စားပွဲပေါ်မှာ မက်လင် အတိုင်းရှိနေဆဲ ခတ်ပုံဆီ နှစ်ယောက်စလုံး မျက်လုံးရောက်သွား၏





ကာရံ နဲ့စကားပြောနေတဲ့ပုံ၊ ချာန် ကိုပြဖို့ စိုးနိုင် ဖုန်းနှင့်ရိုက်ယူခဲ့တာ ဖြစ်သည်။ နှစ်ထပ်ပျဉ်ထောင်အိမ်လေးရှေ့မှာ ကာရံ က ခုတ်လှေကားထစ်ပေါ်မှာ ရပ်နေ ...ုက်၊ ကိုကိုက မော့ကြည့်ပြီး စကားပြောနေတာ၊ ညီညီက ဘေးမှ ... ကွ့ရက် မီးညှိနေသည်။

မြင်လိုက်တာနှင့် ဒီလူ ...နှယောက်ကို ချာန် မှတ်မိသည်။ ကာရံ့ ဘေးမှာ နှစ်ကြိမ်တိတိ သူ မြင်ခဲ့ဖူးပါသည်။ ဒါကြောင့်လည်း သူမကို သူ အထင်မသေးရက်ဘဲ သေးခဲ့မိသည်။ အထင်လွဲသင့်နေသည်မို့ လွဲခဲ့၏။

ခုကျတော့ မောင်နှ...ပ...ွတွေတော်သည်ဟု သတင်း အတိအကျ ရခဲ့သည်။ အောင်မြင်ခြင်း နှင့်ပတ်သက်နေသည်ကလည်း ကျောင်းတော်က ရန်စဆိုတော့...

"သူတို့ ညီအစ်ကိုကတော့ ငွေချေးလို့ရနေရင် ဖြူ၊ မည်းဘာ ကောင်ဖြစ်ဖြစ် ဆရာခေါ်မှာပဲ အစ်ကိုလေး၊ သူတို့အမေကလဲ ဒီတိုင်း ပြောတာပဲ၊ မရှက်တတ်လို့ မိန်းကလေးတစ်ယောက်ဆီက လက်ဖြန့် တောင်းနေတာပေါ့"

မေးချင်တာတွေမေးပြီးတော့ သူ ခြံထဲ ဆင်းလာခဲ့မိသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကောင်ဖြစ်နေပြီမှန်းလည်း မသိတော့ပါ။

ကိုယ်က,ခဲ့တဲ့ဓာတ်တွေဖြစ်ပေမယ့် ဘယ်ဓာတ်မှလည်း သူ မနိုင်။ ကာရံ ဂ ကိုယ်နှင့် ဘာမှမသက်ဆိုင်သူအဖြစ်နှင့်တောင် ချစ်ခဲ့မိသည်။ ...ဇာ်သိက္ခာကြောင့် လမ်းလွဲလျှောက်ဖို့လည်း ဆုံးဖြတ်ခဲ့မိ၏။

ထို့ကြောင့် ဟန်ပန် ကို လက်ထပ်ဖို့ကလည်း သေချာသွားခဲ့ပြီ ဖြစ်သည်။ သူဟာ အချစ်ကို အတိုးအလျှော့၊ အရှုံးအမြတ်တွေနှင့် တွက်ပြီးမှ ရယူချင်သူလား ဒါမှမဟုတ် ရယူချင်သူသက်သက်လား..။

ရင်ထဲမှာ မွန်းကျပ်နေပေမယ့် သူမကိုတော့ သတိရမြဲ ရနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခုလို သူမဟာ ကိုယ့်ကြောင့် နစ်မွန်းခဲ့ရသူဖြစ်မှန်း သိလိုက်ရတော့ ဘာဆက်လုပ်မလဲ..၊ ဒီထက် သေချာဖို့က သူမကိုယ်တိုင် ဖွင့်ဟဝန်ခံဖို့ပဲ ဖြစ်သည်။

သူ့ဘက်ကစပြီး ဒါကို အလျှော့ပေးလိုက်မှာ မဟုတ်မှန်းလည်း သိစေချင်၏။

ဟန်ပန်နှင့် ဈေးစပ်ပြီးခဲ့ခြင်း၊ သူမနှင့် နောက်ကျစွာ လွဲခဲ့ရခြင်း.. ဒါတွေဟာ ထားလိုက်လို့ရတဲ့ အမှားလား၊ ထားလိုက်လို့မရတဲ့ အမှားလား..။

ဘာဖြစ်ဖြစ် ကာရံကို သူ မထားခဲ့နိုင်တာက သေချာနေသည်။ နောက်ထပ် ဖြစ်လာမှာကတော့ ရှင်းလိုက်ရုံအပြင် မတတ်နိုင်..။

အဲဒီလောက်ထိ ဖြစ်ခဲ့လေသည်။





[၄၆]

"သား... သား..."

ကာရံ ကားပေါ်ကနေ ခလုတ်တိုက်မတတ် ဆင်းသည်။

ဈာန် ဆိုသူသည် သူ့ကားဘေးမှာ ခြေဖျားထောက်ထိုင်လျက် သားက သူ့ရင်ခွင်ထဲမှာ..။

"ဟိုမှာ မေမေ လာပြီ ဦးဦး.."

သားလေးအသံကိုကြားတော့ ပို၍ စိုးရိမ်သွားမိသည်။

"ရှင် ဘာလုပ်တာလဲ ဈာန်၊ ကလေးကို ဘာတွေ ပြောသွားသေးလဲ၊ လာ.. သား.."

*ကလေးကို သူ့ရင်ခွင်ထဲကနေ ပွေ့ညှင်းလာသလို မြန်ဆွဲလာရင်း* စကားတွေလည်း ဘာတွေပြောမိမှန်း မသိတော့ပါ..။

"ဘယ်လိုဖြစ်တာလဲ၊ ကိုယ် မင်းနဲ့ စကားပြောဖို့ စောင့်နေတာ"

"ကျွန်မမှာ ပြောစရာ မရှိဘူး၊ သားကို ရှင် လွှတ်နော်.."

ကလေးရဲ့လက်ကို တစ်ယောက်တစ်ဖက်ဆွဲလျက် ဟုသလိုကြီး ဖြစ်နေသော်လည်း ကာရံကလည်း ကလေးကိုညှာ၍ ပါအောင်မဆွဲ..။



www.burmeseclassic.com

www.burmeseclassic.com



ချာန် က္လလည်း ကာရံ ဆွဲလိုက်တိုင်း ကလေးလက်ကိုမလွှတ်ဘဲ သူ့ပါ တိုးလိုက်လာသည်။ နေအလင်္ကာကတော့ ဟိုဘက်မော့ကြည့်လိုက် ဒီဘက်မော့ကြည့်လိုက်··။

နှစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်နေတာကို မူကြိုကျောင်းကတည်းက ဆရာမနှစ်ယောက်က လှမ်းကြည့်ပြီး ပြန့်ဝင်သွားကြ၏။

"ရှင် ဒီထိ ဘယ်လိုစုံစမ်းပြီး လိုက်နှောင့်ယှက်တာလဲ၊ ကလေးကို···"

စကားက ထိုနေရာမှာရပ်သွားတော့ ချာန် က ပြုံးသည်။

စောစောကပဲ ကလေးကို ဘာတွေပြောထားသေးလဲလို့ သူမ မေးလိုက်တာကို သတိထားမိခဲ့ပြီးပြီ··။

သူမမျက်ဝန်းမှာ စိတ်လှုပ်ရှားခြင်းကြောင့် ယောက်ယက်ခတ်နေတာတွေ၊ ကတုန်ကယင် ထစ်ငေါ့မှားယွင်းနေတဲ့ စကားတွေ··။

ဒါတွေကိုကြည့်ပြီး သူ့ရင်ထဲမှာ အမှန်တရားကို သိရှိနားလည်သွားပြီ ဖြစ်၏။

"ကာရံ သားကို ကိုယ် ပြောပြီးပြီ"

"ဟင်!·· ဘာ···၊ ရှင် ဘာပြောလိုက်တယ်"

"အိမ်လိုက်လည်ဖို့ပါ၊ ဘာတွေ စိုးရိမ်ကြီးနေတာလဲ"

ကိုယ့်ကိုယ်ကိုယ် အမှားအယွင်းတွေ ဖြစ်နေပြီမှန်းသိကာ ပင့်သက်ရှိုက်လိုက်ပြီး ကာရံ ကိုယ့်စိတ်ကို ပြန်ထိန်းရသည်။

"အိမ်လည်ဖို့ ကျွန်မ လက်မခံနိုင်ဘူး ချာန်၊ ပတ်ဝန်းကျင်က ဘာလိုလို အထင်မခံနိုင်ဘူး"

"ထင်တော့ ဖြေရှင်းစရာရှိတာပဲ၊ မင်း မပြောရဲရင် ကိုယ် ပြောပေးမယ်"

မျက်လုံးချင်း ဒိုင်းခနဲ ဆုံသွားတာ မီးပွင့်သွားသလား ထင်ရ၏





ကာရံ ဘယ်လောက်ထိ ဒေါသတွေ ဆူပွက်သွားမှန်းသိကာ ချာန်က ခပ်တည်တည်ကြည့်၍···

"ရော··· နောက်တစ်ရက်ရက်မှာ လာခဲ့မယ်၊ သားကို ခေါ်သွား··"

ကလေးရဲ့ လက်ခုံလေးတစ်ဖက်ကို သူ့ကိုယ်တိုင် လိုလားစွာ ကမ်းပေးလိုက်ပြီးမှ···

"သားသား ဦး သွားမယ်နော်"

"ဦးဦးပဲ အိမ်လိုက်လည်မယ်ဆို၊ မေမေက မခေါ်လို့လားဟင်၊ မေမေ·· ဦးဦးကို ခေါ်လိုက်လည်ပါစေ၊ ဦးဦးနဲ့ သားသား ခင်သွားကြပြီ၊ နော် မေမေ··"

"သြော် သားသားရယ်၊ မေမေက ဒီ ပြန်ရင် ဈေးဝင်နေကျလေ၊ ညည့်သည် ဘယ်လိုလုပ် ခေါ်မလဲ၊ နော နော်··"

ကလေးကို ချော့မော့ခေါ်သွားပြီး ဂု ဒါတင်ပေးလိုက်သည်။ ပြီးတော့မှ သူ့ကားဘေးမှာ ခါးထောက်ရပ် ယ်ရှိသည့် ချာန့်ဆီ ပြန်လျှောက်သွားကာ···

"ဒီမှာ ကျွန်မသားကို ရှင် ဘယ်တော့မှ 'သား'လို့ မခေါ်ပါနဲ့၊ ကလေးတစ်ဖက်နဲ့ တစ်ယောက်တည်း ရုန်းကန်နေရတဲ့ မိန်းမအပေါ် ယောက်ျားပီသတဲ့စိတ်နဲ့ အထင်အမြင်သေးစွာ ဖျက်ဆီး၊ စော်ကားလိုခြင်းတွေ ဆင်ခြင်ပေးပါ"

"ဘာပြောတယ်၊ မင်း···"

"ကြားတဲ့အတိုင်းပဲ၊ ကျွန်မကို ပက်ပက်စက်စက် ပြောဆို အထင်သေးခဲ့တဲ့ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ဘယ်တော့မှ ပြေမှာမဟုတ်တဲ့ အမုန်းမျိုး··"

ကာရံ ချာခနဲ လှည့်ထွက်လိုက်သည်နှင့် ဆံနွယ်တွေ ညွတ်ခါသွား၏။ ပြီးတော့ သနပ်ခါးပန်းနံ့လေး ဝေ့ဝေ့ကျန်ရစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ သနပ်ခါးပန်းတွေကို ဘယ်လောက်ထိ စွဲမြဲ ပန်ဆင်ခဲ့သည် မသိ။ ခေါင်းမှာ ပန်းမရှိဘဲလည်း ပန်းနံ့လေးက စွဲနေသည်။

ဒီပန်းနံ့လေးကို ရလိုက်တိုင်း ရင်ခုန်ဖို့ သတိတရဖြစ်ခဲ့တာလည်း သူ ဟိုတုန်းကတည်းကပါ၊ သူမနှင့်သူ အမှတ်တမဲ့ ဆုံခဲ့သည့်တိုင် သူမ၏ကိုယ်သင်းနံ့ကတော့ သန့်သန့်ခံ့ခံ့လေး ဖြစ်နေခဲ့သည်မို့ သူ မမေ့ နိုင်တာလား..။

ဘာဖြစ်ဖြစ် မင်းကို မမုန်းနိုင်တာတော့ သေချာတယ် ကာရံ..။





# အခန်း [ ၃၅ ]

"ဘာ... ရျာန်.. ဟုတ်လား၊ မင်းပြောသလိုမဟုတ်ရင် မလွယ် ဘူးဆိုတာ နားလည်တယ်နော်"

"တကယ်ပါ အာစရိရာ၊ ရျာန် ဆိုတဲ့လူက ပုံစံတူရှိရင်တောင် သူနဲ့ နည်းနည်းတော့ ကွဲဦးမှာ၊ ကျွန်တော်တို့ မသိဘဲ နေမလား"

"တောက်.."

အောင်မြင်ခြင်း တက်ခေါက်သံက ကျယ်လောင်စူးရှနေ၏။ ဟို တစ်ညက ဒီကောင်နှင့်ပါသွားကတည်းက သူ မသင်္ကာခဲ့တာ၊ ခုတော့ ဟုတ်နေပြီတဲ့လား..။

ကာရံ နှင့်ငြိရအောင် ဒီကောင် ရှုးနေပြီလား၊ သူ့ရုပ်ရည်၊ သူ့အခေ့ အတန်းနှင့် ကလေးတစ်ယောက်အမေကို..။

"ဒီကောင် အတည်ကြံတာတော့ မဟုတ်လောက်ဘူး၊ ကာရံက ဒါတောင် အကဲမခတ်နိုင်ဘူးလား၊ တောက်.."

သူ ပြောလိုက်တာကြောင့် တပည့်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကျတော့ ပြုံးပြုံးပြုံပြဲ ဆတ်ဆတ်ထိမခံဘူး၊ အပျော်ကြံမယ့်ကောင်ကျတော့ -ဟွန်း.."

တပည့်တွေ၏ မျက်လုံးထဲက 'တူလို့လား အာစရိရယ်' လို့ ပြောနေတဲ့စကားတွေကို သူ မဖတ်မိပေ..။

"မင်းတို့ အကဲခတ်မိတာ ဘယ်လိုပုံစံလဲ"

"ဗျာ.."

"သူတို့ အဆင်ပြေနေကြတာလားလို့"

"မသိဘူး အာစရိ၊ ကလေးလဲ ရှိနေတာပဲ၊ စကားပြောနေကြတာကို တော်တော်လှမ်းလှမ်းက မြင်ရတာ၊ မျက်နှာတွေထိ မသဲကွဲဘူး"

အောင်မြင်ခြင်း ကြိတ်မနိုင်ခဲမရတွေ ဖြစ်နေတာကို တပည့်တစ်ယောက်က မနေသာ..။

"အာစရိ သူ့ကို ကားတင်ပြေးမလို့ဆို၊ အဲဒီနည်း ကောင်းသားပဲ၊ ကျွန်တော်တို့ကို တစ်ချက်ပဲ မျက်စပစ်ပြလိုက်ပါ၊ အားလုံး ပြီးစီးပြီးသားဖြစ်သွားမယ်"

"ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ ဒီလိုမိန်းမမျိုးကို ကားတင်ပြေးစရာလားကွ"

"ဒါဆိုလဲ သင့်တော်သလို စီမံလိုက်ပေါ့ အာစရိရဲ့၊ ကိုယ်ပိုင်ပြီးရင် ကိုယ့်သဘောပဲ"

အောင်မြင်ခြင်း စဉ်းစားသလို ငြိမ်ကျသွား၏။

လက်ထဲမှာ ဘီယာတစ်ခွက်၊ စီးကရက်တစ်ဖက်နှင့် အသားမည်းဗိုက်ရွဲဆိုတာမျိုး ဖြစ်နေတာတောင် ခံ့ညားမှုတော့ ရှိပါသေးသည်။

ကိုယ်ပုံကို မှန်ချပ်ထဲမှာ ပြန်ကြည့်မိပြီး မကျေနပ်ချင်။ ကာရံ က အစကတည်းက သူ့အပေါ်မှာ ခါးခါးသီးသီး ငြင်းဆန်ခဲ့သည့်မိန်းမ..။

ဈာန် ဆိုတဲ့ကောင်မျိုး အနားမှာရှိနေပြီဆိုတော့ သူ့အတွက် မျှော်လင့်ချက်က မရှိသလောက်ပင်..။





ဒါပေမယ့် မိန်းမတစ်ယောက်ကို ဒီလောက်ထိ ရုပ်ပျက်ဆင်းပျက် လုယူရမည်ဆိုရင်တောင် ဒီမိန်းမဟာ ကာရံ လို မိန်းကလေးမျိုး မဖြစ်စေရ..။

အငမ်းမရ လိုချင်နေတာက သူမရဲ့အလှအပတွေကို ဖြစ်သည်။ ဘဝကို မဟုတ်။ ထို့ပြင် ဘယ်လောက်ထိပဲ လိုချင်တပ်မက်နေပါစေ အောင်မြင်ခြင်း ဆိုတဲ့ကောင် ကလေးတစ်ယောက်အမေကို ကြံနေတယ်လို့လည်း လူတွေကဲ့ရဲ့မှာကို မခံနိုင်ပေ..။

သူဖြစ်ချင်တာက တရားဝင်လက်ထပ်မည်၊ နှစ်ယောက်တည်းနှင့် ကမ္ဘာတည်ပြီး တိတ်ဆိတ်အေးချမ်းစွာ ပေါင်းသင်းကြဖို့..။

လူပုံအလယ်မှာ လက်တွဲဖို့၊ ကြေညာဖို့ မပါ..။

"တစ်ခုရှိတယ် အာစရိ"

တိတ်ကျသွားတုန်းမှာ တစ်ယောက်က အားတက်သရော ထပြော၏။

"ဈာန်ဆိုတဲ့လူမှာ စေ့စပ်ပြီးသားမိန်းမ ရှိတယ်"

"ဟာ... ဟုတ်သားပဲ အာစရိ၊ ဒါ ပိုင်ကွက်ပဲ၊ အာစရိ အသာနေ၊ ဒီပွဲ သူ့အလိုလို ပျက်သွားအောင် ကျွန်တော်တို့ တာဝန်ယူတယ်"

အောင်မြင်ခြင်းမျက်နှာကြီး ပြုံးတုံ့တုံ့ဖြစ်သွား၏။

ဒါကြောင့် ဒီကောင်တွေကို အားကိုးနေရတာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၈ ]

"တီ.."

ကားဟွန်းသံကြားလိုက်ရတာ ကိုယ့်အိမ်ရှေ့ကမို့ သနပ်ခါးသွေးနေရာကနေ ပြတင်းပေါက်နားက ချောင်းကြည့်လိုက်မိ၏။

"ဟင် ချာန်.."

ဒီလူ တကယ်လိုက်လာဝါလား။ ကာရံ ထဘီရင်လျားနှင့်ကနေ သဘက်စောင် ဆွဲခြုံလိုက်ပြီး အိမ်တံခါးပိတ်ဖို့ အလုအယက် ထွက်၏။ ဒါပေမယ့်...

"အိမ်ရှင်တို့..."

ချာန် က ဆွယ်တာလည်ကပ်လက်ရှည် အဖြူကွက်စွတ်နှင့် ဖြူဖပ်ဖပ် ဘောင်းဘီရှည် မီးခိုးရောင်ကို ဝတ်ထားသည်။

ဆွဲထားသည့်အိတ်ရှည်က အကြည်ရောင်မို့ အထဲက ကလေးကစားစရာအရုပ်တွေကို ဒီတိုင်းမြင်နေရ၏။ သူက ကာရံ ထွက်လာတာမြင်မှ မျက်မှန်ကို ချွတ်လိုက်ကာ...

"လူမတွေ့လို့ နည်းနည်း အော်ခေါ်လိုက်တာ၊ အထဲ ခဏဝင်လို့ ရမလား"

"လုံးဝ မရဘူး ချာန်..၊ ရှင် ခုထွက်သွား"





ကာရံ ပုံစံကိုမြင်လိုက်သဖြင့် သူကလည်း ဇွတ်ရှေ့တိုးဖို့ စိတ်ကူးမရှိတော့ပါ။ ဒါပေမယ့် တံခါးဝမှာ ရပ်နေရာကနေ နောက်ထပ်မရွေ့ဘဲ...

"ဒါဆို ကလေးနဲ့ ခဏတွေ့မယ်၊ ရှိလား.."

"ကလေး အိပ်နေတယ်"

"ညနေစောင်းကြီး အိပ်တတ်လို့လား၊ ကိုယ် ဒါတွေပေးပြီး ပြန်မှာ.."

"ရှင့်ကို ကြောက်ရွံ့ပြီး လိမ်နေတယ်မှတ်လို့လား ချာန်"

တံခါးပိတ်ဖို့ထွက်ခဲ့ပေမယ့် သူက တံခါးနားရောက်နေပြီမို့ အထဲတံခါးနှင့် အပြင်တံခါးမှာ အလှမ်းကွာစွာရပ်နေကြရင်း...

"သား ရှိနေလဲ ရှင်နဲ့ ပေးတွေ့မှာ မဟုတ်ဘူး၊ ပြန်တော့.."

သူ့မျက်နှာ တင်းသွားသည်။ ကိုယ့်ဘက်ကသာ မှားယွင်းထားခဲ့တာ မရှိခဲ့လျှင် ဒီမိန်းကလေးမျိုးကို သူ သည်းခံနိုင်ဖို့မလွယ်..။ ကိုယ့်ရဲ့ဂုဏ်သိက္ခာ သဘာဝက သူမပြောသမျှကို ခက်ခဲစွာသည်းခံရင်း...

"မင်းလေသံကို နည်းနည်းပြင်လိုက်ပါ ကာရံ၊ မင်း ဒေါသကြီးတတ်သလို ကိုယ့်မှာလဲ မာနရှိတယ်၊ အခု ကိုယ်လာတာ မင်းဆီက သိရမှ ဖြစ်မယ့်အဖြေတစ်ခုအတွက်၊ ကိုယ့်အမှားအတွက် ကိုယ့်ဘက်က ပေးဆပ်ချင်နေသလို၊ ကိုယ်သိခဲ့တဲ့တစ်ယောက်ဟာ မင်း ဖြစ်နေခဲ့ရင် မင်းမှာလဲ အများကြီး နစ်နာခဲ့တာပါ"

"မနစ်နာပါဘူး၊ ရှင်ပဲ ပြောတာလေ၊ ကျွန်မက ယောကျ်ားတွေနဲ့ ပေးတာယူတာတွေ ရှုပ်နေတဲ့မိန်းမဆို..၊ ကျွန်မဘဝမှာ သာတာ နာတာတွေက ထုံဆေးထက် ပြင်းပါတယ်၊ ဘာမှ မသိတော့ဘူး.."

"ကာရံ..၊ မင်း.. တောက်..."

သူ့လက်ထဲကအိတ်ကို တံခါးအတွင်းဘက်မှာ ချထားလိုက်ကာ...

"မင်း ငါ့ကို ကြိုက်တဲ့စကားနဲ့ ငြင်း၊ နောက်ထပ် ဇီကားထပ်ပြောရင် မင်း မလွယ်ဘူးမှတ်.."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်…၊ ရှင် ကျွန်မကို ကြိမ်းဝါးနေတာလား"

"ရိုက်သတ်ချင်နေတာ၊ မင်းကို…"

"အဟွန်း…၊ ကျွန်မဘဝ ဘာဖြစ်နေနေ၊ ဘယ်သူတွေ ဘယ်လိုပဲ စော်ကားခဲ့၊ ရက်စက်ခဲ့ပါစေ၊ ရှင့်ကိုမုန်းတဲ့ အမုန်းလောက် ကျွန်မရင်ထဲမှာ အရာမထင်ဘူး"

ကာရံ့ အသံလေးက တုန်ခါနေ၏။

"ရှင် ကျွန်မကို အလုပ်လက်မဲ့ဘဝနဲ့ အတိဒုက္ခရောက်အောင် ပက်ပက်စက်စက် ဖြုတ်ချခဲ့ဖူးတယ်၊ မိန်းမပျက်တစ်ယောက်လို အထင်သေး၊ အမြင်သေး ရင့်ရင့်သီးသီး ပြောခဲ့တယ်၊ အခုတစ်ခါ ဇာတ်လမ်းတွေဆင်ပြီး ခြေတော်တင်ဖို့ ကြိုးစားပြန်ပြီ၊ ကျွန်မပါးစပ်က ဒီလို အောက်တန်းကျတဲ့စကားတွေပဲ ထွက်နေတော့ ရိုက်မယ်ပုတ်မယ် ဖြစ်နေပြန်ရော၊ အဟွန်း… ရယ်ရတယ်၊ ရှက်တတ်ရင် လဲသေဖို့ကောင်းနေပြီ၊ ရှင့်ကိုယ်ရှင် သိရဲ့လား ချာန်…"

ချာန့် မျက်နှာ မှင်နီစွန်းသလို ဖြစ်သွား၏။ တကယ် ဘာမှမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို သူ ပတ်သက်ဖို့ ကြိုးစားမိနေတာလား…။

ကာရံ့ကို သူ အကဲခတ်မှားခဲ့တာဆိုလျှင် သူ့ဘက်မှာ သွားပြီပေါ့…။

"ကာရံ…"

ရှက်တတ်သည့်စိတ်က လူကို ချက်ချင်းဆွဲချခေါ်သွားသလို ချာန့် အသံက တိုးလျသွားခဲ့၏။

"မင်းနဲ့ ကလေးမှာ အတိတ်က ဘာမှမရှိခဲ့တာ တကယ်ပဲလား"

"ဟုတ်တယ်၊ ရှင့်ကိုမှ ကျွန်မ မသိတာ…"

"ကိုယ်လဲ သိခဲ့တာ မဟုတ်ဘူး၊ ဒါပေမယ့်…"

သူ ဆက်မပြောသင့်တော့ဘူး ထင်သည်။ သူမနှင့် သူ့ကြားမှာ ဒီလျှို့ဝှက်ချက်တစ်ခုသည်သာ ဆက်သွယ်ချက် ဖြစ်နေခဲ့ရာ…





"အဲဒါ မင်း ဆက်ပြောပါ၊ မင်း ပြောခဲ့သမျှတွေကို ကိုယ် ခံစား…ထားမယ်၊ မင်းလို့ပဲ ကိုယ် ထင်ထားတဲ့အတွက် အမှန်အတိုင်းဖြေဖို့ ကြိုးစားပါ၊ ကိုယ်တို့ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ဟာ သူများတွေ သိနေသည်ဖြစ်စေ၊ မသိခဲ့ကြဘူးဖြစ်စေ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းလေးတစ်ခု အတွင်းမှာတော့ ကိုယ်တို့နှစ်ယောက်ပဲ သိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်"

"ကျွန်မက ညာဝါးပြောပြီး ရှင့်ရဲ့မယားသီဖြစ်ဖို့ ကြိုးစားမှာရော မကြောက်ဘူးလား"

ချာန် က မျက်နှာတည်တည်ထားလျက်နှင့် မဲ့၏။ ပြီးတော့ မျက်မှန်ကို ပြန်တပ်ကာ…

"အဖြေမှန်က ကိုယ့်မှာ ရှိပြီးသားပါ၊ သွားမယ်"

သူ ပြန်လှည့်ထွက်သွားတော့ ကာရံ့ မျက်နှာလေး ငယ်ကျသွား၏။ ခြေလှမ်းတို့သည် သူ ချထားရစ်ခဲ့တဲ့အိတ်ဆီ တရွေ့ရွေ့ တိုးသွားခဲ့မိ၏။

အထဲမှာ ကလေးကစားစရာ ကားလေးတွေ၊ အရုပ်လေးတွေရှိနေတာ ကတ်ထူဘူးလေးတစ်ဘူးမှာတော့ ဟန်းဖုန်းတစ်လုံး…။

သူမ ကိုင်ကြည့်နေတုန်းမှာ ဖုန်းက ဖျတ်ခနဲလင်းလာပြီး ခေါ်သံလေး မြည်လာ၏။ မဖွင့်ဘဲ ဒီတိုင်းကြည့်နေတော့ မဖွင့်မချင်း ခေါ်နေသည်။ သတ်မှတ်ချိန်ကုန်သွားမှ အသံတိတ်၏။ ဒါပေမယ့် ခဏပဲဖြစ်ကာ ပြန်ခေါ်ပြန်၏။

"အဲဒါ ဘာလဲ မေမေ"

"ဟင်…"

နောက်က သားလေး အသံကြားတော့ ကာရံ လန့်ဖျပ်သွား၏။ ဖုန်းကိုပိတ်ပစ်ဖို့ လက်ရောက်သွားပြီးမှ သူ့ပစ္စည်းတွေကို ကိုယ်ကိုင်နေတာ သိသွားနိုင်သည်ဟု တွေးမိပြီး မပိတ်ဖြစ်…။

"မေမေ.."



www.burmeseclassic.com

www.burmeseclassic.com



"သားသား..၊ ဟိုလေ.."

"ဟာ... ကားတွေရလာပြီ၊ ဦးဦး လာပေးသွားတာလား မေမေ ဦးဦးက သားသားကို ဝယ်ပေးမယ်လို့ ပြောထားတာ၊ အဲဒါကျရော ဘာလဲ၊ ဟာ... တယ်လီဖုန်း.."

သားလေးက အိတ်ကိုဖွင့်ကြည့်လိုက်၊ ဟန်းဖုန်းကို မျက်လုံးလေး ပြူးကြည့်လိုက်နှင့် ခုန်ပေါက်ပစ်တော့မလို ရွှင်မြူးသွားကာ...

"မေမေ သားသား ပြောမယ်၊ ဦးဦးနဲ့ သားသား ပြောချင်လို့ပါ သားသားကို ပေးပါ"

ရည်ရွယ်ချက်မရှိပေမယ့် ကာရံ သားလေးကို မတားဆီးဘဲ လှမ်း ပေးလိုက်မိ၏။

ဖုန်းကိုင်လိုက်တာနှင့် သားလေးက ခုန်ပေါက်သွား၏။ လက်ထဲ ထည့်ပေးလိုက်ကတည်းက ဖွင့်ပေးလိုက်တာမို့ စကားတွေ ပြောနေလိုက် တာ အားပါးတရ..။

ကာရံ မျက်ရည်တွေ ဝေ့တက်လာခဲ့သည်။ ကိုယ့်ဘဝ ခွေးကျ ပြီး ပင်လယ်ပြင်မှာ ခွေးကူးကူး၍ ဖြတ်သန်းခဲ့ရသည်။

ဒါပေမယ့် ဒါကို ရှိပါစေတော့လို့ ထားလိုက်နိုင်၏။

နောက်ထပ် အသစ်ကပြန်စမယ့် ဘဝတစ်ခုမှာ ဒီလိုလူမျိုးနဲ လာရောက် ပတ်သက်ရလိမ့်မယ်လို့တော့ ယောင်လို့မှ မတွေးမိခဲ့ပေ..

ခုတော့ သူက ရွှေမင်းသား၊ သူမက စင်ဒရဲလား..။

ဒီလိုလူက ကိုယ့်အပေါ် ကျူးလွန် စွန့်ပစ်ခဲ့သည်ဆိုတာကတော့ ရင်နာမှုယ်ပါ။ ဒါကြောင့် သူမ ဆုံးဖြတ်သည်၊ ပြီးခဲ့တာတွေကို ဘယ် တော့မှ အစပြန်မဖော်တော့..။





## အခန်း [ ၃၉ ]

"ကျွန်တော်ပြောတဲ့ သဘောတူညီမှု အချက်အလက်တွေကို ကျေနပ်တယ်ဆိုရင် အခု အစည်းအဝေးမှာ တက်ရောက်ကြတဲ့ လူကြီး င်းတို့ရဲ့လက်မှတ်တွေကို လိုချင်ပါတယ်"

သူကြည့်လိုက်တော့ အားလုံးက ခေါင်းညိတ်ကြသဖြင့် သူ ကျေနပ် သွားသည်။ ကိုမင်းမြတ် က ဖိုင်ကိုဖွင့်၍ လူကြီးတွေ လက်မှတ်အားလုံး ကို လိုက်ယူနေ၏။

ဦးမျိုးညွန့်ကတော့ မပြုံးချင် ပြုံးချင်ပါ။ ဟန်ယန့် မျက်နှာလေးက ာမှမဖြစ်သလို တည်တည်ငြိမ်ငြိမ်လေးပေမယ့် မျက်ဝန်းတွေက ရေခဲ ားလို အလင်းရောင်ဟာစ်နေသလိုပင်..။

ခန်းမထဲက ထွက်လာကြတော့ ဂျာနီ ထွက်လာတဲ့အထိ သူမ စောင့်နေပြီး...

"ကိုယ်စားလှယ် သုံးယောက်စောင် လွှတ်မှာဆို၊ ငါတို့သားအပ ာမှမသိရပါလား ဂျာနီ"

"ဘယ်သူ ကြိုသိလို့လဲ၊ အဲဒါကို သတိပေးချင်လို့ ဒီအစည်းအဝေး ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ကြိုမသိတာ ဟုတ်တယ်၊ ဟန်ပန် တို့သားအဖက ဘယ်သူတွေထဲက လူတွေလား"

ချာန် က စီးကရက်ထုတ်လိုက်ပြီး မီးမညှိသေးဘဲ ဟန်ပန့် ကို ငေး ကြည့်သည်။ ခပ်မှန်မှန်လှမ်းနေသည့် ခြေလှမ်းကိုလည်း မရပ်ဘဲ--

"သိချင်ရင် မေးမှ သိမှာပေါ့"

"နင်က ပြောပြသင့်တာကျတော့ ထည့်ပြောဦးနိုင်"

"ပြောပြဖို့က ပြောဖြစ်တဲ့အကြောင်း ရှိမှလေ၊ ဒီရက်ပိုင်း နင်နဲ့ ငါ ဆုံဖြစ်ကြလို့လား၊ ပြီးတော့ အလုပ်ထဲကို သားအဖနှစ်ယော စလုံး မလာတဲ့နေ့တွေရော.."

"နင်က အဲဒါကို ထောက်ချင်တာလား"

"မထောက်ပါဘူး၊ စိတ်လဲ မဝင်စားဘူး၊ တစ်ရက်ပျက်ဖို့ တစ်ရ ခွင့်တိုင်နေရမယ့်သူတွေမှ မဟုတ်တာ၊ ကိုယ့်အလုပ် ကိုယ်လုပ်နေ တာပဲ ဟန်ပန်၊ လှမ်းကျော်ပြီး စိတ်မဝင်စားပါနဲ့"

ဟန်ပန့် ကို သူ ဂရုမစိုက်တာဘဲ ပြောချင်တာပါ။ ဒါပေမယ့် အ လိုလည်း မပြောချင်ဘဲ ဖြစ်နေခဲ့၏။ မကျေနပ်တာကို ပြောလိုက်တာ သူ့ဆီက တောင်းဆိုလိုက်သလို ဖြစ်သွားမှာကို မလိုချင်..။ ချာန့် လိုရ သူပြောချင်တာကို ပြောဖို့ သိပ်အားနာတတ်မယ့်ပုံ မရှိပေ..။

"စိတ်မဝင်စားလို့တော့ မရဘူး ချာန်..၊ အခုအနေအထား နင့်အစုထဲကို ငါတို့က ဝင်ထားတာ၊ ငါတို့က ကိုယ်ပိုင်မထူထောင် လို့ မဟုတ်ဘူးဆိုတာလဲ..."

"ဘာကို ပြောချင်တာလဲ ဟန်ပန်..၊ အခု ဦးမြတ်ထွန်းတို့အဖွဲ့ တစ်ခုခု စိတ်တိုင်းမကျလို့လား"

ခြေလှမ်း နှေးကျသွားသည်။ ချာန် က မျက်နှာကိုငုံ့ကြည့်ပြီး ခေ ဟန်ပန် ရှက်သွားသလိုမျက်နှာလေး ဖျတ်ခနဲ လွှဲလိုက်မိ၏။ ပြီး





"မဟုတ်ပါဘူး.."

"ငါ သိတယ်"

"ဘာကို သိတာလဲ"

"ကုမ္ပဏီမှ ငါ ဘာပဲဆုံးဖြတ်ဆုံးဖြတ် နင် ကြိုပြီး သိထားချင်တာ"

"ဟုတ်တယ်.."

မတ ့ စီတော့ ခေါင်းညိတ် ဝန်ခံလိုက်ရ၏။

"နင် ကလေးဆန်နေတုန်းပဲ ဟန်ပန်၊ အလုပ်လုပ်တဲ့နေရာမှာ ငါက နင့်သူငယ်ချင်းဆိုတာကို ဖယ်ထားလိုက်ပါ"

"သူငယ်ချင်း ဟုတ်လား..၊ နင်နဲ့ငါက ဒီလောက်ပဲလား"

"ဒီလောက်မကတာတွေလဲ ဖယ်ထားရမှာပဲ၊ အလုပ်လုပ်နေရင် ငါ့ခေါင်းထဲမှာ အလုပ်ပဲရှိတယ်"

"ရှိပါ..၊ နင် အလုပ်လုပ်နေတဲ့အချိန်မှာ ငါတို့လဲ လုပ်နေတာပဲ လေ၊ တခြားစီ လုပ်နေကြတာလဲ မဟုတ်ဘူး၊ ကုမ္ပဏီတစ်ခုတည်းမှာ င် ငါ့ကို ပြေးလာပြီး ပြောပြလို့ရတယ်၊ တိုင်ပင်နိုင်တယ်"

"ပြေးလာတိုင်ပင်ရအောင် ငါက ငွေပုံပေါ်မှာ ဆောင့်ကြောင့်ထိုင် း ဘာလုပ်ရမှန်းမသိလို့ ငိုကြွေးနေတဲ့ လူနုံလူအ,လား"

"နင် လည်မှန်းသိတယ်၊ လူတော်လူတတ်ကြီးပါ၊ ဒါပေမယ့် ော်ရဲဘက်ဆိုတာ လိုတယ်"

"ရဲဘော်ရဲဘက်လိုရင်တောင် ငါ လိုအပ်တဲ့ ရဲဘော်ရဲဘက်က မတစ်ယောက် မဟုတ်ဘူး"

"ဒါဆို ညားသွားတဲ့လင်မယားတွေမှာ ယောကျ်ားက သူ့မိန်းမကို ာ့အတွက် ရဲဘော်ရဲဘက်ကောင်းတစ်ယောက်ပါလို့ အသိမိတ်ဆွေ ာ ကြေညာကြတယ်၊ အဲဒါတွေကရော..."

"မသိဘူး၊ ငါ့အတွက်ကတော့ ရဲဘော်ရဲဘက်ကသပ်သပ်၊ ဇနီး



www.burmeseclassic.com

www.burmeseclassic.com



မယားက တခြား၊ နင် ငါ့ဆီကလိုချင်တာ အကြင်လင်မယားဘဝလား ရဲဘော်ရဲဘက်ဖြစ်ဖို့လား..."

"ချာန်..."

ဟန်ပန့် မျက်နှာလေး ရဲတွတ်သွား၏။

"သမီး..."

အရိပ်အကဲကို လှမ်းမြင်လိုက်သဖြင့် ဦးမျိုးညွန့် က သူတို့ဘေး တန်းရောက်လာ၏။

"သမီးတို့ အဆင်မပြေတာတွေ ပြောဆိုနေကြတာ ဘေးလူ အ ခတ်လို့ လွယ်တယ်၊ ကလေးတွေလဲ မဟုတ်တော့ဘူးကွယ့်..."

ချာန့် မျက်နှာက ပျော့ပျောင်းမှုမရှိစွာ လှည့်လာ၏။

"ကလေးကလား စိတ်ကောက်ချင်တာက အန်ကယ့်လ် သမီးပ သူ နားလည်အောင်ပဲ ဆက်ရှင်းပြလိုက်ပါဦး"

ချာန် က တုံးတိတိပြောပြီး သူတို့ဘေးကနေ ခွာသည်။

ဦးမျိုးညွန့် က မျက်မှောင်ကြုတ်ကြီး ငြိမ်သက်ကျန်ရစ်၏။ ဟန်ပ က အံကြိတ်သည်။

"သိပ်ကို မာနပြလွန်းတယ် ဒယ်ဒီ..၊ သမီး ဒီမှာ မလုပ်ဘူး"

"တိတ်စမ်း သမီး"

ဦးမျိုးညွန့် က ကျိတ်ဆူကာ ဟန်ပန့် လက်ကိုဆွဲ၍ သူ့ရုံးခန်းထဲ ခေါ်သွင်းသွားသည်။ အထဲရောက်မှ...

"ဒါတွေဖြစ်လာတာ သမီးဆန္ဒတွေပဲ၊ သူနဲ့ဖေဖေ လက်တွဲဖို့ ဇဉ်းစားချင့်ချိန်နေကြတုန်းပဲ ရှိသေးတယ်၊ သမီး ပြန်ရောက်လာ သူနဲ့မှ လက်တွဲမယ်၊ သူနဲ့ အတူတွဲလုပ်ချင်တယ်နဲ့ အခု အားလုံး အရှိန်မှန်နဲ့ စီးမျောနေကြပြီ၊ မဟုတ်တာလေးကို ဘာပြဿနာရှာတာလဲ"

"မဟုတ်တာလေးပေမယ့် သူ ပြန်ပြောတာ ဒယ်ဒီမှ မကြားတာ





သူ သမီးကို လုံးဝ အခွင့်အရေးမပေးဘူး၊ သိပ်ရက်ဖို့ကောင်းတာပဲ"

"ပေးစေချင်ရင် သမီး အလုပ်လုပ်လေ..၊ သမီးလဲ ပညာတွေတတ်တယ်၊ နိုင်ငံခြားက ပြန်လာပြီးမှ သမီး အလုပ်လုပ်တာ ဒယ်ဒီ မတွေ့သေးဘူး၊ သမီးမာမီနဲ့ ဟိုဘက်အလုပ်ကိစ္စတွေနောက်လိုက်၊ ဒီဘက်ကျတော့ ချာန့် ဘေးမှာ ကူကာရံဖက်နဲ့ ပေါ့ပေါ့ပါးပါးလေး သွားလာလိုက်.."

"ဒယ်ဒီက သမီးကို ဆုံးမနေတာလား..၊ ချိုးဖဲ့ နှိမ်ချနေတာလား"

"ဒယ်ဒီသမီးကို ထက်မြက်ပေါ်လွင်စေချင်တာပါ၊ သမီးနဲ့ ချာန်ကို လူကြီးချင်းစေ့စပ်ပေးလို့ ခုသိ၊ ခုမြင်ပြီး ရင်းနှီးခဲ့တာ မဟုတ်ဘူး၊ သမီးတို့က ငယ်သူငယ်ချင်းတွေ၊ သူတော်နေရင် ကိုယ်လဲ တော်ရတော့မှာပေါ့၊ နောက်ပြီး ချာန် က တခြားသူနဲ့တူတဲ့ လူလား၊ ဒါ သမီး အသိဆုံးပဲလေ"

ပြောနေရင်း ဦးမျိုးညွန့် က လေသံကို နှိမ့်ချလိုက်ကာ...

"လက်ထပ်ဖို့ကိစ္စကိုတောင် သူ့ဘက်က လောဆော်တာ၊ တိုက်တွန်းတာ ဘာမှမရှိသေးဘူး၊ ဒီကြားထဲ သမီးမာမီက မိတ်ဆွေနယ်ဝယ်မှာ သွန်ကျဲကုန်လို့ အခု ယောက်ျားလေးဘက်က မလှုပ်ရှားသေးဘဲ ကိုယ်ပဲ လှုံ့ဆော်၊ ကိုယ်ပဲ လှုပ်ရှား၊ တွေးကြည့်ရင် လူတွေလဲ ရိပ်မိမှာပဲ"

ပြောရင်း စကားတွေက အတွင်းထဲထိ ပေါက်ရောက်ကုန်ပြီ ဖြစ်သည်။ သမီးရှင်ပီပီ ဦးမျိုးညွန့် မှာလည်း မပြောချင်ဘဲ ပြောနေရတာ ပါ။ ဒီသမီး အပြောအဆိုမတတ်လို့...။

"အလှူတစ်ခုရဲ့ သဘောလိုပဲ၊ ယောက်ျားလှူတိုင်း မိန်းမက မရဘူး၊ ကိုယ်လှူမှ ကိုယ်ရတာ၊ စိတ်ထားတတ်မှ မြတ်တာ၊ ချာန် သိပ်တော် နေတာကို သမီး မိုခိုချင်စိတ်မရှိတာ ဒယ်ဒီ သိပါတယ်၊ ဒါပေမယ့် သမီးစိတ်တွေက သူ့ဆီမှာပဲ နစ်မွန်းနေတယ်လို့ ဒယ်ဒီ ထင်တယ်"

ဖခေါ်ဖြစ်တဲ့သူက ပြောလာတော့ ဟန်ပန် ရှက်စိတ်တွေဖြစ်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ တကယ် ဒီအတိုင်း ဖြစ်နေသည်လား..၊ ဈာန် ဘက်က ဒီလောက်ထိ ပြတ်သားတတ်နေတာကိုတော့ မခံချင်ဖြစ်မိတာ အမှန်ပင်..။

"သူက လွှမ်းမိုးနိုင်တာလား၊ သမီးကပဲ သူ့ထက် မတော်တာလား ဘာမှန်းမသိပေမယ့် သမီး သူနဲ့ ပခုံးယှဉ်ဖို့ မကြိုးစားဘဲနေတာတော့ အမှန်ပဲ၊ အစက ဖေဖေ ထင်ခဲ့တာ သမီး သူနဲ့လက်တွဲပြီး အပြိုင်အဆိုင် ကြိုးစားမှာပဲလို့လေ.."

"သူက အဲဒီလိုမဖြစ်ချင်တာကိုရော ဒယ်ဒီ မထင်ဘူးလား၊ သမီးကို ဘယ်တော့မှ နေရာမပေးခဲ့ဘူး၊ သူ့အားက လူယုံတွေလောက် သမီးက အရာမဝင်ဘူး"

"တော်ပြီ သမီး၊ သမီးစကားတွေက ရင့်ကျက်မှု သိပ်ကိုနည်းနေတယ်၊ ဒီမှာ ရယူနိုင်တာကမှ အောင်မြင်မှု အစစ်အမှန်၊ ပေးလို့ရတာကို သမီးက မျှော်လင့်နေသလား"

"မဟုတ်ဘူး..၊ သမီး ပြောချင်တာက.."

"တော်ပြီ.. တော်ပြီ၊ ဒယ်ဒီတို့ အိမ်ကျမှ ဆက်ဆွေးနွေးရအောင် ဖြစ်သင့်ဆုံးကတော့ ပြန်ရောက်သွားရင် သမီးမာမီကို စကားတွေ အလွန်အကျွံမဖွဖို့ ပြောရမှာပဲ၊ လက်ထပ်ဖြစ်ဖို့က အရေးမကြီးဘူး၊ ဈာန် နဲ့ သမီး ဒီထက် ရင်းနှီးခွင့်ရဖို့ အရင် ကြိုးစား.."

ဟန်ပန် က တစ်ခုခုပြောဖို့ ဖျတ်ခနဲ မော့ကြည့်လျှင်...

"ဒယ်ဒီပြောတဲ့ ရင်းနှီးမှုက သူငယ်ချင်းလို ရင်းနှီးကြတာကို မဟုတ်ဘူး၊ သူ့ရင်ထဲမှာ သမီးက သူငယ်ချင်းမပိုတဲ့နေရာမှာပဲ ရှိနေတာ အဲဒါကို သမီး ပြောင်းလဲနိုင်အောင် ကြိုးစားရမယ်၊ ငါ့သူငယ်ချင်းပဲဆိုပြီး ရနေတဲ့အခွင့်အရေးကို သာယာနေရင် သမီး လောဘကြီးနေသ၍ ဘာမှ မရနိုင်ဘူး"

ဦးမျိုးသန့် က ပြတ်ပြတ်ပြောသည်။ သမီးကို ဒီလို ပေါ်သွမ်းတဲ့





စိတ်ကူးတွေနှင့် ခရီးဆက်လိမ့်မယ်လို့ သူ လုံးဝ မထင်ခဲ့ပေ..။

သူလိုချင်နေတဲ့ အရည်အချင်းဟာ ယောကျ်ားတစ်ယောက်၏ အရေးပေး လိုက်လျောမှုလေးတစ်ခုရဖို့ ကလေးလိုခြေဆင်းပြီး စိတ်ကောက်ရုံလောက်သိတဲ့ အသိမျိုး မဟုတ်..။

မအေက တစ်မျိုး၊ သမီးက တစ်မျိုး၊ သူ ဘယ်လိုလုပ်ရမလဲ..။ ဈာန် ပိုစ်ကလည်း ခင်ခင်မင်မင် ရယ်မောစနောက်နေလျှင် တစ်မျိုး၊ အလုပ်နှင့်ပတ်သက်သည့်အခါကျတော့ တစ်မျိုး..။

ဖုန်းထုတ်လိုက်ပြီး ပြောစရာရှိတာ ပြောလိုက်ဖို့ အခန်းပြင် ထွက်ခဲ့လိုက်စဉ် မဖွင့်ရသေးဘဲ ဖုန်းက မြည်လာ၏။

နံပါတ်ကြည့်လိုက်တော့ ဇနီးသည်ဆီက..။

"ပြော... အေမီ.."

"သမီးနဲ့ ပြောချင်တာ ကို..၊ သမီးရှိလား"

"မင့်သမီးနဲ့မပြောခင် ငါ ပြောစရာရှိတာ ပြောရမလား" သွား

"ဟင်..၊ ဘာဖြစ်လို့လဲ ပြောလေ"

"မင်း ပြီးခဲ့တဲ့အပတ်ထဲမှာ ကရဝိက်သွားတုန်းက ဘယ်သူ့ဖို့ခင် ဆိုခဲ့သလဲ"

"ကိုရယ်..၊ ပြောပြနေတော့ ကို သိမှာကျနေတာပဲ၊ မိမိတ်ဆွေတွေက အများကြီးဟာ၊ ဘာဖြစ်လို့လဲဆိုတာ ပြောစမ်းပါ"

"မင်း အဲဒီမှာ ဘာတွေ ဖွပစ်ခဲ့သလဲ မီရယ်..၊ လက်ထပ်ဖို့ရက် သတ်မှတ်ဖို့ထိ သေချာတာတွေဘာတွေ.."

"ဘာဖြစ်လဲ ကို..၊ ဈာန် က စီစဉ်လိုက်ပါလို့ ပြောထားတဲ့ဟာ နောက်ကျ ပေးပါ၊ စောပေးပါလို့ ပါတာမှ မဟုတ်ဘဲ"

"ခက်တာပဲကွာ..၊ အဲဒီကိစ္စမှာ သူ စိတ်ဝင်စားရင် ဂျပန်မှာ ကိုယ်စားလှယ်ရွေးပွဲတက်ဖို့ကိစ္စတွေ၊ အပြန်မှာ စင်ကာပူဝင်ပြီး ဖက်စပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကိစ္စတွေ ဆွေးနွေးဖို့တွေ၊ ဒါတွေ ဒီလထဲမှာ စီစဉ်နေမလား။ သူ့ပါးစပ်ထဲမှာ မင်္ဂလာကိစ္စ တစ်ခုတလေမှ မပါသေးဘူး၊ အဲဒါ ငါ အသိဆုံး..”

“ဒါက ဒါပဲ ကို..၊ သူ အလုပ်ရှုပ်နေလို့ မီ မပြောသေးတာ၊ ငါကတော့ ဘယ်နေ့ဘယ်ရက်မှာ လက်ထပ်ဖို့ စီစဉ်ထားတယ်ဟေ့ဆို ရင် ပြီးသွားမှာပဲ၊ သူ့လိုလူက ပြောထားတဲ့စကားကို အလွယ်တကူ ဟင့်အင်းလုပ်မှာတဲ့လား၊ ကို အသာနေပါ၊ သမီးအတွက် ချာန့် လိုလူက အသင့်တော်ဆုံး”

“အကောင်းဆုံးကို လူတိုင်း ကြိုက်ကြတယ် မီ၊ မင်းလိုပဲ သူ့ကို သဘောကျတဲ့လူတွေ ရှိသေးတယ်၊ အဲဒါကြောင့် ဒီမင်္ဂလာသတင်းကိုလဲ စိတ်ဝင်စားမှုတွေ ရှိနေကြတယ်၊ မင်း ပြောတာဆိုတာတွေ ဆုင်ခြင်ပါ ကွာ၊ အခုဆက်တာ အဲဒါကို ပြောချင်လို့၊ ဒီညနေ မသင်းမြတ်ဆွေတို့ မှာ ပါတီရှိတယ်မို့လား..”

“ဟုတ်တယ်”

“လူတွေစုံပြီဆို သမီးကိစ္စ ထည့်ပြောတတ်တာကို ဆင်ခြင်စမ်း ပါ၊ ငါ့စိတ်ထဲမှာ လေးနေတယ်”

မို့ အကျင့်ကိုက ပြောပြီဆို အထက်စီးက ပြိုင်ပြီဆို နိုင်ရမှ..။ သူပြောပေမယ့်လည်း ခေါင်းညိတ်မှာမဟုတ်ဘူးဆိုတာ တွေးမိပြီးသားပါ။ ဒါပေမယ့် ပတ်ဝန်းကျင်အခြေအနေ၊ ဒါတွေ ဒီလိုရှိနေတာ သိမှဖြစ်မှာမို့..။

အိမ်ကျမှ သေချာထပ်ပြောချင်သော်လည်း သူ ပြန်ရောက်သွားတော့ ဒေါ်အေမီညို မရှိတော့ပါ..။





## အခန်း [ ၄၀ ]

“ဘယ်လိုဖြစ်တာလဲ ညီမရယ်..၊ ညီမကို အခြေအနေကောင်း တစ်ခုမှာ အသားကျနေပြီလို့ ထင်ခဲ့တာ”

ဒေါက်တာချိုမြရီ က တကယ် စိတ်မကောင်းဖြစ်နေသည့်မျက်ဝန်း တွေနှင့်ပါ။ အနွေးထည်ပါးလေးနှင့် မျက်နှာလေးနီနေသည့် သားလေး ခေါင်းလေးပေါ်မှ လက်တင်၍ တယုတယ ပွတ်သပ်နေကာ သေဆုံးသွား ပြီဖြစ်သည့် အစ်မကိုလည်း သတိရနေပုံ ပေါ်၏။

သားလေးကို သူ့သားအမှတ်နှင့် မွေ့ပိုက်မွေးမြူခဲ့တဲ့ မိခင် တစ်ယောက်ပါပဲ။ သူမကို ကာရံ ကိုယ်တိုင်လည်း ဒီနေ့ထိ တသသ မေ့မရ ရှိခဲ့တုန်း..။

“အခု အလုပ်ရှာနေတာက တစ်ဖက်၊ ကလေးတစ်ဖက်နဲ့ ဖြစ်နေ ပြန်ပြီလား”

“ဟုတ်ကဲ့၊ ဒါပေမယ့် သိပ်မဆန်းတော့ပါဘူး ဆရာမရယ်..၊ ကာရံ တို့ဘဝက သူများကို မှီခိုပြီးမှ အသက်ရှင်ရတာကိုး..”

“အေးလေ၊ ကလေးက လက်လွှတ်ရပြီဆိုပေမယ့် ငယ်သေးတာ ကိုး၊ တော်သေးတယ်နော် အလုပ်ပြုတ်နေတုန်း ကလေးက ဖျားနေလို့၊ မဟုတ်ရင် ကလေးအတွက် အလုပ်နဲ့ စိတ်ညစ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ဆေးခန်းအပြင်ကို ထွက်ခဲ့ကြတော့ သားလေးက နှစ်ယောက်အလယ်မှာ ဖြစ်၏။

ထိုစဉ် ဆေးခန်းရှေ့ကို ကားကြီးတစ်စီးထိုးရပ်လာတော့ သားလေးက လှမ်းကြည့်၏။ ဘာရယ်မဟုတ်ဘဲ ကာရံ တို့ပါ မျက်လုံးတွေရောက်သွားမိကြသည်။

ကားက ဆပ်ဖ်ကား အနက်ရောင်ဖြစ်ကာ မှန်ရောင်ထအောင် လက်တောက်နေ၏။ ကားပေါ်က ဆင်းလာသူက အမျိုးသမီးကြီးတစ်ယောက်နှင့် ကာရံ တို့သာသာ တစ်ယောက်..။

"အဲဒါ ဦးဦးကားကြီး၊ သားသား သိတယ်"

"သား..."

"ဟုတ်တယ် မေမေရဲ့..၊ ဇူခါ/ လေ၊ သားသားနဲ့တွေ့တိုင်း ဦးဦး ဒီကားနဲ့ပဲ လာတာ"

ကလေးက လွှတ်လွှတ်လပ်လပ်ကြီး ပြောလိုက်တာမို့ ရှူပါမင်းရောင်ဝတ်စုံနှင့် ရဲတောက်နေသော သူမမျက်ဝန်းတွေ ဒီဘက်ရောက်လာ၏။

ဟိုဘက်က အမျိုးသမီးကြီးသည် ရှုံ့မဲ့ကဲ့ရဲ့သောမျက်နှာနှင့်...

"သမီး ဟိုကလေးက ဘာပြောလိုက်တာလဲ"

"ကား မမြင်ဖူးလို့ နေမှာပေါ့"

နှစ်ယောက်စလုံးပြောလိုက်တာကို ကာရံ ရော ဒေါက်တာချိုမြရီပါ ကြားလိုက်၏။ ထို့ပြင် သမီးဆိုသည့် သူမသည် ကလေးနှင့် ကာရံ ကို တစ်ပြန်တစ်လှည့်စီ ကြည့်လျက်..။

နှုတ်ခမ်းနှင့် နှာတံချွန်ချွန်သည် အထင်မြင်သေးခြင်းသရုပ်နှင့် မသိမသာ တွန့်မဲ့နေ၏။ မျက်တောင်ဖျားတို့သည် ကာရံ့ မျက်နှာပေါ်က နေ ခြေဖျားထိ စိုက်ခနဲ ဆင်းသွားလိုက်၊ ဖျတ်ခနဲ ပြန်ပင့်လာလိုက် စုန်ချီဆန်ချီ..။





"တော်တော်ကို ရိုင်းပျတဲ့အပြုအမူပဲ၊ ဘယ်လိုမိန်းကလေးလဲ မသိဘူး"

ဒေါက်တာချိုမြရီ က မျက်နှာမကောင်းစွာ ပြောသည်။

အကြည့်တစ်ချက်နှင့် လူကို ပြာကျမတတ် ပူလောင်သွားစေအောင် ပြုပဲ ပြုတတ်လွန်းပါ၏။ လူကြီးတွေ မျက်နှာပျက်နေကြတာကို ကလေးကတော့ နားမလည်။ ကားနားက ဆင်းထွက်လာတဲ့အထိ ကားကို လည်ပင်းလိမ်အောင်ကြည့်ကာ...

"ဦးဦးလဲ မပါဘူးနော် မေမေ.."

"သားသား အဲဒီလို စကားအကျယ်ကြီးပြောတာကို ဆင်ခြင်ရမယ်နော်၊ မေမေ မကြိုက်ဘူး"

"အို.. ညီမရယ်..၊ နားမလည်သေးတဲ့ကလေးကို သေချာပြောပြပြီးမှ သင်ပါ၊ သူ့ဘာသာ သိထား မှတ်ထားတဲ့ ဉာဏ်ရည်ဉာဏ်သွေးလေးတွေ ထိရှကုန်ပါ့မယ်"

ကာရံ ကတော့ ရှက်နေတာပဲ သိသည်။ ဒေါက်တာရှေ့မှာကျတော့ ကလေးရဲ့စကားကြောင့် ဒီကားပိုင်ရှင်နှင့် ကိုယ်ပဲ ရင်းနှီးနေကြသလိုလို..။

ဟိုအမျိုးသမီးကပဲ ဒီလိုကြည့်ရလောက်အောင် ကိုယ့်အဖြစ်က ဘာလိုလို..။ သင်းနဲ့ပတ်သက်ပြီး အခုနဲ့ဆို အလုပ်ပြုတ်ရတာ နှစ်ကြိမ်..။ ဒီအဖြစ်ထက်ဆိုးရတာရော ရှိဦးမလား။

သားလက်ကို ဆုပ်ကိုင်ထားသည့် လက်တို့က ပို၍ တင်းကျပ်လာခဲ့သည်။ ကားပေါ်ရောက်တော့ သားလေးက သူမပေါင်ပေါ်မှာ လက်ကလေးခုံပြီး ခေါင်းတင်လှဲ၏။ ထို့နောက်...

"မေမေ.."

"ဟင်"

"သားသားတို့ကားက ဦးဦးကားလောက် မကောင်းဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သားကလဲ.."

"ဦးဦးကားကြီးနဲ့ သားသား လျှောက်လည်ချင်တယ်"

"မေမေနဲ့မှ မခင်တာ သားရယ်.."

"ဦးဦးက ပြောတယ်၊ ဦးက ခင်ချင်တယ်တဲ့၊ သားသားမေမေက မခင်ချင်တာတဲ့"

ကြည့်စမ်း..၊ ဒီပြင် ဘာတွေများ ထပ်ပြောသွားသေးလဲ။ ဖုန်းပြောကြပြီဆို သားနှင့်သူ အကြာကြီး ဘာတွေပြောနေကြမှန်း မသိ..။

တစ်ခါ ဖုန်းလာတော့ မဆက်ဖို့ ပြောဖူးသည်။ ဖုန်းပြန်ယူဖို့လည်းပါ၏။ ဒါပေမယ့် သူက ပြန်လှောင်သေးသည်။

"မင်းနဲ့ပြောဖို့ ပေးထားတာမှ မဟုတ်ဘဲ၊ ကလေးနဲ့ အပျင်းပြေပြောကြဖို့ပါ၊ ဒီလောက်ထိ မင်း သဝန်မတိုပါနဲ့" တဲ့..။

ကလေးကလည်း ဖုန်းကိုပဲ လက်ကမချအောင် ဖြစ်နေတော့ သိန်းနှစ်ဆယ်လောက်တန်တဲ့ဖုန်းကို ကစားစရာလိုသဘောထားပြီးတော့ပဲ ကြည့်နေလိုက်ရသည်။

သူ့ကားကိုယူမောင်းလာသည့် ဟိုသားအမိနှင့် သူ ဘယ်လိုပတ်သက်နေသလဲ၊ ဘယ်လောက်ရင်းနှီးလို့လဲ..။

စဉ်းစားနေတုန်း ဖုန်းဝင်လာ၏။

"ဟာ.. ဦးဦး ဖုန်းဆက်နေပြီ"

နှမ်းယှဲယှဲလေးလှဲနေသည့်သားက ချက်ချင်းထပြီး ဖုန်းထုတ်ကိုင်၏။ သူမကတော့ ကားမောင်းရင်း သက်ပြင်းပဲ ချမိသည်။

"ဟလို ဦးဦး.."

နေအလက်ာ က ဖုန်းနံပါတ်ကို မကြည့်ဘဲ ဖွင့်ပြီး တစ်ခါတည်း မေးချလိုက်၏။ ပြီးတော့ သူပဲ ပြောလို့မပြီးနိုင်..။

"ဦးဦး ညက ဘာဖြစ်လို့မဆက်တာလဲဟင်၊ သားသား မေမေကို





လဲ ပြောပြီးပြီ၊ မေမေနဲ့ ဦးဦး ခင်လို့ရအောင်လေ၊ ဦးဦးနဲ့ သားသား ဒီတစ်ခါ ပလာဇာသွားမှာ တကယ်နော်၊ အင်္ကျီတွေ၊ ကစားစရာတွေ အများကြီး ဝယ်ပေးရမှာနော်"

"ဟိုတ်..၊ တိတ်စမ်း.."

"ဟင်!.."

ဖုန်းထဲကအသံ စူးစူးဝါးဝါးတစ်ချက်ကို ကာရံ ကြားလိုက်၏။ လှည့်ကြည့်လိုက်တော့ သားမျက်နှာလေးသည် မျက်လုံးအဝိုင်းသားနှင့် အထိတ်အလန့်ဖြစ်နေရာ...

"သားသား ဘယ်သူလဲ၊ ဘာပြောလိုက်တာလဲ၊ မေမေ့ကို ပေး.."

ကားကို လမ်းဘေးမှာ ဖြစ်သလိုထိုးရပ်လိုက်ပြီး စကားသံထွက်နေသည့်ဖုန်းကို ဆွဲယူလိုက်သည်။

"တောက်..၊ ဘာတွေမှန်းကို မသိဘူး၊ ရှုပ်ရှုပ်ယှက်ယှက်"

"ဘာဖြစ်လို့လဲ သမီး"

"ဘယ်ကဟာတွေမှန်း မသိဘူး၊ ရှာနဲ့ ဘာတွေရှုပ်ထားတာလဲ မသိဘူး မာမီ၊ ဖုန်းကို ကလေးလေးက ကိုင်တယ်၊ စောစောက ဦးဦးကားလို့ ပြောသွားတဲ့ ပေါက်ရွှတ်ပဲစားလေးစား မသိဘူး၊ တွေ့မယ်.."

ကာရံ ဘာမျှပြောခွင့်မရလိုက်ဘဲ ဖုန်းပိတ်သွား၏။

ကိုယ့်ကိုပြောတာမဟုတ်ဘဲ သူတို့သားအမိချင်း မေးနေဖြေနေတာဖြစ်သည်။

တွေ့မယ်ဆိုတာက ဒီကိုပိတ်လိုက်ပြီး ရှာနဲ့ ဆီကိုပြန်ဆက်ဖို့ဖြစ်လိမ့်မည်။

"မေမေ..၊ အဲဒီအန်တီက ဘယ်သူလဲဟင်"

"ဟိုလူနဲ့ပတ်သက်တဲ့ တစ်ယောက်ယောက်ဖြစ်မှာပေါ့ သားရယ်"

ရင်ထဲမှာတော့ ဆတ်ဆတ်ခါနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံ ပြောပုံထောက်လျှင် သူနှင့် လက်ထပ်ထားတဲ့မိန်းမလား..၊ စေ့စပ်ထားတဲ့သူလား..။

ကိုယ့်ကိုကျတော့ မင်းတို့သားအမိကို စောင့်ရှောက်ချင်တယ်ဆိုတာ မျိုးထက် မပိုခဲ့တာ ဒါကြောင့်ပဲ ဖြစ်မှာပါ။ အကြိမ်ကြိမ် ခံရပေါင်းများတော့ စိတ်ဆိုးဖို့တောင် မေ့နေပါပြီ..။

ဝေ့လာသည့်မျက်ရည်ကို မျက်တောင်တို့နှင့် ပုတ်ခတ်ဖယ်ရှားကာ ဖုန်းကို သားလေးလက်ထဲ ပြန်ထည့်လိုက်သည်။

ဟိုတုန်းကတည်းက သူမဟာ နူးနူးညံ့ညံ့လေးပဲ နေတတ်တဲ့သူပါ။ ရင်သွေးဆိုသည့် ခွန်အားတစ်ရပ်သာ သူမကို တွန်းအားမပေးခဲ့လျှင် ဒါမှမဟုတ် အလွန်ရွှံစရာကောင်းသော ယောက်ျားနှစ်ယောက်ကြောင့်သာ မဟုတ်ခဲ့လျှင် သူမ ဒီလိုရပ်တည်နိုင်ဖို့တောင် မလွယ်ပေ..။

ဒီထက် ကျော်လွန်ဆိုးရွားလာဦးမည်ဆိုလျှင် ခံနိုင်ရည် ရှိပါ့မလား။ နားထဲမှာ ဆိုးရွားစူးရှသော မိန်းမသံတစ်သံက စွဲနေ၏။

ဒီလိုတွေ မဖြစ်ရအောင် ကာကွယ်ဖို့က သားလေးရင်ထဲက သူ့ကို ဆွဲထုတ်ဖို့သာ ရှိသည်။ တစ်သက်လုံး အမေတစ်ခု၊ သားတစ်ခု နှစ်ယောက်တစ်ဘဝလို နေခဲ့ရရှာသည့် သားလေးဟာ နောက်ထပ်တစ်ယောက် လူ့ကို အစွမ်းကုန် ခင်တွယ်ရင်းနှီးနေကာမှ လွယ်ပါ့မလား..။

ကံကြမ္မာသည် ရောင်စုံကွက်ကျားများနှင့် တစ်လှည့်စီ ဖမ်းစားနေခဲ့ပြီးမှ အဖြူရောင်လွင်ပြင်ကြီးထဲကို တွန်းချလိုက်ပြန်သည်။

မှောင်နေတာထက် ဆိုးရွားသော နယ်ပယ်သစ်တစ်ခုမှာ ဖြူနေပေမယ့်လည်း ဘာမှမမြင်..။





# အခန်း [ ၄၀ ]

အမှတ်တမဲ့ ထွက်လာခဲ့သဖြင့် ကားနားကိုရောက်မှ ကာရံ ကို ..မြင်သွား၏။ နက်ပြာရောင်ပေါ်မှာ အဖြူခက်လေးတွေ ရစ်ထားသည့် ..တ်စုံနှင့်၊ ဆံပင်တွေ ဒီတိုင်းဖြန့်ချထားသော သူမသည် ညနေခင်းအလှ ..ာ နုသစ်လှပနေ၏။

“မင်း ကိုယ့်ကို စောင့်နေတာလား”

“ဟုတ်တယ်..၊ ဒီမှာ ဖုန်း..”

ကာရံ က သူ့ကားနားထိတိုးလိုက်ပြီး ဘောနက်ပေါ်မှာ ဖုန်းကို ..မ်းတင်ပေးလိုက်သည်။ ဒါပေမယ့် လက်ပြန်မရုပ်ရသေးမီ ဖုန်းနှင့် ..က်ကို ချာန် က ဖျတ်ခနဲ အုပ်ကိုင်ထားလိုက်ကာ...

“ပြန်ယူသွားပါ..”

“မယူဘူး၊ ရှင် ကျွန်မလက်ကို လွှတ်နော်”

ကားပေါ်မှာပဲ ဖုန်းနှင့်လက်နှစ်ဖက်က ဖိထပ်ကပ်နေလျက် ချာန် ..ည်း မဖယ်..။

“ကိုယ့်ဘက်က ဒီထက် ဘာမှ ပိုပြီး မလှုပ်ရှားဘဲ နေခဲ့တာပါ၊ ..း ဘာဖြစ်လို့ ဒီလောက်တောင် မာနတွေ ပြနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ မာနတွေပဲ ပိုင်တာလေ၊ ဒီမှာ ချာန်..၊ ရှင် ပေးကမ်းနေတာတွေနဲ့ ကျွန်မတို့သားအမိရဲ့ဘဝကို မဖျက်ဆီးပါနဲ့၊ ဒီဖုန်းတစ်လုံးကြောင့်..."

"အဲဒါတွေ ကိုယ် သိပြီးပြီ၊ သူ့ကိုလဲ ပြောသင့်သလောက် ပြောပြလိုက်တယ်၊ ကိုယ်က လုပ်သင့်တယ်ထင်လို့ လုပ်လိုက်ပြီးရင် ဘယ်တော့မှ နောင်တနဲ့ နောက်မဆုတ်ဘူး"

"အို..၊ ရှင့်ဘာသာ ဘယ်လိုလူဖြစ်ဖြစ် ကျွန်မ ရှင်နဲ့ လုံးဝမပတ်သက်ချင်ဘူး"

"ဘာဖြစ်လို့လဲ ကာရံ..၊ ကိုယ်က ဘယ်မိန်းမနဲ့မှ လက်မထပ်ရသေးတဲ့ကောင်၊ တကယ်လို့ ကလေးရဲ့အဖေ ကိုယ်ဖြစ်နေခဲ့ရင်.."

"ရှင်နော်.."

"မင်းရဲ့မာနတွေကြောင့် တခြားတစ်ယောက်နဲ့ ကိုယ် လက်ထပ်သွားခဲ့ရင် ဘယ်သူ့မှာ အကျိုးရှိမှာလဲ.."

"ရှင့်မှာ အကျိုးရှိတာပေါ့၊ လုပ်လေ ကျွန်မက ဘဝကို မကြောက်ဘူး၊ လူ့ကိုပဲ ကြောက်တာ၊ ရှင်နဲ့ကျွန်မတို့ ဘာမှလဲ မဆိုင်ကြဘူးဆိုတော့ ကိုယ့်လမ်းကိုယ်လျှောက်စမ်းပါ"

လက်ကို ပြန်ဆွဲနုတ်ပေမယ့် သူ ဖိဆုပ်ထားတဲ့ လက်ထဲကနေ နည်းနည်းမှ လွှပ်လို့မရ။ လူတွေမြင်မှာစိုးလို့ သူ့နဲ့နီးအောင် တိုးလိုက်တဲ့အဖြစ်မှာ စူးရဲလက်တောက်နေသည့် မျက်လုံးရိုင်းတွေကြောင့် ခေါင်းက အလိုလိုနေရင်း ထွက်နေ၏။

"ချာန်..၊ ကျွန်မ ရုပ်ပျက်ဆင်းပျက်တွေ မဖြစ်ချင်ဘူး၊ လက်လွှတ်ပါ"

"အဲဒါ ကိုယ်ကပြောရမှာပါ၊ မင်း ငြိမ်ငြိမ်လေးနေလိုက်ရင် ဘာမှ ရုပ်ပျက်ဆင်းပျက်ဖြစ်ဖို့ မလိုဘူး၊ ပြောတာကို သေချာ နားထောင်.."

"မထောင်ဘူး၊ လုံးဝ မပြောချင်ဘူး"





ခေါင်းခါရင်း ငြင်းနေရင်း ကာရံ့ မျက်ဝန်းမှ မျက်ရည်တွေကျလာခဲ့၏။

ဒီနေရာဟာ ဝန်ထမ်းတွေ လာစရာမလိုတဲ့နေရာမို့ အနီးအနားမှာ ဘယ်သူမှ ရှိမနေတော့ တော်သေးသည်။

"ဒီမှာ ချာန်..၊ ရှင့်ကြောင့် မဟုတ်တရုတ် တိုက်ဆိုင်မှုတွေမှာ ရှင် ငြိုးမယ်ဖွဲ့ပြီး မစာမနာ တုံ့ပြန်တာတွေကြောင့် အခုထိ ကျွန်မ ဒုက္ခရောက်နေရတုံး"

မျက်ရည်စက်လက်တွေနှင့် မိန်းမလှအမုန်းကြောင့် သူ့ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားခဲ့မှန်း မသိ။ တွေ့အချိန်တွေမှာ တိုးမိကြ၊ တိုက်မိကြတာ ဖြစ်သည်။

အလုပ်လျှောက်လာတော့ ကလေးအမေမို့ သူ ပယ်ချပစ်ခဲ့သည်။ နောက်ထပ် ဘာတွေရှိနေသေးလဲ..။

ပြောဆိုမိလိုက်တဲ့အချိန်မှာ ကျေနပ်သွားသလိုလို၊ ရွံ့ချင်သလိုလို စိတ်တွေဖြစ်ခဲ့မိပေမယ့် ဒါတွေကလည်း သူ့ဘက်က အမှတ်တမဲ့တွေပါ..။

"မင်းဘက်မှာ မင်းခံစားနေရတာတွေ ရှိရင်ရှိခဲ့မှာပဲ၊ ဒါပေမယ့် အားလုံးကို ဘဝအတွက် အရေးမပါတာတွေအဖြစ် ထားခဲ့လိုက်ပါ၊ အခု အရေးကြီးနေတာက မင်းနဲ့ကိုယ် နှစ်ယောက်အတူမှားခဲ့တဲ့ပြဿနာအတွက် ညှိမျှခြင်းချနိုင်ဖို့..."

"ဟွန်း..၊ ကျွန်မဘက်မှာ အဝိတ်မရှိခဲ့ပါဘူး ချာန်..၊ ရှိခဲ့ရင်ပဲ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ရှင့်လိုလူကို ဒီထက်လဲ တန်ဖိုးမဲ့အောင် မပြောချင်ပါဘူး၊ အဲဒီတော့ ရလိုရငြား နှစ်လမ်းသွားဖို့စိတ်ကူးထားတဲ့ အစီအစဉ်တွေကို ဖျက်လိုက်ပြီ၊ ရှင် ထွင်ထားပြီးတဲ့ တစ်လမ်းတည်းကိုပဲ ဆက်လျှောက်ပါ"

"ဘာ..၊ မင်း ဘာသဘောနဲ့ ပြောတာလဲ၊ နေဦး.. အဲဒီစကားက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ''

ဆုပ်ကိုင်ထားသည့်လက်က ပို၍ တင်းကျပ်သွားသည်။ ကာရံ ရှေ့မှာ လူချင်းထိတော့မတတ် တိုးကပ်လာကာ…

''ဘာမှမဟုတ်ဘူးလို့ မင်းကို ငါ ပြောပြီးသားနော်၊ ထပ်မရိုနဲ့ တစ်လမ်းဖြစ်ဖြစ်၊ နှစ်လမ်းဖြစ်ဖြစ် နှစ်လမ်းသုံးလမ်းလဲ ပြိုင်တူသွားလို့ ရတယ်၊ ငါ့ခေါင်းထဲမှာ မင်းနဲ့ပတ်သက်တဲ့လမ်းကိုပဲ ရွေးချယ်ထားခဲ့လို့ မင်းပြောလာမယ့်အချိန်ကို စောင့်နေတာ၊ ရှုပ်တယ်ကွာ.. တက်.. ကားပေါ်ကို..''

''အို..၊ ရှင်… ရှင် ဘာလုပ်တာလဲ၊ ဟင့်အင်း''

သူ့ကားပေါ်ကို အတင်းတွန်းတင်ကာ တံခါးပိတ်တော့ လော့ခ်ပါ ချပစ်၏။

''ရှင် ဘယ်လိုလုပ်တာလဲ၊ ဖွင့်.. တံခါးဖွင့်..၊ ကားရပ်လိုက်နော်''

''မင်းကို ဘယ်မှ ခေါ်မသွားဘူး၊ ငြိမ်ငြိမ်နေ''

ဈာန် က ကားကို စက်ရုံဝင်းထဲမှာပဲ ဘေးကနေကွေ့၍ နောက်ဝင်းထဲကိုရောက်အောင် မောင်းသည်။

နောက်မှာ ခရေပင်ကြီးတွေပဲရှိကာ ပိတ်ထားသည့်ဂိုထောင်ကြီးတွေ ရှိပေမယ့် ဝင်းတစ်ခုလုံး သန့်ရှင်း ပြောင်လက်နေ၏။

ခရေပင်နှစ်ပင်ကြားမှာ ပါကင်ထိုးသလို ကားကို ရပ်လိုက်ကာ…

''ခဏ ဆင်းမလား''

''ဟင့်အင်း၊ ပြောစရာရှိတာ မြန်မြန်ပြော''

''မင်းကို ကိုယ် လက်ထပ်ဖို့ ရည်ရွယ်ထားတယ်''

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွားသည်။ မျက်လုံးက အဆောက်အအုံတွေ မြင့်မားထည်ဝါစွာနှင့် စက်ရုံဝင်းကြီးတစ်ခုလုံးဆီ ဝေ့သွားမိသည်။ အဲဒီလို ကွာခြားနေတဲ့အဆင့်အတန်းတွေမှာ သူနှင့်ကိုယ် ဆုံခဲ့





ကြတာကိုက လမ်းပေါ်မှာ ပိုးစိုးပက်စက်..။

ဘာကြောင့်မှန်းမသိဘဲ ကာရံ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။ ရှက်သည့်စိတ်တွေပါ..။

ဈာန် ဆိုသည့်လူ ပြောဆိုပုံတွေကို ကြည့်တာနှင့် သူ့စိတ်ဓာတ် ခံယူချက်တွေကို ခက်ခဲစွာ ဆန်းစစ်နေဖို့ မလို..။

သူများပေးသနားမည့် ပေးစာကမ်းစာကိုလည်း မလိုချင်ပါ၊ ထို့ကြောင့် အမြဲတမ်းငြင်းဆန်ဖို့အတွက် ခေါင်းကခါပြီးသား ဖြစ်နေခဲ့သည်။

ထို့ပြင် သူ့မှာ သက်ဆိုင်သူ ရှိနေပြီးသား။ ကိုယ့်ကိုတော့ ဘယ်အဆင့် ဘယ်နေရာမှာထားပြီး သိမ်းသွင်း ဖျက်ဆီးချင်တာလဲ..။

ကာရံ ရှိသမျှ မာနစိတ်လေးနှင့် မျက်နှာကို တင်းလိုက်သည်။ သူကလည်း ကာရံ ကိုပဲကြည့်နေသဖြင့် မျက်နှာလေး တင်းသွားတာ မြင်တာနှင့် သူ့မျက်ခုံးထူထူတွေ ကုတ်ကျသွားသည်။

''မင်းမျက်နှာပေါ်မှာ ဖြစ်ပျက်နေတာတွေကို ကိုယ် ဖတ်နိုင်တယ် ကာရံ၊ တကယ့်အမှန်တရားတွေ မင်းမျက်လုံးထဲမှာ ရှိတယ်၊ ဘာဖြစ်လို့ ဖွတ် ငြင်းချင်နေရတာလဲ''

''ရှင်ကရော အဲဒီမိန်းမကို ကျွန်မပါလို့ ဘာဖြစ်လို့ စွပ်စွဲနေတာလဲ၊ လမ်းဘေးမှာဆုံခဲ့တဲ့ မိန်းမတစ်ယောက်က ဘယ်သူမဆို ဖြစ်နိုင်တယ်''

''ဘာ..''

သူ့ မျက်လုံးပြူးနှင့် စူးစူးရဲ မေးလိုက်တော့မှ ကာရံ ထိတ်ခနဲ ဖြစ်သွားမိသည်။ သွားပြီ..၊ ဒါဟာ လျှို့ဝှက်ချက်..။

သူ ပြောခဲ့ဖူးသည့် မင်းနဲ့ကိုယ်ပဲသိတဲ့ လျှို့ဝှက်ချက်ဆိုတာ..။ လွှတ်ခနဲ ပြောမိပြီးမှ မျက်နှာလွှဲပစ်လိုက်ပြီး စိတ်ကို မရမက ငြိမ်တင်းရသည်။

''ကာရံ..''



www.burmeseclassic.com

www.burmeseclassic.com



"အို.."

သူ ကာရံ့ ဘေးမှာကပ်ထိုင်လိုက်ပြီးဖြစ်ကာ လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မင်း... မင်း.. ဘာပြောလိုက်တယ်၊ မင်း ပြောလိုက်တာ.. အဲဒါက..."

"အို.. ဘာတွေ ပြူးပြဲဖြစ်နေတာလဲ၊ ဟိုတစ်ခါ ရှင်ပဲ အိမ်လာတုန်းက ပြောသွားတာလေ၊ လမ်းပေါ်မှာဆုံဖူးတဲ့ မိန်းကလေးဆိုတာ.."

"ဟုတ်လိမ့်မယ်၊ ဒါပေမယ့် လမ်းဘေးမှာလို့ ကိုယ် မပြောခဲ့ဖူးဘူး၊ ဒီဘက်ကို မော့စမ်းပါ"

"ရှင်နော်.."

"ကာရံ.."

သူ ကာရံ့ ပခုံးလေးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး...

"ပြောပါ..၊ တစ်ခုခု ထပ်ပြောလိုက်စမ်းပါ၊ မင်းက အဲဒီမိန်းကလေးဖြစ်နေတယ်ဆိုရင် ဒီကမ္ဘာမှာ ကိုယ့်လောက်ပျော်တဲ့လူ ရှိမှာ မဟုတ်ဘူး ဘာဖြစ်လို့လဲ သိလား၊ မင်းကို ကိုယ် ချစ်နေလို့.."

သူ ကာရံ့ ပခုံးလေးကိုဆွဲကာ ရင်ခွင်ထဲမှာ တင်းနေအောင် ဖက်ထားလိုက်၏။ သူမ မငြင်းဆန်နိုင်ခင်မှာ အတင်းအကျပ် ကြဲဖြန့်သွားသည့်အနမ်းတို့သည် လူတစ်ကိုယ်လုံးကို ကြိုးတုပ်ချုပ်နှောင်ထားလေဟာနယ်ထဲမှာ လွှဲယမ်းပစ်နေသည်နှင့် တူ၏။

အမိန့်ပေးခံထားရသူလို ခုခံအားမဲ့သွားခဲ့ရင်း မျက်ရည်စက်တွေသာ ဖြိုက်ခနဲ ပြိုဆင်းလာကြသည်။ သူ့ကိုလည်း မကျေနပ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ကြေကွဲသွားမိသည်။

သူမ ဒုတိယအကြိမ်မြောက် ပျော့ညံ့ခဲ့ပြန်ပြီ..။





"ရှင့်ကို သိပ်မုန်းတယ်"

သူ့ရင်ခွင်ထဲကနေ ရုန်းထွက်၍ ငိုလည်းငို၊ အတင်း တွန်းတိုးထုနှက်ပစ်မိသည်။ ထိုလက်ကလေးတွေကို ဖမ်းဆွဲထားပြီး ရျာန် က စကားပြောဖို့ပဲ ကြိုးစား၏။

"မင်း ကိုယ့်ကို မုန်းနေမှာပါ၊ ဒါပေမယ့် ကိုယ်ကလဲ မေ့ပျောက်ထားခဲ့တာ မဟုတ်ပါဘူး၊ အခု ထပ်ပြောပြပါ ကာရံ၊ မင်းနဲ့ကိုယ် ဘယ်လိုပုံစံနဲ့ ဆုံခဲ့ကြတာလဲ၊ ဘယ်လိုအချိန်မှာပေါ့၊ ကိုယ်လေ မင်းကို သိပ်ချစ်မိနေပေမယ့် အဲဒီမိန်းကလေးအပေါ်မှာလဲ ဘာဝန်မမဲ့ချင်ဘူး၊ ဟိုတုန်းက စုံစမ်းနေခဲ့ပေမယ့် ဒီအဖြစ်တွေဟာ မီးခိုးငွေ့တွေ လွင့်ပါးသွားသလိုပဲ ပျောက်ကွယ်သွားပြီလား၊ ကိုယ့်အနီးနားမှာ ရှိနေသေးသလား၊ ဘာမှ မသိနိုင်ခဲ့ဘူး၊ မင်းရဲ့ဆံပင်တွေရယ်၊ မင်းခေါင်းက သနပ်ခါးပန်းနံ့ရယ်ဟာ ကိုယ့်ကို ပထမဆုံး သွေးဆူအောင် လှုံ့ဆော်သွားတဲ့ လက်မှတ်တွေပါ၊ ဝန်ခံလိုက်ပါ ကာရံ၊ ပြီးတော့ ကိုယ်တို့သိထားတာတွေကို ဆွေးနွေးကြရအောင်၊ ကိုယ် လိုချင်နေတာ သားရွှေအိုးထမ်းလာတဲ့ အဖြစ်မျိုး၊ ကိုယ်ချစ်နေတဲ့ မိန်းကလေးကိုပဲ"

"မဟုတ်ဘူးလို့ ရှင့်ကို ဘယ်နှစ်ခါ ပြောရမှာလဲ၊ ရှင့်ကို ငြင်းဆန်နေတာတောင်မှ ရှင် အခု အဓမ္မဆန်ဆန် အနိုင်ကျင့်ခဲ့တယ်၊ မှားခဲ့ဖူးတဲ့ မိန်းကလေးပါဆိုရင် ရှင် ဘယ်လောက် အထင်မြင်သေးပြီး စော်ကားမလဲ"

"မင်းကိုနမ်းတာ အနိုင်ကျင့်တာလား"

"ရှင့်ကို ဘယ်သူက ကြည်ဖြူနေလို့လဲ"

"မင်း မကြည်ဖြူပေမယ့် မင်းကို ကိုယ် ပိုင်ဆိုင်ခဲ့တဲ့လူ.."

"မဟုတ်ဘူး..၊ ဘာမှမဟုတ်ဘူး၊ ရှင် ကျွန်မကို အနိုင် ပြန်ပို့မှာလား၊ မပို့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကာရံ"

သူ ကာရံ့ ကိုယ်လေးကို အတင်းအကျပ်ပဲ ပြန်ဆွဲဖက်မိကာ မျက်နှာလေးကို မော့ယူ၏။ ပြီးတော့ မျက်ရည်တွေ သုတ်ပေး၏။

"မင်း ကိုယ့်ကို ရှက်နေတာ ကိုယ် သိတယ်၊ ပြီးတော့ ကိုယ့်ရဲ့ ပိုင်ဆိုင်မှုတွေကို မင်း ကြောက်နေတာ၊ လူတစ်ယောက်ဟာ တစ်ခုခု တစ်ခုကို လိုအပ်လာပြီဆိုရင် သူ လိုအပ်နေတဲ့အရာထက် ဘာကိုမှ အပ်မက်မှုမရှိတော့ဘူး၊ အခု ကိုယ်လိုအပ်နေတာ မင်းပဲ ကာရံ၊ ကိုယ့်ရဲ့ ပြည့်စုံမှုလို့ မင်း ထင်နေသမျှတွေအားလုံးက မင်းလောက် တန်ဖိုးမကြီးဘူး"

စူးစိုက်ကြည့်နေသည့် သူ့မျက်လုံးတွေကို ရင်မဆိုင်ဘဲ ကာရံ မျက်နှာ တင်းတင်းလေးနှင့် လွှဲပစ်၏။ ဈာန် က ပင့်သက်ရှိုက်လိုက်ပြီး ဖက်ထား သည့်လက်တွေကို အသာလေး ဖြေလွှတ်သည်။

"ကိုယ် စောင့်နေမယ်၊ မင်း ခေါင်းညိတ်မယ့်နေ့··"





## အခန်း [၅၂]

"ဟာ··၊ ဦးဦး လာပြီ၊ ဟိုမှာ···"

လှမ်းမကြည့်ရသေးဘဲ ခေါင်းထဲမှာ ဒိန်းခနဲ ဖြစ်သွားသလိုပင်··။

ဟိုတစ်ခါကလည်း ဆရာမတွေရှေ့မှာ သူ လုပ်သွားပုံတွေက ဘာလိုလို၊ ခုလည်း ဆရာမတွေရှိနေတုန်း··။

"ကဲ ကြိုမယ့်လူ လာပြီဆိုတော့ ပြန်ဖို့ အဆင်ပြေသွားပြီပေါ့"

စိတ်ရှုပ်သွားရသည့်အထဲ ဆရာမတစ်ယောက်က ခပ်ဖြုံးဖြုံးပြော ပြီး ကျန်တဲ့ဆရာမတွေကလည်း ခေါင်းညိတ်ထောက်ခံကြ၏။ ထိုးရပ် လာသည့်ကားကို ကြည့်ကာ အထဲ ပြန်ဝင်သွားကြ၏။

ဒီနေ့ ကားပျက်နေလို့ ကားလည်း ပါမလာဘဲ ကလေးဆီကို ရောက်တော့ နောက်ကျနေခြင်းဖြစ်သည်။ သားကို ခေါ်သွားနေကျ ဆရာမကလည်း ဒီနေ့မလာသဖြင့် မအေ ရောက်မလာမချင်း ဆရာမ တွေက စောင့်ပေးနေကြခြင်း ဖြစ်သည်။

ဈာန် က ကားကို အနားရောက်အောင်မောင်းလာပြီးမှ ရပ်လိုက်ကာ···

"ကားကို ဝပ်ရှော့မှာ တွေ့လိုက်လို့၊ ဒီလိုက်လာတာ ပြန်ပို့ပေးမယ် လေ၊ လာ··"



www.burmeseclassic.com

www.burmeseclassic.com



"သား.."

ကလေးက သူ့စကားမဆုံးခင် ကားနားရောက်သွား၏။ သူပဲ ကားပေါ်ကနေ ဆင်းခေါ်ကာ...

"လာလေ ကာရံ"

လိုက်သွားဖို့က မဖြစ်နိုင်ပါ။ ဟိုတစ်ခါ သူ လာသွားတာကိုလည်း ရပ်ကွက်ထဲမှာ သတင်းတစ်ရပ် ဖြစ်ခဲ့သည်။ ဒီတစ်ခါ သားအမိတွေ ဒီကားနဲ့ ပါသွားကြလျှင်...

"မေမေ လာလေ..၊ သားသား ဗိုက်ဆာနေပြီ၊ အိမ် မြန်မြန်ပြန် ရအောင်"

ကာရံ က သားလေးကြောင့် အနားတိုးသွားလိုက်ကာ သူနှင့် နှစ်ယောက်ပဲ ကြားနိုင်သည့်လေသံနှင့်...

"ရပ်ကွက်ထဲမှာ ကျွန်မတို့ကို အပြောအဆိုခံရအောင် မလုပ်ပါနဲ့"

"ဒါဆို ကိုယ် ကလေးကို ပြန်ဆွဲချရမှာလား"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိရင်း ကာရံ အသံ တိတ်သွား၏။

"မင်း စိတ်ညစ်သွားမယ်ဆိုရင် ကိုယ့်အိမ်ထိ မလိုက်တော့ဘူး၊ ဒါပေမယ့် ကလေးကိုတော့ တစ်ခုခု ကျွေးချင်တယ်၊ ဖြစ်မလား"

"မဖြစ်ဘူး.. မဖြစ်ဘူး၊ ကျွန်မ အဲဒီလို တွဲသွားတွဲလာတွေ မလုပ်ချင်ဘူး၊ ဒုက္ခပါပဲ ရှင် ဘာဖြစ်လို့ နေရာတကာ ပေါ်ပေါ်လာရတာ လဲ"

"အဲဒါ မင်းက ကိုယ့်အတွက် ဖြစ်နေလို့လေ၊ ကွယ်ရာမှာ မင်း ဘာဖြစ်နေနေ ရင်ဘတ်ချင်း သိနေတာ"

ခပ်ရှိုရှိုမျက်နှာနှင့် သူက ကပ်ပြောသည်။

"ကဲ.. တက်ပါကွာ၊ ကလေးကို မင်း ပြန်ဆွဲချဖို့ မဖြစ်နိုင်ဘူး





မို့လား၊ လုံးဝ လူမသိသူမသိ ပြီးသွားစေရမယ် မပူနဲ့၊ ဟုတ်ပြီလား"

သူ တကယ်မောင်းသွားတော့ တံတိုင်းခတ်ထားသည့် မှန်လုံခန်းနှင့် ထိုင်းဖုဒ်ကို ဖြစ်သည်။ အပြင်ကကြည့်တော့ ကားတွေရပ်ထားတာပဲ မြင်ရကာ အထဲမှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေပါ ရှိနေ၏။

ထို့ပြင် သီးသန့်ခန်းလေးတွေနှင့် အတွင်းမှာ အေးစိမ့်နေတာကို သားက ပျော်လို့မဆုံး..။

"ဦးဦး ဟိုမှာ သီချင်းဆိုမလားဟင်"

"ဆိုမှာပေါ့၊ ခဏကြာရင် ဆိုတော့မှာ.."

စားစရာတွေရောက်လာတော့ သီချင်းဖျော်ဖြေရေးပါ စ,၏။ သားလေးက စားစရာကို ပေါင်ပေါ်မှာတင်ကာ ဟိုဘက်ကို တည့်တည့် လှည့်ထိုင်၍ သေချာ ငေးတော့သည်။

"ကာရံ.."

သူက စီးကရက်မီးညှိရင်း ခေါ်ကာ နာရီငုံ့ကြည့်ပြီး မျက်နှာလေး ပျက်နေသည့် ကာရံ ကို ပြုံးကြည့်၏။

"မီးချပ်မှလဲ ပြန်ဖွင့်တယ်မို့လား၊ ဘာဖြစ်လို့ သောကတွေ များနေ တာလဲ"

"ရှင် ကျွန်မကို ရိတာလား ရှာန်"

"ငါ ဝါသနာမပါဘူး၊ မင်းကို တည့်တည့်မေးတာ၊ ဖင်တကြွကြွ ဖြစ်မနေစေချင်လို့"

"ကျွန်မဘာသာ ရိုးသားတဲ့လမ်းကြောင်းနဲ့ဆို သန်းခေါင်ကျော်မှ ပြန်ပြန်ပေါ့၊ ကိုယ့်လိပ်ပြာကိုယ်သန့်နေရင် ပတ်ဝန်းကျင်က ကျွန်မခေါင်း ထဲကို မရောက်ဘူး"

"ခုလဲ အခြေအနေအရပဲ မဟုတ်ဘူးလား"

ကာရံ က ဘာမှမပြောဘဲ ဆတ်ခနဲ လှည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"စားလိုက်ပါဦး၊ ဒီဆိုင်က စားစရာ ကောင်းတယ်၊ သန့်လဲ သန့်တယ်"

စားစရာကို ကာရံ တစ်ချက်မှငဲ့မကြည့်ဘဲ သူ့ဘက် ပြန်လှည့်လာကာ…

"ကျွန်မဘဝကို နားလည်တယ်ဆိုရင် ရှင် ကင်းကင်းနေပေးပါ ဈာန်၊ ရှင် ကိုယ့်ကိုယ်ကိုယ်တော့ သူတော်ကောင်းလို့ ထင်နေပေမယ့် ရှင့်ကြောင့် ကျွန်မ အရမ်းကို အနေခက်ရတယ်၊ စိတ်ညစ်နေရတယ်"

ဈာန် က ပြုံးမလိုမျက်နှာနှင့် မျက်မှောင်ကြုတ်သွား၏။ ပြီးတော့ စီးကရက်မီးညှိရင်း ဘာတစ်ခွန်းမှ မပြောဘဲ နေသည်။

"ရှင့်မှာ ဘာရည်ရွယ်ချက်တွေ ရှိနေသလဲဟင်"

သူ့ကို အသံနိမ့်မေးပေမယ့် ငိုချင်လာသည်။ သူဒွေးဆိုတဲ့ လူချော လူလုတစ်ယောက်က ကိုယ့်ကိုမှ ရှာဖွေနေပါသည်ဆိုတာ မယုံနိုင် တမ်းတနေပါသည်ဆိုတာလည်း မုသားတွေ ဖြစ်မှာပါ။ သူ့ဘဝနှင့် ကိုယ့်ဘဝ ဘာဆိုင်လို့လဲ…။

လူတစ်ယောက် လာစုံစမ်းသွားတဲ့အကြောင်း ဒေါ်လေးနှင့်တွေ့ တုန်းက သတင်းရခဲ့၏။

"ငါတော့ အစက ညည်းကို ဒီကောင်လေး ပိုးပန်းနေတယ်မှတ် တာ၊ ပုံစံကလဲ လူရည်သန့်လေးလေ၊ နောက်မှ မဟုတ်နိုင်မှန်း သိလာ တာအေ့၊ သူ့ကို တစ်ယောက်ယောက်က ခိုင်းလိုက်တာ ထင်တယ် အဲဒီတစ်ယောက်က အောင်မြင်ခြင်း ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဘာဖြစ် လို့လဲဆိုတော့ ညည်းဖြစ်ပျက်ခဲ့တာတွေကို အောင်မြင်ခြင်းနဲ့ ငါ အားလုံးက သိပြီးသားလေ၊ သူက အဲဒီတုန်းကဖြစ်ရပ်တွေကို ဘာ သိမထားသေးတာ သေချာတယ်"

"ဒေါ်လေးက ဘယ်လောက်ထိ ပြောပြလိုက်လဲဟင်၊ ဘာတွေ





ပြောလိုက်သေးလဲ"

"ခေါ်ရင်းပြောရင်း ဝင်ထွက်ရင်းနဲ့ ရင်းနှီးလာတော့ ဟိုပြောဒီပြော နဲ့ ပြောဖြစ်သွားတာပါ၊ ကလေးအဖေကို မေးတော့လေ မရှိတော့ဘူးလို့ ပြောလိုက်တာပေါ့၊ အောင်မြင်ခြင်း ကြိုးစားနေတာကို သူလဲ သိနေတာ ဆိုတော့ ပြောရင်းပြောရင်းနဲ့ စကားတွေ ကျွံသွားတာ၊ ညည်း နစ်နာ လောက်အောင်တော့ ငါ မပြောပါဘူး ကာရံ ရယ်…၊ တကယ် ပြော ပြချင်တာက အောင်မြင်ခြင်း ယုတ်မာတာတွေကိုပါ၊ နောက်ပြီး ဟိုတုန်း က ပြဿနာတွေမှာ သူ မတရားသလို ငါလဲ မှားခဲ့ပါတယ်၊ ညည်း ဘဝပျက်ခဲ့တာက သပ်သပ်၊ ငါ့ကြောင့် ထပ်ပြီး ခြေရာလဲပျောက်၊ ရေလည်းနောက် ဖြစ်ရတာပါ၊ ညည်းသာ တော်ရုံမိန်းကလေးဆိုရင် ဒီလိုဘဝလေးနဲ့တောင် တင့်တင့်တယ်တယ် မြင်ရမှာ မဟုတ်ဘူး၊ အဲဒါ တွေ ပြောချင်လွန်းလို့ ပြောဖြစ်သွားတာပါ"

ဒေါ်လေးက တော်တော်လေးလည်း ဟန်ကျသွားပါပြီ။ ဒါတွေကို ရှင်းပြတုန်းက ဘယ်သူ စုံစမ်းသွားတာလဲဆိုတာ သူမတို့ လုံးဝ မသိခဲ့ ပေ…။

"သူ တမင် လာစုံစမ်းတာအေ့၊ အဲဒါတွေ ပြောဖြစ်တဲ့အထိ ရင်းနှီးသွားကာမှ လုံးဝ မလာတော့ဘူး"

လို့ ထပ်ပြောသေးသည်။ ခုထိလည်း စုံစမ်းတာ ဘယ်သူလဲလို့ မသိသေးပါ။ ဒါပေမယ့် ရိပ်မိလိုက်တာက ဈာန် ပဲဖြစ်နိုင်သည်ဟု…။

ကာရံ နှုတ်ခမ်းလေးကို ဖိပိတ်၍ ပင့်သက်ရှိုက်သည်။

ဒီသတင်းအစအနတွေနှင့် ဆက်စပ်ပြီး ကာရံ ဆိုတဲ့ကလေးငယ် ယောက်အမေကိုတော့ ဖျက်ဆီးရလွယ်မှာပဲလို့ သတ်မှတ်လိုက်သည် လား…။

ခုချိန်ထိ သူမနှင့် ခဏတာ ဆုံစည်းခဲ့ရသည့် ဆိုင်ကယ်သမားဟာ



www.burmeseclassic.com

www.burmeseclassic.com



သူပါပဲလို့ ကာရံ မယုံနိုင်ပါ။ ယုံဖို့သင့်နေပေမယ့် မယုံ··။

ဥစ္စာပေါ ရုပ်ချောဆိုသည့် ပြည့်စုံသူတစ်ယောက်နှင့် သူမဘဝ ခလုတ်တိုက် ပြိုလဲခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား··။

ရျာန် ကလည်း သူမပါးစပ်က အမှန်တရားကို ပြောလာစေဖို့ မျှော်လင့်သလို သူမကလည်း သူ့ကို မယုံ။ သူ့ပါးစပ်ကနေ ဒီအဖြစ်ကို ပြောပြလာမှ ယုံနိုင်စရာဖြစ်ပေမယ့် ဘယ်တော့မှ စ,ပြောမှာမဟုတ်တာကို သိပြီးသား··။

သူ့ရင်ထဲမှာ အမှန်တရား ရှိနေသည်တဲ့··။

သူ့အဖြေ ကိုယ့်အဖြေ ညီမျှခြင်းဖြစ်ဖို့အတွက် ကိုယ်က စ,ပြောပါဆိုတာ တရားသလား။ သူက အစစ်အမှန်ကို လိုအပ်နေသလို ကိုယ်ပြောတဲ့စကားအပေါ်မှာ ခြေရာနင်းပြီး သူ့ ချော်လဲရောထိုင် ယုတ်မာမှာကိုရော ကိုယ်က မကြောက်ရတော့ဘူးလား··။

ကလေးငယ်လေးတစ်ဖက်နှင့် ဘဝကို ရေစုန်ရော၊ ရေဆန်ရော လေညင်းတစ်ဖက်၊ မုန်တိုင်းတစ်ခါ ဆင်းရဲကြီးစွာ ရုန်းကန်လာခဲ့ပြီးပြီ··။

ခုချိန်ကျမှ ကာရံ အညာခံလိုက်ရပြီဆိုလျှင်···

"ကာရံ··"

"ဟင်··"

အတွေးလွန်နေသဖြင့် လန့်ဖျပ်ထူးလိုက်မိ၏။ ရျာန် က စိုက်ကြည့်နေလျက်···

"ကိုယ် ဖြေလို့ရပြီလား"

"ဘာလဲ"

"ကိုယ့်ရင်ထဲက ရည်ရွယ်ချက်တွေ··"

"ဟုတ်တယ်၊ ကျွန်မ သိချင်တယ်၊ ရှင် ကျွန်မအပေါ်မှာ အထင်မြင်သေးတဲ့စိတ်နဲ့ လျှော့တွက်ထားတယ်ဆိုရင်တော့ ရှင့်အတွက် အချိန်





တွေ ကုန်ပါတယ်"

"ကိုယ့်ဘဝမှာ အလဟဿပေးခဲ့ရတာ ဘာမှမရှိဘူး"

ပြောပုံက ရင့်သည်။ ကာရံ မေးတာကို ဖြေလိုက်တာလား၊ တမင်ကြောပြလိုက်သည်လား၊ စီးကရက်ကို ရှိုက်သွင်းပြီးမှ ခပ်ဖြည်းဖြည်း မှုတ်ထုတ်လိုက်တော့ ကာရံ မျက်နှာလေးကို မီးခိုးဖြူလွလွလေးတွေ ပြေးနမ်းသွား၏။

ကာရံ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်သဖြင့် သူက ပြုံးကာ··

"မင်းကို အထင်သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရျာန် ဆိုတဲ့ကောင် ကလေးအမေနဲ့ တွဲနေတယ်ဆိုကတည်းက ငါ့သိက္ခာ စီးရီးကပ်သွားပြီ၊ အဲဒါ မင်းဘက်ကမပါဘဲ တစ်ဖက်သတ်အနေနဲ့ ပြောပြတာ၊ နောက်တစ်ခုက ကိုယ့်ဘက်က အပျော်ဖြစ်ဖြစ်၊ အတည်ဖြစ်ဖြစ် သာယာမှုအတွက် စိတ်ကူးပြီဆိုရင် မင်းထက်သာတာ မရနိုင်ဘူးလို့ မင်း ထင်လား"

ကာရံ မျက်နှာလေး ရောင်စုံဆလိုက်တွေအောက်မှာမို့ မသိသာပေမယ့် မျက်ဝန်းတွေမှာ ပြုံးပြက်လက်သွားသည်။

"ပြောပြတာ··၊ မိန်းမတစ်ယောက်ကို တကောက်ကောက်လိုက်ပြီး မိုးပန်းရတဲ့အထိ ပင်ပန်းတာထက် ကလေးအမေပဲ ရနိုင်တယ်ဆိုရင် မိန်းမဆို ပုံတူတောင်မရေးဘဲ ထားလိုက်မယ်၊ ယုံလား"

"ရှင့်ကို ကြွားတယ်လို့ ကျွန်မ မထင်ပါဘူး၊ ဒါပေမယ့် တစ်ဖက်သားက လက်မခံနိုင်ပါဘူးဆိုတာကို ဇွတ် ရှေ့ဆက်ချင်တာတော့ မုန်းစရာကောင်းလွန်းတယ်"

"မုန်းလေ··၊ ဒါက မင်းရဲ့ခံစားချက်ပဲ၊ ကိုယ်ကတော့ မမုန်းဘူး၊ မင်း သိပ်လှပေမယ့် မင်းရဲ့ဆံပင်ရှည်တွေနဲ့ သနပ်ခါးပန်းကိုသာ ကိုယ်သတိမထားမိခဲ့ရင် မင်း ဘယ်လောက်လှလှ ကိုယ့်ရဲ့တင်ကျက်မှုက မင်းဖြစ်လာမှာ မဟုတ်ဘူး"

www.burmeseclassic.com



ပြောနေရင်း စိုက်ကြည့်၏။ ကြည့်တိုင်းလှနေသည့် မျက်နှာလေးကလည်း မီးရောင်နောက်ခံတွေရှေ့မှာ မျက်တောင်ကော့ကော့ နှာတံချွန်ချွန်လေးနှင့် သူ့မျက်လုံးတွေ မလွှဲနိုင်အောင် ညို့၏။

ထို့ပြင် ကော့ညွတ်နေသည့် ခါး၊ တင်းပြည့်လှပသော ကိုယ်ဟန်မှာ ဆံနွယ်ရှည်တွေ ဖေးတင်နေသည့် ဘေးတစ်စောင်းထိုင်နေပုံက ပန်းပုဆစ်ထားသလိုလား··။

သူ့နှုတ်ခမ်းမှာ အပြုံးလဲ့လဲ့ ဖြ

ဘာပဲဖြစ်ဖြစ် သူမသည် ကိုယ့်အတွက်··။





## အခန်း [၄၃]

စကားဝိုင်းဖွဲ့မိစဉ်က ဒီအကြောင်းတွေ ပါလာဖို့ မဟုတ်ပါ··။

ကိုယ်နှင့် မလှမ်းမကမ်းက စားပွဲမှာ သင်းမျက်နှာကို မြင်လိုက်မှ ဒေါ်အေမီညို မျက်နှာတင်းခနဲ ဖြစ်သွား၏။ ကာရံ တို့သားအမိကို အနံ့ပန့် ကလည်း မြင်သည်။ သားအမိနှစ်ယောက် ဖြစ်ပျက်သွားတာကို စားပွဲတစ်ဝိုင်းထဲမှာ ရှိနေကြသူတွေ ဘယ်သူမှ သတိမထားမိကြပေ။ ထို့ပြင်···

"မမပန်··၊ ဟိုဘက်မှာထိုင်လိုက်တဲ့အမျိုးသမီး မလှဘူးလားကြည့်စမ်း··၊ အရပ်ကလဲ အနေတော်၊ ကိုယ်လုံးကလဲ ပန်းချီရေးထားသလိုပဲနော်"

ဒေါ်နှင်းသက် ၏သမီး ဆောင်းနှင်းသဇင် က အလိုက်ကမ်းဆိုးမသိ အသံလေးနှိမ့်၍ ချီးမွမ်းခန်းဖွင့်လိုက်သဖြင့် ပိုဆိုးသွားသည်။

"အေးဟဲ့··၊ ဆံပင်ကြီးကလဲ ရှည်လိုက်တာ ပေါင်ထိတယ်နော်၊ ဟိုကလေးက သူ့ကလေး ထင်တယ်၊ သူများတွေမှာ ဆုတောင်းကောင်းလိုက်ကြတာ၊ တစ်ကိုယ်လုံး ဘယ်နေရာမှလဲ ကလေးအမေနဲ့ မတူဘူး၊ ဆုလိုက်တာလဲ မှန်ဉလို့၊ ခေတ်ကာလသားသမီးတွေ သူတို့ကိုယ်သူတို့

www.burmeseclassic.com



ဆံပင်တွေကို ဖြတ်ကြဆက်ကြ တန်ဖိုးထားရမှန်းမသိ အမျိုးမျိုး လုပ်တယ်၊ ခုလို သူများဆံပင်တွေ ရှည်နေတာမြင်တာကျတော့ သဘောကျကြတာ သွားရည်တမြားမြား၊ မိဘက ဆံပင်ရှည်လေးထားပါဆို နားမထောင်တာ··"

တစ်ဝိုင်းဘည်းမှာ ခုနစ်ယောက်၊ ရှစ်ယောက် ရှိနေကြသည်။ တစ်ယောက်ကမြင်ပြီး ချီးမွမ်းခန်းစ,လိုက်တာ တစ်ယောက်ပြီးတစ်ယောက် ထောက်ခံလို့ မပြီးနိုင်··။

ကာရံ က ကလေးကို ခေါက်ဆွဲမြှုတ်တိုက်နေတာဖြစ်ကာ စားပြီးတာနှင့် ဆေးတိုက်မှာမို့ ဘေးမှာ ဆေးလည်း အဆင်သင့်ထုတ်ပြီးသား··။

ဒီနေ့ကျမှ ကန်တော်ကြီးဥယျာဉ်ထဲ သွားချင်ပါသည်ဟု ပူဆာသောကြောင့် သိပ်နေမကောင်းသေးဘဲ ထွက်လာခဲ့ရသည်။ ခေါက်ဆွဲပြုတ် မသောက်ချင်ပါဘူးလို့ နှုတ်ခမ်းစူနေတာကိုလည်း ချော့မော့ကျွေးနေရ၏။

ထို့ကြောင့် ဘေးက ဆိုင်အမိုးအောက်ထဲမှာ သူမကို စိတ်ဝင်စားနေသည့်လူတစ်စု ရှိနေမှန်းလည်း ရုတ်တရက် သတိမထားမိ··။

စားပွဲချင်း သိပ်မကွာပေမယ့် ကာရံ တို့သားအမိက ကမ်းစပ်နားက ကော်ဖီဆိုင်လေးမှာ ဖြစ်ကာ ဒေါ်အေမီညို တို့က သေသပ်သားနားသည့် ဆိုင်ကြီးထဲက စားပွဲမှာ··။

"မမိုတ်မသုန် စိုက်ကြည့်နေကြသည့် ဒေါ်အေမီညို တို့၏မျက်လုံးတွေက ကလေးလက်ထဲက ဟန်းဖုန်းကိုပဲ စူးစူးစိုက်စိုက်။ ပြီးတော့ သားအမိချင်း မျက်လုံးချင်း မသိမသာ စကားပြော၏။

ဖုန်းနှင့်သတင်းပေးသူက သတင်းအပြင် ဓာတ်ပုံတစ်ပုံလည်း ပို့သေးသည်။ ထို့ကြောင့် သူမကိုမြင်တာနှင့် ဒေါ်အေမီညို သိလိုက်တာဖြစ်ကာ သတင်းစကားတွေကိုပါ သတိရလာ၏။



"ဓာတ်ပုံထဲက မိန်းကလေးပဲ ဒေါ်အေမီညို၊ နာမည်က လကာရံတဲ့၊ လှလဲ လှတယ်၊ ဆွဲဆောင်မှုလဲ ရှိလွန်းလို့ သူနဲ့ပတ်သက်မိပြီဆို တော်ရုံယောကျ်ား ရုန်းမထွက်နိုင်ဘူး၊ အဲဒီကလေးကလဲ အဖေ မရှိဘူးလေ၊ မိန်းကလေးပေမယ့် သတ္တိက မခေဘူး၊ ရှာန့် လိုလူမျိုးကို ဒီလို မိန်းမကြောင့် ဂုဏ်သိက္ခာ မညှိုးနွမ်းစေချင်လို့ပါ၊ ပြီးတော့ ဒေါ်အေမီညို ရဲ့သမက်လောင်းမို့လား၊ အားလုံး ဂုဏ်သိက္ခာအတွက် စဉ်းစားပေါ့ဗျား၊ အခု အချိန်မီသေးတယ်နော်"

သတင်းပေးသူကလည်း သူမကို ပိုးပန်းခဲ့ဖူးသူပဲ ဖြစ်မှာပါ။ ဒါမျိုးက ယောကျ်ားတွေဘက်က မလိုစကားလည်း ဖြစ်နိုင်ပေမယ့် ဓာတ်ပုံထဲမှာ စားပွဲတစ်ဝိုင်းတည်း သုံးယောက်ထိုင်နေပုံက ဘယ်လိုမှ စိတ်ချထားနိုင်ဖွယ် မရှိ။

ဒီဓာတ်ပုံရတာနှင့် သမီးကို ဖုန်းဆက်မယ်၊ ရန်တွေ့မယ်လုပ်လို့ သူမမှာ ဖျောင်းဖျ နားချခဲ့ရသေးသည်။ သူငယ်ချင်းအဆင့်တွေပဲ ရှိနေသေးတဲ့အချိန်မှာ စကားနိုင်လုကြ၊ မှားကြ ဖြစ်ကုန်မှာ စိုးသည်။

ခုလို မျက်စိအောက်မှာ လာမြင်ရတော့ ဟန်ပန် မပြောနှင့် လူကြီးဖြစ်သည့်ကိုယ်တောင် ဘယ်လိုမှ မရှုစိမ့်နိုင်··။

"ဩော်··· သမီးငယ်ရယ်··၊ မိန်းကလေးချင်းကို ဒီလောက် ငေးနေရသလား၊ ဒီမှာ ကောက်ညှင်းပေါင်းတွေ အေးကုန်လိမ့်မယ်၊ ဒီဘက်ကို လှည့်··"

ဒေါ်သထွက်နေတုန်း ဒေါ်နှင်းသက် ၏စကားသံ ထွက်လာတော့ ဒေါ်အေမီညို စိတ်ထဲမှာ ထောင်းခနဲဖြစ်သွား၏။

"စိတ်ဓာတ်၊ စရိုက်ဆိုတာ ဆံပင်ရှည်တာ၊ လှလှတာနဲ့ မဆိုင်ပါဘူး သမီးရယ်၊ မြို့ထဲမှာ တစ်ပတ်လောက် လျှောက်ကြည့်လိုက်ပါလား၊ ဆံပင်ကြီးတွေ အရှည်ကြီးတွေဖြန့်ချပြီး အကျီကျတော့ ကျောတစ်ပြင်

www.burmeseclassic.com



လုံး အကာအကွယ်မပါတာတွေ၊ ရင်ဘတ်မှာ ဘာမှမထားဘဲ ဟိုက်ချ ထားတာတွေ၊ ခွဲထားလိုက်တဲ့ စကက်ကျပ်ကျပ် ဘောင်းကွဲ၊ နောက်ကွဲ တွေ..''

အသံကိုမြင့်ပြီး ပြောလိုက်သည်။ ကာရံ မျက်နှာလေးမှာ လှုပ်ရှား မှုတွေ ဖျတ်ခနဲ ငြိမ်ကျသွားတာ ဘေးကနေ မြင်လိုက်တော့ ကျေနပ် သွား၏။

ကြားသွားပါစေ..။

''အန်တီကလဲ ဆောင်းနှင်း မြင်ဖူးပါတယ်၊ ဆံပင်ရှည်တိုင်း မလှတဲ့လူတွေထဲမှာ ဟိုအစ်မက လှတယ်၊ ယဉ်တယ်၊ ကိုယ်လုံးလဲပြေ တယ်၊ ကြည့်ပါလား''

''အမယ်လေး အန်တီသမက်လောင်း ဈာန် လေ၊ အဲဒီလိုပုံစံမျိုးနဲ့ မိန်းကလေးတစ်ယောက်ကို အထင်ကြီးပြီး ကောက်ကောက်ပါနေတာ''

''ဟင်..၊ ဟုတ်လား အေမီ ရဲ့''

''သိပ်ဟုတ်တာပေါ့၊ သတင်းပေးတဲ့လူက အတိအကျကို ပေးထား တာ၊ သားတစ်ယောက်နဲ့ ကလေးအမေတဲ့၊ အားကိုးစရာမရှိလို့ ချုတ အျိုးပါကွယ်၊ တို့က ဂရုတော့မစိုက်ပါဘူး၊ ဂုဏ်သိက္ခာက ရှိသေးတယ် မို့လား''

စကားက ထိုနေရာအရောက်မှာ မျက်လုံးတွေ ကိုယ့်ဆီ ရောက်ပြီ ဆိုတာ ကာရံ ခံစားမိလိုက်၏။ သူတို့ ဘယ်သူတွေလဲ..။

ကိုယ့်ကို တမင်တိုက်ခိုက်နေပြီမှန်း သိလိုက်ပေမယ့် မထိုင်ခင်က လည်း မကြည့်ခဲ့မိသဖြင့် ဘယ်တုန်းက သိခဲ့၊ ငြိခဲ့တာတွေမှန်း မသိ..။

ကလေးအမေဆိုတိုင်း ကိုယ့်ကိုပြောတာလို့ မမှတ်ယူသင့်သော် လည်း ဒီကိုကြည့်ပြောနေတာ အသိသာကြီး။ အားလုံးကလည်း ရှိ ကြည့်နေကြတဲ့ အခြေအနေ..။





ကာရံ မနေတတ်မထိုင်တတ်ကြီးဖြစ်လာတဲ့အထိ မခံချင်စိတ်က ခေါင်းထောင်လာသည်။

''ဘာပဲဖြစ်ဖြစ် မတားလို့ မဖြစ်ဘူးလေ အေမီ ရဲ့၊ ဈာန်နဲ့ ဟန်ပန် က စေ့စပ်ထားပြီသား၊ ဟိုဘက်က ကလေးအမေဆိုပေမယ့် အခြေအနေ အချိန်အခါပေးရင် ထိတွေ့ငြိစွန်းကုန်နိုင်တယ်''

''အဲဒါတော့ ဈာန် ကို ဟန်ပန် ယုံတယ် အန်တီ၊ ဈာန် က နာမည်ပျက်လဲ မရှိခဲ့ဘူး၊ နာမည်ပျက်ရှိပြီးတဲ့ မိန်းမကိုလဲ စိတ်ကူးမှာ မဟုတ်ဘူး၊ မိန်းမတွေကိုက အားကိုးဖို့တစ်ခုတည်း မဟုတ်တော့ဘူး အန်တီရဲ့၊ ချောတာမြင်ရင် သဘောကျကြတာ၊ ဈာန် က ချောတယ်မို့ လား''

ဈာန် ဆိုသည့်နာမည်ကြောင့် ကာရံ ကိုယ်လေး ရေခဲတုံး အုတင်ခံ လိုက်ရသလို စိမ့်ခနဲ တောင့်သွား၏။ သိပ်မဝေးသည့်အကွာအဝေးမို့ သားလေးကလည်း ဒီနာမည်ကို ကြားသွားသည်။

ဒေါ်အေမီညို ကတော့ သူမတို့သားအမိကို တည့်တည့်လှမ်းကြည့် နေတာ ဖြစ်သည်။ ကလေးက ကလေးမို့ ဟန်မဆောင်နိုင်ဘဲ လှည့်ကြည့် သည်။ မအေလုပ်သူကတော့ ခြေမကိုင်မိ လက်မကိုင်မိ အရှက်ဖြန်းဖြန်း ကိုကွဲနေတာတောင် ဟန်ဆောင်ကောင်းတုန်း..။

တကယ်ဆို ထ,ထွက်သွားပါလား..။

သင်းကို မြင်နေရလေ ကိုယ့်သမီးဘက်က မခံချင်ဒေါသတွေနှင့် နှန်းမိလေ။ အပျိုစစ်စစ်ကို ကျော်လွှန်ပြီးတော့များ ကလေးအမေကို ပြိုင်ပန်းရသည်တဲ့။ အဓိပ္ပာယ်မရှိ။ သင်းကို ဒီနားကနေ ရှက်ပြီး ခွေးပြေး ဝက်ပြေး ပြေးရအောင် လုပ်မည်..။

အဲဒီကျမှ နှင်း တို့ကို 'ငါပြောတာ အဲဒီသားအမိ'ဝဲလို့ ချကျနန သတ်ညွှန်းထိုးပြမည်။ ဒီကောင်မကို လှလှချည်ရဲ့လို့ လက်ညှိုးထိုးတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိရာသွားဖို့အတွက် ဖြစ်စဉ်ကို သာသာထိုးထိုးလေး ပြောပြဖို့ပါ စိတ်ကူးပြီးသား..။

“ယောက်ျားတွေက ပါးနပ်ပြီးသားပါ နှင်းရယ်..၊ ငါ့သမက်က ပိုတောင် လည်သေးတယ်၊ သူ့ကို သမီးက အဲဒီလို သတင်းကြားတယ် ဘာညာနဲ့ မေးတော့ ရှင်းပြလိုက်တာမှ ပျာနေတာပဲ၊ သူ တကယ် ပွေရှုပ်မိရင်တောင် တကယ့်ပြဿနာက ဟန်ပန် ကိုပါတဲ့၊ ငါတို့ကိုလဲ တောင်းပန်လိုက်တာ အားနာအောင်ပဲကွယ်”

“ဪ.. ဟုတ်မှာပါ၊ ယောက်ျားလေးဆိုတာ အိုင်တွေ့ရင် ခြေဆေးမှာပဲလေ၊ နေပါဦး အေမီ ရယ်..၊ အဲဒီကလေးအမေက ဟို တစ်ယောက်များ ဖြစ်နေလို့လား”

“သိပ်ဖြစ်နိုင်တာပေါ့၊ ငါက တည့်တည့်မပြောချင့်လို့၊ မြင်နေတော့လဲ အကုသိုလ်များပါတယ် နှင်း ရယ်၊ လှတာလေးတစ်ခုနဲ့ သူ့ငွေရဲ့မယားသီ ဖြစ်ချင်လို့ရမလား၊ မတန်မရာကို..”

“ဟုတ်ပနော်၊ ရုပ်ကလေးက မထင်ရဘူး”

“အင်းလေ..၊ အဲဒါကြောင့် သူ့ကိုမြင်တော့ ဟန်ပန် မျက်နှာပျက်သွားပါတယ် မှတ်တာ”

ကိုယ့်ကို တိုက်ရိုက်ထိနေပြီမို့ ကာရံ အံကြိတ်သည်။

ရှက်သည့်စိတ်နှင့် မာန နှစ်ရပ်ပေါင်းကာ ကိုယ်ဟာ လှိုင်းလုံးကြီးတွေကြားထဲ ရောက်နေသလို တလှပ်လှပ်နှင့် ကတုန်ကယင်ကြီး ဖြစ်လာ၏။

ရှက်တတ်ခြင်းက ကာကွယ်မှုတစ်ခု ဖြစ်လာမလား..။ အရှက်ကြီး၍ သည်းခံလိုက်ခြင်းကရော အောင်မြင်မှု ဖြစ်လာသလား..။

မဟုတ်ဘူး..၊ ရှက်တတ်လွန်းလို့ အခက်အခဲက လွတ်မြောက်သွားတယ်ဆိုတာ မရှိ..။



သားမျက်နှာလေးကို ငုံ့ကြည့်မိတော့ ရင်နင့်ခြင်းက ဘာနှင့်မျှ မတူ..။

“ဘာပဲဖြစ်ဖြစ် သတိတော့ထားရမယ် အေမီ ရေ၊ ယောက်ျားကိုလဲ မညှာနဲ့၊ မိန်းမချင်းဆိုပြီးတော့လည်း မစာနာနဲ့တဲ့၊ မိန်းမချင်းတူပေမယ့် အသက်ရှူ ကွာတယ်၊ အိမ်ကမိန်းမတွေ ငုတ်တုတ်မေ့ကျန်ခဲ့ကြတာ အဲဒါတွေပေါ့”

“ဟုတ်တယ် မမမီ၊ အခုက ဟန်ပန် နဲ့ လက်မထပ်ရသေးတာပဲ ရှိတာ၊ လူသိရှင်ကြား စွဲစပ်ပြီးပြီမို့လား”

ပြောကြတဲ့လူတွေ ကိုယ့်ဘက်ပါလာတော့ ဒေါ်အေမီညို ကျေနပ်သွားသည်။

လှတယ် ပြောကြပါဦးလား၊ ဒါ ဒီလိုပဲ ဖြစ်ရမယ်လေ..။

နှုတ်ခမ်းမှာ ကျေနပ်ပြုံးကြောင့် ချိုအီနေ၏။

“သိတာ ပြောတာလဲ မှန်တာပဲ၊ ကလေးအမေဆိုတော့ ပညာက ပိုစုံတယ်၊ သမီးကိုလဲ ညည်း မသနားတတ်အောင် နေစမ်းလို့ ပြောရတာ အမောပါပဲကွယ်၊ ဈာန် လဲ ကလေးလေးတစ်ဖက်နဲ့ သနားပါတယ်ဆိုတဲ့ အမြင်နဲ့ ပစ်ကျသွားတာ နေမှာပေါ့၊ ဒါမျိုးနဲ့ လုပ်စားနေတာလေ”

“တိုးတိုးကပ်မေးရဦးမယ်၊ အဲဒီတစ်ယောက် တကယ်လား မမမီ”

တိုးတိုးလေး အနားကပ်မေးတော့ ဒေါ်အေမီညို က ခေါင်းညိတ်၍ မဲ့ရွဲ့ကာ...

“ဟုတ်တယ်..၊ မပြောချင်လို့ မပြောဘဲနေတာပါဆိုမှ..”

“ဒါဆို နာမည်ရော သိလား”

“ကာရံ ဆိုလားပဲ”

“အပြည့်အစုံက လကာရံ ပါ”

ဟင်..၊ အနားကို ချက်ချင်းကြီးရောက်လာတော့ အားလုံး ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသား ဖြစ်ကုန်ကြ၏။ ပြီးတော့ ရှုံ့တွမဲ့ရှုံ့ကြသည့်မျက်နှာတွေက ကာရံ့ တစ်ကိုယ်လုံးမှာ အထင်အမြင်သေးစွာ စုန်ချီဆန်ချီ‥။ ကာရံ သည် သားလေးရဲ့လက်တစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားလျက်…

"အန်တီပြောတဲ့ ကာရံ ဆိုတာ လကာရံ ဖြစ်နိုင်ပေမယ့် သတင်းကတော့ မှားနေတယ်၊ လူတစ်ယောက်ရဲ့ဂုဏ်သရေပျက်လောက်အောင် မဟုတ်တမ်းတရား ပြောဆိုစွတ်စွဲခြင်းဟာ ဘယ်လိုပြစ်မှုမျိုးမြောက်သလဲ အန်တီ သိမှာပေါ့"

အညှိုရောင်သမ်းနေသည့် ကာရံ့ မျက်နှာကို မြင်တော့ ပြဿနာ မသေးဘူးဆိုတာ ဟန်ပန် တွက်မိလိုက်၏။ ဒယ်ဒီ သတိပေးဖူးတာကို လည်း သွားသတိရသည်။

"သမီးမာမီက စကားကို စည်းလွတ်ဘောင်လွတ် ပြောတတ်တယ်၊ အပေါင်းအသင်းစုံလာရင် ကြွားတတ်တာ အဆိုးဆုံးပဲ၊ ကြွားတယ်ဆိုတာ မှုသားပဲ သမီးရဲ့‥"

ဒယ်ဒီ ပြောဖူးသည်။ 'ဒါပေမယ့် ဒီသတင်းကတော့ မာတ်ပုံနှင့် တကွမို့ ကိုယ့်စိတ်ကို တင်းလိုက်သည်။

"စကားလုံးက ထွားလှချည်လား ကာရံ၊ ငါတို့က မိန်းမချင်းမို့ မင်းကို ဆွဲခေါ်မထုတ်တာ၊ အမှန်တရား မသိလို့ မဟုတ်ဘူး၊ ရှာန် က ငါနဲ့ တခမ်းတနား စေ့စပ်ထားတဲ့သူ‥"

"ဟုတ်လား‥၊ မင်းနဲ့ စေ့စပ်ထားတာလား၊ အင်း… တို့ကတော့ မခမ်းနားပေမယ့် ဆန်းပြားမယ် ထင်တယ်၊ ဒီမှာလေ သားက ရှာန်ရဲ့ သား"

"ဘာ‥"

"ဟွင်!‥"

ခေါင်မိုးလှလှလေးနှင့် ကဗျာဆန်ဆန်ပြင်ဆင်လာသည့် ရှမ်းစား





သောက်ဖွယ်ဆိုင်လေးထဲမှာ ရုတ်တရက် တိတ်ကျသွား၏။

ကာရံ သည် တစ်ဆိုင်လုံးကို မျက်လုံးဝေ့ကာ ဒေါ်အေမီညို တော က အကြဲပေးပုဂ္ဂိုလ်တွေကိုပါ ခပ်စိုက်စိုက်ကြည့်လိုက်ပြီး ဖြူးသည်။

"လကာရံ ညည်းပြောတဲ့စကား ဘာဖြစ်သွားနိုင်သလဲ ညည်း သိရဲ့လား"

"မင်းသိက္ခာရော ဘယ်လောက် တန်ဖိုးရှိသွားသလဲ၊ ရှာန် သိရင် လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"

"သူကသာ ကျွန်မရဲ့ ခွင့်လွှတ်နားလည်မှုကို အချိန်အကြာကြီး ဒူးထောက် တောင့်စားနေခဲ့တာပါ၊ အဟွန်း… ရှာန် ဆိုတဲ့လူက ရှင်တို့ အတွက် သိပ်ကို တန်ဖိုးကြီးနေနိုင်ပေမယ့် ကျွန်မအတွက်က ကျေနပ် လက်ဆက်ဖို့ မထိုက်တဲ့သူ‥"

ဟန်ပန် စိတ်ထိန်းထားတာတွေ ပျောက်ကုန်၏။ အစကတည်းက သူမနှင့်ပတ်သက်ပြီး ပြောမိသမျှ ရှာန် က ဘာမှဝန်မခံ၊ ခေါင်းမညိတ်‥။

လက်ထပ်ဖို့ စီစဉ်ထားတာကိုတောင် 'သဘောအတိုင်းလုပ်'လို့ ကြေညာသွားခဲ့သူ…။

"ရှုပ်နေတဲ့ပြဿနာတွေ လာပြောမနေနဲ့ ကာရံ၊ ညည်းဘာသာ တိတ်တိတ်ဆိတ်ဆိတ် ကလေးတစ်ယောက်နဲ့ဘဝကို ပျော်ခဲ့တာ ပျော် သလိုနေ၊ ဒီထိလာပြောရဲတာ ညည်းမရှက်ဘူးလား၊ ငါက သူနဲ့ လက် ထပ်တော့မယ့်မိန်းမ"

"ကျူးသနားလို့ နွားချမ်းသာတာပါဆိုတာ သိအောင် လာပြော တာ၊ ငါက ဒီလိုလူကို စိတ်မဝင်စားလို့ ငါ့ဘဝနဲ့ငါ အေးဆေးနေတာ၊ လမ်းဘေးမှာ ခြေဆေးခံ ရေအိုင်ငယ်လေး မဟုတ်ဘူး၊ မျက်စိနောက် အောင် ကြွားလွန်းလို့ ပြောပြရဦးမယ်၊ ဒီမှာ ဒေါ်အေမီ…"

ဟန်ပန် နာမည်ကို သေချာ မသိပါ။ ထို့ကြောင့် ကာရံ က



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေမီ နှင့် ဟန်ပန် ကို တစ်လှည့်စီကြည့်၍…

"ကောက်ရထားရင်လဲ ငြိမ်ငြိမ်လေး နေရတယ်၊ လျှောက်ကြွားတော့ ပိုင်ရှင်ပေါ်ရင် ပြန်ပေးရတာပေါ့၊ ချာန့် ကို တကယ်ပိုင်တာက ကျွန်မ‥"

"တောက်‥"

ဒေါ်အေမီညို ဆတ်ခနဲ ထရပ်လိုက်၏။

"ဟော့‥ မင်း ခု ထွက်သွားစမ်း၊ သွား‥"

"မမမီ‥"

"အေမီ ရယ်‥၊ ဒေါ်သရေမထားစမ်းပါနဲ့"

ခွဲလွဲတားဆီးနေကြသူတွေ၏ မျက်လုံးတို့က နေအလက်ာ ဆိုသည့် အဝါရောင်စပို့ရှပ်ဝတ်စုံလေးနှင့် ကလေးဆီမှာပါ‥။

ဒီကလေးကို 'ချာန့်သား' လို့ လက်ညှိုးထိုးပြလိုက်ကတည်းက ဖြစ်နိုင်ခြေက ရှစ်ဆယ်ရာခိုင်နှုန်းထက် မနည်း‥။

ကလေးသည် သုံး,လေးနှစ်သားလောက်ပဲ ရှိနိုင်ပေမယ့် သူ့အမေနှင့် လူအများ ဆူပူဟယ်ပူဟယ်တွေ ဖြစ်နေတာကို ကြောက်လန့်နေတာမျိုး မဖြစ်ပေ‥။

မျက်ခုံးထူထူလေးနှစ်ဖက် ခပ်တွန့်တွန့်နှင့် ကုန်စင်စွာ နားမလည်သေးသော မျက်ဝန်းလေးတွေကိုက စူးစူးရဲရဲ‥။

တချို့လူတွေ၏ စိတ်ထဲမှာတော့ ကလေးက ချာန့် နဲ့ တော်တော်တူတာပဲ ဟု‥။

"ကာရံ‥"

ဟန်ပန့် စိတ်ထဲမှာ ရှက်ရွံ့ချောက်ချားလာပေမယ့် စ,မိကာမှတော့ အဆုံးသတ်ရမှာပဲမို့‥

"တို့တွေ အဆင့်အတန်းရှိရှိ ဖြေရှင်းမယ်၊ မင်း ခုပြန်လိုက်ပါ"





"ဩော်‥ ကိုယ့်အလှည့်ကျတော့ ကွယ်ရာမှာ တိတ်ဆိတ် သွားပြောမယ်တဲ့၊ ဟုတ်လား‥ မင်းတို့ကို ငါက မသိပေမယ့် မင်းတို့အတစ်ထောင့် တစ်နေရာကနေကြည့်ပြီး ပြုတ်သုပ်စားလို့ရတဲ့အထိ အမဲဖျက်ဖို့ ကြံနေတာ‥"

"ဒါ မင်း ကိုယ့်ဟာကိုယ် ကောင်းအောင်နေခဲ့ရင်‥"

"သိပ်နေခဲ့တာပေါ့‥ ဘာလဲ‥ ဟန်ပန် ဟုတ်လား‥၊ ဒီမှာ ဟန်ပန့် အခု အားလုံးရှေ့မှာပဲ ငါပြောမယ်၊ ငါက လက်ထပ်ခွင့်မပြုခဲ့ပေမယ့် ချာန့် က ငါ့ကို လက်ထပ်ခွင့်ရဖို့ အသေအလဲ ကြိုးစားနေတဲ့သားရဲ့အဖေ"

"ပုခက်ထဲက ကလေးကို သွားပြောပါလား ကာရံ၊ ကလေးတစ်ယောက်အမေ ခပ်မွဲမွဲ မိန်းမတစ်ယောက်က ဥစ္စာပေါ ရုပ်ချောဆိုတဲ့ သူဌေးကို လက်ထပ်ခွင့်မပြုဘူးဆိုတာ ဟား‥ ဟား‥ ဘာလဲ၊ မင်းက နတ်သမီးလို လှနေလို့လား"

"သိချင်ရင် မေးကြည့်လိုက်လေ၊ ဒီမှာ လူတွေစုံပါတယ်၊ ငါက ငါ့ဘက်က ခိုင်မာလို့ လာပြောရဲတာ၊ မင်းဘက်က ခိုင်မာတယ်ထင်ရင် ဖုန်းဆက်မေးလိုက်‥"

ဟန်ပန့် မျက်လုံးတွေ စားပွဲပေါ်မှာ ဒီတိုင်းချလာခဲ့မိသည့် ဖုန်းဆီရောက်သွားသည်။ အားလုံး၏အကြည့်တွေကလည်း သူမအတိုင်းပဲ ဖြစ်ကာ…

"ကိုယ့်လူက ကိုယ့်လူပဲ ဟန်ပန်၊ ဆက်ပြလိုက်၊ အားလုံးရှေ့မှာ သူ အရှုက်ကွဲသွားမှာ"

တစ်ယောက်က တိုးတိုးတိုက်တွန်း၏။ တကယ့်စိတ်ရင်းပဲလား။ ဘယ်ဘက်မှာ အမှန်တရားရှိနေတယ်ဆိုတာကို သိချင်လို့ သူ့လူကိုယ့်ဘက်သား လုပ်တာလား၊ ဘာမှန်းတော့ မသိ‥။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန် ရုတ်တရက် မကိုင်တော့ ကာရံက အိတ်ထဲက ဖုန်းကို ထုတ်ကိုင်လိုက်၏။

"ငါ ခေါ်မယ်၊ မင်းလက်တွေတုန်ပြီး နံပါတ်တွေ မနှိပ်နိုင်မှာ စိုးလို့ပါ၊ ပြီးရင် မေးကြည့်ပေါ့.."

ကာရံ့ အသံက တင်းမာပြတ်တောက်နေ၏။

သူမ ဒီလူ့စုကို ရင်ဆိုင်ခဲ့ရခြင်းဟာ ဘဝတွေ၊ သိက္ခာတွေ၊ မာနတွေ အားလုံးကို ချနင်းပြီးတော့ပါ၊ ထို့ပြင် ပြောသွားခဲ့ပြီးသော ရှာန့် ဆီက စကားတွေအပေါ်မှာ မျက်လုံးစုံမှိတ်၍ ယုံကြည်လိုက်ခြင်းလည်း ဖြစ်သည်။

အကယ်၍ သူမ အမြဲတမ်း စိုးရိမ်နောက်တွန့်နေခဲ့မိသလို ရှာန် ဟာ အပြောကောင်းကောင်းနှင့် အယုံသွင်းနေခဲ့တဲ့သူသာ ဖြစ်ခဲ့လျှင်...

"ဟဲလို.."

ဟိုဘက်က ဖုန်းကိုင်လိုက်တာ ရှာန် မှန်း သိသည်နှင့် ရင်ဝမှာ ဒိန်းခနဲ ဆောင့်ခါသွားခြင်းက တစ်ကိုယ်လုံးကို ဇာင်ပေါက်လိုက်သည် နှယ်...

လူတွေရဲ့မျက်လုံးတွေရှေ့မှာ ဘယ်လိုမှ အံကြိတ်တောင့်ခံထားနိုင်သည်မို့ ဖျတ်ခနဲ ကျောခိုင်းလိုက်ရကာ...

"ရှာန်..၊ ကျွန်မပါ.."

"ကာရံ ကလေး ဘာဖြစ်လို့လဲ၊ မဆက်စဖူး.."

ပြောလိုက်တော့ ကျောနောက်က တိတ်ဆိတ်နေခြင်းသည် ချောက်ကမ်းပါးထိပ်မှာ ရပ်နေသူကို တွန်းချတော့မည့် လက်တွေကဲ့သို့...

"ရှာန်.."

"အင်း..၊ ပြော.."

"ဟန့်ပန့် ကို ရှင်ကိုယ်တိုင် သားက ရှင့်သားပါလို့ ပြောရဲလား"





"ဘာ.. ဘယ်လို..၊ ဟား... နားထဲမှာ ပူယူသွားတာပဲ၊ ကိုယ့်ကို ရှင်းအောင်ပြောလေ၊ ဟန်ပန် နဲ့ ဘယ်လိုငြိသွားတာလဲ၊ မင်းကို အဲဒီ အကြောင်းတွေ ကိုယ် ဘာမှမပြောခဲ့ဘူး ထင်တယ်၊ မင်း ခု ဘယ်မှာလဲ၊ ကာရံ.. ဟေ့.."

"ကျွန်မ ရှင့်ကို အများကြီး ပြောချိန်မရဘူး ရှာန်၊ အခု ကျွန်မ အနားမှာ သူတို့သားအမိနဲ့ တခြားလူတွေ ရှိနေတယ်၊ ဟန်ပန့် လက်ထဲကို ဒီဖုန်းထည့်ပေးလိုက်တဲ့အခါ ရှင် ပြောရဲသလား.."

"နေဦး ကာရံ၊ ဟန်ပန် က ကိုယ်နဲ့စေ့စပ်ထားတဲ့ မိန်းကလေး၊ သားက ကိုယ့်သားဆိုတာ မင်း ဘယ်တုန်းကမှ မပြောခဲ့ဘဲနဲ့၊ ပြီးတော့ မင်း ဘယ်သူဆိုတာလဲ ခိုင်မာမှုမရှိဘဲနဲ့ ကိုယ်က ဘယ်လို ယုံကြည်ချက် တွေနဲ့ စွန့်စားရမလဲ"

ရင်ထဲမှာ ရူးခနဲ အောင့်သွား၏။ ဖုန်းပြောနေသည့်ကိုယ်ဟာ ကိုယ့် ရဲ့ကိုယ်ခန္ဓာမဟုတ်ဘဲ လေထဲမှာ လွင့်မျောသွားသလို ခံစားနေရသည်။

သူ ငြင်းလိုက်ရင်..။

"ကာရံ ပြောလေကွာ၊ ဒါကို ဝန်ခံလိုက်ဖို့ဆိုတာ ကိုယ့်သိက္ခာ ဘယ်ထိရောက်သွားမလဲ မင်း သိရဲ့လား၊ မင်းကို ကိုယ် အတန်တန် မေးခဲ့တာတွေ၊ မင်း အခုပြောပြလိုက်ပါ"

"ဟက်ပီးနယူးရီးယားညတစ်ညမှာ ကျွန်မဘဝကို ဖျက်ဆီးပစ်ဖို့ ရောက်လာခဲ့တာ ဆိုင်ကယ်တစ်စီးနဲ့ လူတစ်ယောက်၊ ဒလိမ့်ခေါက်ကွေး လွင့်ထွက်ပြီးတော့လေ..."

ပြောနေရင်း မျက်ရည်က ပြည့်သိပ်လာသည်။ ကျောခိုင်းထားတဲ့ အချိန်မှာ ငိုပစ်လိုက်ချင်သော်လည်း ပြန်လှည့်ပြီး မျက်နှာစုံသည့်အချိန်မှာ မျက်ရည်တစ်စိုးတစ်စိမျှ ပါလို့မဖြစ်..။

ထို့ကြောင့် မျက်နှာလေးမော့၍ မျက်တောင်တွေကို ပုတ်ခတ်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ရှားရင်း…

"ရှင် ဆုံးဖြတ်နိုင်ပြီလား"

"ဟန်ပန် ကို ဖုန်းပေးလိုက်ပါ"

ရင်ထဲမှာ ဝင်းခနဲ လင်းလက်သွား၏။ ဒါဟာ သူ့ကို ပိုင်ဆိုင်ချင်တာမျိုးလည်း မဟုတ်၊ သူ့တစ်ပါးကို အနိုင်ရလိုမှုသက်သက်လည်း မဟုတ်ပေ‥။

သတိလစ်မတတ် ထိတ်လန့်ရှက်ရွံ့ဖွယ်ကောင်းသော အကျပ်အတည်းတစ်ခုမှ လွတ်မြောက်ခြင်းအတွက်သာ ဖြစ်လေသည်။

"ဟန်ပန်‥ အဲဒီမိန်းကလေးဟာ ကိုယ့်ရဲ့ အတိတ်ပါ၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံးမှာလည်း ကိုယ့်အတွက် သူတို့သားအမိက အဓိကပဲ၊ ဟန်မင်းကို ကိုယ် ယုတ်မာခဲ့တာ လုံးဝမဟုတ်ပါဘူး၊ အဲဒီအတိတ်တွေ မင်း စိတ်ဝင်စားမယ်ဆိုရင် ပြောပြနိုင်တယ်၊ အခု သူတို့သားအမိကို မင်း နှုတ်နဲ့ရော လက်နဲ့ရော လုံးစ မစော်ကားမိဖို့ ပြောချင်တယ်"

ဖုန်းက စပီကာဖွင့်ထားတာမို့ အကျယ်ကြီး ဖြစ်နေသည်။ ဒေါ်အေမိညို အံ့ဩကြိတ်ကြိတ်နှင့် မျိုသိပ်နိုင်သည့်အဆုံးမှာ တက်ခေါက်၏။

ပြီးတော့ ဟန်ပန် ကိုင်ထားသည့်ဖုန်းကို လွှဲရိုက်ချလိုက်ကာ လက်ကိုဆောင့်ဆွဲ၍ နေရာမှ ထဘီမ,၍ ထွက်သွား၏။ ကြောင်တက်တက် ရပ်နေကြတဲ့သူတွေရှေ့မှာ ကာရံ ဘာမှ ထပ်မပြောတော့ဘဲ သားလေး ဖုန်းပြေးကောက်တာကို ရပ်စောင့်ပြီး ပြန်လာခဲ့သည်။

မထင်မှတ်သည့် ဒေါသစိတ်တစ်ချက်မှာ တစ်သက်လုံး မျိုသိပ်ခဲ့သမျှ ဘူးပေါ်သလို ပေါ်သွားပြီဖြစ်၏။

သားလေးကလည်း မော့တကြည့်ကြည့်နှင့် ပါလာပြီး ကားပေါ်ရောက်မှ…

"မေမေ‥ ဦးဦးက သားသားဖေဖေ တကယ်လားဟင်"





"သား‥"

"မေမေပဲ ဖေဖေက သေသွားပြီဆို၊ နောက် ဘယ်တော့မှ မမေးရဘူးဆို…"

"သားလေးရယ်‥"

ကားသော့က လက်ထဲကနေ ပြုတ်ကျကာ သားလေးကိုသာ တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်မိသည်။

ကလေးငယ်လေးဆိုပေမယ့် သားလေးကို လူမထင်သလို ဆက်ဆံခဲ့မိသည့်အတွက် မဖြေနိုင်၊ စကားပြောတတ်စက သူများတွေ ဖေဖေ ခေါ်တာကို သတိထားမိတာနှင့် အိမ်မှာ ပြန်မေးခဲ့ဖူးသည်။

သူမ မျက်ရည်တစ်ချက်ကျလိုက်တာနှင့် နောက် ဘယ်တော့မှ မမေးပါဘူးလို့ ကတိပေးခဲ့တဲ့ သားလေး‥။ လွတ်ခနဲ တောက်ခနဲ မေးခဲ့ဖူးရင်တောင် 'သားသား မမေးတော့ဘူး"လို့ ကမန်းကတန်း တောင်းပန်ရှာသည်။

ကိုယ်ကတော့ ရှာန့်တို သား၏အဖေမှန်းသိနေရက်နှင့်တောင် ဘယ်သူ့ကိုမှလည်း မယုံကြည်၊ သားလေးကိုလည်း မပြော‥။

ဒီဝဋ်ကြွေး ဒီမှာပဲ ကုန်ဆုံးပါစေ‥။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၃]

မိုးသည်းလာတော့ ဝယ်စရာရှိတာ မြန်မြန်ဝယ်ပြီး ကားဆီ ပြန်ပြေးခဲ့သည်။ ဒါပေမယ့် ပစ္စည်းတွေကို ကားထဲမှာ တင်လိုက်ပြီးမှ သနပ်ခါးပန်းသည်ကိုတွေ့တော့ ကားထဲ မဝင်ဖြစ်ပြန်··။

"သနပ်ခါးပန်း ဘယ်လောက်လဲဟင်"

"သုံးစည်းပဲ ကျန်တော့မယ် မမ၊ တစ်စီးကို နှစ်ရာပါ"

"ငါးရာ ထားလိုက်နော်"

"မရလို့ပါ မမရယ်၊ ပန်းတွေက ရွေးကျတွေလည်း မဟုတ်ပါဘူး၊ ဝင်းထိန် မွှေးနေတာပဲ"

"ယူလိုက်ပါ၊ ကိုယ် ပေးလိုက်မယ်"

"ဟင်··"

ရှာန်··။

ကာရံ မော့ကြည့်ပြီး မျက်နှာလေး လွှဲပစ်မိသည်။ ကိုယ်က ထီးပါပေမယ့် သူက ဒီတိုင်း ရေတွေစိုလျက်··။ ပန်းတွေကို သူပဲယူသွပဲ ပိုက်ဆံပေးကာ···





"ကိုယ့်ကို ထီးမိုးမပေးချင်ဘူးလား"

ဖြည်းဖြည်းမှန်မှန် သည်းနေသည့် မိုးစက်တွေက သူ့ဆံပင်ဖျားတွေမှာ ရေစက်တွေကျတဲ့အထိ ရွှဲနေပြီ··။

"ကျွန်မက ပြန်တော့မှာ"

ကိုယ့်ဝန်စံချက်နှင့်ကိုယ်မို့ အရင်လို ဆက်ဆံဖို့က မဖြစ်နိုင်တော့ပါ။ ဒါပေမယ့် သူ့ကို လက်ခံချင်တဲ့စိတ်လည်း ကိုယ့်မှာ အနည်းငယ်မျှမရှိ··။

"ကိုယ့်ကိုပေး··"

"အို··"

ထီးကို သူက ဆွဲယူလိုက်ပြီး နှစ်ယောက်လုံးအောင် မြှင့်လိုက်တော့ ပန်းချင်းထပ် ရင်ချင်းကပ် ကားတံခါးလှည့်ဖွင့်ပြီး ဝင်လိုက်ဖို့ဖြစ်ပြီးမှ လက်ပြန်ရုတ်ကာ···

"ရှင် သွားစရာရှိတာ သွားပါ၊ ထီးယူသွားချင် သွား··"

"မင်းဆီမှာ ထီးလာငှားတာမှ မဟုတ်ဘဲ ကာရံ၊ တစ်နေ့လယ်လုံး စိတ်တွေလှုပ်ရှားပြီး ဘာမှလုပ်လို့မရဘူး၊ ကိုယ် မင်းနဲ့ စကားပြောချင်တယ်"

ကာရံ နှုတ်ဆိတ်နေလိုက်၏။

"ဘယ်လိုလဲ"

"အို··· ဘယ်လိုလုပ်တာလဲ"

ကာရံ့ ကိုယ်လေး ကားမှာ ကပ်ပြားသွားအောင် သူက ထိကပ်ရပ်နေကာ···

"မိုးသည်းလာပြီ၊ မင်းကို စိုကုန်မှာစိုးလို့"

"ကျွန်မ သွားတော့မယ်"

"ကိုယ့်ဆီ မင်း လာမလား၊ ကိုယ် မင်းဆီ လာခဲ့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ ချာန်..၊ ကျွန်မ ဒီထက်ပိုပြီး ဦးနှောက်ခြောက် ရရင် ရူးသွားလိမ့်မယ် သိလား.."

ထိုစဉ် မိုးတွေ အော်မြည်လာ၏။ မိုးစက်တွေက လေနှင့်အတူ ဖြန်းပက်လာတော့ ထီးကတခြား၊ လူကတခြားမို့ နှစ်ယောက်စလုံး စိုရွှဲကုန်သည်။

ကာရံ့ ကိုယ်လေးမှာ ရေတွေစိုနေတာမြင်မှ သူက ကိုင်ထားသည့် ပန်းတွေကို ကာရံ လက်ထဲ ထည့်ပေးပြီး...

"ကားပေါ်တက်.."

သူကိုယ်တိုင် တံခါးဖွင့်ပေး၏။ ထီးပါပိတ်ပြီး လှမ်းပေးတော့...

"ရှင် ယူသွားလေ"

"ရပါတယ်..၊ မင်းသာ အိမ်ရောက်ရင် ရေတွေခြောက်အောင် လုပ်လိုက်ဦး"

သူ မိုးရေထဲမှာ ဒီတိုင်းရပ်ကျန်ခဲ့၏။ ချာန် သည် လိုက်လျောလွန်း တဲ့ယောကျ်ားမျိုးလည်း မဟုတ်၊ မာန်မာန ထောင်လွှားတာမျိုးနှင့်လည်း မတူ..။ လိုက်လျောသလိုရှိပြီး ပြောချင်ပြီဆိုလည်း ဘယ်သူ့မျက်နှာ ဘာဖြစ်ဖြစ် ခပ်ကြောကြော..။

နင် ဘယ်လိုလဲ ကာရံ..။

ချာန် ကို ယုံကြည်သွားတာလား၊ လက်ခံလိုက်ပြီလား..။ သူကရော နင့်ကို လက်ထပ်ပြီး ရိုးမြေကျ သစ္စာရှိရှိ ပေါင်းသင်းမယ့်သူ ဟုတ်ရဲ့ လား..။ တစ်ခုခုတော့ သေချာသင့်၏။



## အခန်း [၁၅]

"မေမေ.."

"ဟင် သားသား အိပ်တော့လေ"

"ဟင့်အင်း..၊ မေမေ့ကိုယ်တွေ တအားပူခြစ်နေတာ သားသား ကြောက်လို့.."

နေ့အလက်ာက တကယ့်ကို ဘေးမှာ တင်ပလ္လင်ခွေလေးထိုင်နေရာ က မထ..။

"သားသားရယ်.."

ကာရံ သားလေးလက်မောင်းကို ကိုင်လိုက်ပြီးမှ ပြန်လွှတ်မိသည်။ အပူတွေ ကူးစက်သွားမှာစိုးလို့ ဖြစ်သည်။ ညနေက ကန်တော်ကြီးထဲက အပြန် သားလေးကို သူ့ဆရာမအိမ်မှာ သွားအပ်ထားပြီး ကားပေါ်မှာ အားရပါးရ ငိုခဲ့သည်။

မိုးချုပ်ခါနီးမှ ဈေးသွားဝယ်ပြီး ပြန်တော့ မိုးမိခဲ့၏။ တကယ်က ချာန် က ပိုပြီးစိုတာပါ။ သူ ဘယ်လိုနေသည်မသိသော်လည်း မိုးမှာ ဒီတိုင်း ဖျားတတ်သည့်အကျင့်ကြောင့် သူမမှာတော့ ရှိတဲ့ဆေးတွေလည်း မနိုင်ဘဲ ဖြစ်သွားခဲ့၏။

www.burmeseclassic.com



မျက်လုံးမှိတ်လိုက်တော့ သဲတွေ အဆုပ်လိုက်ဝင်ထားသလို ကြမ်းရှပွလောင်နေ၏။ လည်ချောင်းတွေနာ၊ နှာခေါင်းတွေ ပူ…။

"အိပ်ပါ သားရယ်…၊ လူကြီးတွေက ကိုယ်ပူတာလောက်နဲ့ ဘာမှမဖြစ်ဘူး သားသားရဲ့၊ တော်ကြာ အိပ်ပျော်သွားရင် ပျောက်သွားမှာ…"

နေအလက်ာ က ခေါင်းခါမြဲ ခါလျက်…။

"သားသား မေမေ့ကို စောင့်နေမယ်"

"ဘာဖြစ်လို့လဲ သားရယ်…"

"မေမေ့ကို သနားလို့…"

"မေမေ ခု အိပ်တော့မှာပါဆို"

"မေမေ အရင်အိပ်လေ၊ သားသား နှိပ်ပေးမယ်"

ရင်ထဲမှာ ကြည်နူးသွားမိသည်။ ဒါပေမယ့် သားလေးအိပ်လို့မရခြင်းဟာ နောက်ထပ်အာရုံများစရာတစ်ခု ရှိနေသေးလို့မှန်း သိလိုက်ရတော့…

"သားသား နှိပ်ပေးမယ်နော် မေမေ"

"သားလေးကို အပူကူးမှာ စိုးလို့ပါ သားရယ်၊ အိပ်တော့နော်…"

"ဒါဆို သားသားမေးတာ မေမေ ဖြေမှာလား"

"ဟင်… ဘာလဲ…"

"ဒီတစ်ခါ ဦးဦးလာရင် သားသားက ဖေဖေလို့ ခေါ်လို့ရပြီလားဟင်"

ရင်ထဲမှာ ဓူးတစ်ချောင်း နစ်ဝင်သွားသလိုပင်…။

"ဟိုအန်တီတွေကိုပြောတော့ မေမေပဲ ဦးဦးက သားသားရဲ့ဖေဖေဆို…"

"ဟုတ်… ဟုတ်ပါတယ် သားရယ်…၊ ဒါပေမယ့်လေ…"

"မေမေပဲ ညာပြောတာ ငရဲကြီးတတ်တယ်ဆိုပြီးတော့၊ အဲဒီမှာ ညာပြောခဲ့တာလား… မဟုတ်ဘူးမို့လား ဟင်၊ မေမေ တကယ်ပြောတာမှ လား၊ သားသားလေ ဦးဦးကို ဖေဖေလို့ခေါ်ချင်တယ်၊ ဦးဦးကို သားသား





ချစ်လို့ပါ၊ နော်… မေမေ နော်…"

တစ်ညနေလုံး သားလေး ဘယ်လောက်ထိ မျှော်သိပ်အောင့်အည်းထားသည် မသိ…။ လက်ကို ဆွဲလှုပ်ခါ၍ မေးတမ်းကို ပူဆာနေတော့သည်။

"ဂျောက်…၊ ဂျောက်… ကာရံ ရေ…၊ ညီမ…"

"ဟော… အပြင်မှာ ချွှံသည်ရောက်နေတယ်"

သားလေး မေးခွန်းတွေရပ်သွားအောင် တတ်နိုင်လိုက်ပေမယ့် တံခါးဖွင့်ဖို့ ဆင်းသွားမိလိုက်လျှင်…

"ဟင်… ဆရာမ…"

ဆရာမဆိုတာ သားလေးရဲ့ဆရာမ မဟုတ်ဘဲ ဒေါက်တာချိုမြရီ ဖြစ်နေသဖြင့် အံ့ဩသွားမိစဉ်…

"ဟုတ်တယ်၊ ချွှံသည်တွေပါသေးတယ် ညီမရဲ့…၊ တံခါးဖွင့်ပါဦး"

ည ရှစ်နာရီခွဲနေပြီမို့ အိမ်ထဲက ဖြာဆင်းနေသည့်မီးရောင်က လမ်းပေါ်ထိတော့ သိပ်မလုံလောက်ပေ…။

ဒါပေမယ့် ကားတစ်စီး၏ အရိပ်မည်းကြီးကို မြင်လိုက်ရသည်နှင့် ထိတ်ခနဲတော့ ဖြစ်သွား၏။

"မိုးဖွဲလေးတွေ ကျလာတယ် ကိုဖော်တို့ လာလေ"

ချိုမြရီ က လှည့်ခေါ်လိုက်တော့ ယောကျ်ားနှစ်ယောက်၏ပုံသဏ္ဍာန်တွေ ပေါ်လာခဲ့ပြီး…

"ဟင် ရှာန်…"

ကုတ်အင်္ကျီရှည် အနက်ကြီးနှင့် တစ်ကိုယ်လုံး နက်မှောင်နေသော ရှာန် ကို ခြံရှေ့ရောက်လာမှ မြင်သည်။ ဘေးမှာ ဒေါက်တာခင်ပွန်း ဦးဖော်ဝိတ် ဆိုသည့်လူကြီးနှင့်…။

"ဆရာမ ဘာ… ဘာလာလုပ်ကြတာလဲဟင်"

"တံခါးလေးတော့ ဖွင့်ပေးပါဦး ကာရံ ရယ်…၊ တို့မျက်နှာမြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ညီမက တံခါးဖွင့်ပေးမှာပဲလို့ ဆရာကြီးလုပ်ပြီး ဦးဆောင်လာခဲ့တာ၊ အရှက်ပြေပေါ့"

"သြော်·· ဟုတ်ကဲ့၊ ဝင်··· ဝင်ပါ ဆရာမ"

မတတ်နိုင်တော့ပါ၊ တံခါးဖွင့်ပေးလိုက်ပြီး ကိုယ်ကိုယ်ပါ ရှောင်ပေးတော့ သူတို့ အထဲဝင်လာကြ၏။ ဈာန် ကတော့ သူမဘေးမှာပဲ ခပ်လှုပ်လှုပ် လျှောက်လာပြီး···

"မင်းနဲ့ ကိုယ် စကားပြောချင်နေတာ၊ ဒီည ဘယ်လိုမှ အိပ်ပျော်မှာမဟုတ်ဘူး၊ အဲဒါကြောင့် မင်းဆီကို လာလို့ရတဲ့လူကို အကူအညီတောင်းပြီး ထွက်လာခဲ့တာ၊ နာခေါင်းသံတွေ ပါနေသလိုပဲ၊ နေကောင်းရဲ့လား··"

ပြောပြောဆိုဆို လက်ဖဝါးကို ဆုပ်ကိုင်ပစ်လိုက်သဖြင့် ကာရံ ရှောင်ချိန်မရလိုက်ဘဲ ဖြစ်သွားသည်။ အမှတ်တမဲ့ လက်ကို ရုတ်ပစ်လိုက်မိသည့်အချိန်ကြောင့် လူက ရိပ်ခနဲမှုသွားပြီး···

"အား··"

"ကာရံ···"

"ဘာဖြစ်တာလဲ"

"သူ ဖျားနေတယ် ဒေါက်တာ၊ ညနေက မိုးမိသွားတာ"

ချည်သည်တွေပါ ဒုက္ခရောက်ကုန်ကြ၏။ ဒေါက်တာက ဒေါက်တာပေမယ့် ဆေးပစ္စည်း ဘာမှပါမလာသောကြောင့် ဆေးအမည်တွေရေးပြီးဝယ်နှင့် လူနာကို ဆေးကုပေးပြီးတော့ ည ဆယ်နာရီကျော်သွား၏

"အဖျား တစ်ရှာနှစ်တောင်ရှိတာ ညီမရယ်··၊ တို့ရောက်လာတာ တော်သေးတာပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်··၊ ကာရံ ရပါပြီ၊ အချိန်မရှိတော့ဘူး"

"ဘာလဲ နှင်တာလား··"





"မဟုတ်ပါဘူး၊ ညဥ့်နက်နေမှာ စိုးလို့ပါ"

ဈာန် ကို မကြည့်ပေမယ့် မရှိစေချင်တာက ဈာန့် ကိုမှန်း ကိုဇော်ဝိတ် ကလည်း သိသည်။

"ညဥ့်နက်လဲ ပြန်ဖို့ကိစ္စအတွက်တော့ ကျုပ်တို့လင်မယားက ပြဿနာမရှိပါဘူး၊ လူမမာဖြစ်နေတဲ့ ညီမအတွက်ကတော့ လိုမယ်၊ ဈာန် က လူနာစောင့် နေခဲ့လိုက်ပါလား··"

"ရှင်···"

ကာရံ မျက်လုံးပြူးသွားတော့ ကလေးကို ပေါင်ပေါ်တင် ဖက်ထားသည့် ဈာန် က ပြုံးသည်။ ကိုဇော်ဝိတ် နှင့် ချိုမြရီ တို့ မျက်လုံးချင်း စကားပြောကာ···

"ဟုတ်တယ် ညီမ··၊ ကလေးကလဲ အရမ်းငယ်သေးတော့ ညီမ ခုလိုဖြစ်နေတာကို ကြောက်နေရှာမှာ၊ ကိုဈာန်ကလဲ သူစိမ်းမှမဟုတ်တာကွယ်"

"အို·· ဟုတ်ဟုတ်,မဟုတ်ဟုတ် မသင့်တော်ပါဘူး ဆရာမရယ်၊ ဟုတ်တား၊ သူ ဒီမှာနေလိုက်ရင် ကာရံ ကို သူများတွေ ပြောကြမှာပေါ့"

အမြဲတမ်း ကျွန်မလို့ပဲ ကြားနေကျမို့ သူမကိုယ်သူမ ကာရံ လို့ ပြောလိုက်တာလေးကို ဈာန် က ငေးကြည့်နေသည်။

"မပြောရပါဘူး၊ ဘယ်သူမှကို မသိလိုက်စေရဘူး၊ ခုလဲ ညဥ့်နက်နေပြီလေ၊ မနက်လဲ အစောကြီး ကိုဇော်ဝိတ် လာခေါ်မှာပါ၊ တို့က ညီမကို စိတ်မချလို့ပါ၊ မငြင်းပါနဲ့ကွယ်"

"ရပါတယ်··၊ ကိုဇော်ဝိတ် တို့ ပြန်ပါ၊ ကျွန်တော် သူနဲ့ စကားပြောစရာတွေ ရှိသေးတယ်"

"ဟင့်အင်း··၊ ဈာန် ပြောချင်ရင် မနက်မှလာခဲ့၊ ကျွန်မ နားချင်ပြီ··"

"မင်းလိုပဲ ကိုယ် ခုထိ တစ်ချက်မှ မနားရသေးဘူး၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မင်းလိုတော့ တစ်ယောက်တည်းနေချင်စိတ် မဖြစ်ဘူး''

သူက ကာရံ ကိုပြောပြီး ကလေးကို ငုံ့ကြည့်၍…

''သားသား မေမေ ပြန်ရမှာလား''

''ဟင့်အင်း''

သူ့နှုတ်ဖျားက မေမေလို့ ပြောလိုက်သံကြောင့် ကာရံ တစ်ကိုယ်လုံး ဖျင်းခနဲ ပူရှိန်းသွား၏။ ဒီလိုခံစားမှုမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးပါ…။

''မေမေ…''

သားလေးက အနားကို ချက်ချင်းဆင်းချလာပြီး ကာရံ့ လက်မောင်း တစ်ဖက်ကို ဆွဲဖက်လှုပ်၍…

''မေမေပဲ သားသားမေမေက ဖေဖေဆို…၊ သားသား မေးတုန်းက မေမေပဲ ခေါင်းညိတ်ခဲ့တာ''

''သားသား''

''ဖေဖေဆိုရင် မေမေနဲ့ တူတူနေကြတာလေ''

''သားသား မေမေ ပြောဦးမယ်''

''ဟင့်အင်း…၊ ညနေက မေမေပဲ ငိုနေတာ၊ ဖေဖေ မလာလို့ ငိုတာလားဆိုတော့ 'အင်း' တဲ့…''

မြတ်စွာဘုရား…။ ငိုနေတာက သပ်သပ်၊ ကလေးက မေးနေတာ ပြီးစလွယ် ခေါင်းညိတ်လိုက်တာပါ…။

လူတွေရှေ့မှာ ပြောချလိုက်ပြီမို့ ဘာမှလည်း တားဆီးချိန်မရလိုက်…

''ဖေဖေ လာတော့မှ မေမေ ဘာလို့ ပြန်လွှတ်တာလဲ၊ သားသား ဖေဖေ့ကို ပြန်မလွှတ်ဘူး၊ ဖေဖေ ပြန်သွားရင် သားသား ငိုမှာ…''

''ကိုယ်လဲ မကျန်းမာဘဲနဲ့ ကာရံ ရယ်…၊ ကလေးရဲ့ကုသိုလ်ကြောင့် ခုလို မိသားစုလေးပြန်ဆုံရတာကို စိတ်မချမ်းသာစရာတွေ ထပ်မဖန်တီးပါနဲ့တော့၊ ကိုရာန် က ညီမနဲ့သူ အရင်ကတည်းက ဆုံစည်းခဲ့





အကြောင်း၊ နည်းနည်းပါးပါး ပြောပြပြီးပြီ၊ သူ့ကိုလဲ ယုံလိုက်ပါ၊ ပြီးတော့ ကိုကိုလဲ ယုံကြည်စေချင်တယ်၊ ညီမတို့ ရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ကြဖို့ နေထိုင်ကောင်းတာနဲ့ အားချင်း စီစဉ်လို့ရတယ်လေ ပတ်ဝန်းကျင်ကပြောလဲ ဘာဖြစ်လဲကွယ်…၊ သားရဲ့မေမေ ပြန်ရောက်လာတာလို့ ပြောလိုက်ပေါ့၊ လင်မယား ပြန်ပေါင်းတာ ဘယ်သူ ကဲ့ရဲ့မှာလဲ''

ဒေါက်တာချိုမြရီ က ပေါင်းသင်းကြဖို့ကိုပဲ အင်တိုက်အားတိုက် ပြောနေ၏။ ကိုဇော်ဝိတ် ကလည်း ခေါင်းတညိတ်ညိတ်…။

ရာန် ဘယ်လောက်ထိ ဖြစ်သလဲဆိုတာ သူ သိနေလို့ ဖြစ်သည်။ ဒါ ခုမှမဟုတ်ပေ။ ကာရံ ဆိုသည့်မိန်းကလေးအကြောင်း မသိရမချင်း စုံစမ်းတာတွေ၊ မသိအောင် တကောက်ကောက် လိုက်နေတာတွေ…။

ရာန် တစ်ယောက် တိုင်ပင်တတ်တဲ့အကျင့် မရှိပေမယ့် မသိသေးတာကို သိရဖို့အတွက်တော့ သူ့ကို ပြောခဲ့ရသည်သာ…။ ဒါတွေ ချို့ကို ပြောပြလျှင် နှုတ်ခမ်းမဲ့လိမ့်မည်။

''ဟုတ်မှာပါ၊ ရှင် မသိတာမှ မရှိတာ''လို့…။

''နော်… မေမေ၊ နော်… ဖေဖေ့… ဖေဖေ မပြန်နဲ့နော်၊ သားသား ပြောထားတာနော်''

ကလေးက မအေလက်ကို ဆွဲလှုပ်ပြောရင်း နောက်ကြောင်းမအေးသလို ဖအေကိုလည်း တကြည့်ကြည့်နှင့်။ အဘော်ကြီး ဆင်တူနေသည့် သားအဖမျက်နှာကို ယှဉ်ကြည့်ကာ ချိုမြရီ ကတော့ သဘောကျလို့ မဆုံးပါ…။

''ကဲ ညီမ…၊ တစ်ရေးအိပ်ချင် အိပ်လိုက်…၊ တို့ ပြန်မယ်နော်၊ မနက်တစ်ခေါက် လာကြည့်မယ်၊ ကိုရာန် ကိုလဲ လာခဲ့ရင်းလေ၊ ကိုဇော် လဲ ပြန်လိုက်လာမှာ…''

သားနှင့် သူတို့ကြားမှာ ကာရံ ဘာမှမပြောနိုင်သေးဘဲ သားအဖ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် တံခါးပိတ်ပြီး ပြန်ဝင်လာကြတော့ စောင် ခေါင်းမြီးခြုံနေလိုက်မိ၏။

"ဟိတ်...၊ အဲဒီလောက် ပူပူလောင်လောင်ကြီး လုပ်မနေရဘူး"

"အို..၊ ဖယ်ပါ"

"ဟား... ဟား..၊ မေမေ အိပ်ချင်ယောင်ဆောင်နေတယ်"

သားလေး ပျော်နေလိုက်တာ၊ ချာန့် လက်ကို တစ်ချက်မှကို မလွှတ်ခဲ့ပေ..။

"ဖေဖေ..၊ မေမေ ဘာမှ မစားရသေးဘူး"

"ဟုတ်လား..၊ မီးဖိုချောင်ထဲမှာ ဘာရှိလဲ"

"မနက်ဖြန် သားသားတို့ ထမင်းချိုင့်အတွက် ကြက်သားနဲ့ အာလူးနဲ့ ချက်တယ်"

"ဟင်းကောင်းသားပဲ၊ ဒါပေမယ့် ဖျားနေရင် ထမင်း မစားရဘူးကွ၊ ဖေဖေလဲ ဘာမှမလုပ်တတ်ဘူး၊ ဘာလုပ်ကြမလဲ"

"သားသား စားဖို့ ဝယ်ထားတဲ့ ကိတ်ခြောက်တွေ ရှိတယ်၊ အဲဒါ မေမေစားအောင် ဖေဖေ ကျွေးပေးလေ၊ သားသားကျွေးရင် မေမေက စားမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"မေမေက ခဏခဏ ကိုယ်တွေပူတယ်၊ နေမကောင်းရင် ထမင်း မစားရဘူးလို့ ပြောပြီးတော့ သားသားစားတဲ့ မုန့်တွေ ကျွေးရင်လဲ မစားဘူး"

မီးဖိုခန်းထဲမှာ ထမင်းစားပွဲဝိုင်းလေးရှိပြီး ကုလားထိုင်လေးနှစ်လုံးနှင့် ဖြစ်သည်။ တစ်လုံးကို အမြင့်လေးလုပ်ထားသဖြင့် သားအမိနှစ်ယောက် ထမင်းစားကြပုံလေးကို မြင်ယောင်ကာ ချာန် စိတ်မကောင်းဖြစ်သွားမိသည်။





မိန်းမတစ်ယောက်၏ နှစ်မွန်းရခြင်းသီအိုရီတစ်ပုဒ်ကို ကိုယ်တိုင်ကျက်မှတ်၍ လှန်လှောလိုက်ရသလိုပင်..။

ခြေတစ်လှမ်းအမှားလေးမှာ ပေးဆပ်လိုက်ရတာတွေက တစ်ဘဝလုံး..။ ကလေးတစ်ဖက်နှင့် ဘဝကို ရုန်းကန်ရလိမ့်မည်။ အထင်မြင်သေးသူတို့၏ ထိကပါးရိကပါး စော်ကားလိုခြင်းတွေကလည်း လွတ်မြောက်အောင် ရှောင်ရှားရမည်။ ပြီးတော့ ရှိတာလေးနှင့် လှအောင်ဝတ်ဖို့၊ ရတာလေးနှင့် ဝ,အောင်စားဖို့..။

ဒီလို စောင့်ထိန်းဖို့ကလည်း မလွယ်..။

ကာရံ ဒုက္ခရောက်ခဲ့ရတာတွေကို ဒေါက်တာချိုမြရီ က တစ်လမ်းလုံး ပြောပြလာသည်။ ဒါတောင် သူမနှင့် တကယ် တိုက်ရိုက်ပတ်သက်နေသူမှန်းသိမှ ပြောတာ ဖြစ်သည်။

"သူ ကိုယ်ကျင့်တရား စောင့်ထိန်းတတ်တာလေးကို ကျွန်မက သဘောကျတာ၊ လေးလဲ လေးစားတယ်၊ အရမ်းလှပြီး ချိုင့်မှုတွေ ပြည့်ကျပ်နေတဲ့ မိန်းကလေးတစ်ယောက်အတွက် လုံးဝကို မလွယ်ကူတဲ့ သဘောတရားပါ"တဲ့..။

"ဖေဖေ.."

"ဟင်.."

သားက လက်ကိုဆုပ်ကိုင်လိုက်တော့မှ စိတ်ကူးထဲကနေ နိုးထသွားခဲ့သည်။

"မေမေက ဆံပင်တွေ အရမ်းထူလို့တဲ့၊ ခေါင်းလျှော်တာ ကြာရင်လဲ နှာတွေချေတယ်၊ တစ်ခါတစ်ခါ ကိုယ်ပူတယ်၊ ခုလို မိုးတွေမိရင်လဲ ကိုယ်ပူတာပဲ၊ ဖေဖေရော အဲလိုဖြစ်လားဟင်"

ချာန် က ပြုံးလိုက်ပြီး ထမင်းစားပွဲက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပြီးတော့ ကလေးကို ပေါင်ပေါ်ပွေ့ယူ၍ ဖက်ထားလိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေက နနယ်တော့ အဲဒီလို ဖြစ်တာပေါ့ကွ…၊ ဖေဖေတို့က ယောကျ်ား…"

"ဒါဆို သားသားကျတော့ ယောကျ်ား မဟုတ်ဘူးလား၊ မေမေ့လိုပဲ ခဏခဏ ဖြစ်တယ်"

"သားက ကလေးပဲ ရှိသေးတယ်လေ၊ ဖူးပင်ပေါက်လေးတွေကို ပြုစုပျိုးထောင်ပေးရသလို ကလေးအရွယ်လေးတွေဆိုတာ လူကြီးကလဲ ဂရုစိုက်ရတယ်၊ ကလေးကလဲ ကိုယ့်ကိုယ်ကိုယ် နေတတ်ရမယ်"

"နေတတ်တယ်ဆိုတာ ဘာလဲဟင်"

"မိဘပြောစကားကို နားထောင်ရတာပေါ့ သားရဲ့၊ ပြီးတော့ လိမ္မာတဲ့ကလေးဆိုတာ လမ်းပေါ်မှာ သွားလာရင်း တခြားသူက အမြင်မတော်လို့ ဆိုဆုံးမသွားရင်တောင် နာခံ မှတ်သားတတ်ရမယ်"

နေအလင်္ကာ က မျက်ခုံးလေးတွန့်လျက် သေသေချာချာ နားထောင်နေ၏။ ထို့နောက် သူ့မျက်နှာကို မော့ကြည့်လိုက်ပြီး ကောက်ကာငင်ကာ…

"ဖေဖေက ဟိုအရင်က သားသားရဲ့ဖေဖေ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ခုမှ ဖေဖေ ဖြစ်လာတာလဲဟင်…"

ဖြေစမ်း…။ ချာန့် မျက်နှာ အိုးတိုးအမ်းတမ်းနှင့် ရှက်ရယ်ရယ်၏။ ပြီးမှ သားကိုယ်လေးကို ချစ်စနိုး ပွေ့ဖက်လိုက်ပြီး…

"သားသားမေမေက စိတ်ဆိုးနေတာလေ၊ ဖေဖေက လိုက်ချော့နေတာ ခုမှပဲ သူက စိတ်ဆိုးပြေသွားတာကိုး…"

"စိတ်ဆိုးတာက ဖေဖေ တစ်ခုခုမှားတာလုပ်လို့ပေါ့၊ သားသားဆိုရင် ကစားရင်းနဲ့ မေမေ စိုက်ထားတဲ့ပန်းပင်ကို ကန်မိလို့ မေမေ စိတ်ဆိုးတာ မြင်ဖူးတယ်၊ သားသားကို ရိုက်မလို့ လက်ကြီးမြှောက်ပြီးမှ မရိုက်ဘဲနဲ့လေ မေမေက အပြစ်လုပ်တဲ့သူကို မုန်းတယ်တဲ့၊ မေမေ့ကို စိတ်ဆိုးအောင် မလုပ်ရဘူးတဲ့…"





သွားပြန်ပြီ ချာန့်…။

"ဖေဖေက မေမေ့ကို ဘာအပြစ်လုပ်ထားခဲ့လို့လဲ…"

ချာန့် ဒီတစ်ခါ တကယ် ဦးနှောက်ခြောက်သွား၏။ မျက်နှာကိုပဲ မလွှဲတမ်း မော့ကြည့်နေသည့် သားကိုလည်း ဖြစ်သလို လိမ်လွှဲမဖြေရက်…။

"ဟုတ်တယ်…၊ သားသား မေမေက စည်းကမ်းကြီးတယ်လေ၊ ဖေဖေက မိတ်ဆွေတွေများတော့ အိမ်ကို မိတ်ဆွေတွေခေါ်လာပြီး မုန့်တွေစားကြ၊ ကစားကြနဲ့ နေတယ်၊ သားသားလိုပဲ ဖေဖေ့မိတ်ဆွေတွေက အိမ်ရှေ့မှာ ပန်းအိုးတွေထားတာကို မထိမိမြင် ကန်ကျောက် ပေါက်ခွဲပစ်ကြတာ၊ သူတို့က အရမ်းဆိုးတော့ ဖေဖေ့မိတ်ဆွေတွေဆိုပြီး သားသားမေမေက ဖေဖေ့ကိုပဲ ဆူတာပေါ့၊ သူကလဲ စိတ်တွေဆိုး၊ ဖေဖေကလဲ ပြန်အော်နဲ့ အဲဒီလို ဖြစ်ကြတာ၊ အဲဒီကနေ ဟိုကွာ…"

"အဲဒီတုန်းက သားသား ဘယ်ရောက်နေတာလဲဟင်…"

"ဪ…၊ ဟို…၊ သားက ပုခက်လေးထဲမှာ သေးသေးလေး"

"ဟင်… ဖေဖေက မေမေ့ကိုထားခဲ့ပြီး ထွက်သွားတယ်၊ ဟုတ်လား"

ချာန့် ခေါင်းဆယ်ဆလောက် ကြီးသွား၏။ ပြောမှားဆိုမှားတွေ ဖြစ်ကုန်ပြီကို သိလိုက်ပေမယ့် ဘယ်လိုပြန်ဆုတ်ရမှန်းလည်း မသိတော့ပေ…။

"ဖေဖေက မေမေ့ကိုထားခဲ့ပြီး ဘယ်ထွက်သွားတာလဲဟင်၊ မေမေက ပြောတော့ ဖေဖေ မရှိတော့ဘူးတဲ့…၊ သေပြီတဲ့…"

ကိုယ်လွှတ်ရုန်းပြောပြန်ရင်လည်း ကာရံ့ဘက်မှာ အပြစ်အနာအဆာတွေ ဖြစ်သွားနိုင်၏။

"သားသား အဲဒါတွေ လျှောက်မမေးနေနဲ့ဦးနော်၊ ဒါက အိမ်ထောင်ရေးလို့ ခေါ်တယ်၊ ကလေးတွေ နားမလည်နိုင်သေးဘူး သား အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အခါ ဘယ်သူမှ ရှင်းပြဖို့မလိုဘဲ သိလာမှာပါ"

သားက ကျေနပ်သေးပုံ မပေါ်ပါ။ ဒါပေမယ့် သူ စကားဖြတ်ချင်တာနှင့် သားကိုချီလျက်နှင့် ထ,ရပ်လိုက်သည်။

"ဖေဖေ့ကို မုန့်တွေရှိတဲ့နေရာ ပြပါဦး၊ သားသားမေမေ့ကို မုန့်သွားကျွေးရအောင်လေ.."

"ဟုတ်..၊ မေမေ့ကို ဖေဖေ မုန့်ကျွေးလိုက်နော်"

"ကျွေးမှာပေါ့ကွ"

"ဖေဖေ မပြန်နဲ့နော်"

"မပြန်ဘူး"

"တကယ်..၊ မညာရဘူးနော်"

"တကယ်ပါ သားရယ်..၊ မင်း မနက်နိုးလာရင် ဖေဖေ့ရင်ခွင်ထဲမှာ ဖြစ်နေမှာပါ"

"မေမေ ဆူရင်လဲ မပြန်နဲ့နော်"

တဖွဖွမှာရင်း သူ့ကို ဖက်လျက်သားနဲ့ ည ဆယ့်နှစ်နာရီထိုးမှ ကလေးက အိပ်သွား၏။ သူ ကာရံ့ဘေးမှာ ခုံပုလေးနှင့်ထိုင်နေရင်း စီးကရက် သောက်နေမိ၏။

အိမ်လေးတစ်ခုလုံးကို လှည့်ပတ်ကြည့်ရင်း ပြတင်းပေါက်နားမှာ ရပ်လိုက်တော့ ဂျစ်ကားလေးကိုပါ မြင်နေရသည်။

ဒီမနက်လင်းတာနှင့် ကာရံ တို့သားအမိဘဝကို သူ ဖြောင်းလဲပစ်မည် ဆိုသည့် ဆုံးဖြတ်ချက်တွေ အခိုင်အမာနှင့်။ ရင်ထဲမှာလည်း မခံကောင်းနိုင်..။

သူမနှင့် ဘာဖြစ်လို့ ကလေး ဒီအရွယ်ကျမှ ဆုံစည်းခဲ့တာလဲ..။

"အား..."

နောက်က ညည်းသံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်ကာ တစ်ဝက်ကျွံနေသည့် စီးကရက်ကို. တိုင်မှာ ဖိချေပစ်လိုက်၏။





"ဘာလုပ်ချင်လို့လဲ၊ ခဏလေး.."

ကာရံ က ခုတင်အောက်မှာ ခြေချထိုင်ပြီးဖြစ်ကာ ခေါင်းကို ဖိနှိပ်ရင်း ရှုံ့မဲ့နေ၏။

"ကာရံ.."

သူ ဘေးမှာ ဝင်ထိုင်ပြီး လက်ကို ဖယ်လိုက်တော့ ကာရံ က ကိုယ်လေးရို့ကာ...

"ရေသောက်ချင်လို့.."

"ငြိမ်ငြိမ်နေ..၊ ကိုယ် ခပ်ပေးမယ်"

ကာရံ လက်ဖဝါးလေး နွေးနေသေးတာကို သူ ဖိဆုပ်ထားမိသည်။ ရေသောက်သဲ့သည့်လက်ကလေးက တုန်ယင်နေလျက်..။

"ရှင် တစ်ရေးမှ မအိပ်ရသေးဘူးလား"

"အိပ်မရလို့ပါ..၊ မင်း နိုးလာရင် တစ်ခုခု စားမှဖြစ်မှာလေ၊ သားက မုန့်ယူပေးထားတယ်"

တကယ် ဆာနေပုံရသည့် ကာရံ ကလည်း မုန့်တစ်ခုတော့ စား၏။ ညက ကလေးနှင့်သူ မီးဖိုချောင်ထဲမှာ စကားတွေပြောနေတာကို နားစွင့်ရင် ဆေးရှိန်နှင့် အိပ်ပျော်သွားခဲ့တာ။ ပြန်နိုးလာတော့ ည၃ နှစ်နာရီ..။

"ကျွန်မ ရပါပြီ၊ ရှင် အိပ်တော့၊ သားရဲ့ ဟိုဘက်ကပဲ ဝင်အိပ်လိုက်ပါ"

"ကာရံ.."

ကာရံ က ဆောင်ထဲ ပြန်ဝင်လုံဖို့ လှည့်လိုက်တော့ ချာန် ဟ လက်ဖဝါးလေးကို မလွှတ်ဘဲ ဖိဆွဲထားလိုက်၏။

"တကယ် အိပ်ချင်နေတာလား၊ ကိုယ့်ကို စကားမပြောချင်တာလား"

ကာရံ့ မျက်နှာလေး လှည့်မလာဘဲ ငြိမ်နေ၏။

အဝါရောင်မီးသီးအောက်မှာ ဝင်းဝင်းနုနုလေးမှုံနေသည့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးက ဆံနွယ်ရှည်တွေ ဖြန့်ကျနေတော့လည်း ကပိုကရိုလေး လှနေလျက်..။

"ကာရံ ကိုယ့်ကို ကြည့်ပါလား၊ စကားပြောလို့ ကောင်းအောင်ပေါ့"

ကာရံ က မကြည့်ပါ။ ခေါင်းလေးတောင် ပိုငုံ့သွားသေးသည်။

"ကျွန်မ ရှင့်ကို ခုချိန်ထိ မယုံနိုင်သေးဘူး ချာန်"

"ဘာဖြစ်လို့လဲ.."

"ရှင်နဲ့ ကျွန်မရဲ့အခြေအနေချင်းက..."

"မင်းကို ကိုယ် ခုမှ ချစ်ရေးဆိုနေတာ မဟုတ်ဘူးလေ၊ ကိုယ်မှားခဲ့တာကို ပေးဆပ်ဖို့ အသင့်ရှိနေတာ"

သူ့မျက်နှာကို သေချာမော့ကြည့်ပြီး ကာရံ က ခေါင်းခါ၏။

"ရှင်နဲ့ မှားယွင်းခဲ့တဲ့ မိန်းကလေးက ကျွန်မဆိုတာကို ရှင် ယုံကြည်ခဲ့တယ်ဆိုရင်တောင် အဲဒီနောက်ပိုင်း အချိန်တွေမှာ ကျွန်မဘဝကို ဘယ်လိုပုံစံနဲ့ ရုန်းကန်ခဲ့သလဲ ရှင် မသိနိုင်ဘူး၊ ရှင့်လိုလူလည်က ဒါကို မသိလိုက်မသိဘာသာထားပြီး ကျွန်မတို့သားအမိကို..."

သူမ စကားရပ်သွားတော့ ချာန် က စီးကရက် နောက်တစ်လိပ် ထုတ်လိုက်ရင်း...

"ဆက်ပြောပါဦး၊ မယုံတဲ့ အချက်အလက် အကြောင်းအရာတွေ.."

"ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ.. ကျွန်မစိတ်တွေ ခုထိ ချောက်ချားနေတာ တကယ်ပါ၊ ဟိုတုန်းကတည်းက ရှင် ကျွန်မကို စော်ကားခဲ့တယ်ဆိုရင်တောင် အဲဒီအချိန်မှာ ကျွန်မက လမ်းဘေးမှာ ရှိနေခဲ့တာ"

"အကြောင်းမရှိဘဲနဲ့လား"

ကာရံ က ကျလာသည့်မျက်ရည်ကို သုတ်ပစ်လိုက်ပြီး ခေါင်းခါ





ပြသည်။

"လူတစ်ယောက်နဲ့ လက်ထပ်ရမယ့်နေ့က မိုးလင်းတာနဲ့ ရင်ဆိုင်ရတော့မှာ၊ အို.. သေချာပြောရမယ်ဆိုရင် အဲဒီညမှာပဲ ကျွန်မ မီးပင်လယ်ကို ဖြတ်ရတော့မှာ၊ ဒါကြောင့် အိမ်က ထွက်ပြေးလာခဲ့ပြီး ကားတစ်စီး စီးလာရင် လိုက်မလို့ စောင့်နေတုန်း.."

ချာန် စိတ်ဝင်တစားဖြစ်ကာ စီးကရက်တစ်ဖက်၊ မီးခြစ်တစ်ဖက်နှင့် သူမကိုပဲ စိုက်ကြည့်နေမိသည်။ ဒါတွေဟာ သူကိုယ်တိုင် သေချာ မသိခဲ့ရတဲ့အကြောင်းတွေ..။

"အဲဒီအချိန်မှာ ရှင့်ဆိုင်ကယ် ဟိုကွေ့ဒီကောက်နဲ့ လမ်းပေါ်မှာ ပြေးလာတာကို မြင်လိုက်ရတာ၊ ကြည့်နေတုန်း ဆိုင်ကယ်က ဦးလည်ပြီး လမ်းတစ်ဖက်ကို ကွေ့ဝင်လာတယ်၊ တကယ်လို့ ဆိုင်ကယ်သာ ကျွန်မဆီကို တည့်တည့်ဝင်လာပြီး ပစ်တိုက်လိုက်ရင် ဒီလိုသောကတွေနဲ့ ကျွန်မ ခုလို ဆင်းဆင်းရဲရဲ ရုန်းကန်နေရမှာ မဟုတ်ဘူး"

ဆိုင်ကယ်မဟုတ်ဘဲ လူတစ်ယောက်လုံး ဒလိမ့်ကောက်ကွေး စင်ထွက်လာတာကို ပြောပြရင်း ကာရံ ရှိုက်ငိုလေသည်။

"ရှင့်ခေါင်းနဲ့ ကျွန်မ မျက်နှာကို ပစ်တိုက်ပြီး ကျွန်မ ဖော်ရာနဲ့ မှူးမိုက်ရောပါသွားတာ၊ အဲဒီမှာ ရှင်..."

"နေပါဦး ကာရံ..၊ ကိုယ် ရှင်းပြဖို့ ကျန်သေးတယ်၊ ကိုယ် အဲဒီလောက် သွေးဆူလွယ်တဲ့ကောင် မဟုတ်ဘူးဆိုတာ ယုံပါ၊ အဲဒီညက ဝဲဒုံးမှာ ကိုယ်တို့ ဟက်ပီးနယူးရီးယားအတွက် ပျော်ပွဲရွှင်ပွဲနဲ့ စောင့်နေကြတာ၊ သူငယ်ချင်းတွေက မဟုတ်မဟပ်အစီအစဉ်တွေနဲ့ အရက်ထဲ ဆေးတွေ ခပ်တယ်၊ ကိုယ်နဲ့ အရမ်းရင်းနှီးတဲ့ မိန်းကလေးတစ်ယောက်နဲ့ နီးစပ်စေချင်လို့ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့၊ ကိုယ်... ကိုယ် အဲဒီက လွတ်အောင် ရုန်းထွက်ခဲ့နိုင်တယ်၊ ဒါပေမယ့်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…၊ မပြောနဲ့တော့.."

"ကာရံ…"

သူ ကာရံ ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

"တကယ်ဆို ကိုယ်ဟာ မင်းအတွက်ပါ၊ မင်းကလဲ ကိုယ့်အတွက်ပဲ ကာရံ၊ သူများ မြှောက်ပင့်လုပ်ကြံတာကို လွတ်အောင် ရှောင်နိုင်ခဲ့ပေမယ့် မင်းနဲ့ ထိတွေ့လိုက်တဲ့အချိန်မှာ ကိုယ် ချက်ချင်းကြီး ပျော်ဝင်သွားတယ်"

ကာရံ ကရုန်းနေလေ သူ အတင်းဖက်ထားလေနှင့် စကားသံတို့သည် စကားပြောခြင်းသက်သက် မဟုတ်တော့ဘဲ အနမ်းများနှင့် မွေမွေ မွှားမွှား ဖြစ်လာ၏။

"ကိုယ့်ကို ယုံပါလို့ မပြောပါဘူး၊ မင်းကို ကိုယ် အလုပ်နဲ့ သက်သေပြသွားမှာ၊ မနက်ဖြန် ဒါမှမဟုတ် မင်း နေကောင်းတဲ့တစ်ရက်မှာ ကိုယ်တို့ ရုံးတက်လက်မှတ်ထိုးမယ်၊ ကိုယ့်မိတ်ဆွေတချို့နဲ့ ဒေါက်တာ ချိုမြရီ တို့လင်မယားကို ရှေ့တန်းတင်ပြီး ဇနီးနဲ့သားကို ပြန်လည်ဆုံတွေ့ရတဲ့အထိမ်းအမှတ် ညေ့ခံပွဲ ကျင်းပမယ်၊ သတင်းစာထဲမှာ သုံးရက်တိတိ ထည့်မယ်၊ မင်းနဲ့ကိုယ် အစကတည်းက ပတ်သက်ခဲ့တာကို မိတ်ဆွေတွေ အားလုံး အံ့ဩ လက်ခံသွားအောင် ကိုယ်တို့ ကြိုးစားရမယ်"

ကာရံ ကြည်နူးဝမ်းသာခြင်းကြောင့် လှုပ်ခတ်လာသည့် နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားရတဲ့အထိပင်..။

မထင်မှတ်ဘဲ အရှက်တကွဲ ကိုယ်ကျိုးနည်းခဲ့ရပြီး ဘဝတစ်လျှောက်လုံး ဆင်းရဲ ပင်ပန်းခဲ့ရသည်။ ကန်တော်ကြီးဥယျာဉ်ထဲမှာ နောက်ဆုံး ပေါက်ကွဲခဲ့ရပြီးသည့်နောက်မှာ…

"ကျွန်မ ကန်တော်ကြီးထဲမှာ အရမ်းရှက်သွားပြီး ထင်ရာတွေ လျှောက်လုပ်ပစ်ခဲ့တာ သိလား၊ တကယ်လို့ ရှင်သာ ကျွန်မဘက်က





ရပ်တည်မပေးခဲ့ရင် ကျွန်မ အဲဒီနေရာမှာ အရှက်တကွဲဖြစ်ပြီး နောက် မနက်ဖြန်မှာ အသက်ရှင်ချင်စိတ်မှ ရှိပါ့ဦးမလားပဲ၊ ကျွန်မ အဲဒါလေး ပြောလိုက်တာနဲ့ ရှင် ယုံတယ်နော်"

"ယုံတာပေါ့၊ အဲဒါလေးဆိုတာကို မင်းနဲ့ကိုယ်အပြင် ဘယ်သူမှမှ မသိနိုင်တာ၊ တကယ်ဆို မင်းကို ကိုယ် မေးနေကတည်းက ဝန်ခံလိုက်ရင် ကိုယ်တို့ အစောကြီးကတည်းက ပျော်ရွှင်ကြရမှာ.."

"ဟုတ်ပါတယ်၊ ရှင်နဲ့ ဟန်ပန် ကလဲ လက်ထပ်ကြတော့မှာလေ"

ကာရံ အသံလေးက မာဆတ်ဆတ်ဖြစ်သွားသဖြင့် သူက ပြုံးကာ…

"ဟုတ်တယ်..၊ အဲဒါ အဲဒီလိုဖြစ်သွားဖို့အတွက် ဦးကျိုးသွားတာ မင်းကြောင့်.."

"ဘယ်လို.."

"မင်း ကိုယ့်ကို ပါးရိုက်ပစ်လိုက်တာ ကိုယ့်အသည်းမှာ အရာထင်ကျန်ခဲ့တယ်၊ မင်းကိုမှ ချစ်မိသွားတာ သေချာတော့ ဒီလောက် မာနကြီးတဲ့မိန်းမဆိုတဲ့ မခံချင်စိတ်နဲ့ မင်းနဲ့ လွဲမှားကွေ့ကောက်သွားဖို့ ကိုယ် လမ်းကြောင်းပြောင်းလိုက်တာ၊ ဒါပေမယ့်ကွာ စကားတွေ လွန်ကျူံပြီးမှ ကိုယ် စိတ်ညစ်နေတယ်၊ ဂရုမစိုက်သလို နေဖို့ပေမယ့် မင်းကို မေ့လို့မရဘူး၊ ဟန်ပန် က ကိုယ့်ရင်ထဲမှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ မိန်းကလေးပါ၊ မင်းကရော မင်း ကိုယ့်ကို ကလေးရဲ့အဖေမှန်း သိနေရက်နဲ့ ဘာဖြစ်လို့ ခေါင်းခါနေတာလဲ"

"မယုံလို့..၊ ပြီးတော့ ကာရံ အရမ်းရှက်နေခဲ့တာ.."

ကာရံ ဆိုတဲ့နာမည်လေး ထည့်ပြောလာတော့ သူ ကျေနပ်သွားသည်။

"ကိုယ့်ကို မယုံတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့လည်း ဝန်ခံပုံလေးက ဘယ်လို အဆိပ်အတောက်မှ မရှိခဲ့တဲ့ သတ္တဝါငယ်လေးတစ်ကောင်လို ချစ်စရာ..။

"ရှင်က နာမည်ကျော်တဲ့ ရွှေမင်းသားပါ"

"မင်းကရော.."

ကာရံ မျက်နှာလေး ပျက်သွားပြီး ဆတ်ခနဲ မော့ကြည့်၏။

"ရှင် လူကို လှောင်တာလား"

"မလှောင်ပါဘူး၊ လှောင်ဖို့ ဘာရှိလို့လဲ၊ မင်း သိပ်လှတဲ့အကြောင်းလဲ မြင်တဲ့လူတိုင်းမှာ ပြောစမှတ်ဖြစ်သွားတာပဲ၊ ရမ်းကားချင်တဲ့လူက ရမ်းကားဖို့စိတ်ကူးတွေ ဖြစ်ချင်ဖြစ်မှာပေမယ့် မင်း သိပ်လှတာကို နှမြောတသပြီး ရုတ်တရက်သပ် ဖြစ်ကျန်ခဲ့တဲ့လူတွေလဲ ရှိတယ်၊ မင်း မသိတဲ့ကျောနောက်မှာ မင်းကို စိတ်ဝင်တစားဖြစ်နေကြတဲ့လူတွေ အများကြီးပဲ၊ ကိုယ်က ထိပ်ဆုံးကပေါ့.."

"ရှင့်အတွက် ရွေးချယ်စရာတွေ အများကြီးထဲကနေ ကျွန်မကိုမှ စိတ်ဝင်စားတယ်ဆိုတာ မယုံဘူး၊ ဘယ်လိုမှ မယုံကြည်တာ အဲဒါပဲ.."

ချာန် က ရယ်သည်။ ပြီးတော့ နောက်မှာ ဖက်လုံးလေးမှီလျက် နှစ်ခြိုက်စွာအိပ်ပျော်နေသည့် သားဆီ ငုံ့ကြည့်ပြီး...

"ယုံယုံ၊မယုံယုံ မင်း ကိုယ့်ကို ငြင်းလို့မရတော့ဘူး၊ ကိုယ်က မင်းရဲ့ပိုင်ရှင်အစစ်"

ပြောပြီး ရှေ့ကို ငုံ့ကျလာသဖြင့် ကာရံ သူ့မျက်နှာနှင့်လွတ်အောင် တိမ်းပစ်လိုက်သည်။

"ရှင်နော်.."

"ကာရံ ရယ်..၊ သူများတွေက မင်းကို ကလေးတစ်ယောက်အမေအဖြစ် အထင်သေးချင် သေးမယ်၊ တခြား တွေးရင်တွေးမယ်၊ ကိုယ်ကတော့ မင်းဟာ ကိုယ်နဲ့ပတ်သက်နေနိုင်တဲ့ အတိတ်ပုံရိပ်ထဲက မိန်း





ကလေးလို့ သံသယရှိလိုက်ကတည်းက ဖြူခဲ့တာ၊ မည်းခဲ့တာ ဘာမှကို သံသယမထားနိုင်တော့ဘဲ တကောက်ကောက် လိုက်မိတာပဲ"

"ကျွန်မက လှနေလို့လား"

"အဲဒီထက် ပိုလေးနက်ပါတယ်"

"တကယ်လို့ အသားမည်း၊ ပုပုတိုတို၊ သွားခေါကြီးဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"လုံးဝ မဖြစ်နိုင်ဘူးဆိုတာ အကြောင်းပြချက်မရှိပေမယ့် ယုံတယ်၊ မင်းမျက်နှာကို မမှတ်မိပေမယ့် ကိုယ် မြင်လိုက်ရသေးတယ်၊ မျက်နှာ ဖြူနုနုလေးရယ်၊ ထူနက်တဲ့ မျက်ခုံးတန်းလေးတွေရယ်၊ ပြီးတော့ မင်းရဲ့ နှုးညံ့မွှေးပျံ့နေတဲ့ အထိအတွေ့မှာ ကိုယ့်ရင်ခုန်သံတွေ.."

"ချာန်..၊ အို..."

ကာရံ့ ကိုယ်လေး သူနှင့်အတူ အိပ်ရာပေါ် လဲကျသွားသည်။

ထို့နောက်...

"ကိုယ် မင်းကို လက်မထပ်ရသေးဘဲ နောက်ထပ် မစော်ကားတော့ပါဘူး၊ ယုံပါ" တဲ့..။

ဒါပေမယ့် မွတ်သိပ်ကြာရှည်သော အနမ်းများကြောင့် ကြွေကျသည့်စိတ်တို့က သူ့ကို ကိုင်လှုပ်နေသလိုပင်..။

သူက ကိုယ့်သားလေးရဲ့ အဖေ၊ ညတစ်ည၏ ညဥ့်နက်နက်၊ အိပ်ရာထဲမှာမို့..

"ဖယ်ပေးပါ ချာန် ရယ်..၊ ကာရံ ရှက်တယ်၊ အဲဒီလိုကြီး မနေပါရစေနဲ့"

"မင်းကိုကိုယ် သိပ်ချစ်တယ်"

ကာရံ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ရင်း အင်အားခဲနေ၏။

"မင်းဟာ ထက်မြက်တဲ့မိန်းမတစ်ယောက် မဟုတ်ပေမယ့် သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ရင်ဆိုင်ရဲတယ်၊ မင်း ဒုက္ခရောက်နေတာကို မြင်တာနဲ့ မင်း ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ ကိုယ် သိတယ်၊ ယောကျ်ားတွေမှာ မိန်းမတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို စူးစမ်းထွင်းဖောက်မြင်နိုင်တဲ့ စွမ်းရည်တစ်မျိုး ရှိတယ်၊ အဲဒါ မင်း သိလား..''

''ဒါဆို မိန်းမကောင်းမှန်းမသိ၊ မကောင်းမှန်းမသိ ဘာဖြစ်လို့ လိုက်နှောင့်ယှက်နေကြတာလဲ''

''လောကရဲ့ အတိုက်အခိုက်တွေလို့ပဲ သဘောထားပါ၊ ယောကျ်ား တိုင်း ဘုရားဖြစ်ကြတာမှ မဟုတ်တာကွာ..''

သူ ကာရံ့ ခေါင်းလေးကို လက်မောင်းပေါ်တင်ထားပြီး လက်ဖဝါး လေးတွေကို တယုတယ ဆုပ်ကိုင် နမ်းရှိုက်လျက်...

''ဟန်ယန်နဲ့ကိုယ် လက်ထပ်ကြဖို့အထိ သေချာသွားခဲ့တာကို ကိုယ် တောင်းပန်ပါတယ်၊ အဲဒါကွာ ကိုယ့်စိတ်တွေ ဘာတွေဖြစ်သွားခဲ့မှန်း မသိဘူး၊ အချိန်တိုင်း မင်းအကြောင်းနဲ့ပဲ ခေါင်းရှုပ်နေရတာကို မခံနိုင် အောင်ဖြစ်လာလို့ ထင်တယ်၊ ဒါပေမယ့် ဒီလိုလုပ်ပစ်လိုက်တော့လဲ ဘာမှ ထူးခြားမလာဘူး၊ ဘာဖြစ်ဖြစ် သူတို့သားအမိကို ကိုယ် ကျေးဇူး တင်တယ်၊ စေ့စပ်ပွဲပျက်သွားတဲ့အတွက် သူတို့ ဘာတောင်းတောင်း ဘယ်လိုပဲ တောင်းဆိုလာလာ ကိုယ် ပေးနိုင်တယ်၊ သူတို့ကြောင့်မဟုတ် ရင် မင်း ကိုယ့်ကို မယုံကြည်တာနဲ့ မင်းရင်ထဲက လျှို့ဝှက်ချက်ကို ကိုယ် ဘယ်တော့မှ သိရမှာ မဟုတ်တော့ သူတို့က ကျေးဇူးရှင်တွေ..''

''ရှင်က အဲဒီလိုထင်တယ် ဟုတ်လား..၊ သူတို့ ဘယ်လောက်ထိ ယုတ်ယုတ်ပတ်ပတ်တွေ ပြောနေသလဲ၊ ကျွန်မတို့သားအမိ ဘယ်လောက် အဖြစ်ဆိုးသွားသလဲ၊ အဲဒါတွေ ရှင် တွက်မိရဲ့လား''

ကာရံ့ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားတော့ ဒေါသထွက်တာလေး က ကလေးနဲ့တူသွား၏။ ဗျာန် က ကာရံ့ နှာခေါင်းလေးကို ခပ်ဖွဖွ





ဆွဲညှစ်ကာ...

''အဲဒီလောက်ထိ ခံစားလိုက်ရလို့လဲ မင်းရင်ဘတ်ထဲက စကား တွေ ဒီလို ပြောထွက်တာပေါ့၊ ထားလိုက်ပါကွာ..၊ ဒါတွေက အဆိုးထဲ က အကောင်းပါ၊ ကိုယ့်ကို မယုံကြည်တဲ့စိတ်ကတော့ ဖျောက်လိုက် နော်၊ ကိုယ့်အတွက် မင်းက အချစ်ဦး၊ အိမ်ထောင်ဦး၊ မင်းကရော..''

''မသိဘူး..၊ သွား...''

''မရဘူး၊ သိရမယ်..''

''ဗျာန် နော်..၊ ဟိုမှာ သားနိုးလိမ့်မယ်၊ ရှင်...''

''ကိုယ် ဘာလုပ်သေးလို့လဲ''

''ဟင့်အင်း..၊ သွား လူလည်..''

တိုးတိုးကြိတ်ကြိတ် ရန်ဖြစ်ရင်း ရယ်လည်း ရယ်မိကြသည်။ ပြီးတော့ ကာရံ့ ခေါင်းအုံးအောက်က သနပ်ခါးပန်းတွေကို သူ တွေ့သွား ကာ...

''သိပ်ကြိုက်တာပဲလား''

''ဟင်..''

''သနပ်ခါးပန်းတွေကိုလေ''

''ကြိုက်တယ်၊ နေမကောင်းတဲ့အခါ ဖြစ်ဖြစ်၊ စိတ်အရှုပ်ညစ်ရင် ဖြစ်ဖြစ် သနပ်ခါးပန်းတွေကို ခေါင်းအုံးပေါ်မှာ ဖြန့်ခင်းထားပြီး အိပ် ဖြစ်တယ်၊ ပန်းခက်လေးတွေချည်းပဲ သီပြီးပန်တယ်၊ ကာရံ့ တို့ ဟိုအရင် ခြံထဲမှာ သနပ်ခါးပင် သုံးပွင့်တောင် ရှိတာ၊ ခရေပင်လဲ ရှိတယ်၊ ဒါပေမယ့် ကာရံ့ သနပ်ခါးပန်းကိုပဲ ကြိုက်တာ''

''ထင်တယ်၊ အဲဒါကြောင့် မင်းနဲ့ မှားခဲ့ပြီးတဲ့နောက်နေ့ ကိုယ့် တပည့်တစ်ယောက်ကို ဒီလမ်း၊ ဒီနေရာမှာ သနပ်ခါးပင်ရှိတဲ့အိမ်၊ ကောင် မလေးလှလှရှိတဲ့အိမ် သွားရှာလို့ ခိုင်းသေးတယ်၊ ရှာရှည်လများ ရှာ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် မတွေ့ဘူးကွာ၊ ဘာဖြစ်လို့ လွဲသွားတာလဲ မသိဘူး"

"မဟုတ်လို့ လွဲတာပေါ့၊ ညာနေတာကိုး..."

"ဟိတ်နော် လူကို ခဏခဏ ပြစ်မှားနေတာ၊ ဒီမှာ တင်းနေပြီ"

"ဟုတ်တယ်လေ...၊ လမ်းမနဲ့ လေးမိုင်ပဲကွာတဲ့ခြံကို မတွေ့ဘူး ဆိုတော့.."

"လေးမိုင်တောင်.."

"အင်း..."

ကာရံ သူ့ကို တမင်စ,နေတာပါ။ သနပ်ခါးပင်လေးတွေက သက်တမ်းနုနုနဲ့ ဝေနေအောင် ပွင့်တာမို့ ခြံပြင်ကလှမ်းကြည့်ရင် ပန်းပင်ကို မြင်နိုင်မှာ မဟုတ်ပေ..။

ထို့ပြင် ခြံနှင့် တိုက်လေးကလည်း နောက်ထပ် ဝေးကွာနေသေးသည်။ တစ်စုံတစ်ယောက် လာစုံစမ်းဖို့ဆိုတာ ပြန်လည် ဖြေကြားမယ့် သူ ရှိမှ..။ ရျာန် က သဘောပေါက်သွားပြီး ရယ်သည်။

"ကိုယ်လဲ အဲဒီပန်းကို ကြိုက်တယ်၊ ပန်းကြိုက်တဲ့ကောင်မလေး ကိုရော့ပဲ.."

"ဟွန်း.."

"မင်းရော.."

"ဘာလဲ"

"ကိုယ့်ကို ကြိုက်လား"

"မကြိုက်ဘူး"

"ဒါဆို ချစ်တယ်ပေါ့"

"မချစ်ပါဘူး"

"ပြန်ပြင်ပြော..."

"ဟင့်အင်း.."





"တကယ်နော်"

"အေး..."

ကာရံ ထိတ်လန့်အော်မိပြီးမှ ပါးစပ် ပြန်ပိတ်ရသည်။ တစ်ကိုယ်လုံးကတော့ သူ့ရင်ဘတ်ပေါ် ရောက်သွားပြီဖြစ်သည်။

"မေမေ.. မေမေ မပြန်နဲ့နော်၊ ဟင့်အင်း သားသားနဲ့ နေရမှာ.."

"ဟင်.."

"သား..."

ကလေး လှုပ်လှုပ်ရှားရှား ထ,ဖြစ်တော့ ကာရံ သူ့ရင်ဘတ်ကို တွန်း၍ ကမန်းကတန်း ထ,ထိုင်လိုက်မိသည်။ သူလည်း ဘယ်လို မြန်မြန်ဆန်ဆန် ငုတ်တုတ် ထ,ဖြစ်သွားခဲ့မှန်း မသိ..။

ပြီးတော့မှ ငြိမ်ငြိမ်သက်သက်လေး အိပ်ပျော်သွားသည့် သားကို ကြည့်ကာ ကယောင်ကတမ်း ထ,ပြောလိုက်တာမှန်း သိသည်။

ဒီတော့မှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကာရံ ပါးပြင်လေးတွေ နီမြန်းလျက်..။ ရျာန် က မချိမချဉ် ပြုံးသည်။

ပွေ့ဖက်နမ်းရှိုက်ခြင်းမပြုဘဲနှင့်လည်း မျက်လုံးချင်းဆုံတာနှင့် ရင်ခုန်သံတွေ မြန်လာတာ ဒီတစ်ခါပဲ ခံစားဖူးသည်။

သူရော ကိုယ့်လို ဟုတ်ရဲ့လား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၆ ]

လက်ထပ်တာတွေ၊ ညည်ခံပွဲတွေ အားလုံးပြီးစီးမှ မိသားစုသုံးယောက် ငွေဆောင်ကမ်းခြေကို ထွက်ခဲ့ကြသည်။

"ရေသွားကူးမယ်လေ"

"ဟင့်အင်း"

"ဒီမှာ သားက သွားချင်နေတာ"

"ရှင် သွားလိုက်ပေါ့"

"ဟာ.. မေမေလဲ ရေကူးလေ၊ ဖေဖေကလဲ ကူးမယ်တဲ့.."

သားက လက်ကို အတင်းဆွဲခေါ်နေ၏။

"မေမေ ရေမကူးတတ်ဘူး သားရဲ့..၊ ဖေဖေနဲ့ သွားကူးနော်"

"ကဲ.. ရေကူးတတ်ဖို့မှ မလိုတာကွာ၊ မကူးချင်လဲ လာ၊ သားကို ဆော့ခိုင်းပြီး အနားမှာနေပေး"

ကာရံ က အနီရဲရဲဝတ်စုံလေးပေါ်မှာ အဖြူရောင်အပါးသား အပေါ်ထပ်အင်္ကျီလေးနှင့်..။ ဆံပင်ရှည်တွေကို ဒီတိုင်း ဖြန့်ချထား၏။

ဈာန် က အနက်ရောင် အားကစားဘောင်းဘီတိုနှင့် အပေါ်ပိုင်းက ကိုယ်ဗလာ..။ သားအဖနှစ်ယောက် လက်ဆွဲပြီး ပြေးဆင်းသွားတာကို ငေးရင်း တစ်လှမ်းချင်း လိုက်ခဲ့၏။





"သိပ်ပျော်နေသလား ကာရံ"

"ဟင်.."

ဒီအသံကြောင့် လှုကိုမမြင်ရသေးခင် ဆတ်ခနဲတုန်သွား၏။ အောင်မြင်ခြင်း သည် မြင်နေကျပုံစံအတိုင်း ဘေးမှာ ရံရွေတော်တွေနှင့် လှမ်းလာပုံက တခမ်းတနား..။

သူ့ကျတော့ ဘောင်းဘီတိုအနီရဲရဲ၊ အသားမည်းမည်း ဗိုက်ရွှဲရွဲနှင့် ဗလကောင်းပုံကြီးက နှလုံးနာစရာပါ..။

"တကယ်ကွာ..၊ ကံဇာတာ အကျိုးပေးတဲ့သူတွေများ သူဌေးနဲ့မှ ဖူးစာဆုံတယ်နော်၊ မင်း ဘာဖြစ်လို့ အရိပ်အမြွက်တောင် မဟခဲ့တာလဲ ကာရံ.."

"ရှင် သူများကိစ္စတွေ မသိဘဲနဲ့ လာရှိမနေနဲ့"

"ဘာလို့ မသိရမှာလဲ..၊ ကိုဇော်ဝိတ် က ကိုယ့်ရဲ့ပါတနာ၊ ဒီလူကို မသိတဲ့၊ မခင်တဲ့လူ မရှိဘူး၊ သူ အားလုံး ပြောပြလိုက်လို့ ငါ ယုံခဲ့တာ၊ မဟုတ်ရင် အောင်မြင်ခြင်း ဆိုတဲ့နာမည်က အလကားမှည့်ထားတာမှ မဟုတ်တာ.."

သူ့မျက်နှာ ဒေါသနှင့် မျိုသိပ်ချုပ်တီးရခြင်းတွေကြောင့် သံပရာသီးမီးဖုတ်ထားသလိုပင်..။ သူ့တပည့်တွေကအစ နောက်မှာ ဝိုင်းခြံရံနေကြပေမယ့် ရွတင်းတင်း ပုပ်သိုးသိုးတွေ..။

"ဈာန် သာ ကလေးရဲ့အဖေအရင်းမဟုတ်ဘဲ မင်းစိတ်ကြိုက်ရွေးလိုက်တဲ့လူဆိုရင် မင်းတို့ရဲ့မနက်ဖြန်တွေ ခုလို အေးချမ်းနေမှာ မဟုတ်ဘူး နားလည်လား..၊ ခုတော့ ငါ လေးလေးစားစား လက်လျှော့လိုက်တာပါ၊ မင်းတို့နှစ်ယောက်ရဲ့ ဆုံစည်းမှု ဆန်းကြယ်ပုံကိုပေါ့ လုံးဝကို မထင်ခဲ့ဘဲ မင်းက စိန်သရဖူကို ရသွားတာ၊ တစ်ခုပဲ ငါ ရင်နာတယ် ကာရံ၊ မင်းရဲ့တန်ဖိုးကို ငါ အစကတည်းက သိတယ်၊ သိနေလို့ လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



စပယ် မဖူးက်ဆီးရက်ဘဲ လူညှိုတစ်ယောက်လို ငါ ကျန်ရစ်ဖြစ်ရတဲ့အထိ တွေဝေနေခဲ့တာ၊ မင်းက နှန်းထိုက်တဲ့ပန်းလေး တစ်ပွင့်ပါ၊ ငါ မပိုင်ဆိုင်လိုက်ရပေမယ့် လေးစားပါတယ်''

ကာရံ ကို ရှေ့ကနေ ပိတ်ကာထားပြီး စူးစူးစိုက်စိုက် ကြည့်သည်။ စုန်ချီဆန်ချီကြည့်၏။ စက္ကန့်များစွာ ပြောင်းလဲ ကုန်ဆုံးသွားမှ မျက်နှာလွှဲကာ နှုတ်ဆက်၏။

''ဗွတ်ဒ်ဘိုင်''

သူလှူတွေကို လက်ပြပြီး လှည့်ထွက်သွားခဲ့သည်။ ဟိုနားဒီ နီးနီးလေးမှီ သားနှင့်ရေကူးနေသည့် ဈာန် ကလည်း မြင်သည်။

သူ ဘာဖြစ်လို့ တက်မလာတာလဲ…၊ ကာရံ စိတ်ထဲမှာတော့ စိုးရိမ်မကောင်း ဖြစ်သွားမိသည်။ အောင်မြင်ခြင်း အကြောင်း ပြောပြခဲ့ပေမယ့် ဒီလူက ကိုယ့်ကို ခုချိန်ထိ ကြိုးစားနေတဲ့သူ…။ ဘာတွေလာပြောသွားတာလဲလို့ တွေးပြီး သံသယတွေနှင့် ကြည့်လာမလား…။

ရောင်စုံထီးအောက်မှာ ထိုင်လိုက်ပေမယ့် စိတ်က မဖြောင့်ပါ…။

ထိုစဉ် သူ တက်လာပြီး အုန်းစိမ်းနှစ်လုံး ယူလာ၏။

ကာရံ့ဘေးမှာ ခုံပုလေးဆွဲထိုင်လိုက်ကာ…

''မပျင်းဘူးလား…၊ ဟိုမှာ သားဆော့နေတာ မင်းကိုတောင် မေ့နေပြီ''

''ကာရံ ကို မေ့သွားအောင် ရှင် ထားနိုင်တာ ကျေးဇူးတင်ပါတယ်''

''ဒါဆို သွားကူးမယ်လေ''

''ဟင့်အင်း''

သူက ကာရံ့ ကို အုန်းသီးတစ်လုံး လှမ်းပေး၏။ ကာရံ က အခွင့်သင့် ယူလာသည့်တဘက်ကို သူ့ကို လှမ်းပေးလိုက်သည်။

''နေပါစေ…၊ ကိုယ် ပြန်ဆင်းဦးမှာ''





''ဆင်းမပဲ ရှာထားခဲ့ပါ၊ လေတိုးနေတဲ့ဟာ၊ ရော့… ခြုံထား…''

''လာခြုံပေးကွာ…''

သူ တမင်လုပ်နေမှန်း သိပေမယ့် ကာရံ သူ့ပခုံးပေါ်ကနေ ခြုံပေးလိုက်သည်။

''စုမှ ငွေဆောင် လာဖူးတာလား''

''ဘယ်ဟုတ်မလဲ၊ ဒါနဲ့ဆို ခြောက်ခါရှိပြီ''

ကာရံ မျက်နှာလေးပျက်သွားတော့ သူက ပြုံးလိုက်ကာ…

''ဘယ်သူတွေနဲ့ လာကယ် ထင်လို့လဲ''

''မထင်ပါဘူး၊ ကိုယ်နဲ့ ဘာဆိုင်လို့လဲ''

''ဘာ… မဆိုင်ဘူး ဟုတ်လား''

ကာရံ က နှုတ်ခမ်းလေးစေ့ပစ်လိုက်ပြီး မပြောချင်သလိုလုပ်နေတော့ ဈာန် က သူ့ကိုယ်ကြီးကို ကာရံ နှင့်ပခုံးချင်းထိအောင် တိုးကပ်လာကာ…

''တစ်ယောက်တည်းချည်းပဲ လာတာနော်၊ အတွဲဆို မပျော်သီးစားတာတောင် စိတ်မဝင်စားဘူး''

''ဘာပြောပြော ယုံရမှာပဲပေါ့''

''မယုံလို့ ရမလား၊ မဟုတ်တာ တစ်ခွန်းမှမပါဘူး၊ ကဲ မင်းအလှည့် ပြော…''

''ဘာလဲ…''

''ဘယ်နှစ်ခေါက်လာဖူးလဲ''

''လာဖို့နေနေသာသာ ရပ်ရှင်ထဲမှာတောင် ဟောလားဝါးလားကား တွေမကြိုက်လို့ ကမ်းခြေနောက်ခံနဲ့ကားတွေ သေချာမကြည့်ဖူးဘူး''

ဈာန် က ပြုံးလိုက်ပြီး ကာရံ့ ဆံပျားလေးကို လေနှင့်ယှဉ်လိုက်၏။ ဆံယဉ်စလေးတွေနှင့် ရှိန်းမြနေသည့် နားသယ်ဆံစလေးတွေက မျက်စိ ရှေ့နီးနီးလေးမှာမို့ သူမမျက်နှာလေးကို ငေးမိတိုင်း ရင်ခုန်သံတွေကို

www.burmeseclassic.com



ထိန်းရခက်၏။

"ရှင် ဘာမှ မမေးတော့ဘူးလား"

"ဘာမေးရမှာလဲ"

"ခုနက အောင်မြင့်ခြင်း ကာရံ့ ဘေးမှာ စကားလာပြောတာ ရှင် မြင်တယ်မို့လား"

"မြင်တယ်လေ၊ ဘာဖြစ်လို့ ဘာကို မေးရမှာလဲ"

ကာရံ က သူ့မျက်နှာကို နားမလည်သလို လှမ်းကြည့်တော့ သူက ပြုံးလိုက်ကာ...

"တကယ်ဆို ဂုဏ်ပြုပန်းကုံးလေး ဘာလေးတောင် စွပ်ပေးသွားသင့်တာ၊ အထင်ကြီးပါတယ်၊ လေးစားပါတယ် ဆိုတာလောက်နဲ့ ပြီးသင့်သလား"

"ဟင်..၊ သူ ဘာတွေပြောသွားတယ်ဆိုတာ ကို သိတယ်.."

"သိပ်သိတာပေါ့"

ဈာန် က ဒရင်းဘတ်မှာ ထိုင်ရာကနေ ကာရံ့ ဘေးမှာ ခြေချလှည့်ထိုင်ကာ...

"ဒီမလာခင် ဇလဆိပ်မှာ ကိုယ် ဖုန်းပြောနေတာ သူဖြစ်မယ်လို့ မင်း မထင်ဘူးမို့လား"

"ဟင့်အင်း"

"သူ ဒီရောက်လာမယ်ဆိုတာလဲ ကိုယ် သိတယ်၊ မင်းကို ဘာတွေ ပြောသွားတာလဲဆိုတာလဲ သိနေတာ အဲဒါကြောင့်..."

"ဖုန်းထဲမှာ ဘာတွေ ပြောသွားလဲဟင်"

"မင်းကို ပြောတာတွေပဲ၊ ပိုတာကတော့ ကိုယ့်ကို သူ စပြီး တောင်းပန်တယ်၊ မင်း ဘယ်လိုမိန်းကလေးလဲဆိုတာကို ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ် ညွှန်းဆိုသွားတယ်၊ မင်းနဲ့ကိုယ် တကယ်ဆုံခဲ့ကြတာကို သူ





လုံးဝ မယုံနိုင်ဘဲနဲ့ ယုံလိုက်ရတာ၊ သားက ကိုယ်နဲ့ အရမ်းတူနေလို့တဲ့၊ ပြီးတော့ သားကို နို့ဘူးတိုက်မွေးခဲ့ရတဲ့ ဒေါက်တာချိုမြရဲ့ ကိုယ်တိုင်က ပြောပြနေလို့တဲ့၊ ရယ်ရတယ်နော်.. သူ ကိုယ့်ရှေ့မှာလာပြီး အသည်းဟက်တက်ကွဲတာကြီးကို ထုတ်ပြတာတွေ၊ ပြီးတော့ ပြောသေးတယ်၊ သူက လူကြမ်းဖြစ်ခဲ့ရပေမယ့် ဒသသဂီရိလို အသည်းနဲ့ပါတဲ့"

"တော်ပါပြီ၊ မသိချင်တော့ဘူး"

ကာရံ မျက်နှာပူလာသည်မို့ သူ ဆက်ပြောတာကို နားမထောင်ချင်တော့ပေ..။

"အဲဒီလူအကြောင်း ပါလာရင် ကို့ကို ဒေါသဖြစ်တာတွေ ပေါ်ပေါ်လာတယ်"

"ဘယ်လို..၊ ကိုယ့်ကို.. ဟုတ်လား"

"အင်း..."

ကာရံ က ကလေးဆန်ဆန် ဆတ်ခနဲ ခေါင်းညိတ်၍ နှုတ်ခမ်းစူနေတော့ သူ ကာရံ့ ဘေးကို ရောက်လာ၏။

"ဆက်ပြောလေ..၊ အတိအကျ ပြောနော်၊ မဟုတ်ရင် လူကြားထဲမှာလဲ ဆွဲနမ်းပစ်မှာ၊ မယုံမရှိနဲ့.."

"နမ်းကြည့်ပါလား၊ လင်မယားချင်းလဲ ပါးမရိုက်ဘူး မထင်နဲ့"

"ဟား... ခံချင်လိုက်တာကွာ၊ ပါးရိုက်ခံရရေးအတွက်..."

"အို.. ကို... ရှင်နော်.."

ပခုံးကို ဆွဲဖက်ပစ်လိုက်လျှင် ကာရံ မျက်လုံးတွေပြူးကျယ်သွား၏။ ဈာန် က တဟားဟားရယ်ပြီး ဆံပင်ရှည်တွေကို ဆွဲဖွပစ်လိုက်သည်။

"မျက်လုံးတွေ ကျွတ်ကျကုန်မယ်၊ ဖြည်းဖြည်းနော်.."

"ဟွန်း သိပ်မုန်းဖို့ကောင်းတာပဲ"

"လာပြန်ပြီ၊ မုန်းတာတွေရော၊ ဒေါသတွေရော၊ ဘာတွေလဲ..



www.burmeseclassic.com

www.burmeseclassic.com



ပြောကွာ…"

"ရှင် ကာရံ ကို ပြောဖူးတာတွေ မေ့သွားပြီပေါ့"

"ဟုတ်တယ်၊ ပြန်ပြောပြ…"

"အဲဒီလူသိုက် ညတက်ကြီး ကာရံ ကို နှောင့်ယှက်နေကြတော့ ရှင် ကူညီသလိုလိုနဲ့ ဘာပြောခဲ့လဲ"

ကာရံ့ မျက်နှာလေး တကယ်တင်းနေတော့ ချာန် ပျာပျာသလဲ ဖြစ်သွား၏။

"အဲဒါကို ရှင်းခဲ့ပြီးသား မိန်းမရာ၊ သူနဲ့ကိုယ် ကင်းလို့မရတဲ့ အကြောင်းတွေ ရှိနေတယ်လေ၊ ကိုယ်က ဒါဆိုရင် သူ ခေါင်းမခါရဲဘူး၊ ဒါက သေချာပေမယ့် 'မ'စိတ်မှန်နေတဲ့အခါ မယုံရဲဘူး၊ ကိုယ်က စေတ်လိုက်မင်းသားမှ မဟုတ်တာ၊ လူအုပ်နဲ့ သူ ရမ်းကားရင် ခံသွားရမှာပေါ့၊ အဲဒါကြောင့် အထာတွေနဲ့ပြောပြီး မင်းကို ဆွဲထုတ်ခဲ့ရတာ"

"မသိဘူး၊ ကျွန်မကတော့…"

"ဟာ… ဟော့… မရဘူး၊ ကျွန်မဆိုတာကြီး မသုံးနဲ့၊ ပြန်ပြော…"

"ဖယ်ပါ၊ လူကို…"

ကာရံ့ သူ့လက်ကို ဖယ်ချပစ်လိုက်ကာ…

"အဲဒီအချိန်မှာ ရှင့်စကားကို အရမ်းခံစားရပြီး အရမ်းကို မုန်းသွားတာ…"

"ကိုယ်လဲ ပါးတစ်ဖက် အလျော်ပေးခဲ့တယ်လေ၊ မပြေသေးဘူးလား"

"ရင်ထဲရောက်သွားတဲ့ဒဏ်ရာက ရှင့်အသားနာတာထက် ဆိုးတယ်၊ အဲဒါတွေကြောင့် ရှင့်ကို သိနေတာတောင် မုန်းနေတဲ့စိတ်က မပြေလို့ လုံးဝ ထည့်မစဉ်းစားတာ"

"နည်းနည်းနောနောမှာ မဟုတ်ဘူးနော်၊ ကျေးဇူးရှင် ခေါ်အောင်ညီကောင်းမှုပါလား"





"ကိုနော်…၊ လူကို မနောက်နဲ့…"

"မေမေရေ…၊ သားသားလဲ အုန်းရေသောက်မယ်"

စကားပြောနေကြတုန်း နေအလကာ ပြေးတက်လာ၏။ ကာရံ နေရာမှထရပ်ကာ သားလေးကို တဘက်နှင့်ကြိုဆိုရင်း ကိုယ်လေးမှာ ရစ်ပတ်ခြုံပေးလိုက်သည်။

"သားသား ဖေဖေ့ဆီလာ…"

သူက သားကို ထခေါ်ပြီး ဒရင်းဘတ်မှာ ပြန်ထိုင်သည်။ လုံးဝ မသောက်ဖြစ်သည့် အုန်းစိမ်းနှစ်လုံးက သူနှင့် သားနှင့်အတွက် ဖြစ်သွား၏။

"မေမေက အုန်းရေ မသောက်ဘူးလား"

"မေမေမှ အုန်းရေမကြိုက်တာ၊ သားသား ရေပြန်ကူးဦးမလို့လား၊ အအေးပတ်လိမ့်မယ်"

"မပတ်ပါဘူး မေမေကလဲ၊ သားသား ဟိုမှာ သူငယ်ချင်းတွေ ရနေပြီ၊ နော်… ခဏပြန်ကူးမယ်နော် ဖေဖေ…"

ချာန် ပါးကို လက်ဖဝါးလေးနှစ်ဖက်နှင့် ကိုင်ပြီး မေးနေသေးသည်။ ချာန် က နေအလကာ့ ပါးလေးနှင့် ပါးချင်းကပ်ကာ…

"ကူးရမယ်၊ ဒါပေမယ့် အုန်းရေကုန်အောင် အေးဆေးသောက်ပြီးမှ ပြန်ဆင်းခဲ့၊ ဖေဖေ သားမေမေကို ရေကူးဖို့ ပြောဦးမယ်၊ ဟုတ်ပြီလား"

"ဟုတ်…"

ကာရံ က မကြားလိုက်ပါ။ သားလေးမျက်နှာ ရွှင်မြူးသွားကာ သူမကိုကြည့်ပြီး ခေါင်းညိတ်လိုက်တာပဲ ဖြစ်သည်။ ချာန် ထလိုက်မှ…

"ရှင် ရေပြန်ကူးဦးမလို့လား"

"ဟုတ်တယ်"

"တကယ်ပါပဲ…၊ ကလေးကို ဘယ်လိုလုပ် ပြောလို့ရတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေကူးတာ ဘာဖြစ်သွားနိုင်လို့လဲကွ၊ မိသားစု အတူတူ ရေချိုးရအောင် မင်းပါ လိုက်ခဲ့"

"လုံးဝ မလိုက်ဘူး"

"မရဘူး"

"အမယ်လေး…"

လူကို ကိုင်မြှောက်လိုက်သလို လုပ်ခနဲ ဖြစ်သွားကာ ကာရံ အလန့်တကြား ဖက်ထားလိုက်မိတာ သူ့ရင်ဘတ်ကို ဖြစ်၏။

"ကို ဘာလုပ်တာလဲ ချပေး၊ ဟင့်အင်း"

"ငြိမ်ငြိမ်နေကွာ"

"မနေဘူး၊ ရေမကူးတတ်ပါဘူးဆိုမှ ဒီမှာ စကာက်ကအကျပ်နဲ့…၊ ချပေးပါဆို…"

"ဝုန်း"

"အား…"

တောက်လျှောက်ပွေ့ချီသွားကာ ရေနစ်ပိုင်းကျမှ လွှတ်ချပစ်လိုက်၏။ ကာရံ ရေထဲမှာ ဇွပ်ခနဲ မြုပ်ဝင်သွားသည်။ နားထင်ပါးရင်းတွေ ပူထူကုန်ကာ ရေနစ်တာထက် ထိတ်လန့်သွားတာကြောင့် ရေ ပိုမွန်း၏။

ပြီးတော့ သူ့ရင်ခွင်ထဲမှာပဲ မြောက်ပါသွားကာ…

"ရှင်… ရှင်… လူဆိုး၊ ကဲ… ကဲ… လူကို ရေထဲပစ်ချဦး"

"ဟား… ဟား…"

သူ့ရင်ဘတ်ကို ကာရံ အတင်းလိုက်ထုရင်း ကြောက်လန့် ဝမ်းနည်းကာ ငိုလည်း ငိုမိသည်။

"လှလိုက်တာကွာ၊ မျက်ခုံးတွေ မျက်တောင်တွေမှာ ရေတွေစိုပြီး မင်းရဲ့ဆံပင်တွေ အဲဒီလို စိုရွှဲနေတာ ပိုလှတယ် သိလား"

"သွား မပြောနဲ့…၊ ရှင့်ကို မုန်းတယ်"





"မုန်းလို့မရဘူး၊ မင်းကို ချစ်ချင်လို့ ခေါ်လာတာ"

ကမ်းခြေပြန်သွားဖို့ ရုန်းထွက်ကာမှ သူ အတင်းပြန်ဆွဲ၍ ဖက်ထလိုက်ကာ…

"ရှင်နော် လူတွေအများကြီး ရှိနေတာကို…"

ကာရံ အလန့်တကြား ရုန်းပေမယ့် မရ…။

"မျက်လုံးမှိတ်ထားလိုက်…"

ဟု ကပ်ပြောပြီး ရေထဲကို နောက်တစ်ကြိမ် နစ်ဆင်းသွား၏

ပင်လယ်ပြင်မှာ မှေ့မှေ့မှူးမှူး ဖြစ်ရတာတော့ ကာရံ ကြောက်ပါ၏။ သူ အတင်းနမ်းနေတာကိုလည်း ခေါသ ဖြစ်မနေနိုင်တော့ သူ့လည်ပင်းကို ဖက်ထားရင်း ရင်ခွင်ကျယ်မှာ မှေးကပ်နေလိုက်

ခြေထောက်တွေ ကြမ်းခင်းမှာ မထိပေမယ့် ခါးလေးကို သူ သိမ်းဖက်ထားသဖြင့် ရေပေါ်မှာ ပေါ်နေ၏။

"ကာရံ…"

"ဟင်…"

"ကိုယ့်ကို နည်းနည်းပါးပါး မချစ်နိုင်ဘူးလား"

"ဘာဖြစ်လို့လဲ…"

"မင်းအချစ်ကို ကိုယ်လိုချင်တယ်၊ မင်းရဲ့ဘဝကို ပိုင်ဆိုင်ထားပေမယ့် ပိုင်ပြီလို့ မထင်ဘူး၊ မင်းချစ်မှ ဖြစ်မယ်…"

"ရှင်ကရော…"

"ချစ်တယ်…၊ အဲဒါကို ကိုယ် သေချာသိနေတယ်၊ ဘာကြောင့်လဲ ဆိုတာတော့ ကိုယ် မဖြေနိုင်ဘူး ထင်တယ်၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့အချစ်ကို ကိုယ်ရမှ ဖြစ်မယ်၊ ဖြေကွာ… လောဘကြီးတယ်ဆိုဆို မင်းကို ကိုယ် တစ်ရစ်ပြီးတစ်ရစ် တိုးချစ်လာလေ မင်းအချစ်ကို လိုချင်လေ…"

"ကာရံ က ရှင့်ကို မုန်းနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းခဲ့တဲ့သူလေ၊ အခုတော့ လင်မယားပေါ့၊ မင်း ကိုယ့်ကို နိုးမနေဘူးဆိုတာ သိတယ်၊ ဒါပေမယ့် မမုန်းတာလောက်နဲ့ မကျေနပ်ဘူး၊ လင်မယားတွေမှာ အားကိုးတာ၊ လေးစားတာ အမျိုးမျိုးပဲကွာ၊ ဒါတွေလဲ ကိုယ် မလိုချင်ဘူး"

"ရှင့်ကို ချစ်နေနိုင်တယ်လို့ရော မတွေးမိဘူးလား"

"ဘယ်လို··"

ကာရံ က ရှက်ပြုံးလေးနှင့် နှာခေါင်းရှုံ့၏။

"သွားပါ၊ ပြုံးတုံးပြုံတဲနဲ့၊ ရှုးချင်ယောင်ဆောင်နေတာ··"

ချာန့် မျက်နှာကြီးက ပစ်စလက်ခတ် ချိုအိသွား၏။

ကမ်းခြေမှာ လူတွေအများကြီး ရှိနေကြတာကို မေ့သွား၏။

ကာရံ့ ကိုယ်လေးကို တင်းကျပ်စွာဖက်လိုက်ပြီး ရယ်သည်။ ပြီးတော့ ပါးမို့လေးကို မနာအောင် ကိုက်ပစ်လိုက်ပြီး···

"ထပ်ပြော··၊ သိပ်ချစ်တယ်··လို့··"

ကာရံ့ က ပါးလွှေးကိုအုပ်ပြီး ရယ်ကာ သူ့ကျောပြင်ကို သိုင်းဖက်လိုက်ရင်း···

"အရမ်း·· အရမ်းချစ်တယ်လို့၊ အခန်းထဲရောက်မှ ပြောမယ်"

ပင်လယ်ရေတွေက မြရောင်ကြည်လဲ့သွားသလိုပင်။ လူအများ၏ အော်ဟစ်ရယ်မောသံတွေက သူ ရခဲ့တဲ့အချစ်အတွက် သောင်းသောင်း ဖျဖျ အားပေးသံတွေလား··။

သားလေးတစ်ယောက် ရနေခဲ့ပေမယ့် တကယ်ပါ၊ အဟုတ်ပါ၊ ကိုနှိုးမြောဝံ့သည်။ ယနေ့ညမှအစပြုကာ ကျွန်တော်၊ ကျွန်မတို့သည်··■

**လရောင်ကျူးရှင့်**

ရွှေသမင်စာပေ